# စိတ်နှလုံး၏အရေးကြီးမှု

ဘုရားသခင်ဖန်ဆင်းတော်မူသောလူသား၌ ပျက်စီးနိုင်သောအရာ (ခန္ဓာကိုယ်) နှင့် မပျက်စီးနိုင်သောအရာ (အသက်ဝိညာဉ်)တို့ပါဝင်ကြပါသည်။ "နှလုံး" ဟူသောအသုံးအနှုန်းသည် ထိုအရာနှစ်ခုထဲမှ တစ်ခုခုနှင့်ပတ်သတ်သောအရာဖြစ်ပါသည်။ ခန္ဓာကိုယ်နှင့်ဆိုင်၍ ဖော်ပြသော အခါ "နှလုံး" ဟုအသုံးပြု၍၊ မပျက်စီးနိုင်သောအရာကိုဖော်ပြသောအခါတွင် "စိတ်နှလုံး" ဟု အသုံးပြုတတ်ကြပါသည်။ အထူးသဖြင့် သမ္မာကျမ်းစာထဲတွင် "စိတ်နှလုံး" ကို မပျက်စီးနိုင်သော အရာဖော်ပြခြင်း၌အသုံးပြုခဲ့ပါသည်။

"သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့" ဟု ရှောလမုန်တိုက်တွန်းနှိုးဆော်မှုကို လည်း ထိုအဓိပ္ပာယ်သက်ရောက်ကြောင်း ကျွန်တော်တို့သဘောပေါက်ကြရပါမည်။ ပျက်စီးနိုင်သော အရာနည်းတူ၊ မပျက်စီးနိုင်သောအရာကိုလည်း အုပ်စိုးခြင်းကိုခံယူရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လက်ကိုသာဖန်ဆင်း၍ ပစ္စည်းမခိုးခြင်းငှါ ပညတ်သည် မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏စိတ်နှလုံး ကိုလည်း ဖန်ဆင်း၍သူတပါးပစ္စည်းအား လောဘမတတ်ရန် ပညတ်တော်မူ၏။ အမှန်မှာ အရာတိုင်း ထက်စိတ်နှလုံးသည် ပို၍အရေးကြီးပါ၏။ အကြောင်းမှာ စိတ်နှလုံးကသာခိုင်းစေပြီး လက်၊ ခြေထောက်နှင့် ပါးစပ်တို့သည် အလုပ်လုပ်ကြ၏။ ထို့ကြောင့် ယေရှုကဤသို့သတိပေးတော်မူခဲ့၏- "စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏" (မဿဲ ၁၂း၃၄၊ နှိုင်း လုကာ ၆း၄၅)။

ရှောလမုန်က "အသက်၏အခြေအမြစ်" ဟု ဆိုရာတွင်၊ ဤအခြေအမြစ်ဟူသည် အကြောင်းအရာပြဿနာကိုမဆိုလိုဘဲ၊ အသက်၏အရင်းအမြစ်ဟုဆိုလိုခြင်းဖြစ်ပါသည် (နှိုင်း မဿဲ ၉း၂၀ မှ သွေးသွန်ဟူသည်အမှန်တကယ် သွေးစီးဆင်းခြင်းကို ဆိုလိုပါ၏)။ ဘဝအသက်တာ၏ အရေးကြီးသောဆုံးဖြတ်ချက်နှင့် လုပ်ဆောင်မှုတို့သည် စိတ်နှလုံးမှပေါ်ပေါက်စီးဆင်းလာခြင်းဖြစ် ကြ၏။ တနည်းဆိုလျှင်၊ ကျွန်ုပ်တို့အသက်ရှင်ခြင်းနှင့်ဆိုင်သော ဆုံးဖြတ်ချက်တို့၏အရင်းအမြစ်သည် စိတ်နှလုံးပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို အထူးသဖြင့်စောင့်ရှောက်ခြင်းသည် အလွန်အရေးကြီး လှပါသည်။ ကျွန်ုပ်တို့စိတ်ထဲ၌ တွေးတောသောအရာ၊ အထီးကျန်သောအခါ ဘယ်အတွေးမျိုးတွေး တော၍ ဘယ်အရာတို့ကိုစွဲလမ်းတွေးတောပါသလဲ ဟူသောအရာတို့သည် အလွန်အရေးကြီးလှပါ သည်။ သင့်စိတ်နှလုံးထဲ၌တွေးတောသောအရာတို့သည် ထိုသို့စိတ်ထဲ၌သာ ကျန်ရစ်နေကြမည် မဟုတ်ဘဲ အသက်တာ၌ပေါ်လွင်လာကြ၍ မကောင်းသောအရာဆိုလျှင် သင်နှင့်သင့်မိသားစု အတွက် ဆိုးကျိုးကိုဖြစ်စေမည်အကြောင်း သိမှတ်ထားပါ။ ချစ်သောစာဖတ်သူ၊ သတိထားပါလော့။ နောက်နေ့များ၌လည်း ကျွန်တော်တို့ခရစ်များ၌ရှိသင့်သော (မရှိသင့်သော) စိတ်နှလုံး၏အကြောင်း များကို ကျွန်တော်တို့လေ့လာကြမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာအတိုင်း ကျွန်ုပ်တို့၏စိတ်နှလုံးကို အထူးစောင့်ရှောက်ခြင်းငှါ ကျွန်ုပ်တို့ကို ဘုရားသခင်မစတော်မူပါစေသော။

**ဆင်ခြင်ရန်** - ဘုရားသခင်သည်စိတ်နှလုံးကိုစစ်ကြော၍ အကုန်အစင်သိတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံးကို အထူးစောင့်ရှောက်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဧပြီ (၂)
**ဆာလံ ၅၁း၁-၄**
၂ ရာ ၁၁း၁-၄

*"အိုဘုရားသခင်၊ . . . အကျွန်ုပ်ကိုသနားတော်မူပါ"*

---

# ကျိုးပဲ့သောစိတ်နှလုံး (၁)

"ကျိုးပဲ့သောစိတ်နှလုံး" ကို ယနေ့အချိန်တွင် လူတစ်ဦးတစ်ယောက်၏ဝမ်းနည်းကြေကွဲခြင်းနှင့် အဓိပ္ပာယ်တူ အသုံးပြုလာကြပါသည်။ ကျွန်တော်တို့လိုချင်သောအရာမရသောအခါ "အသဲကွဲ" သည်ဟုဆိုကာ ထိုကြေကွဲခြင်းကို ကျိုးပဲ့သောစိတ်နှလုံးဟု ထင်မှတ်လာကြပါသည်။ "ကျိုးပဲ့ကြေမွသောစိတ်နှလုံး" ဟု ဒါဝိဒ်ဆိုရာတွင် ထိုသို့သောအဓိပ္ပာယ်ကိုဆိုလိုခြင်းမဟုတ်ပါ (ဆာလံ ၅၁း၁၇)။ ဆာလံ ၅၁ သည် မိမိအပြစ်ကြောင့် ဝမ်းနည်းခြင်းရှိ၍ ဒါဝိဒ်ရေးသားခြင်းမဟုတ်ဘဲ ဘုရားသခင်၏ဝမ်းနည်းခြင်းက ထိုသို့ရေးသားခြင်းငှါ ဒါဝိဒ်အားနှိုးဆော်ခြင်းဖြစ်ပါသည်။ သို့ဆိုလျှင် ခရစ်ယာန်သည် အပြစ်ကျူးလွန်သောအခါ မည်ကဲ့သို့သော "ကျိုးပဲ့သောစိတ်နှလုံး" ရှိရပါမည်နည်း။

<u>ကျိုးပဲ့သောစိတ်နှလုံးသည် ဘုရားသခင်ထံမှ ဂရုဏာတော်ကိုတောင့်တခြင်းရှိ၏</u>။ ဒါဝိဒ်သည် ဤဆာလံကို "အိုဘုရားသခင်. . . အကျွန်ုပ်ကိုသနားတော်မူပါ" ဟု စိတ်နှလုံးခံစားချက်အမှန်ကို ဖော်ပြ၍စတင်ခဲ့ပါသည်။ ဤတောင်းလျှောက်ခြင်း၏အရေးကြီးသော အသိတရားသုံးချက်ပါဝင်ပါသည်။ ပထမအချက်မှကား၊ ဒါဝိဒ်ကဘုရားသခင်သည် သနားခြင်းဂရုဏာတော်ပြသလိုကြောင်း သိမှတ်ထားပါသည်။ ဒါဝိဒ်ကဘုရားသခင်၏ "ကျေးဇူးပြုချင်သောစေတနာစိတ်တော်" နှင့် "စုံမက်တော်မူခြင်းဂရုဏာများ" အကြောင်းကိုဖော်ပြခဲ့ပါသည် (အငယ် ၁)"။ ဤသည်ကား ဘုရားသခင်၏ဇာတိသဘောဖြစ်တော်မူ၏။ ဘုရားသခင်သည် ကျေးဇူးတော်နှင့်ရင်း၊ ဂရုဏာတော်နှင့်ရင်း ပြည့်စုံသောဘုရားဖြစ်တော်မူ၏။

ဒုတိယအချက်မှကား၊ ဒါဝိဒ်ကဘုရားသခင်သည် ဂရုဏာတော်ပြသတော်မူနိုင်သောသူဖြစ်ကြောင်းသိမှတ်ခဲ့ပါသည်။ ဂရုဏာတော်နှင့်ပြည့်စုံသကဲ့သို့ ဘုရားသခင်သည်သန့်ရှင်းဖြောင့်မတ်တော်မူသည်ဖြစ်သောကြောင့် ဒါဝိဒ်က "ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ" (အငယ် ၂)ဟု ဘုရားသခင်ခံတောင်းလျှောက်ခဲ့ပါသည်။ အပြစ်ကျူးလွန်ကြောင်း သက်သေထင်ရှားသောအပြစ်သားက တရားသူကြီးထံ အပြစ်လွတ်ခြင်းတောင်းလျှောက်နေသည်ကို မြင်ယောင်ကြည့်ပါလော့။ သို့သော်လည်း ဒါဝိဒ်က ဘုရားသခင်သည် ဂရုဏာတော်ပြသတော်မူနိုင်ကြောင်း သိမှတ်ထားပါသည်။ အကြောင်းမှာ မိမိ၏တရားမျှတမှုအတွက် ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို ပူဇော်ခဲ့ပြီးဖြစ်သောကြောင့် သနားခြင်းဂရုဏာတော်ပြသရန် အခွင့်ရှိတော်မူ၏။

တတိယအချက်မှာ ဒါဝိဒ်က မိမိသည်ဂရုဏာတော်ကို အလွန်လိုအပ်သောသူဖြစ်ကြောင်း သိမှတ်ခဲ့ပါသည် (အငယ် ၃-၄)။ မိမိအပြစ်၌ ဆင်ခြင်မပေးဘဲ မိမိ၏အပြစ်ကိုလုံးဝသိမှတ်ခဲ့ပါသည်။ မိမိကိုယ်ကို ကာကွယ်ပြောဆိုခြင်းမပြုဘဲ ဘုရားသခင်ကသာ မိမိအမှု၌ဖြောင့်မတ်သောသူဟု ခွင့်လွှတ်ကြေငြာခြင်းငှါ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ သူသည် မထိုက်တန်သောသူဖြစ်ကြောင်းသိ၍ ဂရုဏာတော်ကိုခံရခြင်းငှါ အမှန်တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် မိမိ၏အပြစ်ကို ဆင်ခြင်ပေးခြင်း၊ သူတပါးအပေါ် အပြစ်တင်ခြင်းဖြင့် တုံ့ပြန်တတ်ကြပါ၏ (အာဒံပြုသကဲ့သို့၊ နှိုင်း ကမ္ဘာ ၃း၁၂)။ ကျွန်ုပ်တို့၏အပြစ်ကို သိရှိဝန်ခံ၍ ဘုရားသခင်ထံဂရုဏာတော်တောင်းလျှောက်ပါလျှင် ဘုရားသခင်သည် ဂရုဏာတော်နှင့် ပြည့်ဝတော်မူသည်ဖြစ်၍ ခရစ်တော်၌တည်သောအပြစ်လွှတ်ခြင်းကို ခံရကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဒုစရိုက်အပြစ်သည် ဘုရားသခင်၏ပညတ်တရားကို ချိုးဖောက်ခြင်းဖြစ်ပါသည် (၁ ယော ၃း၄)။

**ဆုတောင်းချက်-** ဂရုဏာတော်ရှင်အဖဘုရား၊ အကျွန်ုပ်၏အပြစ်များမှ သန့်ရှင်းစင်ကြယ်စေတော်မူပါ။

စနေ၊ ဧပြီ (၃)
**ဆာလံ ၅၁း၅း၁၂**
၂ ရာ ၁၁း၅-၁၂

*"အကျွန်ုပ်ကိုဆင်ခြင်စေခြင်းငှါ ဟုသုပ်ပင်ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကိုပေးတော်မူပါ"*

---

# ကျိုးပဲ့သောစိတ်နှလုံး (၂)

ကျိုးပဲ့သောစိတ်နှလုံးသည် ဘုရားသခင်၏ပြုပြင်ခြင်းကိုတောင့်တခြင်းရှိ၏။ ဆာလံ ၅၁ ထဲတွင် ဒါဝိဒ်ကမိမိသည်ဘုရားသခင်၏စံနှုန်းမှ လုံးဝကျရှုံးခဲ့ကြောင်းကို သိမှတ်ခဲ့ပါသည်။ သူသည် "မွေးစကပင်အပြစ်ပါလျက်ရှိ"စဉ်၊ ဘုရားသခင်သည် "ဟုတ်မှန်ဖြောင့်မတ်သောစိတ်နှလုံးနှစ်သက်တော်မူ၏"(အငယ် ၅-၆)။ ဤအပြစ်သည် အသိပညာနှင့်မဆိုင်သောအပြစ်၊ အလွန်ကြီးလေးရွံရှာစရာကောင်းပြီး၊ ဆိုးကျိုးကိုဖြစ်စေသောအပြစ်ဖြစ်ကြောင်း ဤကျမ်းပိုဒ်တွင်တွေ့ရပါသည်။ အပြစ်က ဆိုးယုတ်သောအမှုကို ဖြစ်စေသဖြင့် ထိုအရာကိုစစ်ကြောဖယ်ရှားဖို့လိုပါသည် (အငယ် ၇)။ အပြစ်က အရိုးထဲထိနာကျင်စေသော၊ ကြီးမားသည့်ဝိညာဉ်ပိုင်းဆိုင်ရာ ဝမ်းနည်းမှုကိုဖြစ်စေတတ်၏ (အငယ် ၈)။

"လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ ၃း၂၃) ဟူသောတရားကို အစဉ်သတိမပြုလျှင် အပြစ်၏ရွံရှာစရာကောင်းမှုကို ကျွန်တော်တို့မေ့လျော့ကြပါလိမ့်မည်။ ရွှံ့၌ ဆော့ကစားပြီးမှ အိမ်ထဲသို့ရွှံ့ပေနေသောဖိနပ်ဖြင့် ဝင်သောကလေးများကဲ့သို့ ကျွန်တော်တို့သည် မိမိတို့၏အပြစ်ကို လွယ်လွယ်ဖုံးဖျက်နိုင်မည်ဟု ထင်တတ်ကြပါသည်။ ဒါဝိဒ်သည်လည်း မိမိကျူးလွန်သောသူ့မယားပြစ်မှားခြင်းအမှုကို ဖုံးဖိနိုင်မည်ဟု ထင်မှတ်မှားခဲ့ပါသည်။ ကျွန်တော်တို့သည် အပြစ်ကို ဘုရားသခင်မုန်းတီးသောအရာ၊ လူ့စိတ်နှလုံးကိုဖျက်ဆီးသော ပိုးကောင်ကဲ့သို့သိမြင်ဖို့လိုပါသည်။

ထိုသို့အပြစ်ကို မြင်တွေ့ခြင်းက ဤဆာလံထဲမှဒါဝိဒ်နည်းတူ၊ အပြစ်ကိုမဖုံးဖိဘဲ၊ ဖြေရှင်းနည်းကို ကျွန်တော်တို့အား ရှာစေမည်ဖြစ်ပါသည်။ အပြစ်၏ပြဿနာသည် ကြီးမားလွန်သည်ဖြစ်၍ ကျွန်တော်တို့မိမိကိုယ်ကို မဖြေရှင်းနိုင်ပါ။ သို့သော်လည်း ဘုရားသခင်ဖြေရှင်းပေးတော်မူနိုင်၏။ ဒါဝိဒ်သည် အပြစ်၏ဆိုးကျိုးတို့ကိုကောင်းကောင်းသိသကဲ့သို့၊ ဘုရားသခင်က ကုစားပေးနိုင်တော်မူကြောင်းကိုလည်း သိမှတ်ခဲ့ပါသည်။ သူ၏အပြစ်ကိုဖယ်ရှား၍ ခွင့်လွှတ်ခြင်းသာမက (အငယ် ၉)၊ သန့်ရှင်းစင်ကြယ်စေပြီး စင်ကြယ်သောစိတ်နှလုံးပြုပြင်ပေးခြင်းအားဖြင့် (အငယ် ၁၀)၊ ပျော်ရွှင်မှုကို ပြန်ပေး၍ တဖန်ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ခွန်အားပေးတော်မူနိုင်ပါသည် (အငယ် ၁၁-၁၂)။

ဒါဝိဒ်သည် မိမိကိုယ်ကျိုးကိုသာ ကြည့်သောအခါ၊ မိမိ၏အပြစ်ကိုလူတို့မသိအောင် ဖုံးဖိဖို့ကြိုးစားခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်ဘက်သို့ ပြန်လှည့်သောအခါ၊ ဝိညာဉ်ရေးရာပြုပြင်ခံရခြင်းကို ရှာဖွေခဲ့ပါသည်။ အပြစ်ပြုသောအခါ ကျွန်ုပ်တို့၌ရှိရမည့်စိတ်နှလုံးသည် ကျိုးပဲ့သောစိတ်နှလုံးဖြစ်၍၊ ထိုစိတ်နှလုံးက ဘုရားသခင်၏မစတော်မူခြင်းကို ချက်ချင်းရှာဖွေတောင်းလျှောက်မည်ဖြစ်၍၊ ဘုရားသခင်ကထိုကျိုးပဲ့သောအရာကို ပြုပြင်၍၊ ရွံရှာစရာကောင်းသောထိုစိတ်နှလုံးကို သန့်ရှင်းစင်ကြယ်စေလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ အပြစ်ကို အလေးမထားသောစိတ်ရှိပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၌ မြဲမြံတည်ကြည်သော သဘောကိုအသစ်ပြုပြင်တော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၄)
**ဆာလံ ၅၁း၁၃-၁၉**
၂ ရာ ၁၂း၁-၁၄

*"အကျွန်ုပ်၏နှုတ်သည် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍မြွက်ဆိုပါမည်"*

# ကျိုးပဲ့သောစိတ်နှလုံး (၃)

ကျိုးပဲ့သောစိတ်နှလုံးသည် ဘုရားသခင်အား ချီးမြှောက်ခြင်းငှါ ဆန္ဒရှိ၏၊ သန့်ရှင်းစင်ကြယ်စေခြင်း ဒါဝိဒ်ဆန္ဒရှိခြင်းသည် မိမိ၏အပြစ်ကြောင့် ပင်ပန်းခြင်းမှကင်းလွတ်ရန် တစ်ခုတည်းကြောင့်မဟုတ်ပါ။ ဆာလံ ၅၁ ထဲတွင်၊ ဘုရားသခင်၏အမှုတော်ကို မိမိဆောင်ရွက်လိုကြောင်း၊ ဘုရားသခင်၏ ဂရုဏာတော်နှင့်ကယ်တင်ခြင်းကျေးဇူးတော်ကို လူတို့ထံချီးမွမ်းဖော်ပြလိုကြောင်း ဖော်ပြခဲ့ပါသည် (အငယ် ၁၂-၁၅)။ ဒါဝိဒ်၏စိတ်ဆန္ဒသည် မိမိ၏သက်သာခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်ဖြစ်ပါသည်။ အပြစ်ကြောင့် မိမိခံစားရသောဝန်ထုပ်ကြီးထက်၊ ထိုအပြစ်က ဘုရားသခင်၏နာမတော်အရှက်ရစေမည်ကို ဒါဝိဒ်မလိုလားခဲ့ပါ။ ထို့ကြောင့် မိမိ၏ဆန္ဒသည် မိမိ၏ပျော်ရွှင်မှုပြန်ရခြင်းတခုတည်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ကို တဖန်ပြန်လည်ထင်ရှားစေလိုခြင်းဖြစ်ပါသည်။ ဘုရားသခင်အတွက် ကောင်းသောသက်သေဖြစ်လိုခဲ့ပါသည်။

ထိုဒါဝိဒ်၏ စစ်မှန်သောဆန္ဒကို ကျွန်တော်တို့တွေ့နိုင်ပါသည် (အငယ် ၁၆-၁၇)။ သူသည် ပူဇော်သက္ကာကိုပေး၍ ကြီးကြီးကျယ်ကျယ်ကြွားဝါလိုခြင်းမရှိပါ။ ဘုရားသခင်နှစ်သက်သောအရာသည် တာဝန်အရပူဇော်သောယဇ်မဟုတ်ဘဲ၊ "ကျိုးပဲ့ကြေမွသောနှလုံး" ဖြစ်ကြောင်း သူသိခဲ့ပါသည်။ ဒါဝိဒ်သည် ရှောလုနှင့်လုံးဝမတူချေ။ ရှောလုသည် ရှမွေလနှင့်တွေ့သောအခါ မိမိအပြစ်ကို ဝန်ခံသကဲ့သို့ရှိ၍ ဘုရားသခင်ကို ကိုးကွယ်လိုဟန်တွေ့ရပါသည် (၁ ရာ ၁၅း၂၄-၂၆)။ သို့သော်လည်း၊ အမှန်မှာ ဟန်ဆောင်ခြင်းသက်သက်ဖြစ်ပါသည်။ ဣသရေလလူတို့၏အမြင်၌ မိမိ၏ဂုဏ်သတင်းကို ကွယ်ကာလိုသောကြောင့် ထိုသို့ဆိုခြင်းဖြစ်ပါသည် (၁ ရာ ၁၅း၃၀-၃၁)။ ရှောလုအလေးထားသောအရာသည် ဘုရားသခင်၏ဘုန်းတော်မဟုတ်ဘဲ၊ မိမိ၏ဂုဏ်သတင်းသာလျှင် ဖြစ်၏။ သူ၏ပူဇော်သက္ကာသည် စစ်မှန်သောကျိုးပဲ့သောစိတ်နှလုံးမဟုတ်ပါ။

ဤအချက်က ကျွန်ုပ်တို့သတိထားရမည့်အချက်ကို ဖော်ပြလျက်ရှိပါ၏။ ကျွန်တော်တို့အပြစ်ကျူးလွန်သောအခါ၊ ကျွန်ုပ်တို့၌ရှိသင့်သည့် ကျိုးပဲ့သောစိတ်နှလုံးသည် မိမိအကျိုးကိုမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းကိုသာလျှင် အလေးထားသောစိတ်နှလုံးဖြစ်ပါသည်။ ဂရုဏာတော်ကိုတောင်းလျှောက်ခြင်းသည် ကျွန်တော်တို့ဖြောင့်မတ်ကြောင်းပြသရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ တရားမှုကိုပေါ်လွင်စေရန် ဖြစ်ရပါမည်။ ပြုပြင်လိုခြင်းဆန္ဒသည်လည်း ကျွန်ုပ်တို့၏ပြဿနာကို မိမိကိုယ်ကို ဖြေရှင်းဖုံးကွယ်ရန်မဟုတ်ဘဲ၊ ဘုရားသခင်ထံတိုးဝင်၍ သန့်ရှင်းစင်ကြယ်စေခြင်း ခံရရန် ဖြစ်ရပါမည်။ ဘုရားသခင်၏နာမတော်ကို ချီးမြှောက်လိုခြင်းသည် မိမိ၏အကျိုးနှင့် ဂုဏ်သတင်းတို့ကို ဖယ်ရှားခြင်းပင်ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ မိမိကိုယ်ကိုစစ်ကြောပါလော့။ သင့်စိတ်နှလုံးသည် အပြစ်ကြောင့် အမှန်ကျိုးပဲ့ပါသလား။ သင်၏စိတ်နှလုံးသည် ဘုရားသခင်ထံမှဂရုဏာတော်ကို တောင့်တပါသလား။ ဘုရားသခင်၏ပြုပြင်တော်မူခြင်းကို တောင့်တပါသလား။ ဘုရားသခင်၏ဘုန်းတော်ကို ချီးမြှောက်လိုပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ အပြစ်တုန့်ပြန်ခြင်းသည် မိမိအကျိုးအတွက်လော၊ ဘုရားသခင်၏ဘုန်းတော်အတွက်လော။

**ဆုတောင်းချက်-** အိုအဖဘုရား၊ ကိုယ်တော်နှစ်သက်တော်မူသော စိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္လာ၊ ဧပြီ (၅)

**၄ ရာ ၂၂း၈-၂၀**

ယေရမိ ၃၆း၅-၂၄

*"သင်သည် နူးညံ့သောစိတ်ရှိ၍ ထာဝရဘုရားရှေ့တော်၌ ကိုယ်ကို နှိမ့်ချခြင်းရှိ၏"*

# နူးညံ့သောစိတ်နှလုံး

ဤကျမ်းပိုဒ်၌တွေ့ရသော "နူးညံ့" (၄ ရာ ၂၂း၁၉) ဟူသောစကားလုံးသည် မာကြောခြင်း မရှိခြင်းကို ဆိုလို၍၊ ကြောက်ရွံ့မှုကိုဖော်ပြခြင်းဖြင့် သုံးနှုန်းခြင်းဖြစ်ပါသည်။ ဤကျမ်းပိုဒ်၏ အဓိက အကြောင်းအရာသည် ဘုရားသခင်၏စီရင်ခြင်းဖြစ်ပါသည်။ ပညတ္တိကျမ်းစာစောင်ရှာဖွေတွေ့ရှိခြင်းက ထိုလူမျိုးသည် ဘုရားသခင်၏ပညတ်တရားကို မစောင့်ရှောက်ကြကြောင်း ပေါ်လွင်စေလျက်၊ သူတို့အပေါ်၌ ဘုရားသခင်သည် အမျက်တော်ထွက်ခဲ့ပါသည် (အငယ် ၁၃)။ ယောရှိ၏ "နူးညံ့သော စိတ်" (အငယ် ၁၉) ဆိုသည်မှာ ကျရောက်လာမည့်ဘုရားသခင်၏ စီရင်ခြင်းအကြောင်း သတိပေးခြင်းကို မည်သို့တုန့်ပြန်ကြောင်းပေါ်လွင်စေခြင်းဖြစ်ပါသည်။ ပုံသွင်းခံရခြင်းငှါ ယောရှိ၏စိတ်နှလုံးသည် နူးညံ့သောရွှံ့ကဲ့သို့ဖြစ်၍ မိမိ၏အဝတ်ကို ဆုတ်ဖြဲ၍ငိုကြွေးခဲ့ပါသည် (အငယ် ၁၉)။ ထို့ပြင် ပြုပြင်ပြောင်းလဲခြင်းကို ပြု၍ယုဒပြည်မှ ရုပ်တုဆင်းတုအပေါင်းကို ဖယ်ရှားခဲ့ပါသည်။ ဘုရားသခင်၏ စီရင်ခြင်းသည် မပြောင်းလဲမည်ဖြစ်သော်လည်း (အငယ် ၁၇)၊ ထိုသို့ပြုခဲ့ပါသည်။ တနည်းဆိုသော်၊ ယောရှိ၏နူးညံ့သောစိတ်နှလုံးသည် စီရင်ခြင်းမှလွတ်မြောက်ခြင်းခံရရန် တစ်ခုတည်းမဟုတ်ဘဲ၊ "ကျမ်း စာ၌ပါသောစကားအတိုင်း ကျင့်လို" သောဆန္ဒပင် ဖြစ်ပါသည် (၄ ရာ ၂၃း၂၄)။

တဖက်တွင်၊ ရွှံ့သည် ခြောက်သောအခါအလွန်မာကြောခြင်းရှိ၏။ ထိုနည်းတူ ခိုင်မာစေခြင်းခံရသောစိတ်နှလုံးသည် ဘုရားသခင်၏စီရင်ခြင်းကျရောက်မည်ဟု သတိပေးလျှင်ပင် ဂရုမစိုက်တတ်ပေ။ ထိုသို့သော ခိုင်မာသောစိတ်နှလုံးအကြောင်း သာဓကကိုယောရှိ၏သား ယောယကိမ်၌တွေ့ရပါသည်။ ပရောဖက်ယေရမိက ရှင်ဘုရင်နှင့်ပြည်သူပြည်သားများအပြစ်မှ နောင်တရစေခြင်းငှါ ဘုရားသခင်၏စီရင်ခြင်းတရားကို ရေးသားခဲ့ပါသည် (ယေရမိ ၃၆း၁-၃)။ ရှင်ဘုရင်ရှေ့၌ ထိုစာစောင်ကိုဖတ်ကြသောအခါ သူသည် ထိုစာကို ဓားနှင့်လှီး၍ မီးထဲသို့ပစ်ချခဲ့ပါသည်။ "ရှင်ဘုရင်မှစ၍၊ ထိုစကားအလုံးစုံတို့ကိုကြားသော ရှင်ဘုရင်၏ကျွန်တစ်ယောက်မျှမကြောက်၊ မိမိအဝတ်ကိုလည်းမဆုတ်ကြ" (ယေရမိ ၃၆း၂၄)။

နောက်ဆုံးသောအချိန်တွင် ယောယကိမ်နည်းတူ လူများတို့သည် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းကို ပျက်ရယ်ပြုကြပါလိမ့်မည် (၂ ပေ ၃း၃-၄)။ သို့သော်လည်း ဘုရားသခင်၏နေ့ရက်သည် ညသူခိုးကဲ့သို့ အမှန်ရောက်ရှိလာပါလိမ့်မည်။ သေခြင်းနှင့် တရားစီရင်ခြင်းသည် လူတိုင်း ကြုံတွေ့ရမည့်အရာဖြစ်ပါသည် (ဟေဗြဲ ၉း၂၇)။ ဤတရားစီရင်ခြင်း သတိပေးချက်ကို သင်မည်သို့တုန့်ပြန်ပါမည်နည်း။ ဘုရားသခင်၏တရားစကားကိုပယ်လျက်၊ သင့်စိတ်နှလုံးကို ခိုင်မာစေပြီး၊ မိမိပျော်သလိုဘဝကို ဖြတ်သန်းပါမည်လား။ သို့မဟုတ်၊ ဤတရားစီရင်ခြင်းသည် ပြောင်းလဲ၍မရ၊ ရောက်ရှိလာမည်အကြောင်းသိ၍ သင်၏အပြစ်များကိုနောင်တရပြီး ဘုရားသခင်၏ ရှေ့၌မှန်သောအရာကိုပြုခြင်းငှါ နူးညံ့သောစိတ်နှလုံးရှိပါမည်လော (၂ ပေ ၃း၁၁-၁၂)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်း၌ အကျွန်ုပ်၏စိတ်နှလုံးသည် နူးညံ့ခြင်းရှိပါသလား (သို့) ခိုင်မာခြင်းရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကျရောက်လာမည့်တရားစီရင်ခြင်းကို မှန်ကန်စွာ တုန့်ပြန်ခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

၅ ရာ ၂၈း၁-၁၀

၃ ရာ ၂း၁-၄

*"ထာဝရဘုရားသည် ခပ်သိမ်းသောစိတ်နှလုံးတို့ကို စစ်တော်မူ၏"*

## စုံလင်သောစိတ်နှလုံး (၁)

ရှောလမုန်နန်းတက်စအချိန်၌ ဒါဝိဒ်မှာထားတော်မူသောအချက်တွင် "စုံလင်သောစိတ်နှလုံး" နှင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရန်တိုက်တွန်းခြင်းပါဝင်ခဲ့ပါသည် (၅ ရာ ၂၈း၉)။ ဤ "စုံလင်သော" ဟူသောစကားလုံး၏မူရင်းဟေဗြဲစကားလုံးသည် "ငြိမ်သက်ခြင်း" ဟူသော စကားလုံး၊ ရှောလမုန်ဟူသောနာမည်၏မူရင်းစာလုံးလည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ငြိမ်သက်သော၊ တုန်လှုပ်ခြင်းမရှိသော၊ မြဲမြံသော၊ ရည်ရွယ်ချက်ခိုင်မာသောစိတ်နှလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်၌စုံလင်သောစိတ်နှလုံးဆိုသည်မှာ ဘုရားသခင်နှင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုရှာဖွေ၍ ထိုလမ်းသို့လျှောက်သွားခြင်း၌ မြဲမြံ၍ တုန်လှုပ်ခြင်း၊ တွေဝေခြင်းမရှိခြင်းကို ဆိုလိုပါသည်။

ဤစုံလင်သောစိတ်နှလုံးသည် ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းကို ဦးနှောက်အသိဖြင့်သိရုံမဟုတ်ဘဲ၊ လက်တွေ့ကျကျကိုယ်တိုင် စိတ်နှလုံးမှသိခြင်း၌ အခြေခံထားပါသည်။ ရှောလမုန်သည် ခမည်းတော်၏ဘာသာတရားကိုင်းရှိုင်းမှု၊ သွန်သင်မှုကိုသာ ကိုးစား၍မရပါ၊ မိမိကိုယ်တိုင် ဘုရားသခင်ကိုသိမှတ်ရပါမည်။ ထို့ကြောင့် ဒါဝိဒ်က "သင့်အဘ၏ဘုရားသခင်ကိုသိလော့" (အငယ် ၉) ဟု မှာထားခဲ့ခြင်းဖြစ်ပါသည်။ ဤကိုယ်တိုင်သိခြင်းအမှု၌ ဘုရားသခင်၏အဆုံးစွန်အာဏာတော်ကို သိခြင်းပါဝင်ပါသည်။ ဘုရားသခင်သည် "ခပ်သိမ်းသောစိတ်နှလုံးတို့ကို စစ်၍ အကြံအစည်ရှိလေသမျှကို သိတော်မူ၏" (အငယ် ၉)။ ရှောလမုန်၌ရှိရမည့် စုံလင်သောစိတ်နှလုံးသည် လူတို့၏စစ်ကြောခြင်းသာမက၊ ဘုရားသခင်၏စစ်ကြောခြင်းကို ခံနိုင်သောစိတ်နှလုံးမျိုးဖြစ်ပါသည်။

ထို့ပြင် ဘုရားသခင်၏အဆုံးစွန်စီရင်ခြင်းကိုလည်း သိမှတ်ရပါမည်။ ဘုရားသခင်ကိုသိသော စိတ်နှလုံးသည် စီရင်ခြင်းအကြောင်းကိုလည်း သိမှတ်ထားရပါမည်။ ဘုရားရှေ့တော်၌ မစုံလင်သောစိတ်နှလုံးသည် နောက်ဆက်တွဲဆိုးကျိုးကို ခံရမည်ဖြစ်ပါသည်။ ဘုရားသခင်ကို ကြိုးစားရှာဖွေသောစုံလင်သောစိတ်နှလုံးသည် အမှန်တရားကိုတွေ့၍ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရမည်ဖြစ်ပါသည်။ ဘုရားသခင်ကိုစွန့်ပစ်သောစိတ်နှလုံးသည် အစဉ်စွန့်ပစ်ခြင်းခံရမည် (အငယ် ၉)။

ရှောလမုန်သည် အမှုတော်နှင့်ပတ်သတ်၍ ဤသို့မှာခြင်းခံရခြင်းဖြစ်ပါသည်။ ဘုရားသခင်က ဗိမာန်တော်တည်ထောင်ခြင်း၌ တာဝန်ပေးထားတော်မူ၏ (အငယ် ၆)။ ခပ်သိမ်းသောစိတ်နှလုံးကို စစ်ကြောသိမြင်တော်မူသောဘုရားသခင်၏အစေခံဖြစ်သော ရှောလမုန်သည် "စုံလင်သောစိတ်နှလုံး၊ ကြည်ညိုသောစိတ်သဘောနှင့်" ထိုအမှုတော်ကို ဆောင်ရွက်ရပါမည် (အငယ် ၉)။ ဘုရားသခင်ပေးအပ်တော်မူသောတာဝန်ကိုယ်စီရှိကြသော ကျွန်တော်တို့အားလုံးအတွက်လည်း ဤအမှာစကားသည် အကျုံးဝင်ပါ၏။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်ပေးထားသောအမှုကို တွေဝေခြင်းမရှိဘဲ၊ မြဲမြံသောစိတ်၊ စုံလင်သောစိတ်နှလုံးနှင့် ဆောင်ရွက်ခြင်း၌ သင်သစ္စာရှိပါမည်လော။

**ဆင်ခြင်ရန်** - စုံလင်သောစိတ်နှလုံးကြည်ညိုသောသဘောနှင့် ဘုရားသခင်၏အမှုတော်ကို ကျွန်တော်ဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်-** "ကိုယ်တော်၊ အကျွန်ုပ်ကိုဘာပြုစေလိုပါသနည်း" (တမန် ၉း၆)။

ဗုဒ္ဓဟူး၊ ဧပြီ (၇)
**၃ ရာ ၁၁း၁-၆**
လုကာ ၁၄း၂၅-၃၃

*"ရှောလမုန်သည် အသက်ကြီးသောအခါ
မိန်းမများတို့သည် စိတ်နှလုံးတော်ကို
အခြားတပါးသောဘုရားနောက်သို့ လွဲစေသဖြင့်"*

# စုံလင်သောစိတ်နှလုံး (၂)

ရှောလမုန်သည် ထိုသို့ခမည်းတော်၏ မှာခြင်းကိုခံရသော်လည်း သူ၏ကျဆုံးခြင်းသည် ထင်ရှားလှပါ၏။ "ရှောလမုန်သည် အသက်ကြီးသောအခါ၊ မိန်းမများတို့သည် စိတ်နှလုံးတော်ကို အခြားတပါးသောဘုရားနောက်သို့ လွဲစေသဖြင့်၊ စိတ်နှလုံးသည် ခမည်းတော်ဒါဝိဒ်၏စိတ်နှလုံးကဲ့သို့ မိမိဘုရားသခင်ထာဝရဘုရားရှေ့တော်၌ စုံလင်ခြင်း မရှိ" (၃ ရာ ၁၁း၄)။ သူ၏စိတ်နှလုံးသည် ထာဝရဘုရား၌ မြဲမြံခြင်းမရှိဘဲ၊ အခြားဘုရားများထံရောက်ရှိခဲ့ပါ သည်။

ရှောလမုန်၏စိတ်နှလုံးသည် သူယူထားသောအခြားဘုရားကိုးကွယ်သော မိမိ၏မိန်းမများကြောင့် ထိုသို့ပြောင်းလဲခြင်းဖြစ်ပါသည် (အငယ် ၁)။ ဘုရားသခင်ကို အလေးမထားသောသူက ခရစ်ယာန်ကိုမည်သို့လွယ်ကူစွာ ကျဆုံးစေကြောင်း သိလျက်သတိထားကြပါစို့။ ဤလောကီအရာတပ်မက်ခြင်းက ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်ထံမှလမ်းလွဲစေနိုင်ပါသည်။ ဥစ္စာကြွယ်ဝသောလုလင်တစ်ဦးသည် မိမိပိုင်ဆိုင်သောဥစ္စာပစ္စည်းနှင့် ငွေကြေးကိုနှစ်သက်သောကြောင့် ခရစ်တော်ထံမှ ဝမ်းနည်းစွာထွက်သွားခဲ့ပါသည် (နိုင်း မသဲ ၁၉း၂၂)။ ထိုသို့ လောကီစည်းစိမ်ဥစ္စာတပ်မက်ခြင်းက ဘုရားသခင့်ရှေ့၌ စုံလင်သောကျွန်ုပ်တို့၏စိတ်နှလုံးကို ပြောင်းလဲစေတတ်ကြောင်း သတိပြုကြပါစို့။ တပည့်တော်ဖြစ်သော ပေတရုသည်လည်း ယေရှုအဖမ်းခံရသောညအချိန်၌ မိမိကိုယ်ကိုကာကွယ်လိုသောကြောင့် သခင်ယေရှုကို စွန့်ပစ်ငြင်းပယ်ခဲ့ခြင်းဖြစ်ပါသည် (နိုင်း မာကု ၁၄း၅၀၊ ယောဟန် ၂၀း၁၉)။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်၌မြဲမြံစွာကိုးစားခြင်းမရှိလျှင် ညှင်းပန်းနှိပ်စက်ခြင်းကြုံတွေ့ရသောအခါ ဘုရားသခင်အတွက် ကျွန်တော်တို့၏သက်သေခံခြင်းတည်းဟူသော ကျွန်တော်တို့၏အသက်တာသည် လမ်းလွဲတတ်ပါသည်။ သတိထားကြပါစို့။

ရှောလမုန်၏ ကျဆုံးခြင်းသည် ဘုရားသခင်၏သတိပေးစကားကိုဆန့်ကျင်၍ အမှုပြုခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဘုရားသခင်က ဣသရေလလူတို့အား သူတို့၏စိတ်နှလုံးပြောင်းလဲစေမည့် အခြားလူမျိုးများကို မယားအဖြစ် မယူခြင်းငှါ ပညတ်ခဲ့ပါသည် (၃ ရာ ၁၁း၂)။ နိုင်ငံအုပ်ချုပ်ရေး၌ ပညာရှိသောရှောလမုန်သည် ဘုရားသခင်၏ပညတ်တော်နာခံခြင်းအမှု၌ မိုက်မဲခဲ့ပါသည်။ မယုံကြည်သောသူနှင့် မတူညီသောတန်ဘိုးကိုမထမ်းရန် ဘုရားတားမြစ်ထားချက်ကို သတိပြုလျက် ဤသို့သောအမှားကို မကျူးလွန်ခြင်းငှါ သတိထားကြစို့ (နိုင်း ၂ ကော ၆း၁၄)။ ထို့ပြင် ဘုရားသခင်၏ နှုတ်ကပတ်တော်က ငွေကိုနှစ်သက်တပ်မက်ခြင်းမရှိရန် ကျွန်ုပ်တို့ကိုသတိပေး၍ (၁ တိ ၆း၆-၁၁)။ ဘုရားသခင်၏နောက်တော်သို့လိုက်ခြင်းငှါ မိမိကိုယ်ကိုငြင်းပယ်ရန် တိုက်တွန်းခဲ့ပါသည် (လုကာ ၁၄း၃၃)။

ဘုရားသခင်ကို ကြိုးစားရှာဖွေ၍ နာခံခြင်းရှိမည်အကြောင်း ကျွန်ုပ်တို့၏စိတ်နှလုံးကို မြဲမြံစုံလင်စေခြင်းငှါ ထိုသို့သော သွေးဆောင်ခြင်းအပေါင်းမှ ကျွန်တော်တို့မိမိကိုယ်ကို ဂရုစိုက်ကြရပါမည်။

**ဆင်ခြင်ရန်** - "ချစ်သားတို့၊ ရုပ်တုဆင်းတုကို ကြဉ်ရှောင်ကြလော့" (၁ ယော ၅း၂၁)။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်ရှေ့တော်၌ စုံလင်သောစိတ်နှလုံးနှင့် အသက်ရှင်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၈)

**သုတ္တံ ၁၄း၃၀**

သုတ္တံ ၃း၁-၈

*“ကျန်းမာသောနှလုံးသည် ကိုယ်အသက်ရှင်စေသော အကြောင်းဖြစ်၏”*

# ကျန်းမာသောစိတ်နှလုံး

သုတ္တံ ၁၄း၃၀ ထဲတွင် “ကျန်းမာသောစိတ်နှလုံး” ဟူသောအသုံးအနှုန်းကို တွေ့ရပါသည်။ ဤကျန်းမာသောစိတ်နှလုံးသည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာကျန်းမာမှုကို မဟုတ်ဘဲ ဝိညာဉ်ပိုင်းဆိုင်ရာကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤကျန်းမာသောစိတ်နှလုံးသည် ဝိညာဉ်ပိုင်းဆိုင်ရာပြဿနာတို့ကို ကုစားပေးတတ်ပါသည်။ ဤကုစားခြင်းသည် ဘုရားသခင်ထံမှသာရောက်လာခြင်း ဖြစ်ပါသည် (နှိုင်း ယေရမိ ၃၃း၆)။ သို့သော်လည်း ထိုကုစားခြင်းကိုကျွန်ုပ်တော်တို့ ဆုံးရှုံးနိုင်ပါသည်- ဘုရားသခင်၏စကားတော်ကိုနာမခံသောအခါ ဆုံးရှုံးရတတ်၏။ ထို့ကြောင့်ရှောလမုန်က “ အထပ်ထပ်ဆုံးမခြင်းကိုခံသော်လည်း မိမိလည်ပင်းကိုခိုင်မာစေသောသူသည် ကိုးကွယ်ရာမရ ရုတ်တရက်ပျက်စီးလိမ့်မည် ” ( သုတ္တံ ၂၉း၁၊ ဤ “ကိုးကွယ်ရာ” ဟူသောစကားလုံးသည်ကျန်းမာ (သို့) ကုစားခြင်းနှင့်အဓိပ္ပါယ်တူပါသည်) ဟုသတိပေးခဲ့ပါသည်။

ကျန်းမာသောစိတ်နှလုံးသည် မကောင်းမှု၌စိတ်ခိုင်မာခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆုံးမခြင်းကိုသတိပြုနာခံသော စိတ်နှလုံးဖြစ်ပါသည်။ ထိုသို့သောစိတ်နှလုံးပိုင်ဆိုင်ခြင်းသည် ကိုယ်အသက်ရှင်ခြင်းကိုဖြစ်စေကြောင်း ဖော်ပြခဲ့ပါသည်။ ကျန်းမာသောစိတ်နှလုံးသည် စိတ်ကိုရှင်သန်စေသည်သာမက ခန္ဓာကိုယ်ကိုလည်းအသက်ရှင်စေပါ၏။ အပြစ်သင့်သောစိတ်နှလုံးကို ဝိညာဉ်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းခံရသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်နာခံခြင်း၏အကျိုးအားဖြင့် စိတ်ရောကိုယ်ပါကျန်းမာခြင်းကို ဖြစ်စေတတ်၏။

တစ်ဖက်တွင် “ငြူစူသောသဘော” သည် အရိုးဆွေးမြေ့ခြင်းအကြောင်းဖြစ်၏။ ငြူစူဟူသောစကားလုံးသည် ပြင်းပြသောစိတ်ဆုံးဖြတ်ချက်ကို ဆိုလိုပါသည်။ ဤစကားလုံးကို ဘုရားသခင်အတွက် ကြိုးစားအားထုတ်ခြင်း၊ စိတ်အားထက်သန်ခြင်းအဖြစ် အကောင်းဘက်၌လည်း အသုံးပြုနိုင်ပါသည် (နှိုင်း ဆာလံ ၆၉း၉)။ သို့သော်လည်း ဤကျမ်းပိုဒ်တွင် ဘုရားသခင်နှင့်မဆိုင်ဘဲ မိမိကိုယ်ကျိုးအတွက် ထိုသို့သောစိတ်ထားရှိခြင်းကို ဖော်ပြလျက်ရှိပါသည်။ ဘုရားသခင်၏ပညတ်တရားကိုဆန့်ကျင်လျက် ထိုသို့သောကိုယ်ကျိုးအတွက် စိတ်အားထက်သန်ခြင်းက အတွင်းအပြင် လူကိုဖျက်ဆီးဆွေးမြေ့စေတတ်၏။

ယနေ့ခေတ်တွင် လူများတို့သည်အသက်ရှည်ခြင်းနည်း၊ ခန္ဓာကိုယ်ကျန်းမာစွာစောင့်ထိန်းနည်းများကို လေ့လာခဲ့ကြပါသည်။ သို့သော်လည်း ချစ်သောစာဖတ်သူ၊ ဤအမှု၌ဘုရားသခင်၏သွန်သင်မှုကို သင်လက်ခံပါမည်လော။ အသက်ရှည်ကျန်းမာခြင်းကို သင်အလိုရှိပါလျှင် သင်၏စိတ်နှလုံးကို သင်စောင့်ကြည့်ရပါမည်။ ခိုင်မာခြင်းမရှိသောစိတ်နှလုံးသည် လူကိုကျန်းမာ စေပြီး၊ ကိုယ်ကျိုးရှာသောစိတ်နှလုံးသည် သေခြင်းသို့ပို့ဆောင်တတ်၏။ ဘုရားသခင်၏ပညတ်စကားကိုသင်နာခံခြင်းရှိပါလျှင် “အသက်တာရှည်သောကာလနှစ်ပေါင်းများကိုငင်း၊ ငြိမ်ဝပ်ခြင်းကို ၎င်း တိုးပွားစေလိမ့်မည်” (သုတ္တံ ၃း၂)။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးသည် ကျန်းမာခြင်းရှိပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံး၏လိုအင်ဆန္ဒအပေါင်းကို ကိုယ်တော်ထံအပ်နှံပါ၏။

**ဆာလံ ၂၄း၁-၄**
ယောဟန် ၄း၂၃

*"ထာဝရဘုရား၏တောင်တော်ပေါ်သို့ အဘယ်သူသည် တက်ရမည်နည်း"*

# ဖြူစင်သောစိတ်နှလုံး (၁)

ဆာလံ ၂၄း၃ ထဲတွင်တွေ့ရသော မေးခွန်းသည်အလွန်စိတ်ဝင်စားစရာကောင်းလှပါသည်။ ဤကျမ်းပိုဒ်၏အရေးပါမှုကို သိနားလည်နိုင်ခြင်းငှါ ဤဆာလံ၏နောက်ခံအကြောင်းကို အရင်လေ့လာကြပါစို့။ ယေဘုယျအားဖြင့် ယေရုရှလင်မြို့သို့ ပဋိညာဉ်သေတ္တာတော်ယူဆောင်လာမည့်အချိန်ဖြစ်သည်ဟု သိမှတ်ထားပါသည် (၂ ရာ ၆၊ နှိုင်း ဆာလံ ၂၄း၇-၁၀)။ အထူးသဖြင့် ဤကမ္ဘာပေါ်၌ ဘုရားသခင်သတ်မှတ်ထားသောနေရာ၌ ဗိမာန်တော်တည်ဆောက်ရန်အကြောင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤကမ္ဘာတစ်ခုလုံးနှင့် အထဲ၌ရှိသောအရာအားလုံးကို ပိုင်သအုပ်စိုးတော်မူသော ထာဝရဘုရားက (အငယ် ၁)၊ ဇိအုန်တောင်ကို မိမိအတွက် အထူးရွေးချယ်ခဲ့ပါသည်။ ဤကမ္ဘာမြေကြီး၌ တစ်နေရာကို မိမိအဖို့သန့်ရှင်းသောအရပ်အဖြစ် ရွေးချယ်တော်မူခဲ့၏။ ယခုအခါ ထိုနေရာနှင့်ဆိုင်၍ ဒါဝိဒ်က - "ထာဝရဘုရား၏တောင်ပေါ်သို့ အဘယ်သူတက်ရမည်နည်း၊ သန့်ရှင်းရာဌာနတော်၌အဘယ်သူသည် ရပ်နေရမည်နည်း" (အငယ် ၃)ဟု မေးခဲ့ပါသည်။

ဘုရားသခင်အား အမှန်ကိုးကွယ်သောသူတို့၏ပိုင်ဆိုင်သောအရာကို ရှေးဦးစွာဖော်ပြခဲ့ပါသည် - သန့်ရှင်းသောလက်နှင့် ဖြူစင်သောနှလုံးရှိသောသူ (အငယ် ၄)။ သန့်ရှင်းခြင်းလိုအပ်မှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံချဉ်းကပ်သောသူသည် "သန့်ရှင်းသောလက်" ရှိရပါမည်။ ယနေ့ ခရီးသွားပြည်သူတို့သည်လည်း လေယာဉ်ပေါ်မတက်မီ မည်သူမည်ဝါဖြစ်ကြောင်း အန္တရာယ်ရှိသောပစ္စည်းပါမပါ အကုန်လုံးစစ်ဆေးခြင်းခံခဲ့ကြပါသည်။

ဘုရားသခင်၏စံနှုန်းသည် လူပြုသောစံနှုန်းထက် များစွာကြီးမြတ်တော်မူ၏။ လူတို့သည် လူ၏စိတ်နှလုံးကိုမသိနိုင်။ သို့သော်လည်း ဘုရားသခင်သည်ကျွန်ုပ်တို့၏အတွေးကိုပင် သိမြင်အုပ်စိုးတော်မူ၏။ သုံးပါးတစ်ဆူ ထာဝရဘုရားထံတိုးဝင်လိုသော သန့်ရှင်းသောလက်သာမက ဖြူစင်သောစိတ်နှလုံးရှိရပါမည်။ ဘုရားသခင်ကို ကိုးကွယ်လိုပါလျှင် ကျွန်ုပ်တို့၏အတွေး၊ ဆန္ဒနှင့်အကျင့်တို့သည် သန့်ရှင်းရပါမည်။

ချစ်သောစာဖတ်သူ၊ ယနေ့ခေတ်တွင် မိမိထက်ကြီးမြတ်သောအစိုးရသောသူတို့ကို ရိုသေရမည်ဟူသော အတွေးကိုမလိုလားသောသူများရှိနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် အကြီးမြတ်ဆုံးသော ဝမ်းမြောက်စရာအကောင်းဆုံးသော လူသား၏တာဝန်ဖြစ်ကြောင်း သင်သိပါသလား။ ထို့ကြောင့် အပတ်တိုင်း ဘုရားသခင်၏အိမ်တော်သို့လာတိုင်း ကျွန်တော်တို့သည် မိမိတို့၏စိတ်နှလုံးကို စစ်ကြောကြရပါမည်။ ဤအပတ် ဘုရားသခင်၏နေ့မြတ်၌ သင်အိပ်ယာမှ ထသောအခါ သင်၏စိတ်အတွေးကို စစ်ကြောကြည့်ပါလော့။ ဘုရားသခင်၏လူတို့နှင့်အတူ ဝတ်ပြုကိုးကွယ်ခြင်းကို တာဝန်အရသာမဟုတ်ဘဲ သင်၏စိတ်နှလုံးကို ပြင်ဆင်သန့်ရှင်းစေလျက် "ထာဝရဘုရား၏တောင်တော်ပေါ်သို့" လာခဲ့ပါ။

**ဆင်ခြင်ရန်** - "စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့" (မဿဲ ၅း၈)။

**ဆုတောင်းချက်-** ဂရုဏာတော်ရှင်အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံးကို စစ်ကြော၍ သန့်ရှင်းစေမည်အကြောင်း မစတော်မူပါ။

စနေ၊ ဧပြီ (၁၀)
**ဆာလံ ၂၄း၄-၆**
ယေရမိ ၇း၈-၁၁

*"သန့်ရှင်းသောလက်နှင့်*
*ဖြူစင်သောစိတ်နှလုံးရှိသောသူ"*

# ဖြူစင်သောစိတ်နှလုံး (၂)

ဘုရားသခင်ကို အမှန်ကိုးကွယ်သောသူတို့၏အကျင့်ကို ဒါဝိဒ်ကဆက်လက်ဖော်ပြခဲ့ပါသည်။ ထိုသန့်ရှင်းခြင်းမျိုးသည် မည်သို့သောသန့်ရှင်းခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ပထမအချက်ကား စစ်မှန်သောကိုးကွယ်သူသည် "မုသာကိုမမှိဝဲ၊ မဆည်းကပ်" (ဆာလံ ၂၄း၄) သောသူဖြစ်ပါသည်။ ဆည်းကပ်ခြင်းသည် ဆာလံ ၂၅း၁ တွင် ကိုးကွယ်ခြင်းဖော်ပြခြင်းအဖြစ် အသုံးပြုခဲ့ပါသည်။ ဤကျမ်းပိုဒ်၌ ကိုးကွယ်သောအရာသည် "မုသာ" ဖြစ်၍ အဓိပ္ပာယ်မှာ မှားယွင်းမှု၊ မှားယွင်းသောဘုရား(သို့) ရုပ်တုဆင်းတုကို ဆိုလိုပါသည် (နှိုင်း ဆာလံ ၃၁း၆)။ မုသာကို ဆည်းကပ်ခြင်းသည် မှားယွင်းသောကိုးကွယ်ခြင်း၊ မှားယွင်းသောဘုရားကို ကိုးကွယ်ခြင်း၊ မထိုက်တန်သောအရာကို ကိုးစားခြင်းဖြစ်ပါသည်။

ဒုတိယအချက်ကား စစ်မှန်သောကိုးကွယ်သူသည် "မမှန်သောကျိန်ဆိုခြင်းကို မပြုသောသူ" ဖြစ်ပါသည်။ မမှန်မကန်ကျိန်ဆိုခြင်းသည် မှားယွင်းခြင်းအထွဋ်အထိပ်ဖြစ်ပါသည်။ သူတပါးကို မှားသောအရာယုံကြည်ခြင်းငှါ တမင်ဟန်ဆောင်ခြင်းဖြစ်ပါသည်။ အယောင်ဆောင်ကိုးကွယ်ခြင်းဖြစ်၍ ဘုရားသခင်ရွံ့ရှာသောအရာဖြစ်ပါသည်။ ဘုရားသခင်သည် နှလုံး၊ ကျောက်ကပ်တို့ကို စေ့စေ့စစ်ကြောတတ်၏ (ယေရမိ ၁၇း၁၀)။ "သူတို့က ထာဝရဘုရားအသက်ရှင်တော်မူသည်ဟုဆိုသော်လည်း အကယ်စင်စစ်မဟုတ်မမှန် ကျိန်ဆိုတတ်ကြ၏" (ယေရမိ ၅း၂)။

ချစ်သောစာဖတ်သူ၊ သစ္စာမရှိသောသူ - မတည်မြဲသောဤလောကီပျော်ရွှင်ခြင်းနှင့် ကွယ်ကာခြင်းကို တပ်မက်၍ မိမိတို့၏စိတ်နှလုံးသည် လောကီအရာတို့ကိုစွဲလန်းသောသူသည် သန့်ရှင်းသောသူတို့၏စည်းဝေးရာအရပ်နှင့် မထိုက်တန်ကြပါ။ ဆုတောင်းခြင်းအိမ်တော်၌ ခန္ဓာကိုယ်ရှိသော်လည်း စိတ်နှလုံးမပါသောသူများစွာရှိမည်ကို စိုးရိမ်စရာရှိပါ၏။ ဝမ်းနည်းစရာကောင်းသည်မှာ ဘုရားသခင်၏အိမ်တော်၌ ချီးမွမ်းသံနှင့်ပြည့်နှက်နေသော်လည်း ရိုသေကြည်ညိုမှုနှင့် စစ်မှန်သောချီးမွမ်းခြင်းမရှိခြင်းပင်ဖြစ်ပါသည်။

သို့သော်လည်း ဘုရားသခင်ကို အမှန်ရှာသောသူသည် တွေ့လိမ့်မည်။ ဖြောင့်မတ်ခြင်းကို စိတ်နှလုံးထဲမှ အမှန်တကယ်တောင့်တဆာလောင်သောသူသည် အမှန်တင်းတိမ်ရောင့်ရဲခြင်းခံရ၍ ဘုရားသခင်၏သန့်ရှင်းခြင်း၌အနာ၌ ဆီးကြိုခြင်းခံရမည်ဖြစ်ပါသည်။ ထိုသူတို့သည် "ထာဝရဘုရား၏လက်တော်မှ ကောင်းကြီးမင်္ဂလာကိုဝင်း၊ ကယ်တင်တော်မူသောဘုရားသခင်၏ လက်တော်မှ ဖြောင့်မတ်ခြင်းတရားကိုဝင်းခံရလိမ့်မည်" (အငယ် ၅)။ ဒီအပတ် ဘုရားသခင်၏အိမ်တော်သို့ သင်သွားရန်ပြင်ဆင်စဉ် ဤသို့မိမိကိုယ်ကို မေးမြန်းပါလော့ - ဘုရားသခင်၏အိမ်တော်သို့သွားစဉ် အကျွန်ုပ်စိတ်နှလုံးကို ဘုရားသခင်ထံ ဆက်ကပ်ပါသလား (သို့) လောကီအရာတို့ကို စွဲလန်းခြင်းရှိပါသလား၊ စိတ်ထားဖြူစင်စွာလာပါသလား (သို့) အယောင်ဆောင်လျက် လာပါသလား။

**ဆင်ခြင်ရန်** - "အို ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ်တသလျက်နေပါ၏" (ဆာလံ ၂၅း၁)။
**ဆုတောင်းချက်-** "အကျွန်ုပ်မှ အနတ္တနှင့် မုသာကို ပယ်တော်မူပါ" (သုတ္တံ ၃၀း၈)။

တနင်္ဂနွေ၊ ဧပြီ (၁၁)
**ထွက် ၃၅း၁-၂၉**
ဆာလံ ၅၀း၁၂

*"ကြည်ညိုသောစေတနာစိတ်ရှိသမျှသော သူတို့သည်အလှူကို ဆောင်ခဲ့ကြလော့"*

# ကြည်ညိုသောစေတနာစိတ် (၁)

တောထဲတွင် ဘုရားသခင်က မောရှေအားတဲတော်တည်ဆောက်ခြင်း၌ မိန့်တော်မူခဲ့၏။ တဲတော်တည်ဆောက်မည့်ပုံစံကို ဘုရားသခင်မိန့်တော်မူခဲ့ပြီး၊ လိုအပ်သောပစ္စည်းတန်ဆာတို့ကို လူတို့က ပေးလှူကြရမည်ဖြစ်ပါသည်။ သူတို့သည် "ထာဝရဘုရားအားလှူသောအလှူ" ကို လှူကြရမည်ဖြစ်၍၊ ထိုအလှူကို "ကြည်ညိုသောစေတနာစိတ်" (ထွက် ၃၅း၅) နှင့်လှူကြရမည်ဖြစ်ပါသည်။

"ကြည်ညိုသောစေတနာစိတ်" (အငယ် ၅၊ ၂၁၊ ၂၂၊ ၂၉) ဟူသောစကားက ပေးလှူလိုသောဆန္ဒကို ဖော်ပြလျက်ရှိ၏။ ဤအလှူသည် မိမိစေတနာစိတ်နှင့် ပေးလှူရသောအလှူဖြစ်ပါသည်။ ဤသို့သောစိတ်နှလုံးကို ကျွန်တော်တို့၌ ရှိကြရပါမည်။ ဘုရားသခင်ထံ ပေးလှူသောအလှူကို ဤစေတနာစိတ်နှင့်လှူကြရပါမည်။ ဤ"ကြည်ညိုသောစေတနာစိတ်" နှင့် ပတ်သတ်၍ အချက်သုံးချက်ကိုလေ့လာကြည့်ကြပါစို့။

<u>ကြည်ညိုသောစေတနာစိတ်ရှိဖို့ လိုအပ်ပါသည်</u>၊ ဤစိတ်သဘောထားမရှိသောသူတို့သည် အလှူကို မပေးလှူရပါ။ ဆိုလိုသည်မှာ အလှူကိုသာလိုအပ်သည်မဟုတ်ဘဲ၊ စိတ်နှလုံးကို ဘုရားသခင်အလိုရှိတော်မူ၏။ အမှန်မှာ ဘုရားသခင်သည် ဣသရေလလူတို့၏မစခြင်းကို မလိုအပ်ပေ။ ဘုရားကိုယ်တိုင်က သူတို့အား အစာ၊ ရေ၊ အရိပ်နှင့်အလင်းတို့ကို ပေးသနားတော်မူ၏။ ထို့ကြောင့် ဘုရားသခင်က ဆန္ဒရှိမည်ဆိုလျှင်၊ တဲတော်တည်ဆောက်ဖို့လိုအပ်သောပစ္စည်းတန်ဆာတို့ကို အံ့ဘွယ်မိမိကိုယ်ကိုပြင်ဆင်တော်မူနိုင်ပါ၏။ တဲတော်တည်ရှိစေဟု အမိန့်ပေးလျှင်ပင် တည်ရှိလာနိုင်ပါသည်။ သို့သော်လည်း ထိုသို့မပြုဘဲ၊ ဘုရားသခင်က မိမိလူတို့အား မိမိ၏တဲတော်တည်ဆောက်ခြင်း၌ ပါဝင်ရသော အခွင့်ကိုပေးတော်မူခဲ့၏။

ထိုနည်းတူ၊ ယနေ့ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ဖို့ရန်အတွက် ကျွန်ုပ်တို့၏အလှူကို ဘုရားသခင်တောင်းလျှောက်သည်မဟုတ်၊ ကြည်ညိုသောစေတနာစိတ်ကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ဤတဲတော်တည်ဆောက်ခြင်းအတွက်၊ တည်ဆောက်မည့်လူအချို့ကို အထူးဆုကျေးဇူးခံရကြပြီး သူတို့၏နာမည်ကို ဖော်ပြခဲ့ပါသည် (ထွက် ၃၁း၂)၊ လူတိုင်းအား မိမိစေတနာစိတ်ရှိသည်အတိုင်း လိုအပ်သောအရာတို့ကို ပေးလှူကြရန် ဖိတ်ခေါ်ထားပါသည်။ ထိုနည်းတူ ယနေ့၌လည်း အချို့သည် သာသနာပြုဆရာနှင့်သင်းအုပ်ဆရာအဖြစ် အထူးခေါ်ခြင်းခံရကြ၍၊ ယုံကြည်သူအပေါင်းတို့အား ဘုရားသခင်၏အမှုတော်၌ စေတနာစိတ်နှင့် ပါဝင်ကြရန် ဖိတ်ခေါ်ခြင်းခံရကြ၏။ ထို့ကြောင့် ဘုရားသခင်ထံ ဘယ်အရာဘဲယူဆောင်လာသည်ဖြစ်စေ၊ အလှူဖြစ်စေ ချီးမွမ်းခြင်းဖြစ်စေ၊ တောင်းလျှောက်ခြင်းဖြစ်စေ၊ ယူဆောင်လာသောအခါ တာဝန်အရမဟုတ်ဘဲ၊ ကြည်ညိုသောစေတနာစိတ်နှင့် ယူဆောင်လာရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်မြတ်၌ ပါဝင်ခွင့်ရခြင်းသည် ကျေးဇူးတော်အခွင့်ထူးပင်ဖြစ်ပါသည်။

**ဆုတောင်းချက်**- ကျေးဇူးတော်နှင့်ပြည့်စုံသောအဖဘုရား၊ ကိုယ်တော်ထံ ကြည်ညိုသောစေတနာစိတ်နှင့် ပေးလှူမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဧပြီ (၁၂)
**ထွက် ၁၂း၃၅-၃၆**
မာကု ၁၂း၄၁-၄၄

*"ထိုမိန်းမမူကား အလွန်ဆင်းရဲလျက်ပင်၊ မိမိအသက်မွေးစရာဥစ္စာရှိသမျှကို သွင်းချလေပြီ"*

# ကြည်ညိုသောစေတနာစိတ် (၂)

ကြည်ညိုသောစေတနာစိတ်ရှိသင့်ပါသည်၊ ဘုရားသခင်က ဣသရေလလူတို့အား "ရွှေ၊ ငွေ၊ ကြေးဝါ၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချော. . ." (ထွက် ၃၅း၅-၆) တို့ကို ပေးလှူကြရန် မိန့်တော်မူသောအခါ အတွေးတခုဝင်လာခဲ့ပါသည်။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ ကျွန်ခံခြင်းမှကယ်နှုတ်ခြင်းခံရသောသူဖြစ်ကြ၍ ယခုတောထဲ၌ ရောက်နေကြသည်ဖြစ်သောကြောင့်၊ ဘယ်ကနေ ဘယ်လို ထိုရွှေ၊ ငွေနှင့် ပိတ်ချောတို့ကို ရခဲ့ပါသနည်း။

အဖြေမူကား၊ ဘုရားသခင်က ပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ အဲဂုတ္တုပြည်မှမထွက်ခွာမီ ဣသရေလလူတို့သည် ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာများကို အဲဂုတ္တုလူတို့၌ တောင်းကြ၏ (အငယ် ၃၅)။ ကျွန်တို့ထံမိမိတို့၏ ရတနာတို့ကို ပေးခြင်းငှါ အဲဂုတ္တုလူတို့အား နိုးဆော်သောသူသည် ဘုရားသခင်ဖြစ်တော်မူ၏ (အငယ် ၃၆)။ ထို့ကြောင့် ဘုရားသခင်ကတဲတော်အတွက် ထိုတန်ဆာများကို ပေးလှူခြင်းငှါမိန့်တော်မူခြင်းသည် မိမိအရင်ပေးတော်မူခဲ့သောအရာကို မိမိထံကြည်ညိုသောစေတနာစိတ်နှင့် ပြန်ယူလာကြခြင်းငှါ မိန့်တော်မူခြင်းပေတည်း။

ဤတရားကို ကျွန်တော်တို့ယနေ့နားလည်သဘောပေါက်ဖို့လိုပါသည်။ အချို့လူတို့သည် မိမိတို့ပေးကမ်းမှုကြောင့် ဝါကြွားတတ်ကြ၏။ ထိုသို့အလှူများများပေးခြင်းဖြင့် ကြီးမြတ်သောအမှုကို ပြုပြင်ကြသည်ဟု ထင်မြင်တတ်ကြ၏။ သူတို့ပိုင်ဆိုင်သမျှသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြစ်သည်ကို မသိမှတ်ကြပါ။ ထို့ကြောင့် ဆင်းရဲသောမုဆိုးမပေးသော အလှူကြောင့် သူတို့အရှက်ရခဲ့ကြပါသည် (နှိုင်း မာကု ၁၂း၄၁-၄၄)။ အချို့တို့ကို မိမိတို့အပိုင်ဖြစ်သည်ဟု ထင်မှတ်ကြ၍၊ ဘုရားသခင်အတွက် အသုံးမပြုလိုကြပါ။ ထို့ကြောင့် ကြည်ညိုသောစေတနာစိတ်၏အရင်းခံသည် ကျွန်တော်တို့ပိုင်ဆိုင်သောအရာတို့သည် ဘုရားသခင်ထံမှဖြစ်ကြောင်းသိလျက်၊ မိမိ၏အလိုအတွက် မဟုတ်ဘဲ၊ ဘုရားသခင်အတွက် အသုံးပြုရန် ထိုသို့ပေးခြင်းဖြစ်ကြောင်း သိမှတ်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်၏နည်းလမ်းအတိုင်းပြုလျှင် ဘုရားသခင်၏ ထောက်ပံ့ခြင်းရပါလိမ့်မည်။ ဘုရားသခင်၏ထောက်ပံ့ခြင်းကား အဘယ်နည်း။ ကောင်းကင်မှရွှေ ထုပ်ကျလာခြင်းမဟုတ်ပါ။ မိမိ၏နိုင်ငံတော်အတွက် ဆုကျေးဇူးတော်ခံစားကြရသော ဘုရားသခင်၏ ဘဏ္ဍာစိုးများပင်ဖြစ်ပါသည်။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏အမှုတော်အတွက် ပေးလှူဖို့ လိုအပ်လာလျှင် သင်ကြည်ညိုသောစေတနာစိတ်ရှိပါမည်လော။ သင်ပိုင်ဆိုင်သောအရာတို့ကို သခင်အတွက်အသုံးပြုလိုသော ဘဏ္ဍာစိုး၏ကြည်ညိုသောစေတနာစိတ်နှင့် ကြည့်မြင်၍ ပေးလှူပါမည်လော။

**ဆင်ခြင်ရန်** - အကျွန်ုပ်ပိုင်ဆိုင်သမျှအရာအားလုံးသည် ဘုရားသခင်ထံမှဖြစ်ကြပါ၏။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ပေးတော်မူသောဆုကျေးဇူးများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်၍ အသုံးပြုသောဘဏ္ဍာစိုးကောင်းဖြစ်စေတော်မူပါ။

အင်္ဂါ၊ ဧပြီ (၁၃)
**ထွက် ၄၀း၃၃-၃၈**
၂ ကော ၉း၆-၇

*"များစွာကြဲသောသူသည် များစွာရိတ်ရမည်"*

# ကြည်ညိုသောစေတနာစိတ် (၃)

ကြည်ညိုသောစေတနာစိတ်သည် မင်္ဂလာရှိ၏၊ ဣသရေလလူတို့သည် တဲတော်တည်ဆောက်ဖို့ရန်အတွက် စေတနာစိတ်နှင့်ပေးလှူခဲ့ကြ၏။ ဆောက်လုပ်ခြင်းအတတ်ဆုကျေးဇူးခံရသောသူတို့သည် ဆောက်လုပ်ကြ၏။ ပေးလှူစရာပစ္စည်းတန်ဆာရှိသောသူတို့သည် ပေးလှူကြ၏။ ဤပေးလှူသောသူအပေါင်းတို့ကို ပစ္စည်းဥစ္စာအဆပေါင်းများစွာ ပြန်ပေးခြင်းမဟုတ်ဘဲ၊ ထိုအလှူတို့ကို ဘုရားသခင်လက်ခံတော်မူခြင်းဖြင့် ကောင်းကြီးမင်္ဂလာခံစားကြရ၏။ ဘုရားသခင်၏ဘုန်းတော်မိုးတိမ်သည် တဲတော်၌ပြည့်လျှက်၊ သူတို့၏ခရီးတလျှောက် အတူပါရှိတော်မူ၏ (ထွက် ၄၀း၃၈)။

ထို့ကြောင့် ယခုခေတ်၌လည်း၊ ကြည်ညိုသောစေတနာစိတ်ခံစားရသော ကောင်းကြီးသည် ပစ္စည်းဥစ္စာကြွယ်ဝခြင်း၌ တည်သည်မဟုတ်ပါ။ ယနေ့အမည်ခံခရစ်ယာန်တို့သည် ဘုရားသခင်ထံပေးလှူသောအရာသည် အဆပေါင်းများစွာပေးလှူသူထံ တိုးပွားမည်ဟု ဂတိပေးတတ်ကြ၏။ ဤသည်ကား လူတို့၏ဇာတိသဘောနှင့်ဆိုင်သော လောဘတရားကိုနိုးဆော်ခြင်းသာဖြစ်ပါသည်။ ကြည်ညိုသောစေတနာစိတ်ခံရသော ကောင်းကြီးမင်္ဂလာမှုကား ထိုသို့သောစိတ်နှလုံး၌ ဘုရားသခင်ကျေနပ်အားရခြင်း၊ နှစ်သက်ခြင်းရှိမှုပင်ဖြစ်ပါသည်။ ဤတရားကို ပေါလုက ကောရိန္တုခရစ်ယာန်တို့အား ရေးသားတိုက်တွန်းခဲ့ပါသည် (နှိုင်း ၂ ကော ၉း၇)။

ဤမင်္ဂလာကို ရခြင်းငှါ ကျွန်ုပ်တို့၏ပေးလှူခြင်းသည် ရယူလိုသောလောဘဖြင့် မပေးလှူရပါ။ ထို့ပြင် ၂ ကော ၉း၇ တွေ့ရသည်အတိုင်း နှမြောသောစိတ် (ဝမ်းနည်းသောစိတ်) နှင့် မပေးလှူရပါ။ ထို့ပြင် သူများပေးလှူသောကြောင့်၊ မပေးမနေရဟူသောစိတ်နှင့် မပေးလှူရပါ။ ကျွန်ုပ်တို့ယူဆောင်လာသောအလှူသည် ဘုရားသခင်အတွက်ဟူသော စိတ်ဖြင့် ကြည်ညိုသောစေတနာစိတ်ဖြင့်ဖြစ်ရပါမည်။

ချစ်သောစာဖတ်သူ၊ ထိုသို့ပေးလှူသောအလှူသည် ဘုရားသခင်၏စိတ်ကို ကျေနပ်စေသည်ဟုသိခြင်းသည် လုံလောက်ပါသလား။ ကျွန်ုပ်တို့အား ဘုရားသခင်ကမိမိ၏ကျေးဇူးတော်အားဖြင့် မိမိနှစ်သက်သည်အတိုင်း ပေးတော်မူသည်ဟု သိခြင်းသည် မလုံလောက်သလော။ ကျွန်ုပ်တို့၏သခင်ထံမှ "သာဓု၊ သစ္စာရှိသောငယ်သားကောင်း" (မဿဲ ၅း၂၁) ဟူသောချီးကျူးစကားခံရခြင်းငှါ မျှော်လင့်နေခြင်းသည် မလုံလောက်သလော။ ထို့ကြောင့် ကျွန်တော်တို့သည် သစ္စာရှိသောဘဏ္ဍာစိုး၏တာဝန်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်ကြပါစို့။ မိမိ၏ကိုယ်ကျိုးအတွက် မဟုတ်ဘဲတာဝန်ကြေရုံမဟုတ်ဘဲ၊ ဘုရားသခင်ကကျွန်ုပ်တို့အား မိမိ၏အမှုတော်နှင့် နိုင်ငံတော်ကျယ်ပြန့်ဖို့အတွက် ပေးတော်မူသောအချိန်၊ ပညာနှင့် ပစ္စည်းဥစ္စာတို့ကို ကြည်ညိုသောစေတနာစိတ်ဖြင့် ပေးလှူအသုံးပြုကြပါစို့။

**ဆင်ခြင်ရန်** - "စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏" (၂ ကော ၉း၇)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၌ရှိသမျှသောအရာနှင့် ကိုယ်တော်၏အမှုကို ဆောင်ရွက်ခြင်းငှါ ကြည်ညိုသောစေတနာစိတ်အကျွန်ုပ်အား ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၁၄)
**သုတ္တံ ၈း၅**
၃ ရာ ၃း၅-၁၀

*"ဉာဏ်တိမ်သောသူတို့၊ . . . လူမိုက်တို့"*

# ထိုးထွင်းသောဉာဏ်

ဉာဏ်ပညာကို သုတ္တံအခန်းကြီး ၈ ထဲတွင် "ကြီးသောတံခါး၀၊ မြို့တံခါး၊ အိမ်တံခါး၀မှာ ကြွေးကြော်" (သုတ္တံ ၈း၃) သော မိန်းမကဲ့သို့ တင်စားဖော်ပြခဲ့ပါသည်။ "နားထောင်ကြ။ မြတ်သော စကားကို ငါပြောမည်။ မှန်သောတရားစကားကို ငါနှုတ်မြွက်မည်" (အငယ် ၆) ဟု လူအပေါင်းတို့ကို တိုက်တွန်းခဲ့ပါသည်။ ထိုးထွင်းသောဉာဏ်သည် လူတိုင်းနှစ်သက်ပိုင်ဆိုင်လိုသောအရာဖြစ်ပါသည်။ ဤထိုးထွင်းသောဉာဏ်နှင့်ပတ်သတ်၍ မှတ်သားဖွယ်အရာနှစ်ချက်ရှိပါသည်။

ပထမအချက်မှာ၊ <u>ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်ပါသည်</u>။ လူအပေါင်းတို့အား နားထောင်ခြင်းငှါ ဉာဏ်ပညာကဖိတ်ခေါ်သည်ဖြစ်သောကြောင့် ဤဉာဏ်ပညာသည် လူ၌မတည်၊ လူ၏အပြင်ဖက်၌ တည်ကြောင်းထင်ရှားလှပါသည်။ လူ၏ဖန်တီးမှုလည်းမဟုတ်၊ လူတို့ရှာဖွေရမည့်အရာသာ ဖြစ်ပါသည်။ ဤထိုးထွင်းသိမြင်နိုင်သောဉာဏ်ပညာ၏ အရင်းအမြစ်သည် ဘုရားသခင်ကိုယ်တိုင်ဖြစ်တော်မူ၏ (နှိုင်း၊ အငယ် ၁၃၊ ၂၂)။

ဒုတိယအချက်မှာ၊ <u>လက်ခံမည့်သူတို့၏အခြေအနေ</u> ပင်ဖြစ်ပါသည်။ ဉာဏ်ပညာသည် ခွန်အားကြီးသောသူ၊ ထက်မြက်သောသူ၊ တော်သောသူတို့ထံစကားမပြောဘဲ၊ "ဉာဏ်တိမ်သောသူ" နှင့် "လူမိုက်" တို့ထံ စကားပြောခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ သူသည် လူအပေါင်းတို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည် (အငယ် ၄)။ ချစ်သောစာဖတ်သူ၊ သမ္မာကျမ်းစာထဲ၌ ဉာဏ်ပညာနှင့် စိတ်နှိမ့်ချခြင်း၊ မိုက်မဲမှုနှင့် ဝါကြွားမှုကို ဆက်စပ်ဖော်ပြလျက်ရှိကြောင်းကို သတိပြုပါလော့ (နှိုင်း၊ သုတ္တံ ၁၀း၈၊ ၁၁း၂၊ ၁၂း၁၅၊ ၁၅း၃၃)။ စစ်မှန်သောအသိဉာဏ်သည် မိမိကိုယ်ကို မိုက်မဲဉာဏ်တိမ်သောသူဖြစ်ကြောင်း သိနားလည်ခြင်းမှစတင်ခဲ့ပါသည်။ သို့မှသာ ကျွန်တော်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌တွေ့မြင်ရသော စစ်မှန်သည့်ဉာဏ်ပညာကို စတင်ရှာဖွေတတ်မည်ဖြစ်ပါသည်။

"ထိုးထွင်းသောဉာဏ်" ကို သင်ပိုင်ဆိုင်လိုပါသလား။ ပိုင်ဆိုင်လိုပါလျှင်၊ စိတ်နှိမ့်ချခြင်းဖြင့် စတင်ပါလော့။ ကျွန်ုပ်တို့၏ ဤလောကီကျော်စောမှုသည် ဝိညာဉ်နှင့်ဆိုင်သော အကျင့်တရားနှင့် နှိုင်းယှဉ်ကြည့်လျှင် ဘာမှမဟုတ်ကြောင်း၊ ကျွန်တော်တို့သည် မိုက်မဲသောသူဖြစ်ကြောင်း ဝန်ခံကြပါစို့။ ထို့ကြောင့် ဘုရားသခင်ရှေ့၌ ဒူးထောက်လျက်၊ သခင်ယေရှုခရစ်တော်ကို မျှော်ကြည့်ပြီး၊ ထိုယေရှု၌ ဝှက်ထားသော "ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှ" (ကောလော ၂း၃) တို့ကို ရှာဖွေတောင်းလျှောက်ကြပါစို့။ ကျွန်တော်တို့သည် "စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း" (၂ တိ ၃း၁၆-၁၇)၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရှာဖွေလေ့လာလျက်၊ ထိုအထဲ၌ရှိသော အကျိုးကျေးဇူးတို့ကို ရယူကြပါစို့။ လောကီလူသားတို့က ဘာပဲပြောပြော၊ မှန်သောတရားမှုကား၊ ထိုးထွင်းသောဉာဏ်ဆိုသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်တရားကို နှိမ့်ချသောစိတ်နှင့်တန်ဖိုးထား၍ မိမိ၏အသက်တာ၌ သစ္စာရှိစွာ လိုက်လျှောက်အသုံးပြုခြင်းပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရှာရမည့်နေရာသိခြင်းသည် ဉာဏ်ပညာ၏တဝက်ဖြစ်ပြီဟု ဆိုကြ၏။ သို့ဆိုလျှင် ကျန်တဝက်သည် ထိုဉာဏ်ပညာ မိမိလိုအပ်သည်ဟု သိခြင်းဖြစ်ပါလိမ့်မည်။
**ဆုတောင်းချက်-** "သို့ဖြစ်၍ ကိုယ်တော်ကျွန်အား . . . ကောင်းမကောင်းကို ပိုင်းခြား၍ သိတတ်သောဉာဏ်ကို ပေးသနားတော်မူပါ" (၃ ရာ ၃း၉)။

ကြာသပတေး၊ ဧပြီ (၁၅)
**ဧဇ ၇း၆-၁၀**
မသဲ ၇း၇-၈

*"ထာဝရဘုရား၏တရားတော်ကို စစ်ဆေးစောင့်ရှောက်ခြင်းငှါ . . "*

# ပြင်ဆင်ထားသောစိတ်နှလုံး (၁)

"ပြင်ဆင်ထားသော" ဟူသောစကားလုံးသည် မြဲမြံသောအုတ်မြစ်ပေါ်၌ တည်ထားသော အရာကို ရည်ညွှန်းပြီး၊ ဤကျမ်းပိုဒ်တွင် စိတ်ဆုံးဖြတ်ချက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဧဇရသည် ဘုရားသခင်စေခိုင်းသောအမှု၌ ခိုင်မာစွာ မိမိကိုယ်ကိုဆက်ကပ်ခဲ့ပါသည်။ ထိုသို့သော ပြင်ဆင်ထားသောစိတ်နှလုံးရှားပါးမှုကို ကျွန်တော်တို့ကိုယ်တိုင်သိကြပါလိမ့်မည်။ ကျွန်တော်တို့သည် ခိုင်မာစွာ စိတ်ဆုံးဖြတ်ပြုကြသော်လည်း များမကြာမီ ယိမ်းယိုင်တတ်ကြသည်မဟုတ်လော။ ကျွန်ုပ်တို့၏ ဘဝအသက်တာခရီး၌ အမျိုးမျိုးသောစိတ်အနှောင့်အယှက်နှင့် ကဲ့ရဲ့ခြင်းစကားများ ကြားသောအခါ၊ ကျွန်တော်တို့သည် ရည်မှန်းချက်မှ သွေယ်ဖယ်တတ်ကြသည်မဟုတ်လော။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်မည်ဆိုလျှင်၊ ဧဇရ၏ စိတ်နှလုံးကဲ့သို့သော စိတ်နှလုံးကျွန်တော်တို့ လိုအပ်ကြပါသည်။

<u>စစ်ဆေးခြင်းငှါ ပြင်ဆင်ခဲ့၏</u>၊ ဧဇရသည် "ထာဝရဘုရား၏တရားတော်ကို စစ်ဆေး" (အငယ် ၁၀) ခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့ပါသည်။ သူသည် ပေရသတိအင်ပါယာခေတ်၌ ရှိခဲ့သော်လည်း သူတို့၏ရုပ်တုကိုးကွယ်ခြင်း၊ မိမိတို့၏ ထုံးတမ်းစဉ်လာနှင့် ဘာသာတရားကျင့်ထုံးတို့ကို သိခဲ့ပါသည်။ သို့သော်လည်း သူသည်တခုတည်းသောတရားတော်ကိုသာ ရှာဖွေ၍၊ အခြားဘာသာတရားအပေါင်းထက် တန်ဖိုးထားခဲ့ပါ၏။ ထိုတရားတော်သည် အဘယ်မှာနည်း။ ထိုတရားတော်သည် "နားမလည်နိုင်သောတရားမဟုတ်၊ သင်နှင့်ဝေးသည်မဟုတ်"၊ "ပင်လယ်တဘက်၌ရှိသည်မဟုတ်"၊ "သင်နှင့်အလွန်နီး၏" (တရား ၃၀း၁၁-၁၄)။ ဘုရားသခင်က မိမိ၏ပရောဖက်တို့အားဖြင့် ပေးတော်မူသောတရားပင်ဖြစ်ပါသည်။ ထိုတရားကို တန်ဖိုးထားရှာသောသူတို့အတွက် ဘုရားသခင်က ရှာတွေ့နိုင်သောအရပ်၌ ထားတော်မူ၏။

ဘုရားသခင်၏တရားတော်၏ ကြီးမြတ်မှုကိုဆင်ခြင်ကြည့်ပါလော့။ "များစွာသော ရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍" (ဆာလံ ၁၉း၁၀)။ "ခပ်သိမ်းသောစည်းစိမ်ဥစ္စာကို ရဘိသကဲ့သို့ . . . ဝမ်းမြောက်" (ဆာလံ ၁၁၉း၁၄) ခြင်းကိုပေး၍၊ နေ့ညမပြတ် ဆင်ခြင်အောက်မေ့စရာဖြစ်ပါသည် (ဆာလံ ၁း၂)။ အရင်ခေတ်တို့ထက် ယနေ့ခေတ်၌တရားတော်သည် ကျွန်တော်တို့အတွက် ပို၍နီးသောအရပ်၌ ရှိပါသည်။ များစွာသောလူတို့သည် ထာဝရဘုရား၏တရားတော်ကို နှစ်သက်သည်ဟု ပြောကြသော်လည်း၊ အမှန်မှာ ထိုတရားကိုရှာခြင်းငှါ အဘယ်သူသည် မိမိစိတ်နှလုံးကို ပြင်ဆင်ထားပါသနည်း။ လောကီပျော်မွေ့ခြင်းထက် ထိုဘုရားသခင်၏တရားတော်လေ့လာခြင်းအတွက် မည်သူကပို၍ အချိန်ပေးပါသနည်း။ ညနေခင်းအချိန်၌ လူဘယ်နှစ်ယောက်သည် ဘုရားသခင်ရှေ့တော်၌ ဝမ်းမြောက်သောစိတ်နှလုံးနှင့်ထိုင်၍ မိဿဟာယဖွဲ့ပါလိမ့်မည်နည်း။

စိတ်နှလုံးအကြွင်းမဲ့မရှာသောသူ၊ ကြိုးစားအားထုတ်မှုမရှိသောသူတို့က ဤအသီးအပွင့်ကို ပိုင်ဆိုင်ရမည်ဟုမျှော်လင့်ခြင်းသည် မိုက်မဲရာရောက်၏။ ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာကို ခံစားရလိုပါလျှင် ကိုယ်တော်၏တရားတော်ကို စစ်ဆေးရှာဖွေခြင်းငှါ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ကပ်၍ကြိုးစားအားထုတ်လျက် ပြင်ဆင်ထားရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာခြင်းငှါ ကျွန်ုပ်၏စိတ်နှလုံးကို ကျွန်တော်ပြင်ဆင်ထားပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ ပညတ်တရားကို အလေးမထားသောကြောင့် ကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါ။

သောကြာ၊ ဧပြီ (၁၆)
**ဇဇ ၇း၆-၁၀**
ယာကုပ် ၁း၂၂-၂၅

*"နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့"*

# ပြင်ဆင်ထားသောစိတ်နှလုံး (၂)

စောင့်ရှောက်ခြင်းငှါ ပြင်ဆင်ထား၏၊ ဒုတိယအနေဖြင့်၊ ဇဇရသည် ဘုရားသခင်၏ပညတ်တော်ကို စိတ်ဝင်စားရုံ၊ မိမိကိုယ်ကျိုးအတွက်သာ၊ ရှေးထုံးတမ်းစဉ်လာကိုနှစ်သက်ရုံမျှဖြင့် စစ်ဆေးခြင်းမဟုတ်ဘဲ၊ မိမိအသက်တာ၌ ထိုဘုရားသခင်၏ပညတ်တရားတို့ကို လက်တွေ့အသုံးချ၍ နာခံလိုက်လျှောက်ခြင်းငှါ စစ်ဆေးရှာဖွေခြင်းဖြစ်ပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏ ပညတ်တရားကိုမှန်ကန်သောရည်ရွယ်ချက်ဖြင့် စစ်ဆေးရှာဖွေခြင်းငှါ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ပြင်ဆင်ထားကြရပါမည်။

အချို့သောသူသည် ဘုရားသခင်၏ပညတ်တော်ကို ရှာဖွေသကဲ့သို့တွေ့ရသော်လည်း၊ အမှန်မှာ သူတို့၏သိလိုစိတ်သက်သက်ဖြင့် ထိုသို့ပြုကြခြင်းဖြစ်ပါသည်။ ထိုသူတို့သည် အာသင်မြို့သူမြို့သားများကဲ့သို့ဖြစ်ကြပါ၏။ သူတို့သည် ပေါလု၏သွန်သင်ချက်တို့ကို နားထောင်လိုကြပါ၏။ သို့သော်လည်း ထိုသို့ကြားနာလိုကြခြင်းမှာ ပေါလု၏သွန်သင်ချက်သည် သူတို့အတွက်အသစ်အဆန်းဖြစ်သောကြောင့် သိလိုကြခြင်းဖြစ်ပါသည်။ (တမန် ၁၇း၁၆-၂၁)။ ဗေရိမြို့သားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါ၏။ ဗေရိမြို့သားတို့သည် တမန်တော်တို့၏သွန်သင်ချက်ကို " အလွန်ကြည်ညိုသော စေတနာစိတ်နှင့် . . . ခံယူခဲ့ကြ၏" (တမန် ၁၇း၁၁) ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာချင်ရုံမဟုတ်ဘဲ၊ လိုက်လျှောက်ခြင်းငှါ ထိုသို့ ကြည်ညိုသောစေတနာစိတ်ဖြင့် ခံယူကြခြင်းဖြစ်ပါသည်။

အချို့သောသူသည် ဘုရားသခင်၏ပညတ်တရားကို လေ့လာဆည်းပူး၍ ဦးနှောက်အသိဖြင့်များစွာသိကြသော်လည်း၊ သူတပါးနှင့်သူတို့ ကိုယ်တိုင်အတွက်အကျိုးမရှိဘဲ ဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့သောလူတို့သည် ဖာရိရှဲလူတို့ဖြစ်ကြပါသည်။ သူတို့သည် ဓမ္မဟောင်းကျမ်းကိုကောင်းကောင်းသိကြသော်လည်း၊ ဝိညာဉ်ရေးရာ သွန်သင်ချက်တို့ကိုကောင်းကောင်းမသိ၊ အလေးမထားခဲ့ကြပါ။ ဣသရေလအတွက် နိမိတ်သိမ့်သက်သာခြင်းဘယ်မှ ရောက်လာမည်ကိုသိခဲ့ကြသော်လည်း (မဿဲ ၂း၄-၆)၊ သူတို့မျက်စိရှေ့၌ ထိုသခင်ရပ်တည်သောအခါ မသိမမြင်ခဲ့ကြပါ။ ထို့ကြောင့် သခင်ယေရှုကသူ တို့၏အသိဉာဏ်မျက်နှာဖုံးကို "သင်တို့မဖတ်ဖူးသလော" (မဿဲ ၁၂း၃၊ ၁၂း၅၊ ၁၉း၄၊ ၂၁း၁၆၊ ၂၂း၃၁) ဟူသောမေးခွန်းဖြင့် ခွာချပေးတော်မူခဲ့၏။ သူတို့၏ဝါကြွားခြင်းနှင့် မိမိကိုယ်ကို လှည့်စားခြင်းအတွက် ဆုံးမခြင်းပင်ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ ဝိညာဉ်ရေးရာတရားသိလိုစိတ်ရှိခြင်းကိုငှင်း၊ ဓမ္မပညာဘွဲ့များရယူခြင်းကိုငှင်းကျွန်တော်တို့အားမပေး၊ မကောင်းဟုဆိုလိုခြင်းမဟုတ်ပါ။ သို့သော်လည်း၊ ထိုအရာတခုတည်းနှင့်မလုံလောက်ကြောင်းဆိုလိုခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တရားကိုသင်စစ်ဆေးလေ့လာခြင်းသည်အဘယ်ရည်ရွယ်ချက်ဖြင့် လေ့လာပါသနည်း။ သင်၏ရည်ရွယ်ချက်မှန်ကန်ပါစေ၊ ထိုရည်ရွယ်ချက်သည်အခြားမဟုတ်ဘဲထိုတရားကို နာခံလိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။ နာခံစောင့်ရှောက်ခြင်းငှါ ပြင်ဆင်ထားခြင်းမရှိဘဲ၊ စစ်ဆေးရှာဖွေသောစိတ်နှလုံးသည် မိမိကိုယ်ကိုလှည့်စားသောစိတ်နှလုံးပင်ဖြစ်ပါသည် (နှိုင်း၊ ယာကုပ် ၁း၂၂)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကျွန်တော်လေ့လာဆည်းပူးခြင်းသည် နာခံလိုက်လျှောက်ဖို့ရန် ဖြစ်ပါသလား။

**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၅ ကိုအသုံးပြုပါ)။

စနေ၊ ဧပြီ (၁၇)
**ဧဇ ၇း၆-၁၀**
ဟေဗြဲ ၅း၁၁-၁၄

*"သင်တို့သည် . . . ဆရာအဖြစ်သို့ ရောက်သင့်သော်လည်း . . ."*

# ပြင်ဆင်ထားသောစိတ်နှလုံး (၃)

သွန်သင်ခြင်းငှါ ပြင်ဆင်ထား၏၊ နောက်ဆုံးတတိယအချက်မှာ၊ ဧဇရ၏ရည်ရွယ်ချက်သည် မိမိအတွက်သာမဟုတ်ဘဲ၊ သူတပါးထံမျှဝေရန် ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏ပညတ်တရားကို စစ်ဆေးရှာဖွေ၍ နာခံလိုက်လျှောက်ရုံသာမက၊ "စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ဣသရေလအမျိုး၌ သွန်သင်ခြင်းငှါ" (ဧဇရ ၇း၁၀) မိမိစိတ်နှလုံးကို ပြင်ဆင်ထားခဲ့ပါသည်။ ဤသည်ကား အဓိကရည်ရွယ်ချက်ပင်ဖြစ်၏။ မိမိကိုယ်တိုင် မနာခံမလိုက်လျှောက်သောအရာကို မည်သို့အကျိုးရှိရှိ သွန်သင်နိုင်မည်နည်း။ ကောင်းကောင်းစစ်ဆေးနားလည်သဘောပေါက်ခြင်းမရှိသောအရာကို မည်သို့ ကိုယ်တိုင်မှန်ကန်စွာ လိုက်လျှောက်နိုင်ပါမည်နည်း။

ချစ်သောစာဖတ်သူ၊ ဧဇရအသက်တာ၌တွေ့ရသော သာဓကသည် သင်းအုပ်ဆရာနှင့် တရားဟောဆရာတို့အတွက်သာဖြစ်သည်ဟု မထင်ထားပါနှင့်။ မှန်ပါသည်၊ အသင်းတော်၌သွန်သင်ခြင်းအမှုတော်အတွက် ဘုရားသခင်က အထူးခန့်ထားတော်မူသောသူတို့သည် "သင်းအုပ်ဆရာနှင့်ဆရာများ" (ဧဖက် ၄း၁၁-၁၂) ဖြစ်ကြပါသည်။ သို့သော်လည်း ခရစ်ယာန်အပေါင်းတို့သည် သွန်သင်ပေးသောဆရာများ ဖြစ်နိုင်ကြပါသည်။ ဟေဗြဲ ၅း၁၂ ထဲ၌တွေ့ရသော သွန်သင်ချက်ကို ဆင်ခြင်ကြည့်ပါ - ဤအချက်သည် သင်းအုပ်ဆရာတို့အတွက်သာမဟုတ်ဘဲ၊ ယုံကြည်သူအပေါင်းအတွက် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ခရစ်တော်၌ တစ်ကိုယ်၊ တလုံးတဝတည်းဖြစ်ကြလျှင်၊ အချင်းချင်း၏ဝန်ကိုထမ်းရွက်ခြင်းသည် ကျွန်ုပ်တို့၏ဝတ္တရားဖြစ်လျှင် (ဂလာ ၆း ၂)၊ အသင်းတော်တည်ဆောက်ခြင်းငှါ ကြိုးစားအားထုတ်ကြမည်မှန်လျှင် (၁ ကော ၁၄း၁၂)၊ အရင်ကထက် ယနေ့နောက်ဆုံးကာလ၌ အချင်းချင်းအားပေးနိုးဆော်ကြရမည်ဆိုလျှင် (ဟေဗြဲ ၁၀း၂၅)၊ ဘုရားသခင်၏ပညတ်တရား သူတပါးထံဟောပြောသွန်သင်ခြင်းပါကိုပါရမည်အကြောင်း သင်တွေ့ရမှာဖြစ်ပါသည်။ သင်၏ညီအစ်ကိုတို့သည် ယုံကြည်ခြင်းနှင့်အသက်တာ၌ မှားယွင်းသည်ကိုသင်မြင်လျှင်၊ သမ္မာတရားကို သင်သွန်သင်ပေးသင့်သည်မဟုတ်လော။ ဝိညာဉ်ရေးရာ၌ သင်ထက်နုငယ်သောသူတို့ကို ဘုရားတရားဖြင့် သွန်သင်ဆုံးမ၍ သင်လမ်းပြသင့်သည်မဟုတ်လော။ မိဘတို့၊ သင်တို့၏သားသမီးတို့ကို သွန်သင်ခြင်းငှါ ဘုရားသခင်ပေးအပ်သောတာဝန်ကို ကျေပွန်ကြပါသလား။

သို့သော်လည်း၊ ကျွန်တော်တို့သည် သမ္မာကျမ်းစာ၏သတိပေးချက်ကို သတိထားကြရပါမည်။ "ငါတို့သည်သာ၍ ကျပ်တည်းသောစစ်ကြောစီရင်ခြင်းကို ခံရမည်ဟုသင်တို့သိ၍ အများသောဆရာ မဖြစ်ကြနှင့်" (ယာကုပ် ၃း၁)။ ဤအချက်၌ ဧဇရ၏ပုံသာဓကကို ကျွန်တော်တို့သေချာအသုံးပြုကြရပါမည်။ သွန်သင်ရမည့်တာဝန်ကို ကျွန်တော်တို့ရှောင်လွှဲ၍မရသလို၊ ထိုတာဝန်ကိုလည်း ဝါကြွားသောစိတ်နှင့်မထမ်းရွက်ရပါ။ ကိုယ်တိုင်မလိုက်လျှောက်ဘဲလျက် မိမိ၏ပညာကို ဝါကြွားလိုခြင်းဖြင့် မဆောင်ရွက်ကြရပါ။ ထို့ကြောင့် "သွန်သင်ခြင်း" မပြုမီ ကျွန်တော်တို့အရင် "နာခံလိုက်လျှောက်" ရပါမည်။ "နာခံလိုက်လျှောက်ခြင်းငှါ" အရင်ကျွန်တော်တို့ "ကြိုးစားလေ့လာဆည်းပူးရှာဖွေ" ကြရပါမည်။ ကျွန်တော်တို့အားလုံး၌ ဧဇရ၏စိတ်နှလုံးကဲ့သို့သော စိတ်နှလုံးရှိကြရပါမည် - ဘုရားသခင်၏ပညတ်တရားတော်ကို စစ်ဆေးရှာဖွေနာခံလိုက်လျှောက်၍ သွန်သင်ပေးခြင်းငှါ ပြင်ဆင်ထားသောစိတ်နှလုံးလိုအပ်ကြပါ၏။

**ဆင်ခြင်ရန်** - သူတပါးထံ သမ္မာတရားကိုကျွန်တော်သွန်သင်နိုင်ပါသလား။
**ဆုတောင်းချက်-** သူတပါးကို ကျွန်တော်သွန်သင်ပေးနိုင်မည်အကြောင်း၊ "အို ထာဝရဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်၏တရားသွန်သင်ပေးတော်မူပါ"။

တနင်္ဂနွေ၊ ဧပြီ (၁၈)

**ယောရှု ၂၄း၁၄-၂၅**

ဆာလံ ၁၁၉း၃၆

*"ထာဝရဘုရားဘက်သို့ စိတ်နှလုံးကို ညွှတ်ကြလော့"*

# ဦးညွှတ်သောစိတ်နှလုံး

ဣသရေလလူတို့သည် ရှေခင်မြို့၌စည်းဝေးကြ၍ အကြီးအကဲတို့သည် "ဘုရားသခင်ရှေ့တော်သို့ချဉ်းကပ်ကြ၏" (ယောရှု ၂၄း၁)။ ထိုအချိန်၌ ယောရှုသည် အသက်ကြီး၍ အိုမင်းပြီဖြစ်၏ (ယောရှု ၂၃း၁)။ သူက ဣသရေလလူတို့အား သူတို့အပေါ် ကောင်းမြတ်တော်မူသော ဘုရားသခင်၏လက်တော်အကြောင်းကို ပြန်ပြောပြခဲ့ပြီးမှ ထိုဘုရားသခင်၏အမှုတော်ကို "ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့်တကွ" (ယောရှု ၂၄း၁၄) ဆောင်ရွက်ကြရန်မှာထားခဲ့ပါသည်။ သူတို့သည် ဘိုးဘေးတို့နှင့် အိမ်နီးချင်း အာမောရိတို့ကိုးကွယ်သော ရုပ်တုဆင်းတုများကို (အငယ် ၁၄၊ ၁၅) ပစ်ပယ်၍ ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စိတ်ဝင်စားစရာကောင်းသည်မှာ လူတို့က အစ၌သဘောတူကြောင်း ဆိုခဲ့ကြသော်လည်း ယောရှုက သင်တို့ဘုရားဝတ်ကိုမပြုနိုင်ဟု တုန့်ပြန်ခြင်းပင်ဖြစ်ပါသည် (အငယ် ၁၉)။ သူသည် ဘုရားသခင်ကခွင့်လွှတ်မည်မဟုတ်ဟု မဖော်ပြဘဲ ပြည်သူတို့၏လည်ပင်းခိုင်မာမှုနှင့် ပျက်ဆီးမှုကို သတိရစေခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖက်တွင် ယောရှုက လူတို့အား သတိဝီရိယရှိခြင်း၌ တိုက်တွန်းခြင်းဖြစ်ပါသည် - ပထမအချက်ကား သူတို့အမှုတော်ဆောင်မည့်ဘုရားသည် "သန့်ရှင်းသောဘုရား၊ အပြစ်ရှိသည်ဟုထင်လွယ်သောဘုရား" ဖြစ်၍ ဒုစရိုက်ကိုစီရင်သောသူဖြစ်ကြောင်းနှင့် ဒုတိယအချက်ကား သူတို့ကိုယ်တိုင်သည် အပြစ်ကျူးလွန်ခြင်း၌ စိတ်အားထက်သန်ကြသည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

ယောရှုအမှာစကား၏အဓိကအချက်သည် အငယ် ၂၃ ပင်ဖြစ်ပါသည်။ သူတို့သည် ပေါ့ပျက်ပျက်နေ၍မရ၊ ထာဝရဘုရား၌ ကြိုးစားဆက်ကပ်ကြရပါမည်။ သူတို့၏ရုပ်တုဆင်းတုတို့ကို အမှန်ဖယ်ရှား၍ သူတို့၏စိတ်နှလုံးသည် ယိမ်းယိုင်ခြင်းမရှိဘဲ ဣသရေလ၏ဘုရား၊ ထာဝရဘုရားဘက်သို့ ညွှတ်ကြရမည်ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ ကျွန်ုပ်တို့၏စိတ်နှလုံးယိမ်းညွှတ်နိုင်သော ဘက် နှစ်ဘက်ရှိပါသည် - ဘုရားသခင်ဘက် (သို့) ရုပ်တုဆင်းတုဘက်တို့ဖြစ်ပါသည်။ ရုပ်တုဆင်းတုသည် မြင်နိုင်သောအရာဖြင့်၎င်း၊ ပုံစံအမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုးဖြင့်၎င်း ရောက်လာနိုင်ကြောင်း သတိရပါလော့။ ကျွန်တော်တို့ပတ်ဝန်းကျင်၌ ရုပ်တုဆင်းတုဖြစ်သော လောကီကိုးကွယ်ဝခြင်းနှင့် ကျော်ကြားလိုခြင်းတို့ ရှိလျက်ရှိပါသည် (ကောလော ၃း၅)။ သံလိုက်နှစ်ခုကြား၌ရှိသော သံချောင်းကဲ့သို့ ကျွန်တော်တို့ဖြစ်ကြသည်ဖြစ်၍ အနည်းငယ်စိတ်နှလုံးညွှတ်ရာဘက်သို့ ကျွန်တော်တို့ပါသွားလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သတိထားကြရပါမည်။ များစွာသောအိမ်၏နံရံပေါ်တွင် အငယ် ၁၅ ၌တွေ့ရသော ယောရှု၏စကားလုံးတို့ကို ချိတ်ဆွဲထားကြပါသည်။ ထိုအထဲတွင် မည်မျှသောအိမ်သည် ဘုရားသခင်ဘက်၌ သူတို့၏စိတ်နှလုံးကို အမှန်ဦးညွှတ်ခြင်းရှိပါမည်နည်း။

**ဆင်ခြင်ရန်** - သတိဝီရိယမရှိပါလျှင် အကျွန်ုပ်စိတ်နှလုံးသည် လမ်းမှားဘက်သို့ယိမ်းယိုင်ပါလိမ့်မည်။

**ဆုတောင်းချက်-** "အကျွန်ုပ်၏စိတ်နှလုံးကို မကောင်းသောအမှုအရာသို့ သွေးဆောင်တော်မမူပါနှင့်" (ဆာလံ ၁၄၁း၄)။ အိုအဖဘုရား၊ ကိုယ်တော်ဘက်သို့သွေးဆောင်တော်မူပါ။

တနင်္လာ၊ ဧပြီ (၁၉)
**တရား ၁၀း၁၂-၁၆**
ဆာလံ ၁၉

*“ထာဝရဘုရား၏ တရားတော်သည်*
*စုံလင်သည်ဖြစ်၍. . . ”*

## အရေဖျားလှီးခြင်းခံရသောစိတ်နှလုံး (၁)

မောဘလွင်ပြင်၌ ရပ်လျက်မောရှေသည် ဣသရေလလူတို့ကို တရားဟောခဲ့ပါသည်။ ဣသရေလလူတို့သည် ဂတိတော်ပြည်ခါနန်သို့ ဝင်ကြရတော့မည်ဖြစ်၍ မောရှေသည်လည်း အထက်အိမ်တော်သို့ထွက်ခွာရတော့မည်ဖြစ်ပါသည်။ လူတို့အား ဘုရားသခင်၏ပညတ်စကားကို ပြန်လည်မိန့်ကြားခဲ့ပြီး ဘုရားသခင်တောင်းဆိုသောအချက်တို့ကို သူတို့ရှေ့၌ချပြခဲ့ပါသည် (အငယ် ၁၂)။

တောင်းဆိုချက်တို့သည် သေးငယ်သောအရာမဟုတ်ကြပါ။ ဘုရားသခင်သည် မိမိလူတို့ထံမှ အတွင်းနှင့်အပြင်အသက်တာကို တောင်းတော်မူခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အားစိတ်နှလုံးထဲမှ “ကြောက်ရွံ့ခြင်း” ရှိ၍ ဘုရားသခင်၏တရားကို အပြင်အသက်တာ၌ “လိုက်လျှောက်” ကြရမည်ဖြစ်ပါသည်။ စိတ်နှလုံးထဲမှ ဘုရားသခင်ကို ချစ်ပြီး အသက်တာအားဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြရပါမည်။ အချုပ်အားဖြင့် ဘုရားသခင်သည် မိမိလူတို့အား အကြွင်းမဲ့ဆက်ကပ်ခြင်းကို တောင်းဆိုခြင်းဖြစ်ပါသည် - “သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်၍ အမှုတော်ကိုဆောင်ရွက်ခြင်း” ပင်ဖြစ်ပါသည်။

ထို့ပြင် ဘုရားသခင်၏တောင်းဆိုမှုသည် မသင့်တော်သောတောင်းဆိုမှုမဟုတ်ပါ။ အစကတည်းမှ သူတို့သည်ကောင်းမြတ်သောပညတ်တရား လက်ခံရရှိသောသူဖြစ်ကြ၏။ ဤအချက်ကို သတိပြုကြရပါမည်။ ဘုရားသခင်၏ပညတ်တရားသည် မတရားသောပညတ်မဟုတ်။ ဖိနှိပ်ချုပ်ချယ်ခြင်းငှါ ဆိုးသွမ်းသောအရာမဟုတ်ပါ။ အမှုမဲ့ အမှတ်မဲ့ပေးထားခြင်းလည်းမဟုတ်ပါ။ ဘုရားသခင်၏ပညတ်တရားသည် “သင်၏အကျိုးကိုထောက်၍” ပေးသောတရားပေတည်း။ ဘုရားသခင်သည် ပညတ်တရား၌ မိမိ၏တရားမျှတမှုနှင့် သန့်ရှင်းခြင်းကို ပြသတော်မူ၍ ထိုတရားကိုသိလျက် ထိုတရားအားဖြင့် ကျွန်တော်တို့အသက်ရှင်ကြရပါမည်။ ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူသောဖန်ဆင်းရှင်ဖြစ်တော်မူ၏။ သို့ဆိုလျှင် အဘယ်သူ၏တရားစကားကို ကျွန်တော်တို့ခံယူရပါမည်နည်း။ ထာဝရဘုရား၏ဉာဏ်တော်ကို အဘယ်သူယှဉ်ပြိုင်နိုင်ပါမည်နည်း။ အဘယ်ကျင့်ဝတ်တရားကို ကျွန်တော်တို့လိုက်နာရပါမည်နည်း။ ဘုရားသခင်ပေးသနားတော်မူသော အကျင့်ဝတ္တရားဆိုင်ရာ ပညတ်တရားတို့ကို ပစ်ပယ်ခြင်းသည် မိုက်မဲခြင်းအမှန်ဖြစ်ပါသည်။

ကျွန်တော်တို့သည် အကျင့်စာရိတ္တပျက်ပြားသောကာလ၌ နေထိုင်လျက်ရှိကြပါသည်။ ဤလောကီလူသားတို့သည် ဘုရားသခင်၏တရားစံနှုန်းကို ပြောင်းပြန်လှန်နေကြပါသည်။ မကောင်းမှုကို မြတ်သောတရားဟု ထင်လာကြ၏။ ဇာတိသဘောကို အသစ်သောသန့်ရှင်းခြင်းဟု ထင်မှတ်ကြပြီး မတရားသောမှိုထုန်ကို အသစ်သောသစ္စာရှိခြင်း၊ အကျင့်ပျက်ခြင်းကို အသစ်သောဘာသာတရားကိုင်းရှိုင်းခြင်းဟု သတ်မှတ်လာကြသည်။ ဘုရားသခင်အစား လူသားကိုအုပ်စိုးခြင်းပလ္လင်ပေါ်၌တင်မြှောက်ကြပြီး အမှန်မှာ ဘုရားသခင်၏ပညတ်တရား ငြင်းပယ်ခြင်းသည် လူသားအတွက် လုံးဝလမ်းမှားရောက်ခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် သင့်အကျိုးအတွက်ဖြစ်သည်ကို သင်သိမှတ်ပါသလား။ ဤကောင်းမြတ်သောပညတ်တရားတော်ကို နာခံလိုက်လျှောက်ခြင်းငှါ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် စိတ်နှလုံးအကြွင်းမဲ့ သင်ဆက်ကပ်ပါမည်လော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်ကို ဆန့်ကျင်ပစ်ပယ်ခြင်းမပြုဘဲ ဖက်တွယ်ထားပါလော့။
**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၉၇ ကိုအသုံးပြုပါ)။

အင်္ဂါ၊ ဧပြီ (၂၀)
**တရား ၁၀း၁၂-၁၆**
ကမ္ဘာ ၁၇း၁-၁၄

*"သို့ဖြစ်၍ သင်၏နှလုံးအရေဖျားကို လှီးဖြတ်လော့"*

# အရေဖျားလှီးခြင်းခံရသောစိတ်နှလုံး (၂)

ဒုတိယအနေဖြင့်၊ ဘုရားသခင်ကမိမိလူတို့အား ထိုသို့တောင်းဆိုခြင်းသည် မိမိကိုယ်တိုင် ရွေးကောက်တော်မူသောသူများဖြစ်ကြသောကြောင့် ဖြစ်ပါသည်။ မောရှေက ဣသရေလလူတို့အား ကောင်းကင်နှင့်မြေကြီး၌ရှိသောအရာခပ်သိမ်းကို ဘုရားသခင်ပိုင်တော်မူကြောင်း သတိပေးခဲ့ပါသည် - "မိုယ်းကောင်းကင်နှင့်ကောင်းကင်ဘဝဂ်ကိုငင်း၊ မြေကြီးနှင့်မြေကြီးတန်ဆာရှိသမျှကိုငင်း၊ သင်၏ ဘုရားသခင်ထာဝရဘုရားပိုင်တော်မူ၏" (တရား ၁၀း၁၄)။ အရာခပ်သိမ်းကိုပိုင်တော်မူသောဘုရား သခင်အား ဣသရေလလူတို့ကိုရွေးကောက်ခြင်းငှါ ဘယ်အရာကနိုးဆော်ခဲ့ပါသနည်း။

သူတို့၌ရှိသော ကောင်းမှုကုသိုလ်ကြောင့်မဟုတ်ပါ။ မောရှေက -"သင်သည်အခြားသော လူမျိုးထက် သာ၍များသောကြောင့်၊ ထာဝရဘုရားသည် သင့်ကိုချစ်၍ရွေးချယ်တော်မူသည်မဟုတ်၊ သင်သည် အခြားသောလူမျိုးတကာတို့ထက် သာ၍နည်း၏" (တရား ၇း၇)ဟု ဆိုခဲ့ပါသည်။ ထိုသို့ ရွေးကောက်ခြင်း သည် အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်ကိုရွေးချယ်ခဲ့သော ဘုရားသခင်၏ ကျေးဇူး တော်နှင့်ဆိုင်သော ပဋိညာဉ်ချစ်ခြင်းမေတ္တာတော်ကြောင့်ဖြစ်ပါသည်။ လူမျိုးတကာတို့ထက် ဣသရေ လချီးမြှောက်ခံရခြင်းသည် ဘုရားသခင်ကြောင့်သာဖြစ်ပါသည်။ "သို့ရာတွင် ထာဝရဘုရားသည် သင်၏ဘိုးဘေးတို့ကိုချစ်ခင်မြတ်နိုး၍ ယနေ့ရှိသကဲ့သို့ သူတို့အမျိုးအနွယ်တည်းဟူသော သင့်ကို အခြားသောလူမျိုးတကာတို့တွင် ရွေးကောက်တော်မူ၏" (တရား ၁၀း၁၅)။

ထိုသို့ကျေးဇူးတော်အားဖြင့် ရွေးကောက်တော်မူသောပဋိညာဉ်ကို သစ္စာရှိစွာထိန်းသိမ်းတော် မူသောဘုရားသခင်က ကောင်းမြတ်သောပညတ်တရားကိုပေး၍ မိမိလူတို့အား "သို့ဖြစ်၍ သင်၏ နှလုံးအရေဖျားကို လှီးဖြတ်လော့" (အငယ် ၁၆) ဟုမိန့်တော်မူ၏။ ယခုအခါ ဘုရားသခင်က မိမိ၏ ကျေးဇူးတော်ပဋိညာဉ်၏မြင်နိုင်သောတံဆိပ်အဖြစ် အရေဖျားလှီးခြင်းကို တောင်းဆိုတော်မူ၏။ ဤ ပဋိညာဉ်ကို ရှေးဦးစွာအာဗြဟံထံ ပေးတော်မူခဲ့ပြီး သူ၏နာမည်ကိုလည်း ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည် (ကမ္ဘာ ၁၇း၅)။ ထိုအပြင်ပန်းတံဆိပ်လက္ခဏာသည် ထိုအချိန်၌အဆုံးသတ်ခဲ့ပါ၏။ ထို့ကြောင့် မောရှေက လူတို့အားသူတို့၏အသားဘဲမဟုတ်၊ စိတ်နှလုံးအရေဖျားလှီးကြရန် အသိပေးခဲ့ပါသည်။ သူတို့သည် ဘုရားသခင်နှင့်ပဋိညာဉ်နှင့်ဆိုင်သော ဆက်နွယ်မှု၌ စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်ကြ ရပါမည်။

ခရစ်ယာန်စာဖတ်သူ၊ ကျွန်တော်တို့ရွေးကောက်ခံရခြင်းသည် ဣသရေလလူတို့ရွေးကောက် ခံရခြင်းထက် မသိမ်ငယ်ကြောင်း သင်သိမှတ်ပါသလား။ ထို့ကြောင့် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ပဋိညာဉ်ဆက်နွယ်မှု၏လက္ခဏာဖြစ်သော မိမိကိုယ်ကိုဆက်ကပ်မှုကို တာဝန်အရအပြင်ပန်းလုပ် ဆောင်ခြင်းသာသာမဟုတ်ဘဲ စစ်မှန်သောစိတ်နှလုံးထဲမှ ဆောင်ရွက်ကြရပါမည်။ ဤအရေဖျားလှီး ခြင်းမင်္ဂလာသည် ယခုမွေသစ်ကျမ်းခေတ်တွင် မင်္ဂလာတစ်ပါးအဖြစ် မရပ်တည်တော့သော်လည်း "စိတ်နှလုံးအရေဖျားလှီးခြင်း" မှာ ယနေ့လိုအပ်လျက်ရှိပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံး အရေဖျားလှီးခြင်းခံရပြီလား။ ဘုရားသခင်ထံ ကျွန်တော် လုံးဝဆက်ကပ်မှုရှိပါသလား။

**ဆုတောင်းချက်-** "ကိုယ်တော်၊ အကျွန်ုပ်၏အသက်တာကို ကိုယ်တော်အဖို့သန့်ရှင်းစေတော်မူပါ"။

**တရား ၁၀း၁၂-၁၆**
တမန် ၇း၅၁-၅၃
*"နောက်တဖန် ခိုင်မာသောလည်ပင်း မရှိစေနှင့်"*

# အရေဖျားလှီးခြင်းခံရသောစိတ်နှလုံး (၃)

စိတ်နှလုံးအရေဖျားလှီးခြင်းငှါ တောင်းဆိုလျက် တရား ၁၀း၁၂-၁၆ ထဲတွင် ဣသရေလလူတို့အား နောက်ဆုံးမောရှေပေးထားသော တိုက်တွန်းချက်သည် "နောက်တဖန်ခိုင်မာသော လည်ပင်း မရှိစေနှင့်" (အငယ် ၁၆) ဟူ၍ဖြစ်ပါသည်။ ဤအချက်သည် အလွန်အရေးကြီးလှပါ၏။ အကြောင်းမှာ သူတို့၏မှားယွင်းမှုများကို မောရှေဖော်ပြခဲ့ပြီးဖြစ်ပါသည် (နှိုင်း - တရား ၉း၆၊ ၁၃)။ "ခိုင်မာသောလည်ပင်းရှိခြင်း" သည်ခေါင်းမာခြင်း၊ လမ်းပြမှုကိုဆန့်ကျင်ခြင်း၊ တန်ဘိုးမထမ်းလိုသောနွားကဲ့သို့ ဖြစ်ခြင်းပေတည်း။ ဣသရေလလူတို့သည် ထိုသို့သောအကျင့်သူတို့၌ အစဉ်ရှိခဲ့သည်ဖြစ်သောကြောင့် ယခုအခါ နောက်ထပ် ထိုသို့လည်ပင်းခိုင်မာခြင်းမရှိကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။

မှတ်သားစရာကောင်းသည်မှာ ရာစုနှစ်များစွာကြာပြီးမှ မာတုရသတေဖန်က ဤစကားလုံးကို ယုဒဘာသာဝင်ကောင်စီတို့ကို ဆုံးမခြင်း၌အသုံးပြုခဲ့ခြင်းပေတည်း (တမန် ၇း၅၁)။ ဤပုဂ္ဂိုလ်တို့သည် လူတို့ကိုဦးဆောင်သောသူ၊ ပညတ်တရားလိုက်လျှောက်ခြင်း၌ မိမိကိုယ်ကိုဝါကြွားခြင်းရှိသောသူဖြစ်ကြ၏။ ပေါလုသည်လည်း သူတို့နှင့်အတူ တစ်ချိန်၌ပါဝင်ခဲ့ဖူးပါသည် (နှိုင်း - တမန် ၇း၅၈)။ သို့သော်လည်း နောက်ပိုင်းတွင်ထိုအရင်အမှုကို "ဇာတိ၌ကိုးစားခြင်း" ဟုဖော်ပြ၍ ရှစ်ရက်မြောက်သောနေ့၌အရေဖျားလှီးခြင်းခံသည်ဟုလည်း ဆိုခဲ့ပါသည် (ဖိလိ ၃း၄-၅)။

သူတို့၏ခန္ဓာကိုယ်၌ ပဋိညာဉ်တံဆိပ်လက္ခဏာရှိသော်လည်း သူတို့၏စိတ်နှလုံးသည် ထိုပဋိညာဉ်မှန်ကန်စွာ လိုက်လျှောက်လိုသောသဘောမရှိပါ။ နာခံခြင်းရှိသည်ဟု ဝါကြွားကြသော်လည်း အမှန်မှာ သူတို့သည် ဆန့်ကျင်ခြင်းစိတ်သဘောရှိခဲ့ကြ၏။ သူတို့သည် သာဓကထဲမှဆိုးသွမ်းသော ဥယျာဉ်စောင့်ကဲ့သို့ဖြစ်၍ (မဿဲ ၂၁း၃၃-၄၀) သခင်၏စပျစ်ဥယျာဉ်ကို မိမိတို့ပိုင်သည်ဟု ဆိုပြီး ဥယျာဉ်အသီးတို့ကို သခင်ထံမပေးဘဲနေ၍ လူ့အသက်သတ်ခြင်းတိုင်အောင် ကျူးလွန်ခဲ့ကြ၏ (နှိုင်း - တမန် ၇း၅၂)။ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဆိုင်သော ပညတ်တရားကို လက်ခံရရှိသောသူဖြစ်ကြသော်လည်း သူတို့သည်မလိုက်လျှောက်လိုခဲ့ကြပါ။

ချစ်သောစာဖတ်သူ၊ ယနေ့ခေတ်၌လည်း ထိုသို့ဖြစ်ပျက်နေသည်ကို ကျွန်တော်တို့မြင်ရသည်မဟုတ်လော။ များစွာသောလူတို့သည် "ခရစ်ယာန်" ဟုခေါ်တွင်ကြသော်လည်း ဘယ်နှစ်ယောက်သည် စိတ်နှလုံးထဲမှ အမှန်သခင်၏စကားကို နာခံမှုရှိပါသနည်း။ သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းကို ဘယ်နှစ်ယောက်ကဆန့်ကျင်လျက်ရှိပါသနည်း (တမန် ၇း၅၁)။ လက်ခံခဲ့သောဘုရားသခင်၏ပညတ်တရားတော်ကို သူတို့သည် ခေတ်သစ်အတွေးအခေါ်နှင့်ကိုက်ညီစေခြင်းငှါ ကြိုးစားပြုပြင်လိုသောသူ မည်မျှရှိလိမ့်မည်နည်း။ မောရှေ၏သတိပေးစကားတို့သည် ယနေ့ခေတ်၌လည်း ကျယ်လောင်စွာမြည်ဟီးပါစေသား - "သို့ဖြစ်၍ သင်၏နှလုံးအရေဖျားကို လှီးဖြတ်လော့။ နောက်တဖန် ခိုင်မာသောလည်ပင်းမရှိစေနှင့်"။

**ဆင်ခြင်ရန်** - စစ်မှန်သောစိတ်နှလုံးအရေဖျားလှီးခြင်းခံသောသူသည် ဘုရားသခင်၏ပညတ်တရားတော်၌ဆက်ကပ်၍ နာခံလိုက်လျှောက်သောသူပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** ကျေးဇူးရှင်အဖဘုရား၊ စိတ်နှလုံးထဲမှကိုယ်တော်ကို နာခံခြင်းရှိမည်အကြောင်း မစတော်မူပါ။

**ဆာလံ ၅၇**
၁ ရာ ၂၃

*"အို ဘုရားသခင်၊ အကျွန်ုပ်နှလုံးသည် တည်ကြည်ပါ၏၊ အကျွန်ုပ်နှလုံးသည် တည်ကြည်ပါ၏"*

# တည်ကြည်သောစိတ်နှလုံး (၁)

ဆာလံ ၅၇ ၏ ခေါင်းစဉ် - "ဒါဝိဒ်သည် ဥမင်၌ရှောလုထံမှ ထွက်ပြေးသောအခါ စပ်ဆိုသောဆာလံ" ဟူသောအချက်က ဒါဝိဒ်ရေးသားကြောင်း ဖော်ပြလျက်ရှိပါ၏။ ဤအချိန်သည် ဒါဝိဒ်အသက်တာ၌ အလွန်ခက်ခဲသောကာလဖြစ်ခဲ့ပါသည်။ သူသည်များစွာထွက်ပြေးတိမ်းရှောင်ရသည်ဖြစ်သောကြောင့် ယခုဥမင်သည် အဘယ်ဥမင်ဖြစ်ကြောင်း သေချာပြော၍မရပါ။ ရှောလုက မိမိအား သတ်မည်အကြံရှိကြောင်း ဒါဝိဒ်သိသောအခါ သူသည် နောဗမြို့ရှိ ယဇ်ပုရောဟိတ်ထံသွားခဲ့ပြီး (၁ ရာ ၂၁း၁)၊ ကိလမြို့သို့ဆက်သွားခဲ့ပါသည် (၁ ရာ ၂၃း၅)။ ထိုအရပ်မှ ဇိဖတောင်သို့ထွက်ပြေးတိမ်းရှောင်၍ (၁ ရာ ၂၃း၁၄)၊ ထိုအရပ်၌ ဇိဖလူတို့၏သစ္စာဖောက်ခြင်းကိုခံရပြီး မောနတောသို့ထွက်သွား၍ (၁ ရာ ၂၃း၂၅) ထိုမှအင်္ဂေဒိမြို့သို့သွားခဲ့ပါသည် (၁ ရာ ၂၃း၂၉)။ သို့သော်လည်း ဤထွက်ပြေးခြင်းသည် ဒါဝိဒ်၏ထွက်ပြေးတိမ်းရှောင်ခြင်းမဟုတ်သေးပါ။

ဤသို့သောအခြေအနေ၌ဒါဝိဒ်သည် အဘယ်အရာကိုကိုးစားပါလိမ့်မည်နည်း။ ဒုက္ခသည်ဒါဝိဒ်၌ခိုလှုံစရာနေရာမှန်မရှိခဲ့ပါ။ ပုန်းခိုစရာရဲတိုက်လည်းမရှိ။ တိုင်းတပါး၌ခိုလှုံခြင်းငှါကြိုးစားခဲ့သော်လည်း ခိုလှုံစရာမရှိခဲ့ပါ (နှိုင်း- ၁ရာ ၂၁း၁၀-၁၅)။ သူ့၌မိတ်ဆွေဟောင်းမရှိခဲ့ပါ။ သူ့၌ရှိသောသူတို့မှာ မိမိ၏မိသားစု "ကြွေးတင်သောသူ" "စိတ်ညစ်သောသူ" "အမှုရောက်သောသူ" တို့သာဖြစ်ကြ၏ (၁ရာ ၂၂း၁-၂)။ သူ၏ဘဝသည်မသေချာမရေရာဘဝဖြစ်သော်လည်း ဒါဝိဒ်သည် ထိုသို့တစ်နေရာမှတစ်နေရာ သွားလာနေရသော်လည်း သူ၏စိတ်နှလုံးသည် "တည်ကြည်" ၏။ သူ၏စိတ်ဝိညာဉ်သည် သူ၏ဘုရားသခင်ထာဝရဘုရား၌ ခိုနားရာနေရာရှာတွေ့ခဲ့ပါသည်။

ဘဝလှိုင်းဒဏ်၏ရိုက်ခတ်မှုကို သင်ခံစားကြုံတွေ့နေရပါသလား။ ထိုအခါ ကျွန်တော်တို့သည်လုံခြုံမှုကိုရှာတတ်ကြ၏။ ခိုနားစရာနေရာရှာတတ်ကြပါ၏။ သို့သော်လည်းကျွန်ုပ်တို့၏ စိတ်နှလုံးသည်မှားယွင်းသောအရာ၌ ခိုလှုံရပ်တည်တတ်လေ့ရှိပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကိုကျွန်ုပ်တို့၏ခွန်အား ကျွန်ုပ်တို့၏အစီအစဉ်နှင့် ညဏ်အမျှော်အမြင်၌ တည်စေတတ်ကြ၏။ ကျွန်ုပ်တို့၏စိတ်ကိုမိတ်ဆွေသူငယ်ချင်းနှင့် သူတစ်ပါး၏ကတိပေးချက်နှင့် နှိမ့်သိမ့်ခြင်းဖြင့်ခွန်အားယူတတ်ကြ၏။ ဤသည်ကားအားနည်းသောခိုလှုံရာပင် ဖြစ်ပါသည်။ သင့်ဝိညာဉ်သည် "ခြင်္သေ့စု" ထဲ၌နေစဉ် "ဒေါသမီးလောင်လျက်ရှိသောလူသားတို့တွင်" သင်အိပ်ရစဉ် (အငယ် ၄)၊ ချစ်သောစာဖတ်သူသင်၏စိတ်နှလုံးကို ဘုရားသခင်၌သင်အမှန်တည်စေပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမတည်သော စိတ်နှလုံးသည် အဘယ်အရပ်၌မျှ ခိုနားရမည်မဟုတ်ပါ။

**ဆုတောင်းချက်-** "အတောင်တော်အရိပ်၌ခိုလှုံပါ၏" (ဆာလံ ၅၇း၁)။

သောကြာ၊ ဧပြီ (၂၃)

**ဆာလံ ၅၇း၁-၅**

ထွက် ၃၄း၅-၇

*"အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကိုခိုလှုံပါ၏"*

# တည်ကြည်သောစိတ်နှလုံး (၂)

ဒါဝိဒ်သည် မည်သို့ဘုရားသခင်၌ မိမိစိတ်နှလုံးကိုတည်စေနိုင်ကြောင်း သိနားလည်ခြင်းငှါ ကျွန်တော်တို့သည် အဖြစ်အပျက်ကို နီးကပ်စွာလေ့လာကြရပါမည်။ ဆာလံ ၅၇ တွင် အဓိကအချက် နှစ်ချက်ကိုကျွန်တော်တို့တွေ့နိုင်ပါသည် - ပထမအချက် (အငယ် ၁-၅) ထဲတွင် ဒါဝိဒ်၏ဘုရားသခင်ကိုးစားခြင်းကိုတွေ့ရ၍ ဒုတိယအချက် (အငယ် ၆-၁၁) ထဲတွင် ဒါဝိဒ်၏ဘုရားသခင်ချီးမွမ်းခြင်းကို တွေ့ရပါသည်။

"ခိုလှုံ" (အငယ် ၁) ဟူသောစကားလုံး၏အဓိပ္ပာယ်သည် နားခိုရာကိုရှာဖွေခြင်းဟူ၍ ဖြစ်ပါသည်။ ဤစကားလုံးသည် လူတစ်ယောက်မုန်တိုင်းကြား၌ မိမိအတွက်လုံခြုံသောအရပ်သို့ ချဉ်းကပ်တိုးဝင်ခြင်းကို မြင်ယောင်စေပါသည်။ ဘုရားကိုမသိသောသူတို့သည် အနတ္တဖြစ်သောလူတို့၏ မစခြင်းကို ရှာဖွေစဉ် (နှိုင်း ဟေရှာ ၃၀း၁-၃) ဆာလံဆရာသည် အနတ္တတန်ခိုးရှင်၏အတောင်တော်အရိပ်အောက်၌ခိုလှုံခဲ့ပါသည်။

ဒါဝိဒ်သည် ဘုရားသခင်၏ဂရုဏာတော်ကို ခိုလှုံကိုးစားခဲ့ပါသည် (အငယ် ၁)။ ဤအချက်ကို ဒါဝိဒ်၏နောင်တရခြင်းဆာလံ (ဆာလံ ၅၁း၁) ၌လည်းဖော်ပြခဲ့ပါသည်။ ထိုဆာလံတွင် ဒါဝိဒ်သည် မိမိအပြစ်လွန်ကျူးခြင်းအတွက် ဘုရားသခင်၏ဂရုဏာတော်ကို တောင်းလျှောက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ယခုဆာလံတွင် အပြစ်ကျူးလွန်သည်ဟု မတွေ့ရပါ။ သူသည် ရှောလုထံမှ ထွက်ပြေးနေခြင်းဖြစ်၍ ဘုရားသခင်၏ဂရုဏာတောင်းလျှောက်မည်ဆိုလျှင် ရှောလုသာထိုသို့ပြုရမည်ဖြစ်ပါသည်။ သို့သော်လည်း ဒါဝိဒ်သည်မိမိကိုယ်ကို အပြစ်သားဖြစ်ကြောင်း သိမှတ်၍၊ ဘုရားသခင်၏ဂရုဏာတော်ကို မိမိအစဉ်လိုအပ်ကြောင်း သိပါ၏။ ဘုရားသခင်၏မစတော်မူခြင်းနှင့် ကွယ်ကာခြင်းကို မိမိအားဖြင့်မတောင်းလျှောက်နိုင်ပါ။ သို့သော်လည်း၊ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို ချဉ်းကပ်ခဲ့ပါသည်။ မိမိကိုယ်ကို ထိုက်တန်သည်ဟုထင်၍မဟုတ်။ မိမိ၏ဖြောင့်မတ်ခြင်း၌ အခြေခံ၍မဟုတ်ဘဲ ဘုရားသခင်၏ဇာတိသဘော၌ အခြေခံ၍ချဉ်းကပ်ခြင်းဖြစ်ပါသည်။ မထိုက်တန်သောသူဖြစ်သော်လည်း ဘုရားသခင်သည် ဂရုဏာတော်ရှင်ဘုရားဖြစ်ကြောင်းသိသောကြောင့် ဖြောင့်မတ်တော်မူ၍ သန့်ရှင်းတော်မူသောဘုရားသခင်ထံ မစတော်မူခြင်း၊ သူတောင်းလျှောက်နိုင်ခြင်းဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏ဂရုဏာတော်ကို သင်ကိုးစားခြင်းရှိပါသလား။ ကျွန်တော်တို့သည် မထိုက်တန်သော်လည်း ဘုရားသခင်ထံသို့အမှန်ချဉ်းကပ်လျှင် ရရင့်စွာချဉ်းကပ်၍ရပါ၏။ ဘုရားသခင်သည် ဂရုဏာတော်နှင့်ပြည့်ဝတော်မူသောကြောင့် သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ထိုဘုရားသခင်၏ဂရုဏာတော်ကို ခံစားခွင့်ရှိကြ၏။ အခက်အခဲဒုက္ခကြုံတွေ့သောအခါ ဒါဝိဒ်ကဲ့သို့ ကျွန်တော်တို့တောင်းလျှောက်ခြင်းပြုနိုင်ပါ၏။ ဝယ်စလီ၏စာသားကိုလည်း ကျွန်တော်တို့ကိုးကားနိုင်ပါသည် - "အကျွန်ုပ်ကိုချစ်သောယေရှု ကိုယ်တော်၏ရင်ခွင်ထဲသို့ အကျွန်ုပ်ကိုပျံသန်းတိုးဝင်ခွင့်ပြုပါ။ လှိုင်းတံပိုးဒဏ် ပြင်းထန်သောအချိန်အခါ၌ အိုကယ်တင်ရှင်၊ ဘဝမုန်တိုင်းပြီးဆုံးချိန်အထိ ကိုယ်တော်၏ရင်ခွင်၌ အကျွန်ုပ်ကိုခိုလှုံစေတော်မူပါ။ ကမ်းသို့ အကျွန်ုပ်ကို လုံခြုံစွာခေါ်ဆောင်တော်မူပါ။ နောက်ဆုံး၌ အကျွန်ုပ်ဝိညာဉ်ကို ကိုယ်တော့်ထံထိန်းသိမ်းထားတော်မူပါ"။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ကုသိုလ်ကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ဇာတိသဘောတော်ကြောင့်သာ ဘုရားသခင်ကိုကျွန်တော်ကိုးစားရခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** "အို ထာဝရဘုရား၊ ကိုယ်တော်ကိုအကျွန်ုပ်ခိုလှုံပါ၏" (ဆာလံ ၃၁း၁၊ ၇၁း၁)။

**ဆာလံ ၅၇း၁-၅**

ဆာလံ ၂၀

*“ငါသည် . . . ငါ့အမှုကို ပြီးစီးစေတော်မူသော ဘုရားသခင်ကို အော်ဟစ်မည်”*

# တည်ကြည်သောစိတ်နှလုံး (၃)

ဒါဝိဒ်သည် ဘုရားသခင်၏ခွန်အားတန်ခိုးတော်၌ ခိုလှုံကိုးစားခြင်းရှိ၏ (အငယ် ၂-၃)။ စိတ်အားငယ်ထွက်ပြေးနေသော မိမိအပေါ်၌ သနားခြင်း၊ မျက်နှာသာပေးခြင်းကို ထာဝရပြုတော်မူမည်ကြောင်း ဒါဝိဒ်ယုံကြည်စိတ်ချခြင်းသည် ဘုရားသခင်၏ဂရုဏာတော်ကြောင့်ဖြစ်ပါသည်။ ယခုအခါ ဘုရားသခင်၏ကြီးမြတ်သောတန်ခိုးတော်သည် ဒါဝိဒ်အတွက် အမှုပြုတော်မူမည်ကို ဒါဝိဒ်အမှန်သိမှတ်ခဲ့ပါသည်။

အမှန်မှာ ဤသို့သောအခြေအနေ၌ ဒါဝိဒ်ရောက်ခြင်းသည် ဘုရားသခင်၏ကြိုတင်စီမံခဲ့ခန့်တော်မူခြင်းကြောင့်ဖြစ်ပါသည်။ ရှင်ဘုရင်ဖြစ်လာမည့်လူငယ်တစ်ယောက်က မိမိ၏လုံခြုံမှုအဘယ်၌ရှိသည်ကို သင်ကြားခြင်းငှါ ဤအခြေအနေသည် အကောင်းဆုံးကျောင်းဖြစ်ပါသည်။ ပြည်ထဲ၌ ဟိုပြေးဒီပြေးပြေးနေစဉ် နေရာအနှံ့၌ ရန်သူများနှင့်ကြုံတွေ့နေရသည်ဖြစ်၍ စစ်မှန်သောလုံခြုံမှုကိုပေးနိုင်သောသူသည် အလုံးစုံကိုသိတော်မူ၍ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်သာလျှင်ဖြစ်တော်မူ၏။ ဤသို့သော်အခြေအနေများကြောင့် ဒါဝိဒ်သည် “အမြင့်ဆုံးသောဘုရားသခင်ကို အော်ဟစ်” (အငယ် ၂) ၍ “အချို့သောသူတို့သည် ရထားကိုငှင်း၊ အချို့တို့သည် မြင်းကိုငှင်းချီးမွမ်းတတ်ကြ၏။ ငါတို့မူကား ငါတို့ဘုရားသခင်တည်းဟူသော ထာဝရဘုရား၏နာမတော်ကိုချီးမွမ်းကြလိမ့်မည်” (ဆာလံ ၂၀း၇)ဟုဆိုနိုင်ခြင်းဖြစ်ပါသည်။

ဣသရေလ၏ဘုရင် ပလ္လင်တော်ပေါ်၌မထိုင်ရမီ ထိုအချိန်များတွင် ဘုရားသခင်၏တန်ခိုးတော်ကိုးစားခြင်းက ဒါဝိဒ်ကိုခွန်အားပေးလုံခြုံစေခဲ့ပါသည်။ ထိုသို့ စစ်ပြေးဒုက္ခသည်အနေဖြင့်ကြုံတွေ့ရသောပြဿနာနှင့် အန္တရာယ်ကြား၌ ဆုံးဖြတ်ချက်အမှန်ချမှတ်ခြင်းသည်လည်း ရှင်ဘုရင်အနေဖြင့် ဖိအားများကြား၌ နိုင်ငံ့အရေးအတွက် ဆုံးဖြတ်ချက်ချခြင်းတို့သည် အချင်းချင်း အရေးကြီးကြပါ၏။ ခက်ခဲသောအမှုနှင့်ကျွန်တော်တို့ ကြုံတွေ့ခြင်းငှါ ဘုရားသခင်ခွင့်ပြုတော်မူခြင်းသည် “ငြိမ်ဝပ်စွာ ရပ်နေကြ၊ ထာဝရဘုရားသည် ယနေ့ပြုတော်မူသောကယ်တင်ခြင်းကို ကြည့်ရှုကြလော့” (ထွက် ၁၄း၁၃)ဟူသော တရားကို သွန်သင်ခြင်းငှါဖြစ်ပါသည်။

ဒါဝိဒ်သည် ဘုရားသခင်၏ကြီးမြတ်သောဘုန်းတော်၌ ခိုလှုံကိုးစားခြင်းရှိ၏ (အငယ် ၄-၅)။ ဒါဝိဒ်ကြုံတွေ့ရသော ဤလောကီအခြေအနေသည် အလွန်ဆိုးရွားလှပါသည်။ သူ့ကိုအန္တရာယ်ပြုလိုသောရန်သူအပေါင်းက ဝန်းရံလျက်ရှိကြ၏။ ခြိမ်းခြောက်မှုကိုနေရာတကာမှခံရ၏။ သို့သော်လည်း ဘေးပတ်ဝန်းကျင်ကိုကြည့်၍ စိုးရိမ်ထိတ်လန့်မည့်အစား ဒါဝိဒ်သည်အထက်အရပ်ကိုကြည့်၍ ဘုရားသခင်၏ကြီးမြတ်သောဘုန်းတော်ကို ချီးမွမ်း၍ မျှော်လင့်ခြင်းရှိခဲ့ပါသည်။ ဆိုလိုသည်မှာ ဒါဝိဒ်၏ ယုံကြည်စိတ်ချမှုသည် ဘုရားသခင်၏ဘုန်းတော်တည်ရှိရာ အရပ်၌တည်၏။ ထိုဘုရားသခင်၏ဘုန်းတော်ကို အဘယ်တန်ခိုးကမျှ မဖြတ်နိုင်ပါ။ ဒါဝိဒ်သည်ဘုရားသခင်၏ရည်ရွယ်ချက်၌ မိမိကိုယ်ကို ဆက်ကပ်ခဲ့သောကြောင့် “ငါသည် ဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့။ လူမျိုးတို့တွင်ငါသည် ဘုန်းပွင့်မည်၊ မြေကြီးပေါ်မှာဘုန်းပွင့်မည်” (ဆာလံ ၄၆း၁၀)ဟူသောတရားကို အမှန်သိမှတ်သောကြောင့် “ငြိမ်ဝပ်လျက်” နေနိုင်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ခွန်အားနှင့်ဂုဏ်၌ ကျွန်တော်ကိုးစားမျှော်လင့်ခြင်းရှိပါသလား (သို့) ဘုရားသခင်၏ဘုန်းတန်ခိုးတော်၌လော။

**ဆုတောင်းချက်-** “အိုဘုရားသခင်၊ ကောင်းကင်မြင့်သည်ထက် ကိုယ်တော်ကြီးမြင့်တော်မူစေသတည်း” (ဆာလံ ၅၇း၅၊ ၁၁)။

# တည်ကြည်သောစိတ်နှလုံး (၄)

ဘုရားသခင်၏ဘုန်းတန်ခိုးတော်၌ ခိုလှုံကိုးစားခြင်းတရားက ဤဆာလံ၏ဒုတိယပိုင်းဖြစ်သော ဒါဝိဒ်၏ဘုရားသခင်ချီးမွမ်းခြင်းကို ဆက်စပ်ပေးခဲ့ပါသည်။ ဒါဝိဒ်၏တည်ကြည်သောစိတ်နှလုံးဖော်ပြချက်ကို အငယ် ၇ ထဲတွင်တွေ့ရသည်။ ထိုသို့ဘုရားသခင်၌တည်သော စိတ်နှလုံးနှင့် ဘုရားသခင်၌ ခိုလှုံကိုးစားခြင်းရှိသောစိတ်နှလုံးသည် " သီချင်းဆိုပါမည်၊ ချီးမွမ်းထောမနာပြုပါမည်" (အငယ် ၇)။

ထို့ကြောင့် ဒါဝိဒ်သည်ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်ဝတ်ပြုခြင်းငှါ စောစောနိုးထခဲ့ပါသည် (အငယ် ၈)။ ထထခြင်းပြုသောအရာနှင့် အတွေးတို့သည် ကျွန်တော်တို့၏တနေ့တာကို လွှမ်းမိုးတတ်သည်မဟုတ်လော။ သို့ဆိုလျှင် ဘယ်နှစ်ယောက်သည် မိမိ၏တစ်နေ့တာကို ဘုရားသခင်ချီးမြှောက်ခြင်းဖြင့် အစပြုကြပါသနည်း။

ထိုသို့သောဆက်ကပ်မှုမရှိပါလျှင် ကျွန်ုပ်တို့စိတ်ကူးအတွေးသည် ဘုရားသခင်ထံမှဝေးကွာ၍ ကြုံတွေ့ရသောအခက်အခဲမှ လဲကျတတ်ပါသည်။ ကျွန်တော်တို့၏တစ်နေ့တာကို လောကီအရာတို့ တွေးတောခြင်းဖြင့် အစပြုခဲ့လျှင် ထိုတစ်နေ့လုံးကောင်းကင်အထက်အရာကို မတွေးနိုင်အောင် ထိုလောကီတိမ်တိုက်က သင့်ကိုလွှမ်းမိုးပါလိမ့်မည်။ သို့သော်လည်း နံနက်တိုင်း ဘုရားသခင်၏ပလ္လင်တော်ရှေ့၌ ဒူးထောက်ချီးမွမ်းခြင်းဖြင့် စတင်ခဲ့ပါလျှင် ဘုရားသခင်သည်မိုးကောင်းကင်ထက် ကြီးမြင့်တော်မူ၏။ မြေကြီးတစ်ပြင်လုံးကို ဘုန်းတော်လွှမ်းမိုးပါစေသတည်း (အငယ် ၁၁) ဟု ချီးမွမ်းပါလျှင် ထာဝရနှင့်ဆိုင်သောကောင်းကြီးကို ကြုံမြည်းစမ်းရသည်ဖြစ်၍ ထိုအရာက ဤလောကီဒုက္ခဝေဒနာ၏ ခါးသက်မှုကိုပယ်ရှားပေးပါလိမ့်မည်။

ထို့ပြင် ထိုသို့ခက်ခဲသောအခြေအနေ၌ ဘုရားသခင်ကိုချီးမွမ်းခြင်းငှါ ကျွန်ုပ်တို့၏ဆက်ကပ်မှုသည် မိမိကိုယ်ကိုအတွက်သာမက သူတပါးအတွက်လည်း သက်သေခံရာရောက်၏။ ဒါဝိဒ်ကဲ့သို့ "ပရိသတ်အလယ်၌"ငင်း၊ "လူမျိုးတို့တွင်ငင်း" (အငယ် ၉)။ ဤသို့ချီးမွမ်းခြင်းဖြင့် ဘုရားသခင်အပေါ်တည်သောကျွန်ုပ်တို့၏ခိုလှုံကိုးစားခြင်းသည် လောကီလူတို့ထံ ထင်ရှားလျက်ရှိပါမည်။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်အားအစဉ်ချီးမွမ်းခြင်းငှါ ဆက်ကပ်တည်ကြည်သောစိတ်နှလုံးသည် ဘုရားသခင်၏ ဂရုဏာတော်နှင့် သစ္စာရှိတော်မူခြင်းကို အစဉ်ထင်ရှားစေသောအသက်တာပင်ဖြစ်စေ၏။

**ဆင်ခြင်ရန်** - "ထာဝရဘုရားကိုချီးမွမ်းကောင်းသည်ဖြစ်၍ ချီးမွမ်းကြလော့။ ငါတို့၏ဘုရားသခင်ကို ထောမနာပြုခြင်းငှါ သာယာလျောက်ပတ်သည်ဖြစ်၍ ထောမနာသီချင်းဆိုကြလော့"(ဆာလံ ၁၄၇း၁)။

**ဆုတောင်းချက်-** "အိုထာဝရဘုရား၊ ပရိသတ်အလယ်၌ ကိုယ်တော်ကိုချီးမွမ်းပါမည်" (ဆာလံ ၅၇း၉)။

တနင်္လာ၊ ဧပြီ (၂၆)

**ကောလော ၃း၁-၃**

ယောဟန် ၁၅း၁-၅

*“သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင် . . . ”*

## အထက်အရာတို့ကိုသာ စွဲလမ်းသောစိတ်နှလုံး (၁)

တမန်တော်ပေါလုသည် ကောလောသဲ အခန်းကြီး ၃ ကိုဝိညာဉ်တရားအမှန်ဖြင့် စတင်ခဲ့ပါသည်။ အငယ် ၁ ၌တွေ့ရသော “မှန်လျှင်” ဟူသောစကားလုံး၏ အဓိပ္ပာယ်သည် “ကတည်းက (သို့) ဖြစ်သောကြောင့်” ဟူ၍ဖြစ်ပါသည် (ကောလောသဲ ၂း၁၂ ကိုအခြေခံ၍ အနက်ဖွင့်ခြင်းဖြစ်ပါသည်)။ ခရစ်ယာန်တို့သည် အမှန်တကယ်ခရစ်တော်နှင့်အတူ ထမြောက်ခဲ့ကြပါသည်။ ထို့ကြောင့် ဝိညာဉ်တရားအမှန်တို့ကိုမလေ့လာမှီ၊ ခရစ်တော်နှင့်အတူ ထမြောက်ခြင်းကိုအရင်ကြည့်ကြပါစို့။

အတူတကွဟူသောအချက်ကို ရှေးဦးစွာစိတ်ထဲမှာထားကြပါစို့။ ခရစ်ယာန်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်သောသူများဖြစ်ကြ၏။ အကြောင်းမှာ ခရစ်ယာန်တို့သည် ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်ကြ၏။ ကျွန်တော်တို့သည် “ခရစ်တော်နှင့်အတူသေ၍” (ကောလော ၂း၂၀) ခရစ်တော်နှင့်အတူ “သင်္ဂြိုလ်ခြင်းကိုခံကြ” (ကောလော ၂း၁၂) သည် “ခရစ်တော်နှင့်အတူ ထမြောက်ကြသည်” (ကောလော ၃း၁)။ ခရစ်ယာန်အသက်တာသည် သခင်ယေရှုခရစ်တော် ကယ်တင်ရှင်နှင့်တလုံးတဝတည်းဆက်စပ်သောအသက်တာဖြစ်ပါသည်။ ဤတရားကို သခင်ယေရှုကိုယ်တိုင်က သာဓကအားဖြင့် စပျစ်ပင်အကိုင်း၏ဆက်စပ်မှုဖြင့် ဖော်ပြခဲ့ပါသည် (နှိုင်း ယောဟန် ၁၅း၁-၅)။

ဒုတိယအနေဖြင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၊ အောင်နိုင်ခြင်းနှင့် ပြုပြင်ခြင်း အကြောင်းကို လေ့လာကြပါစို့။ သခင်ယေရှုသည် သချိုင်းမှသေခြင်းကိုအောင်မြင်၍ ထမြောက်တော်မူခဲ့၏။ ဤအောင်နိုင်ခြင်းသည် ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်သော ခရစ်ယာန်အပေါင်းတို့နှင့် သက်ဆိုင်ပါ၏။ သခင်ယေရှုက သေခြင်းမှဘုန်းတန်ခိုးနှင့်ပြည့်စုံသောအသက်တာသို့ ချီးမြှောက်ခြင်းခံရ၏။ ဤပြောင်းလဲခြင်းသည် ခရစ်တော်၌တည်သော ခရစ်ယာန်အပေါင်း၏နေ့စဉ်အသက်တာ ဖြစ်ပါသည်။

ထို့ကြောင့် ပေါလုက ဤဝိညာဉ်တရားအမှန်ကိုအခြေခံ၍ ခရစ်ယာန်တို့ကို တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။ ခရစ်တော်နှင့်အတူ ထမြောက်ကြပြီဟူသော ဝိညာဉ်တရားကို နေ့စဉ်အသက်တာ၌ အသုံးပြုကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ဤအချက်နှစ်ချက်သည် အတူတကွ သွားကြရပါမည်။ “ခရစ်တော်နှင့်အတူထမြောက်သောသူ” သည် ဤလောက၌နေထိုင်စဉ် ထိုထမြောက်ခြင်း အသက်တာကို ပြသရပါမည်။ ပေါလုက ဆက်လက်၍ခရစ်ယာန်ကြိုးစားရှာဖွေရမည့်အရာနှင့် ဘာကြောင့်ရှာဖွေရမည်ကို ဖော်ပြခဲ့ပါသည်။ ချစ်သောစာဖတ်သူ၊ ဤဘဝ၌သင်ဘယ်အရာကို ရှာဖွေနေပါသနည်း။ သင်၏အသက်တာသည် အဘယ်အရပ်သို့ဦးတည်နေပါသနည်း။ ဝိညာဉ်တရားတည်းဖြစ်သော “ခရစ်တော်နှင့်အတူထမြောက်သောသူ”၏ အသက်တာနှင့် ကိုက်ညီမှုရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အသက်တာသည် ရှင်ပြန်ထမြောက်သောအသက်တာ၏ သက်သေ ဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏စိတ်သဘောထားမှန်ကန်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဧပြီ (၂၇)
**ကောလော ၃း၁-၃**
ကောလော ၃း၁၂-၁၇ *“အထက်အရာတို့ကို ရှာကြလော့”*

# အထက်အရာတို့ကိုသာ စွဲလမ်းသောစိတ်နှလုံး (၂)

ရှာဖွေရမည့်အရာ၊ ကျွန်တော်တို့သည် “အထက်အရာတို့ကို” (ကောလော ၃း၁) ရှာကြရမည်ဖြစ်ပါသည်။ “အထက်” ဟုဆိုရာတွင် “စကြဝဠာ” နှင့် မိုးကောင်းကင်ယံကို ပေါလုဆိုလိုခြင်းမဟုတ်ပါ။ ဝိညာဉ်သဘောနှင့်ဆိုင်သောအရာ “ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်” (အငယ် ၁) နှင့်ဆိုင်သောအရာကို ဆိုလိုခြင်းဖြစ်ပါသည်။

သို့ဆိုလျှင် ကျွန်တော်တို့ရှာရမည့်ထိုအရပ်ရှိအရာများကား အဘယ်နည်း။ ထိုအရာတို့သည်ကား ဘုရားသခင်ဝတ်ပြုခြင်း၊ ချီးမွမ်းခြင်းနှင့် အမှုဆောင်ရွက်ခြင်းများပင် ဖြစ်ပါသည်။ တမန်တော်ယောဟန်က “ဘုရားသခင်နှင့် သိုးသူငယ်၏ပလ္လင်တော်ရှိ၍ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုရာ” (ဗျာ ၂၂း၃) ကောင်းကင်မြို့နှင့် ထိုအရပ်၌တွေ့ရသော ဘုန်းတော်ချီးမွမ်းခြင်းရူပါရုံကို ဖော်ပြခဲ့ပါသည် (ဗျာ ၄)။ ထိုအရာတို့ကို ယခုဤကမ္ဘာမြေကြီး၌လည်း ကျွန်တော်တို့ကြိုတင်ခံစားပြုနိုင်ကြပါ၏ - ခရစ်ယာန်အသင်းတော်၌ အတူတကွဝတ်ပြုကိုးကွယ်ခြင်း၊ မိသားစုနှင့် တစ်ဦးချင်းဝတ်ပြုခြင်းနှင့် ခရစ်ယာန်အသက်တာ၌ ပျော်ရွှင်စွာ ဘုရား၏ဝတ်ကို ပြုခြင်းတို့ဖြစ်ပါသည်။ သို့သော်လည်း ဤအရာတို့ကို ဘယ်နှစ်ယောက်က “ကောင်းကင်ဘုံ” အရာကဲ့သို့ စစ်မှန်သောခံစားချက်ဖြင့် ပြုခဲ့ကြပါမည်နည်း။

ထို့ပြင် ထိုအထက်အရပ်၌ရှိသော မင်္ဂလာများလည်းရှိပါသည်။ အချို့ကို တမန်တော်ပေါလုက ဆက်လက်ဖော်ပြခဲ့ပါသည် (ကောလော ၃း၁၂-၁၇)။ ခရစ်ယာန်သနားကြင်နာခြင်း၊ ခရစ်ယာန်စိတ်နှိမ့်ချခြင်း၊ ခရစ်ယာန်သည်းခံနိုင်ခြင်းတို့ဖြစ်ပါသည်။ “စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာ” (အငယ် ၁၄) မှ ဤမင်္ဂလာများ စီးဆင်းခြင်းဖြစ်ပါသည်။ ဤကောင်းကင်အထက်အရာတို့ကို ဤကမ္ဘာလောက၌ ထင်ရှားပြသကြရပါမည်။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးအားဖြင့် “လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဍာန်နှင့်အညီ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူဆင်ဝတ်ဆောင်သောသူ” (အငယ် ၉-၁၀) သည် ထိုမင်္ဂလာတို့ကို ထင်ရှားပြသကြရပါမည်။ ကျွန်တော်တို့သည် ပယ်ချွတ်ခြင်းနှင့် ယူတင်ဝတ်ဆောင်ခြင်းကို ကြိုးစားလုပ်ဆောင်ကြရပါမည်။

ချစ်သောစာဖတ်သူ၊ “ထိုအထက်အရပ်၌ရှိသောအရာတို့ကို” ရှာဖွေခြင်းသည် ထိုက်တန်ခြင်းရှိသည်မဟုတ်လော။ ထိုသို့ရှာလျှင် တွေ့မြင်ရရှိကြမည်အကြောင်း သခင်ယေရှုက ကတိထားတော်မူ၏ (မဿဲ ၇း၇)။ ထို့ပြင် သခင်ယေရှုက ဤဘဝ၌လိုအပ်သော ဤလောကီအရာတို့ကို စွဲလမ်းခြင်းမရှိဘဲ “ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့” (မဿဲ ၆း၃၃) ဟု သတိပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - ကျွန်တော်ဘာကိုရှာနေပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နိုင်ငံတော်ကို ရှေးဦးစွာရှာမည်အကြောင်း အကျွန်ုပ်စိတ်နှလုံးကို လမ်းပြတော်မူပါ။

# အထက်အရာတို့ကိုသာ စွဲလမ်းသောစိတ်နှလုံး (၃)

မည်သို့ရှာဖွေရပါမည်နည်း၊ ရှေးဦးစွာ "အထက်အရာ" နှင့် "မြေကြီးပေါ်မှာရှိသောအရာ" ၏ ခြားနားမှုကို ကျွန်တော်တို့သတိထားကြရပါမည်။ ခရစ်ယာန်တို့သည် ဤအရာနှစ်ခုအကြား၌ နေထိုင်ကြသောသူ၊ ဤလောက၌နေကြသော်လည်း၊ ဤလောကနှင့်မဆိုင်သောသူဖြစ်သည်အတိုင်း၊ ဤအရာနှစ်ခုမှ တစ်ခုခုကိုနေ့စဉ်ရွေးချယ်ရပါမည်။ လူတဦးသည် မိမိ၏နေရပ်ဒေသထက် သွားရောက်လည်ပတ်၍ ဧည့်သည်အဖြစ် တည်းနေခဲ့သောဒေသကို ပိုချစ်နှစ်သက်လျှင် ပြဿနာမရှိသော်လည်း၊ ဝိညာဉ်ရေးရာအမှု၌မူ အလွန်အန္တရာယ်ကြီးမားလှပါသည်။

အမှန်မှာ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာအမှု၌ ဤကမ္ဘာတွင် "ခရီးသွားဧည့်သည့်များ" ဖြစ်ကြ၍၊ "ဝိညာဉ်နှင့်စစ်ပြိုင်တတ်သောကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်မည်အကြောင်း" (၁ ပေ ၂း၁၁) သတိပေးခဲ့ပါသည်။ အကြောင်းမှာ "လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏" (၁ ယော ၂း၁၆)။ သို့သော်လည်း ဤလောကီအရာတို့သည် လူဟောင်းအတွက် အလွန်ဆွဲအားကောင်းကြပါ၏။ ထို့ကြောင့် ခရစ်ယာန်တို့အား "လောကကိုငင်း၊ လောက၌ရှိသောအရာတို့ကိုငင်း၊ မချစ်ကြနှင့်" (၁ ယော ၂း၁၅)ဟု သတိပေးခြင်းဖြစ်ပါသည်။

ထို့ကြောင့် မြေကြီးပေါ်၌ရှိသောအရာတို့ကို စွဲလမ်းသောစိတ်ပယ်ရှားစဉ် (ကောလော ၃း၂)၊ ကျွန်တော်တို့သည် ထိုအထက်အရာတို့ကို စိတ်စွဲလမ်းခြင်းရှိခြင်း၌ ကြိုးစားအားထုတ်ဖို့လိုပါသည်။ ချစ်သောစာဖတ်သူ၊ အထက်အရာတို့သည် နှစ်သက်စရာ၊ ချစ်စရာကောင်းကြသည်မှန်သော်လည်း၊ ကျွန်တော်တို့သည် ထိုသို့မမြင်တတ်ကြကြောင်း သတိပြုကြရပါမည်။ ထိုအရာတို့သည် နှစ်သက်လိုချင်စရာကောင်းကြသော်လည်း ကျွန်တော်တို့သည် ထိုသို့မမြင်ကြပေ။ ကျွန်တော်တို့သည် စိတ်ကျေနပ်မှုကိုဖြစ်စေသော၊ မတည်မြဲသောအရာတို့ကို စွဲလမ်းတတ်ကြပြီး၊ ဤလောကီဘုရားကလည်း ထိုအရာဘက်သို့အစဉ်သွေးဆောင်တတ်၏။

ထို့ကြောင့် ခရီးသွားတဦးသည် မြေပုံနှင့်သံလိုက်အိမ်မြှောင်ကိုအသုံးပြု၍ လိုရာခရီးနှင်သကဲ့ ကျွန်တော်တို့သည်လည်း သမ္မာကျမ်းစာ၏လမ်းညွှန်ရာဘက်သို့ ကျွန်ုပ်တို့၏စိတ်နှလုံးကိုတည်စေပြီး ခရီးဆက်ကြရပါမည်။ ကျွန်ုပ်တို့၏စိတ်အလိုနောက်သို့ ကျွန်တော်တို့မလိုက်ရပါ။ ကျွန်ုပ်တို့၏စိတ်စွဲလမ်းမှုကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် တည့်မတ်စေပြီးနောက်တွင်၊ ထို"အထက်အရာ" တို့သည် အမှန်တကယ် စွဲလမ်းသင့်ကြောင်းနှင့် တန်ဖိုးရှိကြောင်းကို ကျွန်တော်တို့သိမြင်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏စိတ်စွဲလမ်းမှုကို မှန်ကန်စေခြင်း၌ ကျွန်တော်ကြိုးစားအားထုတ်ရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုကိုသာ အစဉ်မျှော်ကြည့်မည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

ကြာသပတေး၊ မေ (၂၉)
**ကောလော ၃း၁-၃**
ရောမ ၆း၁-၁၃

*"သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏"*

# အထက်အရာတို့ကိုသာ စွဲလမ်းသောစိတ်နှလုံး (၄)

အဘယ်ကြောင့် ရှာဖွေရမည်နည်း၊ ခရစ်ယာန်က "မြေကြီးပေါ်မှာရှိသောအရာ" မဟုတ်ဘဲ၊ "အထက်အရာတို့ကို" ရှာဖွေရခြင်းအကြောင်းရင်းအား ပေါလုဖော်ပြခဲ့ပါသည်။ အကြောင်းမှာ ကျွန်တော်တို့သည် သေ၍၊ ကျွန်ုပ်တို့အသက်တာသည် "ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏" (အငယ် ၃)။

ဤ"သေခြင်း"က ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်ခြင်းကို ပြန်၍သတိရစေပါသည်။ ပေါလုက ဤသို့ဆိုခဲ့ပါသည် - "ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်" (ရောမ ၆း၃)။ ထို့ကြောင့် ကျွန်တော်တို့သည် "အပြစ်တရား၏လက်မှလွတ်လျက်ရှိ" (ရောမ ၆း၇) သောကြောင့်၊ သခင်ယေရှုကို ယုံကြည်သောသူတို့သည် "ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်မည်" (ရောမ ၆း၁၁)။

ခန္ဓာကိုယ်အသက်ရှင်ခြင်းနှင့် ခန္ဓာကိုယ်သေခြင်းတို့ ခြားနားသကဲ့သို့ ပြောင်းလဲခြင်းဖြစ်ပွားခဲ့ပါသည်။ ဤလောကီအရာတို့ကို သေသောသူမနှစ်သက်တော့သကဲ့သို့၊ အပြစ်၏နှောင်ဖွဲ့ခြင်းသည် ခရစ်ယာန်အပေါ်၌ ခွန်အားမရှိဖြစ်ရပါမည်။ ခရစ်ယာန်၏အသက်တာသည် ယခုအောက်အရပ်၌မရှိတော့၊ အထက်အရပ်၌ရှိပြီဖြစ်၏။ စာတန်၏အုပ်စိုးခြင်း၌ မရှိတော့ဘဲ၊ "ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏"။

ချစ်သောစာဖတ်သူ၊ "မှောင်မိုက်တန်ခိုးမှ" ကယ်နှုတ်ခြင်းခံပြီး၊ "ချစ်တော်မူသောသားတော်၏ နိုင်ငံထဲသို့သွင်းတော်မူ" ခြင်းခံရခြင်း (ကောလော ၁း၁၃) ၏ ကျေးဇူးမင်္ဂလာကို သင်သိမြင်ပါသလား။ ကျွန်တော်တို့သည် ချုပ်နှောင်သောအရာဘက်၌ သေလူဖြစ်၍၊ လွတ်မြောက်စေသောအရာဘက်၌ အသက်ရှင်လျက်ရှိကြပါ၏။ ထာဝရသေခြင်းသို့ ပို့ဆောင်မည့်သေခြင်း တန်ခိုးတည်းဟူသော ရန်သူ၏ဘက်၌ သေလူဖြစ်ကြပါသည်။ "သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော မာရ်နတ်" ကို (ဟေဗြဲ ၂း၁၄) ဖျက်ဆီးတော်မူသောကယ်တင်ရှင်ဘက်၌ ကျွန်တော်တို့သည် အသက်ရှင်ခြင်းရှိ၍၊ ထာဝရအသက်ကို ပေးတော်မူ၏။ အို ခရစ်ယာန်၊ သမ္မာတရားဖြစ်တော်မူသော သခင်ယေရှုက ဤသို့မိန့်တော်မူသည်မဟုတ်လော - "အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏" (မဿဲ ၆း ၂၁)။ အသက်တာကို သင်တန်ဖိုးထားပါလျှင်၊ ခရစ်တော်ကို အဖိုးတန်လွန်းသောမိတ်ဆွေအဖြစ် ချစ်ခင်နှစ်သက်ပါလျှင်၊ ဘုရားသခင်သည် သင့်အသက်တာ၏ ဆာလောင်တောင့်တသော ပုဂ္ဂိုလ်ဖြစ်လျှင်၊ သင်၏အသက်တာသည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိပါလျှင်၊ သင့်စိတ်နှလုံး၊ အသက်တာ၏ စွဲလမ်းမှုသည် ထိုအရပ်၌ရှိပါလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စွဲလမ်းသောအရာသည် ခရစ်တော်၌မတည်လျှင်၊ အကျွန်ုပ်၌အသက်ရှင်ခြင်းမရှိပါ။

**ဆုတောင်းချက်-** ထာဝရဘုရား၊ အကျွန်ုပ်အား အသက်ရှင်ခြင်းပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**သုတ္တံ ၁၅း၁၃**

ဒေ ၂း၁-၃

*"ရွှင်လန်းသောစိတ်နှလုံးသည်
ချိုသောမျက်နှာကို ဖြစ်စေတတ်၏"*

# ရွှင်လန်းသောစိတ်နှလုံး (၁)

ပျော်ရွှင်ခြင်းသည် ဤကမ္ဘာလောက၌ အလွန်တန်ဖိုးရှိသောအရာဖြစ်ပါသည်။ "ဤကမ္ဘာ၌ အပျော်ရွှင်ဆုံးသောနိုင်ငံများ" စာရင်းကိုကောက်ယူ၍ သတင်းစာတို့တွင် ဖော်ပြတတ်ကြပါသည်။ ထိပ်ဆုံးစာရင်း၌ ပါဝင်သောသူတို့သည် ကျေနပ်ခြင်းရှိကြပြီး၊ အောက်ဆုံးဘက်၌စာရင်းဝင်သောသူတို့သည် မနာလိုဝန်တိုမှုရှိတတ်ကြ၏။ စိတ်ထိခိုက်ခြင်းသည် အလွန်ကြီးမားသောပြဿနာတစ်ခုဖြစ်ပါသည်။ မိမိကိုယ်ကိုသက်သေခြင်းစံနှုန်းသည် မြင့်တတ်လာ၍၊ ဆယ်ကျော်သတ်တို့အကြား၌ ပြစ်မှုကိုများစွာတွေ့ရ၏။

သမ္မာကျမ်းစာ၌လည်း စိတ်ပျော်ရွှင်ခြင်း၏တန်ဖိုးကို ဖော်ပြခဲ့ပါသည်။ "ရွှင်လန်းသောစိတ်နှလုံးသည် ချိုသောမျက်နှာကိုဖြစ်စေတတ်၏၊ ငြိုးငယ်ခြင်းအားဖြင့်၊ စိတ်ပျက်တတ်၏" (သုတ္တံ ၁၅း၁၃)။ ဟုတ်ပါ၏၊ ခရစ်ယာန်သည် ရွှင်လန်းသောစိတ်နှလုံးရှိရပါမည်။ သို့သော်လည်း၊ မည်သို့ရရှိနိုင်မည်နည်း။ သုတ္တံကျမ်းကိုရေးသားသောသူဖြင့် အစပြုကြပါစို့။ ဒေသနာကျမ်းကိုရေးသားသောသူသည် ရှောလမုန်မှန်ခဲ့လျှင် ယခုလောကီလူသားတို့ ရှာဖွေနေသောအရာများကို မိမိကိုယ်တိုင်မည်သို့ရှာဖွေနေခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

ရှောလမုန်သည် လောကီပျော်ရွှင်မှုကိုမြည်းစမ်းခဲ့ပါသည်၊ "တဖန် ငါသည် ကိုယ်စိတ်နှလုံးထဲမှာပြောသည်ကား လာပါ။ ရွှင်လန်းခြင်းအားဖြင့် သင့်ကိုငါစုံစမ်းမည်။ သို့ဖြစ်၍ ကာမဂုဏ်၌ပျော်မွေ့လော့ဟုဆိုရာတွင် ထိုအမှုအရာသည်လည်း အနတ္တာဖြစ်လေ၏"(ဒေသနာ ၂း၁)။ ထိုသို့ ကျွန်တော်တို့ဆိုပါသလား။ စီးပွားရေးလုပ်ငန်းအပေါင်းတို့သည် ဤပျော်ရွှင်မှုဟူသော အုတ်မြစ်၌အခြေခံ၍ တည်ဆောက်ကြ၏။ ဤကမ္ဘာလူသားအပေါင်းတို့၏စိတ်ကူးယဉ်အတွေးတို့၌ ဤပျော်ရွှင်ခြင်းတရားလွှမ်းမိုးခဲ့ပါသည်။ နေရာတိုင်း၌ ကြော်ငြာစာတမ်းများ စိုက်ထူခဲ့ကြပြီး လူသားတို့ထံသို့ ဤစကားကိုပါးကြ၏။ "ကာမဂုဏ်၌ပျော်မွေ့လော့" ဟု တိုက်တွန်းပါသည်။ ဤအမှု၌ ကြော်ငြာတို့ထက် အဆပေါင်းများစွာ သုံးဖြုန်းနိုင်သောသူတစ်ဦး၏စကားသံကို ကျွန်တော်တို့သတိပြုသင့်သည်မဟုတ်လော။ သူ၏နိဂုံးစကားကား အဘယ်နည်း။ "ထိုအမှုအရာသည်လည်း အနတ္တာဖြစ်လေ၏၊ ရယ်မောခြင်းကို သင်သည်အရူးဖြစ်၏ဟူ၍၎င်း၊ ရွှင်လန်းခြင်းကိုအဘယ့်ကြောင့် ဤသို့ပြုသနည်းဟူ၍၎င်း ငါဆိုရ၏" (ဒေ ၂း၁-၂)။

ချစ်သောစာဖတ်သူ၊ ဤလောကီအပျော်ကျူးခြင်း၌ အဘယ်အကျိုးမျှမရှိပါ။ ခဏတာ ပြုံးပျော်ခြင်းကို ပေးနိုင်သော်လည်း သင့်စိတ်နှလုံးထဲ၌ ကြာရှည်ခံသောစစ်မှန်သောပျော်ရွှင်မှု မပေးစွမ်းနိုင်ပါ။ အလွယ်တကူပျောက်ကွယ်တတ်သော ထိုအပျော်ကျူးခြင်း၌ ကျင်လည်သောသူတို့သည် ဆာလံဆရာ၏သမ္မာတရားအတိုင်း ကြုံတွေ့ခံစားကြရမည်ဖြစ်ပါသည် - "အခြားသောလမ်းသို့ လိုက်သေးသောသူတို့သည် များစွာသောဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်" (ဆာလံ ၁၆း၄)။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့သောသူသည် ဘုရားနှင့်ဤလောကီအမှု၌ အဘယ်ပျော်ရွှင်မှု ရှာဖွေတွေ့ရှိရမည်နည်း။

**ဆုတောင်းချက်-** "အထံတော်၌ စုံလင်သောဝမ်းမြောက်ခြင်းအခွင့်" (ဆာလံ ၁၆း၁၁) ရှိကြောင်းကို အကျွန်ုပ်အား သိမှတ်စေတော်မူပါ။

## ရွှင်လန်းသောစိတ်နှလုံး (၂)

ရှောလမုန်သည် လောကီအောင်မြင်မှုကို မြည်းစမ်းခဲ့ပါသည်။ "ကြီးကျယ်သော အလုပ်ကို စီရင်၍အိမ်တို့ကို ဆောက်၏။ စပျစ်ဥယျာဉ်တို့ကိုလည်း စိုက်၏။ ဥယျာဉ်အမျိုးမျိုးကို ပြုစု၍ ခပ်သိမ်းသော အသီးမျိုးကို သီးသောအပင်တို့ကိုလည်း စိုက်၏။ သစ်ပင်မျိုးနှင့် ပြည့်စုံသော တောကို ရေလောင်းစရာဘို့ ရေကန်တို့ကိုလည်းလုပ်၏" (ဒေ ၂း၄-၆)။ ထို့ပြင် "နန်းတော်ကို လေဗနုန်တောသစ်သားဖြင့်" (၃ရာ ၇း၂-၄) မည်သို့တည်ဆောက်သည် ကိုလည်း ဖော်ပြခဲ့ပါသည်။ အလွန်ခမ်းနားလှသည် ဖြစ်သောကြောင့် "ရှေဘမိဖုရားသည် . . . တည်ဆောက်သောအိမ်တော်ကို . . . မြင်သောအခါ မိန်းမောတွေဝေလျက်ရှိ" (၃ရာ ၁၀း၄-၅) ခဲ့၏။

ရှောလမုန်သည် လောကီစည်းစိမ်ကြွယ်ဝမှုကို မြည်းစမ်းခဲ့ပသည်။ "ငါ့အရင်၊ ယေရုရှလင်မြို့၌ဖြစ်ဘူးသော သူအပေါင်းတို့ထက် ငါသည် တိရစ္ဆာန်အကြီးအငယ်တို့နှင့် အလွန်ရတတ်၏။ ရွှေငွေကိုငင်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊ ကျေးရွာတို့၌ ခွဲသောအခွန်ကိုငင်း ငါဆည်းဖူး၏" (ဒေ ၂း၇-၈)။ သူသည် အချမ်းသာဆုံးလူတို့တွင် တဦးဖြစ်ပါသည်။ သို့သော်လည်း သူ၏ နိဂုံးစကားသည် အဘယ်နည်း ။ "သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။ " (ဒေ ၂း၁၁)။

ဤလမ်းကို ဘယ်နှစ်ယောက်က ယနေ့လိုက်လျှောက်ပါသနည်း။ လောကီချမ်းသာကြွယ်ဝမှုနှင့် အောင်မြင်မှုကိုဘယ်နှစ်ယောက်က ဘဝ၏စစ်မှန်သော အောင်မြင်မှုဟုသတ်မှတ်ကြပါသနည်း။ ထိုအရာတို့ကို လူသားရှာဖွေရမည့် အကြီးမားဆုံးသော ၊ တန်ဖိုးအကြီးမားဆုံးသော အရာဟု ဘယ်နှစ်ယောက်က သတ်မှတ်ထားပါသနည်း။ အတွေးအခေါ်ပညာရှင်တဦးက ဘာသာတရားသည် တိုးတက်မှုကို ဟန့်တားသော ဟူ၍ငင်း ၊ စစ်မှန်သောပျော်ရွှင်မှုကို လွတ်လပ်သောစီးပွါးရှာခြင်းအားဖြင့်သာ တွေ့နိုင်သည်ဟု မှတ်ယူပြီး၊ " ဘာသာရေးသည်. . . လူတို့အတွက် ဘိန်းကဲ့သို့ဖြစ်သည်" ဟု ဆိုခဲ့ဖူးပါသည်။ ဆန့်ကျင်ဘက်တရားသည် အမှန်တရားဖြစ်၏။ ရှောလမုန်ထက် ပို၍ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်က ဤသို့ဆိုခဲ့ပါသည် "လူသည်ဤစကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ် ရှုံးလျှင် အဘယ်အကျိုးရှိသနည်း။ " (မာကု ၈း၃၆)။

ချစ်သောစာဖတ်သူ၊ ဤသွေးဆောင်ခြင်း၏ လွှမ်းမိုးမှုကို သင်ခံခဲ့ပါသလား။ "နောက်ဆုံးသောနေ့ရက်ကာလအဘို့ ဘဏ္ဍာကိုဆည်းဖူးကြပြီးတကား" (ယာကုပ် ၅း၃)။ သင်ထိုသို့ဖြစ်နေပါသလား။

**ဆင်ခြင်ရန်** - "ယခု ဘဝမှာ မိမိအဘို့ကို ခံရ " (ဆာလံ ၁၇း၁၄) ပါလျှင်၊ ကျွန်တော်သည် စစ်မှန်သော ပျော်ရွှင်ခြင်းကို ဘယ်တော့မှရနိုင်မည် မဟုတ်ပါ။

**ဆုတောင်းချက်-** "အကျွန်ုပ်မူကား၊ ဖြောင့်မတ်၍မျက်နှာတော်ကို ဖူးမြင်ရပါလိမ့်မည်။ နိုးသောအခါ ပုံသဏ္ဌာန်တော်အားဖြင့် အကျွန်ုပ်အလို ပြည့်စုံရပါလိမ့်မည်။

တနင်္ဂနွေ ၊ မေ (၂)
**ယာကုပ် ၅း၁၃**
ဆာလံ ၃၀

*" ကိုယ်တော်သည် အကျွန်ုပ်ကို ဝမ်းမြောက်ခြင်းခါးပန်းနှင့် စည်းတော်မူ၏ "*

# ရွှင်လန်းသောစိတ်နှလုံး (၃)

ကျွန်တော်တို့ သိမြင်ခဲ့သည်အတိုင်း၊ ဤလောကီအရာတို့က စစ်မှန်သောပျော်ရွှင်မှုကို မပေးစွမ်းနိုင်ဖြစ်သောကြောင့်၊ ခရစ်ယာန်တို့သည် ထိုစစ်မှန်သော ပျော်ရွှင်မှုကို မည်သို့ရှာကြရပါမည်နည်း။

ရွှင်လန်းသောစိတ်နှလုံးသည် ချီးမွမ်းခြင်းနှင့်ပြည့်လျက်ရှိ၏။ ယာကုပ်က ကျွန်ုပ်တို့အား " သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင် ဆုတောင်းစေ။ ရွှင်လန်းသောသူ ရှိလျှင် ဆာလံသီချင်းကို ဆိုစေ" (ယာကုပ် ၅း၁၃)ဟု တိုက်တွန်းခဲ့ပါသည်။ ခရစ်ယာန်တို့သည် ဝိညာဉ်အရေးနှင့် ဆိုင်သောသူ ဖြစ်ကြသောကြောင့် ဘဝကို ဝိညာဉ်ရှုထောင့်မှကြည့်မြင်တတ်ရပါမည်။ ကယ်တင်ခြင်းမခံရမီ၊ ကျွန်တော်တို့သည် ဆင်းရဲဒုက္ခရောက်သောအခါ၊ ဆုတောင်းခြင်းကိုမပြု၊ မိတ်ဆွေသူငယ်ချင်း အကူညီရှာကြ၏၊ စိုးရိမ်ကြ၏၊ မြည်တမ်းကြ၏၊ ညီးတွားအော်ဟစ်တတ်ကြ၏။ သို့သော်လည်း ၊ ယခုမျက်စိဖွင့်၍ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းရှိသောအခါတွင် ၊ ဆင်းရဲဒုက္ခ ရောက်သောအခါ ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် ချဉ်းကပ်ကြ၏။ နောက်ဆုံး ခိုကိုးရာမဲ့အချိန်၌ မဟုတ်ဘဲ၊ ယုံကြည်ကိုးစားခြင်းအပြည့်နှင့် ပထမဆုံး၊ ချက်ချင်းဘုရားသခင်ထံ ချဉ်းကပ်တတ်ကြ၏။

ဤဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း၊ ချဉ်းကပ်ခြင်းတည်းဟူသော ဝိညာဉ်ရေးရာ အမှတ်တံဆိပ်ကို ဆင်းရဲဒုက္ခရောက်ချိန်၌ မဟုတ်ဘဲ ၊ ကြွယ်ဝအဆင်ပြေသောအချိန်၌ ထင်ရှား ပေါ်လွင်စေကြပါစို့။ ဘုရားသခင်၏ ကျေးဇူးတော်ကို အမှန်မြည်းစမ်းခဲ့ကြပါလျှင်၊ ခံစားရသော ကောင်းကျိုးတို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း၍ ဆာလံ သီချင်းဆိုလျက် ဘုရားသခင်၏ ဘုန်းတော်ကို ချီးမွမ်းကြရပါမည်။ ထိုသို့ ချီးမွမ်းခြင်းက စိတ်နှလုံးပျော်ရွှင်ခြင်းကို မြဲမြံစေပါ၏။ ကျွန်တော်တို့သည် ဘုရားသခင်ထံမှ ကျေးဇူးတော်များ၊ အပြစ်ခွင့်လွှတ်ခြင်းနှင့် ဂရုဏာတော်ကို သတိရအောက်မေ့လျှင် (ဆာလံ ၁၀၃း၁-၅) ၊ မည်သို့ ဝမ်းမြောက်ခြင်းမရှိဘဲ နေနိုင်မည်နည်း၊ မည်သို့ဝမ်းနည်းခြင်းရှိနိုင်ပါမည်နည်း။ ဤလောက၌ အဘယ်ဘဝ လှိုင်းတံပိုး ဘုံကြုံကြုံ ၊ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ အမှု၌ လုံခြုံစိတ်ချမှုရှိကြ၏။

ချစ်သောစာဖတ်သူ၊ ဘဝအတွက် လိုအပ်သောအရာ စိုးရိမ်ပူပန်ခြင်းက ကျွန်ုပ်တို့ကို ဘုရားသခင်ထံမှ မဝေးကွာစေဘဲ ၊ ဘုရားသခင်ထံ ကျွန်ုပ်တို့ကို ပို၍ နီးစေပါစေသော်။ ထိုနည်းတူ ဘဝ၌ အောင်မြင်မှု ရသောကြောင့်လည်း ဘုရားသခင်ကို မမေ့လျော့ရပါ ၊ ပို၍ ဘုရားသခင်ကို ချီးမွမ်းကြရပါမည်။ ထို့ကြောင့် ချီးမွမ်းခြင်း အကျင့် ကို ကျွန်တော်တို့ မွေးမြူကြပါစို့။ သို့မှသာ ဆာလံဆရာနှင့် အတူ " ထိုအခါ ကျွန်ုပ်ညည်းတွား မြည်းတမ်းခြင်းကို ကခုန်ခြင်း ဖြစ်စေတော်မူ၏။ အကျွန်ုပ်ဝတ်သောလျှော်တေအဝတ်ကို ချွတ်၍၊ ဝမ်းမြောက်ခြင်း ခါးပန်းနှင့်စည်းတော်မူ၏။ သို့ဖြစ်၍ အကျွန်ုပ်၏ ဝိညာဉ်သည် တိတ်ဆိတ်စွာမနေ။ ကိုယ်တော်ကို သီချင်းဆိုပါမည်။ အို အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ ကျေးဇူးတော်ကို အစဉ်အမြဲ ချီးမွမ်းပါမည်" (ဆာလံ ၃၀း၁၁-၁၂)ဟု ဆိုနိုင်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ရွှင်လန်းသောစိတ်နှလုံး"သည် ဘုရားသခင်ချီးမွမ်းခြင်းမရှိလျှင် ကြာရှည်မခံပါ။

**ဆုတောင်းချက်-** (ဆာလံ ၃၀း၁၂ ကိုအသုံးပြုပါ)။

စနေ၊ မေ (၃)

**၁ ပေ ၁း၃-၅**

၁ ကော ၁၅း၁၉-၂၆

*"ငါတို့သည် ခရစ်တော်ကို အမှီပြု၍ ယခုဘဝ၌သာ မြော်လင့် စရာရှိလျှင် . . . "*

# ရှင်လန်းသောစိတ်နှလုံး (၄)

ရှင်လန်းသောစိတ်နှလုံးသည် မျှော်လင့်ခြင်းနှင့် ပြည့်လျက်ရှိ၏။ လောကီလူသားတို့၏ စိတ်နှလုံးသည် ကျောက်ဆူးမပါသော သင်္ဘော၊ လှိုင်းမုန်တိုင်းဒဏ် ကြောင့် ဟိုယိုင်ဒီယိုင် ယိမ်းနေသော သင်္ဘောကဲ့သို့ ဖြစ်၍၊ ပျော်ရွှင်ခြင်းလည်း ကြာရှည်မခံပါ။ ခရစ်ယာန်သည် "မြဲမြံခိုင်ခံသော စိတ်နှလုံး၏ ကျောက်ဆူး" (ဟေဗြဲ ၆း၁၉) ရှိ၏။ လောကီလူတို့ မျှော်လင့်ခြင်းသည် ကွယ်ပျောက်တတ်၏။ ခရစ်ယာန်သည် " ကောင်းကင်ပြည် တည်းဟူသော သာ၍မြတ်သောပြည်" (ဟေဗြဲ ၁၁း၁၆) ကို တောင့်တမျှော်လင့် ကြ၏။

ဤမျှော်လင့်ခြင်း မရှိလျှင်၊ ကျွန်တော်တို့သည် ဤလောက၌ ကြုံတွေ့ရသော ဆင်းရဲဒုက္ခ အကြား၌ အကာအကွယ်မဲ့ကြပါလိမ့်မည်။ အဘယ်သူသည် အမှန်ကြုံတွေ့ရမည့် သေခြင်းကို ရင်ဆိုင်နိုင်မည်နည်း။ အဘယ်သူသည် မိမိ မိသားစုဝင် သေဆုံးမှု ဝေဒနာကို ခံစားနိုင်ပါမည်နည်း။ ကဗျာဆရာ တဦးက ဝမ်းနည်းစရာ မြင်ကွင်းကို ဤသို့ ရေးဖွဲ့ခဲ့ပါသည် -"သေမင်းလက်၏ ထိတွေ့ခြင်း ၊ ထိုအေးစက်လွန်းသောအသံ " ဟူ၍ သေခြင်းကို ဖွဲ့ဆိုခဲ့ပါသည်။ သို့သော်လည်း တမန်တော်က -"ညီအစ်ကို တို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ ၊ သင်တို့သည် ဝမ်းမနည်းမည် အကြောင်း ၊ အိပ်ပျော်သောသူတို့သော သူတို့၏ အမှုအရာကို မသိဘဲ နေစေခြင်းငှါ ငါတို့အလိုမရှိ" (၁ သက် ၄း၁၃) ဟု ဆိုခဲ့ပါသည်။ မှန်ပါ၏၊ ဤမျှော်လင့်ခြင်း မရှိသော ခရစ်ယာန်သည် "ခရစ်ယာန်" ဟု မခေါ်ထိုက်ပါ။ " ငါတို့သည် ခရစ်တော်ကို အမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာရှိလျှင် အခြားသောသူ အပေါင်းတို့ထက် သာ၍ ဆင်းရဲသောသူဖြစ်ကြ၏။

ချစ်သောစာဖတ်သူ၊ ဤမျှော်လင့်ခြင်း၏ မြဲမြံခိုင်ခံ့သော ကျောက်ဆူးကို သင်သိမြင်ပါသလား။ "အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သော မြော်လင့်ခြင်းအကြောင်း ရှိစေခြင်းငှါ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့် ကင်းစင်သော အမွေတော် ကို ငါတို့သည်ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသော အားဖြင့်၊ ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကို တဖန်ဖြစ်ဘွားစေတော်မူသော၊ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော် မူစေသတည်း။ ထိုအမွေတော်သည်ကား ၊ နောက်ဆုံးသော ကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ရောက်စေမည် အကြောင်း ၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက် ရှိသော အမွေတည်း" (၁ ပေ ၁း၃-၅)။ ခရစ်တော်သည် "သေခြင်းမှ ထမြောက် တော်မူ၍၊ အိပ်ပျော်သောသူတို့တွင် အဦးသီးသော အသီးဖြစ်တော်မူပြီ" (၁ ကော ၁၅း၂၀)။ ဤ မျှော်လင့်ခြင်းကြောင့် သာလျှင် ကျွန်တော်တို့သည် နောက်ဆုံးသော ရန်သူတည်းဟူသော၊ သေခြင်း (၁ ကော ၁၅း၂၆) ကို ဆန့်ကျင်၍ မြဲမြံစွာ ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရှင်လန်းသော စိတ်နှလုံး သင်ပိုင်ဆိုင်လိုလျှင် ၊ လှည့်စားတတ်သော ဤ လောကအရာတို့၌ မရှာဖွေပါနှင့်။ သခင်ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်တော် မူခြင်းကို မျှော်လင့်ခြင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဆင်ခြင်အောက်မေ့၍ ၊ သခင်ယေရှု တဖန်ကြွလာတော်မူမည့် အချိန်ကို မျှော်လင့်ခြင်း ရှိပါလော့။

**ဆင်ခြင်ရန်** - မျှော်လင့်ခြင်းရှိသော အရပ်၌ ရှင်လန်းခြင်းရှိ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ရှင်ပြန်ထမြောက်ခြင်းကို အောက်မေ့မျှော်လင့်ခြင်း ရှိမည် အကြောင်း မစတော်မူပါ။

**မဿဲ ၁၈း၂၁-၃၅**
၁ ယော ၁း၅-၁၀

*" သင်တို့သည် . . . စိတ်နှလုံးပါလျက်
အပြစ်မလွှတ်လျှင် . . . "*

## ခွင့်လွှတ်တတ်သောစိတ်နှလုံး (၁)

ခွင့်လွှတ်ခြင်းစိတ်သဘောကို လောကီလူတို့သည် သိပ်အလေး မထားကြပါ။ ဤခွင့်လွှတ်ခြင်းကို အားနည်းခြင်းလက္ခဏာ၊ စိတ်ပျော့ခြင်းဟု သတ်မှတ်ကြ၏။ ယနေ့ကမ္ဘာ၌ " တရားမျှတမှု" ကို အော်ဟစ် တောင်းဆိုကြသော်လည်း၊ လူအများစုသည် ခွင့်လွှတ်ခြင်းတရား၏ လှပမှုကို မသိမှတ်ကြပါ၊ လူတို့က လိုအပ်ကြောင်းကိုလည်း မသိကြပါ။

ခရစ်ယာန်အတွက်၊ ခွင့်လွှတ်ခြင်းသည် အဓိက ကျသောအရာ ဖြစ်ပါသည်။ ခရစ်ယာန်သတင်းကောင်း၏ဗဟိုချက်သည် သခင်ယေရှုခရစ်တော်၌ တည်သောခွင့်လွှတ်ခြင်း တရားပင်ဖြစ်ပါသည်။ နောင်တရသော အပြစ်သား၏ မျှော်လင့်ခြင်းနှင့် အစဉ်တည်သော ပျော်ရွှင်ခြင်းသည် ဤကျမ်းချက်၌ တည်လျက်ရှိပါသည် "အိုထာဝရဘုရား ၊ ကိုယ်တော်သည် ကောင်းသောသဘော၊ သည်းခံတတ်သော သဘောနှင့် ပြည့်စုံ၍ ၊ ကိုယ်တော်ကို ပဌနာပြုသောသူ အပေါင်းတို့အား ကရုဏာတော် ကြွယ်ဝပါ၏" (ဆာလံ ၈၆း၅) ။ သခင်ယေရှုခရစ်တော်၏ ကိုယ်စားအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကြောင့် -" ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့် ၎င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၎င်း ပြည့်စုံတော်မူ၏" (၁ ယော ၁း၉)။

ထို့ကြောင့် ဘုရားသခင်၏ အပြစ်လွှတ်ခြင်းကို တကြိမ်ယုံကြည်လက်ခံပြီးသောသူ အဖို့ စိတ်နှလုံးထဲ၌ ပျော်ရွှင်ခြင်းခံစားရမည် ဖြစ်ပါသည်။ ဇာတိသဘောသည် ကိုယ်ကျိုးကိုသာ ကြည့်၍ ကိုယ်ခံရသောအရာကို သာကြည့်တတ်၏။ ထို့ကြောင့် ပေတရုက " ညီအစ်ကိုသည် အကျွန်ုပ်ကို ပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ်ရပါအံ့နည်း " (မဿဲ ၁၈း၂၁) ဟု မေးခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်အပေါ် ကျွန်တော်တို့ ကျူးလွန်သော အပြစ်ကြီးမားမှု နှင့် ဘုရားသခင်၏ ကျွန်ုပ်တို့ အပြစ်ခွင့်လွှတ်ခြင်းအပေါင်းကို သိမှတ်နား လည်ခဲ့လျှင်၊ သူတို့က ကျွန်တော်တို့ အပေါ် ပြစ်မှားသော အမှားသည် အလွန်သေးငယ်ကြောင်း သိမြင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် သခင်ယေရှုက အကြွေးတင်သောသူ ခွင့်လွှတ်ခြင်း သာဓက ကို မိန့်တော်မူခြင်းဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်သည် ထိုကဲ့သို့ ဖြစ်၏ (အငယ် ၂၃)၊ ဘုရင်တကာတို့၏ ဘုရင်၏ အမှုတော်ကို ထမ်းရွက်သောသူတို့သည် ပြန်၍ မပေးဆပ်နိုင်သော အကြွေး (ငွေအခွက်တသိန်း အငယ်၂၄) ရှိသောသူ၊ အပြစ်စီရင်ခြင်း ခံရမည့်သူဖြစ်သော်လည်း၊ အပြစ်လွှတ်ခြင်းခံရသောသူ ဖြစ်ကြပါသည် (အငယ် ၂၇)။ ထို့ကြောင့် ဘုရားသခင်၏ လူတို့၌ ချစ်ခြင်းမေတ္တာမဲ့သော၊ ခွင့်မလွှတ်နိုင်ခြင်း စိတ်သဘောရှိခဲ့ပါလျှင် အလွန်မတွေးဝံ့စရာ ဖြစ်သည်မဟုတ်လော။ ခွင့်လွှတ်ခြင်းစိတ်သဘောမရှိသော ကျန်သော သခင်ယေရှု၏ ခွင့်လွှတ်ခြင်းကို မိမိ ကိုယ်တိုင်အမှန် မခံစားခဲ့ရကြောင်း ထင်ရှားသည် မဟုတ်လော။

**ဆင်ခြင်ရန်** - "ငါသည် သင့်ကို သနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကို မသနားအပ်သလော" (မဿဲ ၁၈း၃၃)။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော် ခွင့်လွှတ်ခံရသကဲ့သို့ ၊ ခွင့်လွှတ်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ မေ (၅)
**လုကာ ၁၇း၃-၄**
ဂလာတိ ၆း၁-၅

*"သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ကိုဆုံးမလော့"*

# ခွင့်လွှတ်တတ်သောစိတ်နှလုံး (၂)

ခွင့်လွှတ်တတ်သောစိတ်နှလုံးကား အဘယ်နည်း၊ မည်သို့ထိုသို့သောစိတ်နှလုံးကို ကျွန်တော်တို့မွေးမြူရပါမည်နည်း၊ အဘယ်အကျိုးကို ကျွန်တော်တို့မျှော်လင့်ရပါမည်နည်းဟူသော အချက်တည်းဟူသော ခွင့်လွှတ်တတ်သောစိတ်နှလုံး၏ လက္ခဏာများ၊ ကျွန်ုပ်တို့၌ကြီးထွားလာခြင်းနှင့် အသက်တာ၌ ခံစားရသောရလဒ်များအကြောင်းကို လေ့လာကြပါစို့။

လက္ခဏာများ၊ ရှေးဦးစွာ ခွင့်လွှတ်တတ်သောစိတ်နှလုံးသည် အပြစ်ကိုမသိ၊ လုံးဝအလေးမထားခြင်းမဟုတ်ကြောင်း၊ ကျွန်တော်တို့သိမှတ်ကြရပါမည်။ သခင်ယေရှုက မိမိတပည့်တော်တို့အား "သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ကိုဆုံးမလော့။ သူသည် နောင်တရလျှင်သူ၏ အပြစ်ကိုလွှတ်လော့" (လုကာ ၁၇း၃) ဟုမိန့်တော်မူခဲ့၏။ ဤမိန့်တော်မူချက်၏ ပထမပိုင်းက ခွင့်လွှတ်ခြင်း၏စိတ်သဘောကို ဖော်ပြခဲ့ပါသည်။

အချို့သောသူသည် "ခွင့်လွှတ်ခြင်း" ဆိုသည်မှာ အမှားကိုလျစ်လျူရှုခြင်း၊ အမှားကျူးလွန်သောသူကို ဘာမှမပြောခြင်းဟု ထင်ကြ၏။ ထိုသူတို့အတွက် ဆုံးမခြင်းသည်အပြစ်ဖြစ်၍၊ ဆုံးမခြင်းကို ပြုသောသူအား ခွင့်လွှတ်တတ်သောစိတ်နှလုံး မရှိသောသူဟုသတ်မှတ်တတ်ကြ၏။ သို့သော်လည်း သခင်ယေရှု၏မိန့်တော်မူချက်ကို သတိပြုပါလော့။ "သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် လျစ်လျူရှုလော့" ဟုမဆိုခဲ့ပါ။ ယခုကျွန်တော်တို့ဖော်ပြနေသောသူသည် မယုံကြည်သူ၊ အပြစ်၏ ဆိုးယုတ်မှုကိုကောင်းကောင်းနားမလည်သောသူ၊ သူ့ထံသတင်းကောင်းဟောပြောဖို့ လိုသောသူမဟုတ်ပါ။ "ညီအစ်ကို" က ကျူးလွန်သောအပြစ်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ချစ်သောစာဖတ်သူ၊ အပြစ်ကိုကျွန်တော်တို့လျစ်လျူမရှုသင့်ပါ။ အထူးသဖြင့် ခရစ်ယာန်အသက်တာ၌ အပြစ်ကိုသေးငယ်သောအရာဟု မထင်မှတ်ရပါ။ ခွင့်လွှတ်တတ်သောစိတ်နှလုံးသည် ညီအစ်ကိုအားဘုရားသခင်နှင့်လူ၏ခွင့်လွှတ်ခြင်းကို ခံရမည်အကြောင်း နောင်တရခြင်းငှါ ဆုံးမတတ်၏။

သို့သော်လည်း ကျွန်တော်တို့သည် သတိထားကြရပါမည်။ သမ္မာကျမ်းစာထဲ၌တွေ့ရသောသတိပေးခြင်းနှင့် တိုက်တွန်းနိုးဆော်ခြင်းတို့ကိုလည်း သတိထားလိုက်လျှောက်ကြရပါမည်။ ညီအစ်ကို၏ပြစ်မှားမှုကို ကျွန်တော်တို့သိမြင်သကဲ့သို့ မိမိကိုယ်ကိုလည်းသတိထားကြရပါမည်။ "ကိုယ့်မျက်စိ၌တံကျင်ကိုမအောက်မေ့ဘဲ ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ်ကြောင့် ကြည့်ရှုသနည်း"(မဿဲ ၇း၃)။ ထို့ပြင် တမန်တော်ပေါလုက ဤသို့ သတိပေးခဲ့ပါသည်-"ညီအစ်ကိုတို့၊ လူသည် သတိလစ်၍ တစုံတခုသောဒုစရိုက်ကိုပြုမိလျှင် ဝိညာဉ်ဆုကျေးဇူးကိုခံရသော သင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျှက် သိမ်မွေ့နူးညံ့သောသဘောနှင့် ထိုသို့သောသူကိုမစ၍ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့" (ဂလာတိ ၆း၁)။

**ဆင်ခြင်ရန်** - ခွင့်လွှတ်ခြင်းသည် အပြစ်ကိုလျစ်လျူရှုခြင်းမဟုတ်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ခွင့်လွှတ်ခြင်းသဘောကို သိနားလည်ခြင်းငှါ အကျွန်ုပ်ကိုဉာဏ်ပညာပေးသနားတော်မူပါ။

ကြာသပတေး၊ မေ (၆)

**လုကာ ၁၇း၃-၄**

ယာကုပ် ၅း၉

*"သူသည် နောင်တရလျှင်သူ၏ အပြစ်ကို လွှတ်လော့"*

# ခွင့်လွှတ်တတ်သောစိတ်နှလုံး (၃)

လက္ခဏာများ (အဆက်)။ ဒုတိယအချက်မှာ ခွင့်လွှတ်သောစိတ်နှလုံးသည် အပြစ်၌ကျင်လည်သောအရာမဟုတ်ပါ။ သခင်ယေရှုက အပြစ်ကျူးလွန်သောညီအစ်ကိုကို ဆုံးမခြင်းငှါ မိန့်တော်မူသော်လည်း ဆက်လက်၍ "သူသည် နောင်တရမည်။ သူ၏အပြစ်ကိုလွှတ်လော့" (လုကာ ၁၇း၃) ဟု ချက်ချင်းမိန့်တော်မူ၏။

ဤအချက်၌ လူတစ်ချို့သည် ပြဿနာတတ်ကြပါ၏။ ခွင့်လွှတ်ခြင်းသည် နောင်တရခြင်း၌ အခြေခံသောအရာလော့။ တစ်နည်းဆိုရလျှင် ညီအစ်ကို၏နောင်တရခြင်းကို စစ်မှန်သည်ဟု ကျွန်တော်မသိရမချင်း ခွင့်လွှတ်ခြင်းမရှိဘဲနေရမည်လော့။

ဤအချက်၌ သခင်ယေရှု၏သွန်သင်ချက်က အဖြေပေးခဲ့ပါသည် - "တနေ့ခြင်းတွင် ခုနှစ်ကြိမ်မြောက်အောင် သင့်ကိုပြစ်မှား၍ ခုနစ်ကြိမ်မြောက်အောင် သင့်ထံသို့လှည့်၍ နောင်တရပါ၏ဟုဆိုလျှင် သူ၏အပြစ်ကိုလွှတ်လော့ဟု မိန့်တော်မူ၏" (အငယ် ၄)။ လူတစ်ဦးသည် တနေ့တည်း၌ ခုနစ်ကြိမ်အပြစ်ကျူးလွန်၍ ကျူးလွန်ပြီးတိုင်း နောင်တရပြီး ပြန်ကျူးလွန်နေပါလျှင် သူ၏နောင်တရခြင်းသည် စစ်မှန်ခြင်းရှိမရှိကို လူတိုင်းသံသယဝင်ကြပါမည်။ သို့သော်လည်း မိန့်တော်မူချက်ကား ရှင်းလင်းလှပါ၏ "သူ၏အပြစ်ကို ခွင့်လွှတ်ပါ" ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် နောင်တရခြင်း မည်သို့ရှိသည်ကိုမစဉ်းစားဘဲ ကျွန်တော်တို့ပြုရမည်မှာ ခွင့်လွှတ်တတ်သောစိတ်နှလုံးဖြင့် ခွင့်လွှတ်ရန်ဖြစ်ပါသည်။ ထို့ကြောင့် "သူအမှန်တကယ် နောင်တမရပါဘူး" ဟုဆိုလျက် ခွင့်လွှတ်ခြင်းမပြုဘဲမနေပါနှင့်။

ကျွန်တော်တို့သည် သူတပါး၏နောင်တရမှု စစ်မှန်သည်မစစ်မှန်သည်ကို မစစ်ကြောဘဲ မိမိ၏စိတ်နှလုံးကိုသာ စစ်ကြောရပါမည်။ ကျွန်တော်တို့သည် လှည့်ဖြားတတ်သောလူ၏စိတ်နှလုံးကို သိမြင်တော်မူသော ဘုရားသခင်မဟုတ်ကြပါ။ ထိုနည်းတူ အရာရာတိုင်း၌ ဆုံးဖြတ်စီရင်ပိုင်တော်မူသော ဘုရားသခင်မဖြစ်ကြသောကြောင့် သူတပါးအပေါ် စီရင်ခြင်းမပြုသင့်ပါ။ သို့သော်လည်း အလွန်ကြီးမားသောအပြစ်ကျူးလွန်မှုတို့ကို ဘာမှမဖြစ်သလို လျစ်လျူရှုရန် တိုက်တွန်းခြင်းမဟုတ်ပါ။ ထိုသို့သောအချိန်၌ ပြန်လည်ပြုပြင်ခြင်းငှါ ယုံကြည်မှုပြန်ရခြင်းငှါ အချိန်လိုအပ်တတ်ပါသည်။ ခွင့်လွှတ်တတ်သောစိတ်နှလုံးသည် အပြစ်ကိုစာရင်းပြုစု၍ကြာလေ ခွင့်လွှတ်ဖို့ခက်လေဟူသော စိတ်သဘောမဟုတ်ပါ။ အချိန်တိုင်း ခွင့်လွှတ်ပယ်ပျက်လိုသော စိတ်သဘောရှိမှသာ တစ်နေ့တည်း၌ပင် ခုနစ်ကြိမ်တိုင်တိုင် "ညီအစ်ကို၊ သင့်ကိုကျွန်တော်ခွင့်လွှတ်ပါတယ်" ဟုဆိုနိုင်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်အပေါ် ကျွန်တော်ပြစ်မှားသောအပြစ်များကို ဘုရားသခင်ခွင့်လွှတ်ပေးတော်မူသည်ဖြစ်သောကြောင့် ကျွန်ုပ်အပေါ် အမှားကျူးလွန်သော သူတပါး၏အပြစ်ကို ကျွန်တော်ဘယ်သို့ပြုသင့်ပါသနည်း။

**ဆုတောင်းချက်-** အို အဖဘုရား၊ ခွင့်လွှတ်တတ်သောစိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

သောကြာ၊ မေ (၇)
**လုကာ ၁၇း၅-၁၀**
၁ ကော ၉း၁၆-၁၇

*"ငါတို့သည် သခင်၌ကျေးဇူးပြုသော အစေအပါးဖြစ်သည်မဟုတ်"*

# ခွင့်လွှတ်တတ်သောစိတ်နှလုံး (၄)

ကြီးထွားခြင်း၊ ဘုရားသခင်တောင်းဆိုသော ခွင့်လွှတ်ခြင်းစံနှုန်းသည် အလွန်ကြီးမြတ်ကြောင်းတွေ့ရပါသည်။ ဤနည်းအတိုင်း ခွင့်လွှတ်ခြင်းကိုကျင့်သုံးရမည်မှာ လူတိုင်းအတွက်လွယ်ကူသောအရာမဟုတ်ပါ။ ဤခက်ခဲမှုကိုယေရှု၏တပည့်တော်တို့က သိကြသဖြင့် "အကျွန်ုပ်တို့ယုံကြည်ခြင်းစိတ်ကို တိုးပွားစေတော်မူပါ" (လုကာ ၁၇း၅) ဟု တောင်းလျှောက်ကြ၏။

ဤခက်ခဲသောအမှုကို မည်သို့ချဉ်းကပ်၍အောင်နိုင်ရမည်အကြောင်း နားလည်ခြင်းငှါ သခင်ယေရှု၏တုံ့ပြန်မှုကို လေ့လာကြပါစို့။ ယေရှုက ခွင့်လွှတ်ခြင်းသည် "ယုံကြည်ခြင်းအမှု" နှင့် မသက်ဆိုင်ကြောင်း ချက်ချင်းရှင်းပြခဲ့ပါသည်။ တနည်းဆိုသော် "ခွင့်လွှတ်ခြင်းငှါ အကျွန်ုပ်၌လုံလောက်သောယုံကြည်ခြင်းမရှိ" ဟု ဆင်ခြင်ပေး၍မရပါ။ ကျွန်တော်တို့လိုအပ်သောအရာကား "မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်း" သာဖြစ်၍၊ သို့ဆိုလျှင် မဖြစ်နိုင်ဟု ထင်ရသောအရာပင်လျှင် အမှန်ဖြစ်ပါလိမ့်မည်- "ထိုသဖန်းပင်ကို အချင်းအပင်၊ သင်သည်အမြစ်နှင့်တကွ နှုတ်၍ ပင်လယ်၌စိုက်လျက်နေလော့ဟု ဆိုကြသော်လည်း သင်တို့စကားကိုနားထောင်လိမ့်မည်" (အငယ် ၆)။ တစ်နည်းဆိုသော် ခွင့်မလွှတ်ခြင်းသည် နာခံမှုမရှိခြင်းဟု သတ်မှတ်၍ရပါသည်။ အနည်းငယ်သော စစ်မှန်သောယုံကြည်ခြင်းသည် ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစားခြင်းဖြင့် ဘုရားသခင်နှုတ်ကပတ်တော်ကို စွဲကိုင်နာခံစေတတ်၏။

ဆိုလိုရင်းသဘောကို ပုံသာဓကဖြင့်ဖော်ပြခဲ့ပါသည် (အငယ် ၇-၉)။ အစေခံကျွန်သည် လယ်ပြင်၌ ပင်ပန်းစွာအလုပ်လုပ်ခဲ့သော်လည်း မောပန်းစွာနှင့်ဆာလောင်စွာ သခင့်၏အိမ်သို့ ပြန်လာခဲ့သော်လည်း အိမ်၌မိမိ၏တာဝန်ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သခင်စားသောက်ပြီးသည်အထိ ပြုစုပြီးမှသာ သူကိုယ်တိုင်လည်း စားရမည်ဖြစ်ပါသည်။ ခက်ခဲသည်ဖြစ်စေ၊ သူထိုသို့ပြုရပါမည်။ ဤသည်ကား အစေခံကျွန်၏တာဝန်ဖြစ်ပါသည်။ ဘုရားသခင်၏အစေခံဖြစ်ကြသော ကျွန်တော်တို့သည်လည်း ထိုသို့ပြုကြရပါမည်။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့သည် ဘုရားသခင်၏တောင်းဆိုမှု ခက်ခဲလွန်းသည်၊ သူ၏စံနှုန်းမြင့်မားလွန်းသည်ဟု မငြီးတွားရပါ။ တစ်ဖက်တွင် တစုံတခုလိုက်နာဆောင်ရွက်နိုင်သောအခါ ဝါကြွားခြင်းမရှိသင့်ပါ။ အကြောင်းမှာ ထိုသို့ဆောင်ရွက်လိုက်နာနိုင်ခြင်းငှါ မစတော်မူသောသူသည် ဘုရားသခင်သာလျှင်ဖြစ်ပါသည်။ ထိုသို့ခိုင်းသမျှသော အမှုတို့ကို ကျွန်တော်တို့ဆောင်ရွက်ပြီးစီးသောအခါ ဤသို့ဆိုရပါမည် - "ငါတို့သည် သခင်၌ကျေးဇူးပြုသောအစေအပါးဖြစ်သည်မဟုတ်၊ ဝတ်ပြင်ရုံမျှသာရှိသည်ဟု ဝန်ခံကြလော့" (အငယ် ၁၀)။

**ဆင်ခြင်ရန်** - ခွင့်လွှတ်ခြင်းအမှုသည် ခက်ခဲသောအမှုဖြစ်သော်လည်း ကျွန်ုပ်ပြုရမည့်တာဝန်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏တာဝန်ဝတ္တရားကိုထမ်းရွက်နိုင်ခြင်းငှါ မစတော်မူပါ။

**လုကာ ၇း၃၆-၅၀**
၁ တိ ၁း၁၂-၁၅

*“အနည်းငယ်သောအပြစ်လွှတ်သောသူသည်*
*အနည်းငယ်မျှသာ ချစ်တတ်သည်”*

# ခွင့်လွှတ်တတ်သောစိတ်နှလုံး (၅)

ကြီးထွားခြင်း (အဆက်)၊ အမှန်မှာ၊ ခွင့်လွှတ်ခြင်းကို ဝန်ထုပ်ဝန်ပိုးကဲ့သို့ ကျွန်တော်တို့ မထင်သင့်ပါ။ ပျော်ရွှင်စွာပြုရမည့်တာဝန်ဖြစ်ပါသည်။ အကြောင်းမှာ ဤခွင့်လွှတ်ခြင်းသည် သတင်းကောင်း၌တွေ့ရသော ဘုရားသခင်၏ခွင့်လွှတ်ခြင်းတရား၌ အခြေခံထားခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် ခွင့်လွှတ်ခြင်းစိတ်နှလုံးကို ဘုရားသခင်၏အပြစ်ခွင့်လွှတ်ခြင်းတရား၌ မွေးမြူကြီးထွားစေကြရပါမည်။

လုကာက ဖာရိရှဲရှိမုန်၏အိမ်၌ သခင်ယေရှုအစာကို သုံးဆောင်ရန်ဖိတ်ခေါ်ခြင်းခံရစဉ် အဖြစ်အပျက်ကိုဖော်ပြခဲ့ပါသည်။ ထိုအိမ်၌ ယေရှုကိုမိန်းမတဦးက လာတွေ့ခဲ့ပါသည်။ ထိုမိန်းမသည် “ခြေတော်အနီးမှာ ရပ်လျက်ငိုကြွေးလျက် ခြေတော်ပေါ်သို့မျက်ရည်ကျလျှင် မိမိဆံပင်နှင့် သုတ်လေ၏။ ခြေတော်ကိုလည်း နမ်း၍ဆီမွှေးနှင့်လိမ်းလျက်နေလေ၏” (လုကာ ၇း၃၈)။ ထိုမိန်းမသည် ယေရှုကိုထိကိုင်ပြီး သူကိုယ်တိုင်သည် ဆိုးသောသူဖြစ်သောကြောင့် (အငယ် ၃၉)၊ ထိုဖာရိရှဲသည် ထိုအမှုကိုမလိုအပ်သောအရာဟု သတ်မှတ်ကဲ့ရဲ့ခဲ့ပါသည်။

သို့သော်လည်း ယေရှုက ရှိမုန်ကိုနူးညံ့စွာဆုံးမတော်မူခဲ့၏။ ဖာရိရှဲ၏လက်ခံပြုစုခြင်းနှင့် ဤဆိုးသောမိန်းမ၏ပြုမူမှုကို နှိုင်းယှဉ်လျက် (အငယ် ၄၄-၄၆)၊ ချစ်ခြင်းမေတ္တာနှင့်အပြစ်လွှတ်ခြင်း၏ဆက်နွယ်မှုကို ဖော်ပြခဲ့ပါသည် (အငယ် ၄၇)။ ချစ်သောစာဖတ်သူ၊ မိမိကိုယ်ကို ဖြောင့်မတ်မှန်ကန်သည်ဟုထင်လျက် ဝါကြွားခြင်းရှိသောသူ ရှိတတ်ကြ၏။ မိမိကိုယ်ကိုအပြစ်သားဟု ဝန်ခံ၍ များစွာသောအပြစ်လွှတ်ခြင်းခံရသောသူတို့လည်း ရှိကြပါသည်။ Newton ၏သီချင်းစာသားကို ကိုးကားလျက်၊ “မိမိ၏ဆိုးယုတ်သောအခြေအနေ” ကိုဝန်မခံလျှင် “အံ့ဖွယ်ကျေးဇူး” ကိုလည်း သင်အလေးထားတတ်မည်မဟုတ်ပါ။

“အနည်းငယ်” သာ ခွင့်လွှတ်ခံရသောကြောင့် “အနည်းငယ်” သာ ပြန်၍ခွင့်လွှတ်မည်ဟု မဆိုလိုပါ (အငယ် ၄၇)။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် ဤမိန်းမကဲ့သို့ လုံးဝဆိုးသွမ်း၍ ဒုစရိုက်အပြစ်၌သေလူဖြစ်ကြပါ၏။ သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့သည် များစွာခွင့်လွှတ်ခြင်းခံရပြီးဖြစ်ပါသည်။ ထို့ကြောင့် သူတပါးအပြစ်ကိုခွင့်လွှတ်နိုင်ခြင်းငှါ ကျွန်တော်တို့သည် မိမိတို့၏အပြစ်ဆိုးသွမ်းမှုနှင့် ဘုရားသခင်၏အပြစ်လွှတ်ခြင်းကျေးဇူးတော်ကို ဆင်ခြင်အောက်မေ့ကြရပါမည်။ ထိုသို့သောအတွေးအားဖြင့် ဘုရားသခင်ကိုချစ်ပြီး ဝတ်ပြုကိုးကွယ်လျက် အမှုတော်ကိုဝမ်းမြောက်စွာ ဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - များစွာသောခွင့်လွှတ်ခြင်းကို ကျွန်တော်ခံရပြီးပြီလား။
**ဆုတောင်းချက်-** “အကျွန်ုပ်၌ကောင်းသောအမှုရှိသောကြောင့် ရွေးချယ်ခံရသည်မဟုတ်ပါ၊ အမျက်တော်ရှောင်ပြေးခြင်းငှါ နှိုးထစေခြင်းခံရ၏။ ကိုယ်တော်ချစ်ခြင်းမေတ္တာထင်ရှားစေခြင်းဖြင့် အကြွေးကိုပေးဆပ်မည်အကြောင်း သွန်သင်တော်မူပါ” (M'Cheyne)။

တနင်္ဂနွေ၊ မေ (၉)
**ဖေက် ၄း၁၇-၃၂**
ရောမ ၁၂း၁၇-၂၁

*"ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏ အပြစ်ကိုလွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့"*

# ခွင့်လွှတ်တတ်သောစိတ်နှလုံး (၆)

အကျိုးရလဒ်များ၊ ခွင့်လွှတ်တတ်သောစိတ်နှလုံးမှ ပေါ်ထွက်လာသောမင်္ဂလာအကျိုးများကို ဆင်ခြင်ခြင်းဖြင့် ဆက်လက်ခွန်အားယူကြပါစို့။ ရှေးဦးစွာ ခွင့်လွှတ်ခြင်းစိတ်သဘောသည် သတင်းကောင်းအားဖြင့် ပြောင်းလဲခြင်းအသက်တာပိုင်ဆိုင်ခြင်းသက်သေဖြစ်ပါသည်။

ဥပမာအားဖြင့် တမန်တော်ပေါလုသည် ဧဖက်မြို့ယုံကြည်သူတို့အား "တပါးအမျိုးသားတို့သည် လျှပ်ပေါ်သောစိတ်နှင့်ကျင့်သည်နည်းတူ. . . မကျင့်မည်အကြောင်း" နှင့် "လှည့်ဖြားတတ်သော လောဘစိတ်တို့ဖြင့် ပုပ်ပျက်သောလူဟောင်းကို ချွတ်ပယ်၍" "စိတ်နှလုံးသဘောသစ်ကို ရပြီးလျှင် မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း" (ဧဖက် ၄း၁၇-၂၄) တိုက်တွန်းခဲ့ပါသည်။ ထို့နောက် ထိုအသစ်သောအသက်တာ၏လက္ခဏာဖြစ်သော "အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း. . . အချင်းချင်းအပြစ်လွှတ်ခြင်း" ရှိခြင်းငှါ တိုက်တွန်းခဲ့ပါသည် (အငယ် ၃၂)။ ထိုသို့ ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို အောက်မေ့ခြင်းသည် သတင်းကောင်းဝေငှခြင်းအဖို့ ပို၍အကျိုးရှိစေပါလိမ့်မည်။ ခွင့်လွှတ်ခြင်းစိတ်သဘောမရှိခြင်းက လူတို့ကိုခရစ်တော်ထံမလာခြင်းငှါ ဆီးတားတတ်၏။

ထို့ကြောင့် ခွင့်လွှတ်ခြင်းသဘောသည် ကလဲ့စားချေခြင်းထက် ပို၍အကျိုးသက်ရောက်မှုကြီးမား၏။ ပေါလုကဤသို့ဆိုခဲ့ပါသည် - "ချစ်သူတို့၊ သူတပါးသည် သင်တို့ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်၍ မတုန့်ကြနှင့်။ အမျက်တော်ကိုအခွင့်ပေးကြလော့"၊ "အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့်အဆိုးကိုနိုင်လော့" (ရောမ ၁၂း၁၉၊ ၂၁)။ အဆိုးကိုလက်တုန့်ပြန်ပါလျှင်၊ ဖြစ်လာမည့်အရာကား ရန်သူဖျက်ဆီးခြင်းသာဖြစ်ပါသည်။ သို့သော်လည်း ခွင့်လွှတ်ခြင်းစိတ်သဘောနှင့်ဆိုလျှင် ဆာလောင်သောရန်သူသည် ကျေနပ်ခြင်းခံရ၍ အမုန်းတရားကိုပြန်ဆင်ခြင်လျက် မပျက်ဆီးဘဲ အောင်နိုင်ခြင်းရနိုင်ပါသည်။ ဤသို့ဖြင့် အဆိုးကိုအကောင်းဖြင့် နိုင်ရ၏။

ထို့ပြင် ခွင့်လွှတ်ခြင်းသည် ခိုင်ခံ့သောမိသားဟာယဖွဲ့ခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ ဇနီးမောင်နှံနှင့် မိသားစု၌လည်း ခွင့်လွှတ်ခြင်းမရှိလျှင် ကြာရှည်မခံနိုင်ပါ။ ချစ်သောစာဖတ်သူ၊ မိမိကိုသစ္စာဖောက်သောအစ်ကိုတို့ကို ခွင့်လွှတ်သောယောသပ်ကို ဆင်ခြင်ကြည့်ပါလော့ (နှိုင်း - ကမ္ဘာ ၅၀း၁၅-၂၁)။ ခွင့်မလွှတ်ဘဲ၊ လက်တုန့်ပြန်ခဲ့ပါလျှင် သူတို့မိသားစုမည်သို့ဖြစ်ခဲ့ပါမည်နည်း။ ထို့ပြင် "ယုဒအမျိုးခြသေ့" သည် မည်သို့ဖြစ်ခဲ့ပါလိမ့်မည်နည်း (ဗျာ ၅း၅)။

**ဆင်ခြင်ရန်** - ငြိမ်သက်စွာ ကျွန်တော်နေထိုင်လိုပါလျှင် ခွင့်လွှတ်တတ်ဖို့လိုပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ "အမျက်တော်ကိုအခွင့်ပေး" ခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္လာ၊ မေ (၁၀)
**ဆာလံ ၈၆**
ဆာလံ ၂၅

*"နာမတော်ကို ကြောက်ရွံ့မည်အကြောင်း အကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော်မူပါ။"*

---

# တလုံးတဝတည်းရှိသောစိတ်နှလုံး (၁)

ဆာလံ ၈၆ သည် ဘုရားသခင်၏မစတော်မူခြင်းကို ကြီးစားတောင်းလျှောက်သော ဒါဝိဒ်၏ဆုတောင်းခြင်းဖြစ်ပါသည်။ သူသည် အလွန်ခက်ခဲသောဆန့်ကျင်မှုကို ကြုံတွေ့ခဲ့ရ၏ -"အို ဘုရားသခင်၊ မာနကြီးသောသူတို့သည် အကျွန်ုပ်တစ်ဖက်၌ထကြ၍ ကြမ်းတမ်းသောလူအစုအဝေးတို့သည် ကိုယ်တော်ကို မျက်မှောက်မပြုဘဲ အကျွန်ုပ်အသက်ကိုရှာကြပါ၏" (ဆာလံ ၈၆း၁၄)။ သို့သော်လည်း သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိ၏ (အငယ် ၂)။ ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ဂရုဏာတော်ကိုကိုးစား၍ ဘုရားသခင်၏အနန္တတန်ခိုးတော်ကို သိမှတ်လျက် "အို ထာဝရဘုရား၊ ဘုရားတို့တွင် ကိုယ်တော်နှင့်တူသောဘုရားမရှိပါ။ အမှုတော်နှင့်တူသောအမှုလည်း မရှိပါ" (အငယ် ၈) ဟုဆိုခဲ့ပါသည်။

သို့သော်လည်း ဒါဝိဒ်သည် ယခုကြုံတွေ့နေသောခြိမ်းခြောက်မှုမှ ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို အထူးတောင်းလျှောက်ခဲ့ပါသည်။ "ဘုရားတို့တွင်" ထာဝရဘုရားသည် လုံးဝထူးခြားတော်မူသည်ဖြစ်သောကြောင့် ဒါဝိဒ်သည် "အို ထာဝရဘုရား ကိုယ်တော်၏လမ်းကို အကျွန်ုပ်အား ပြည့်သွန်တော်မူပါ။ ကိုယ်တော်၏သမ္မာတရားလမ်းသို့ လိုက်သွားပါမည်။ နာမတော်ကိုကြောက်ရွံ့မည်အကြောင်း အကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော်မူပါ" (အငယ် ၁၁) ဟုဆုတောင်းခဲ့ပါသည်။

ခရစ်ယာန်အတွက် မှတ်သားစရာသော့ချက်တွေ့ရပါသည်။ စစ်မှန်၍အသက်ရှင်တော်မူသောဘုရားသခင် တစ်ဆူတည်းရှိတော်မူကြောင်း သိမှတ်ခြင်းသည် စစ်မှန်သောအသက်ရှင်ခြင်းလမ်းတစ်လမ်းတည်းရှိကြောင်း ဆိုလိုပါ၏။ ဘုရားသခင်တစ်ဆူတည်းရှိသည်ဖြစ်သောကြောင့် ကိုးကွယ်ဝတ်ပြုကြောက်ရွံ့ရိုသေ၍ နာခံရမည့်သူသည် ထိုဘုရားသခင်သာလျှင်ဖြစ်တော်မူ၏။ ထို့ကြောင့် ဒါဝိဒ်သည် မိမိယခုကြုံတွေ့ရသောအခက်အခဲနှင့် သူ၏ဘဝတစ်ခုလုံး၌ ဘုရားသခင်၏လမ်းတည်းဟူသော သမ္မာတရားကိုသာ သိလို၍လိုက်လျှောက်လိုခဲ့ပါသည်။ သူ၏စိတ်နှလုံးကို နှစ်ခွမဖြစ်စေလိုပါ၊ သူ၏သစ္စာရှိမှုကို မခွဲခြမ်းလိုပါ။ ထို့ကြောင့် ဘာတွေဝေခြင်း၊ နှောင့်ယှက်ခြင်းမရှိဘဲ ထိုထာဝရဘုရားကိုသာ ကိုးစားရှာဖွေ၍ နောက်တော်လိုက်ခြင်းငှါ တလုံးတဝတည်းသောစိတ်နှလုံးကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ဤအရာက သူသည် "ကိုယ်တော်ကိုမျက်မှောက်မပြု" သော၊ သူ၏ရန်သူတို့နှင့် ခြားနားသောသူ၊ ဘုရားသခင်၏သစ္စာရှိသောအစေခံကျွန်ဖြစ်ကြောင်း ထင်ရှားစေပါသည် (အငယ် ၁၄)။

ချစ်သောစာဖတ်သူ၊ ဒါဝိဒ်ကို အတုယူကြပါစို့၊ စိတ်အားငယ်သောအခါ ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို တောင်းလျှောက်ကြပါစို့။ သို့သော်လည်း ကယ်နှုတ်ခြင်းခံရပြီးမှ မိမိအလိုအတိုင်း ဘဝကိုဆက်လျှောက်ရန်မဟုတ်ဘဲ ဘုရားသခင်၏သမ္မာတရား၌ ကျင်လည်ခြင်းငှါ တလုံးတဝတည်းသောစိတ်နှလုံးဖြင့် မိမိကိုယ်ကိုဆက်ကပ်ကြပါစို့။ သို့မှသာ ယုံကြည်မှုအပြည့်ဖြင့် "အကျွန်ုပ်ကို မျက်နှာပြု၍ ကယ်မသနားတော်မူပါ။ ကိုယ်တော်၏ကျွန်အား တန်ခိုးတော်ကိုပေး၍ ကိုယ်တော်၏ကျွန်မသားကို ကယ်တင်တော်မူပါ" (အငယ် ၁၆) ဟု ဆုတောင်းနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နှစ်ခွဖြစ်နေသောစိတ်နှလုံးသည် ဘုရားသခင်၏စိတ်တော်ကို မကျေနပ်စေနိုင်ပါ။
**ဆုတောင်းချက်-** "အို ထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အားပြည့်သွန်တော်မူပါ။ ကိုယ်တော်၏သမ္မာတရားလမ်းသို့ လိုက်သွားပါမည်။ နာမတော်ကို ကြောက်ရွံ့မည်အကြောင်း အကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော်မူပါ"(ဆာလံ ၈၆း၁၁)။

အင်္ဂါ၊ မေ (၁၁)
**တရား ၆း၄-၅**
၃ ရာ ၁၈း၁၇-၄၀

*"ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကိုဆည်းကပ်ကြလော့"*

# တလုံးတဝတည်းရှိသောစိတ်နှလုံး (၂)

စိတ်နှလုံးတလုံးတဝတည်းရှိခြင်းလိုအပ်မှုကို သခင်ယေရှုကိုယ်တိုင်ကဤသို့ မိန့်တော်မူခဲ့၏- "အဘယ်သူမျှ သခင်နှစ်ဦးအစေခံကိုမနိုင်။ သခင်တစ်ဦးကို မုန်း၍ တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကိုမှီခို၍ တစ်ဦးကိုမခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေခံကိုငင်း၊ လောကီစည်းစိမ်၏အစေခံကိုငင်း မခံနိုင်ကြ။" ( မဿဲ ၆း ၂၄)။ ဣသရေလလူတို့အားစိတ်နှခွရှိသောသူဟု ပရောဖက်ဟောရှေမိန့်တော်မူခြင်းသည် အကြောင်းရှိ၏။ ဘုရားသခင်ရွေးနှုတ်တော်မူသော လူမျိုးတို့သည် များစွာသောယဇ်ပလ္လင်နှင့် တိုင်းတပါးတို့၏ရုပ်တုဆင်းတုဘက်သို့ လမ်းလွဲခြင်းသည် အကြောင်းရှိပါသည်(ဟောရှေ ၁၀း၁- ၂)။

ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည် " အိုဣသရေလအမျိုးနားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသောထာဝရဘုရားဖြစ်တော်မူ၏" (တရား ၆း၄) ဟူသော ဖော်ပြချက်နှင့်လုံးဝဆန့်ကျင်လျက်ရှိပါသည်။ ဘုရားသခင်တဆူတည်းရှိခြင်းသည် အသက်ရှင်ခြင်းတလမ်းတည်း၊ ဝတ်ပြုကိုးကွယ်ရမည့်ပုဂ္ဂိုလ်တပါးတည်းရှိကြောင်းကိုဆိုလို၍၊ ဘုရားများစွာရှိခြင်းသည် အသက်ရှင်ခြင်းများစွာရှိ၍၊ ဘဝဒ္ဒိမိမိဆန္ဒရှိသည်အတိုင်း နေထိုင်၍ရသည်ဟုဆိုလိုပါသည်။ ထိုသို့သောလူ့ဘဝနေထိုင်မှုကို ဘုရားများစွာကိုးကွယ်သော ရှေးခေတ်၌ မြင်တွေ့ရပါသည်။ စစ်တိုက်ခြင်းကိုလိုလားသောသူတို့သည် စစ်တိုက်ခြင်းဘုရားကိုကိုးကွယ်၍သူတို့၏မကောင်းမှုပြုခြင်းကို ထိုဘုရားကြောင့်ဟု ဆင်ခြေပေးကြ၏။ ဇာတိအလိုကို လိုက်လျှောက်လိုသောသူတို့သည် ဇာတိသဘောနှင့်ဆိုင်သောဘုရားကို ကိုးကွယ်ကြပြီး၊ သူတို့၏ကာမဂုဏ်လွန်ကျူးခြင်းကို ထိုဘုရားကြောင့်ဟုဆင်ခြေပေးတတ်ကြ၏။ အပျော်ကျူးလိုသောသူတို့သည် အပျော်ကျူးခြင်းဘုရားကိုကိုးကွယ်၍ သူတို့ပြုသောအမှုကို ထိုဘုရားကြောင့်ဟုဆင်ခြင်ပေးကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် လုံးဝမှန်ကန်ခြင်းရှိ၏။ သခင်နှစ်ပါးသာလျှင်ရှိပါသည်။ တပါးသည်အစစ်အမှန်ဖြစ်၍၊ ကျန်တပါးသည်အမှားဖြစ်ပါသည်။ တပါးသည်ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော၊ အနန္တတန်ခိုးရှင် ထာဝရဘုရားဖြစ်တော်မူ၍၊ ကျန်တဦးသည်" ဤလောကကိုအစိုးရသောဘုရား" (၂ကော ၄း၄)၊ "ရှေးမြွေဟောင်း" (ဗျာ ၁၂း၉၊ ၂၀း၂)၊ မုသာ၏အဘ (ယောဟန် ၈း၄၄) ပင်ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ " အရာခပ်သိမ်းဝင်ဆံ့သော" ယနေ့ခေတ်၌၊ ကျွန်တော်တို့သည်အသက်ရှင်၍ စစ်မှန်သောဘုရားသခင်၏ "သီးခြားနေခြင်း" နှင့်ဆိုင်သောတရားကို သိမှတ်ကြရပါမည်။ " ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏" ဟုမိန့်တော်မူပြီးနောက် - " သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့" (တရား ၆း၄-၅)ဟု ပညတ်ပေးခဲ့ပါသည်။ ထို့နောက်ရာစုနှစ်များစွာ ကြာလာပြီး၊ သူတို့၏ဆက်ကပ်မှုအားနည်းလာသောအခါ ဤသို့ဆုံးမခြင်းခံရကြ၏- "သင်တို့သည် ဘာသာနှစ်ပါးစပ်ကြားမှာအဘယ်မျှကာလပတ်လုံး ယုံမှားသောစိတ်နှင့်နေကြလိမ့်မည်နည်း။ ထာဝရဘုရားသည် ဘုရားသခင်မှန်လျှင် ထိုဘုရားကိုဆည်းကပ်ကြလော့" (၃ ရာ ၁၈း၂၁)။

**ဆင်ခြင်ရန်** - ကျွန်တော်အပါအဝင်၊ " အဘယ်သူမျှသခင်နှစ်ပါး၏ အစေကိုမခံနိုင်ကြ"။
**ဆုတောင်းချက်-** "အိုထာဝရဘုရား၊ အကျွန်ုပ်ကိုစစ်ကြော၍ အကျွန်ုပ်နှလုံးကိုသိမှတ်တော်မူပါ" (ဆာလံ ၁၃၉း၂၃)။

*"ထိုသို့အလို့ငှါ သင်တို့ကိုခေါ်တော်မူပြီ၊
ခရစ်တော်သည်
ငါတို့အတွက်ခံတော်မူသည်ဖြစ်၍. . . "*

# ဘုရားသခင်ကိုရှိသေခြင်းရှိသော စိတ်နှလုံး (၁)

တမန်တော်ပေတရုသည် ရှင်ပေတရုဩဝါဒပဌမစောင်ထဲတွင် ခရစ်ယာန်သက်သေခံခြင်းနှင့် ခရစ်ယာန်ဆက်ကပ်ခြင်းအကြောင်းကိုဖော်ပြခဲ့ပါသည်။ ပေတရုသည် " အထူးထူးအပြားပြားသော စုံစမ်းနှောက်ယှက်ခြင်းခံရသောကြောင့် ဝမ်းနည်းနေသော၊" အထူးသဖြင့်ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောယုံကြည်သူတို့ထံ ဤစာစောင်ကိုရေးသားခဲ့ပါသည် (ပေ ၁း၆)။ ထိုသို့သောအခြေအနေ၌သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်းငှါတိုက်တွန်း၍ (၁း၁၃-၂၂)၊ " အသက်ရှင်၍အစဉ်အမြဲတည်တော်မူသောဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်ဖြစ်ဘွားသော" သူဖြစ်ကြောင်းသတိရအောက်မေ့စေလျက် "သန့်ရှင်းသောလူမျိုး. . . ဘုရားသခင်၏အပေါင်းအသင်းဖြစ်ကြ၏ ကရုဏာကျေးဇူးတော်ကိုအထက်ကမခံရသော်လည်း ယခုတွင်ခံရကြ" သည်ဖြစ်၍၊ "ဓမ္မတိုက်. . . ယဇ်ပုရောဟိတ်အမျိုးလည်းဖြစ်" ပြီး ဝိညာဉ်ရေးရာ၌ကြီးထွားခြင်းရှိကြမည် ဖြစ်ပါသည်( ၁း၂၃-၂း၁၀)။

ထို့ပြင်တမန်တော်သည် " သာသနာပလူတို့" အစား၌(အငယ် ၁၂) သူတို့မည်သို့ကျင့်ကြံနေထိုင်ကြရမည်ကို တိုက်တွန်းနိုးဆော်ခဲ့ပါသည်။ ထိုတရားသည်ဤလောကီလူတို့ အကြား၌ အခက်အခဲကြုံနေသော ခရစ်ယာန်များအတွက်အလွန်အရေးကြီးလှပါသည်- "သခင်ဘုရား၏ မျက်နှာတော်ကိုထောက်လျက်. . . လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့" (အငယ် ၁၃-၁၅)။ ဆိုလိုသည်မှာ ခရစ်ယာန်သည် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောအခါ၊ "မတရားသော ညှဉ်းဆဲခြင်း" (အငယ် ၁၉) ကိုခံရလျှင်ပင်၊ ခရစ်ယာန်ကဲ့သို့နေထိုင်ကျင့်ကြံကြရပါမည်။ တမန်တော်က ထိုသို့ကျင့်ကြံနေထိုင်ခြင်းကို "ဘုရားသခင်သည် ထိုသို့သောအလိုတော်ရှိ၏" (အငယ် ၁၅)၊ "ကျေးဇူးရှိ၏" (အငယ် ၁၉)ဟူ၍၎င်း၊ "ဘုရားသခင့်ရှေ့တော်၌ ကျေးဇူးရှိ၏" (အငယ် ၂၀) ဟု ဆိုခဲ့ပါသည်။

ဤတရားသည် လူ့ဇာတိသဘောနှင့် လုံးဝဆန့်ကျင်သောအမှုဖြစ်သော်လည်း၊ ယုံကြည်သူသည် သခင်ယေရှုခရစ်တော်ထားခဲ့သော သာဓကကိုကြည့်မြင်လျှင်၊ ထိုသို့ကျင့်နိုင်မည်ဖြစ်ပါသည်။ ခရစ်ယာန်တို့သည် ဤတရားကိုကျင့်ခြင်းငှါ၊ မတရားခံရလျှင်လည်း သည်းခံခြင်းငှါ တိုက်တွန်းခံရကြ၏။ အကြောင်းမှာ "ခရစ်တော်သည် ငါတို့အတွက်ခံတော်မူသည်ဖြစ်၍၊ ခြေတော်ရာကို လျှောက်လိုက်စေခြင်းငှါ ပုံသက်သေကိုထားတော်မူပြီ" (အငယ် ၂၁)။ တနည်းဆိုလျှင်၊ ညှဉ်းပန်းနှိပ်စက်ခြင်း ဒုက္ခဝေဒနာသည် ကျွန်ုပ်တို့အား ဤလောက၌ ခရစ်တော်၏အကျင့်ကို ကျွန်တော်တို့ပြသခြင်းငှါ အခွင့်ထူးဖြစ်ပါသည်။

ဤစိတ်သဘောသည် ပုံမှန်မဟုတ်သော သဘောထားဟုထင်ရပါသည်။ ထိုသို့သော တန်ဖိုးကြီးသည့်သက်သေမျိုးပြဖို့မလိုလျှင် ကျွန်တော်တို့ပိုနှစ်သက်ကြပါလိမ့်မည်။ သို့သော်လည်း၊ ကျွန်ုပ်တို့၏အလိုအတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်သာလျှင် အဆုံးစွန်အာဏာရှိတော်မူ၏။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခဝေဒနာက အကျွန်ုပ်စိတ်နှလုံးသဘောအမှန်ကို ဖော်ထုတ်တတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အခက်အခဲဒုက္ခကြား၌လည်း ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်မည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

ကြာသပတေး၊ မေ (၁၃)

၁ ပေ ၃း၁-၁၇

တမန် ၁၆း၁၆-၃၄

*"မေးမြန်းသောသူရှိသမျှတို့အား . . .*
*ပြန်ပြောခြင်းငှါ . . "*

## ဘုရားသခင်ကိုရှိသေခြင်းရှိသောစိတ်နှလုံး (၂)

ခရစ်ယာန်မိသားစု၌ ရှိရမည့်နာခံဆက်ကပ်ခြင်းအကြောင်း (၁ ပေ ၃း၁-၇)ဖော်ပြပြီးမှ၊ တမန်တော်ပေတရုသည် "ဖြောင့်မတ်ခြင်းတရားကြောင့်" (အငယ် ၁၄) ခံရသောဆင်းရဲဒုက္ခနှင့် ထိုဆင်းရဲဒုက္ခကြောင့် ဖြစ်ပေါ်လာသော သက်သေခံခြင်းအခွင့်ကိုဖော်ပြပါသည်။ မတရားမှုနှင့် ဆင်းရဲဒုက္ခကို သည်းခံခြင်းအမှု၌ ခရစ်တော်၏သာဓကကို အတုယူလျက်၊ ခရစ်ယာန်တို့သည် ဤလောကီလူတို့ထံသို့ ကယ်တင်ခြင်းသတင်းကောင်းမျှော်လင့်ချက်ကို ဖော်ပြကြရပါမည် (အငယ် ၁၅)။ ဤမျှော်လင့်ခြင်းအကြောင်း မေးမြန်းသောသူတို့အား ရှင်းပြအဖြေပေးခြင်းငှါ ကျွန်တော်တို့သည် "ကာလအစဉ်မပြတ်အသင့်ရှိနေကြ" ရပါမည်။

<u>အဖြေပေးရန် လိုအပ်ရခြင်းအကြောင်း</u>။ အဘယ့်ကြောင့် ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့က အဖြေပေးဖို့လိုပါသည်။ ဤအဖြေအတွက် မေးခွန်းတခုအရင်ဖြေဖို့လိုပါသည်။ အဘယ့်ကြောင့် ခရစ်ယာန်ကျွန်တော်တို့ကို အဖြေပေးရန် မေးမြန်းကြပါသနည်း။ အကြောင်းမှာ၊ သင်တို့၌ တစုံတခု ရှိကြောင်း သိမြင်ကြသောကြောင့်ဖြစ်ပါသည် - "သင်တို့မြော်လင့်ခြင်း" ဟု ဖော်ပြခဲ့ပါသည်။ မတရားခံရခြင်းအမှု၌ သည်းခံမှုရှိခြင်းသည် ဤလောကီလူသားတို့ မပိုင်ဆိုင်သောအရာ၊ ကျွန်တော်တို့ပိုင်ဆိုင်သော မြော်လင့်ခြင်း၏သက်သေဖြစ်ပါသည်။

ဤတရားကို ပေါလုနှင့်သိလတို့ ဖိလ္လိပိထောင်မှူးနှင့် အပြန်အလှန်စကားပြောခြင်းအမှု၌ တွေ့ရပါသည် (တမန် ၁၆း၁၆-၃၄)။ လျှင်ကြောင့် ထောင်တံခါးတို့သည်ပွင့်၍၊ ထောင်သားတို့ကို ခြည်ထားသောသံကြိုးတို့သည် ပြုတ်ကျသောအခါ၊ ထောင်မှူးသည် မိမိကိုယ်ကိုအဆုံးစီရင်ဖို့ ကြိုးစားခဲ့ပါသည် (အငယ် ၂၇)။ အကျဉ်းသားတို့သည် ထွက်ပြေးကြပြီဟုထင်၍၊ ပြစ်မှုခံရမည်ဟု မှတ်ယူသဖြင့် မျှော်လင့်ခြင်းမဲ့ခဲ့ပါသည်။ သို့သော်လည်း ပေါလုနှင့်သိလ၌ သူအခုလိုအပ်နေသော မျှော်လင့်ခြင်းကိုတွေ့ခဲ့ပါသည်။ သူတို့သည် ဒေါသမထွက်၊ ကြောက်ရွံ့ခြင်းမရှိဘဲ၊ ထောင်ထဲ၌ သီချင်းဆိုနေကြ၏။ ထောင်တံခါးဖွင့်သည့်တိုင် ထွက်ပြေးဖို့မကြိုးစားခဲ့ကြပါ။ သူတို့နှစ်ဦးထောင်ကျခဲ့ရခြင်းအကြောင်းကို ဤထောင်မှူးကသိသည်ဟု ထင်ရပါသည်။ "အကျွတ်တရားလမ်း" (တမန် ၁၆း၁၇) ကို ဟောပြောသောသူများဟု သိခဲ့ခြင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ထိုလမ်းအကြောင်းကို မေးခဲ့ပါသည်။ ထိုအခါ သူတို့သည် အဖြေပေးရန်အသင့်ရှိခဲ့ကြ၏ (တမန် ၁၆း၃၀-၃၂)။

ချစ်သောစာဖတ်သူ၊ ခရစ်ယာန်တို့၌ အလွန်ထူးခြားသောမျှော်လင့်ခြင်း၊ သမ္မာတရား၌ တည်သောမျှော်လင့်ခြင်းရှိ၏။ ထိုဘုရားသခင်ဖွင့်ပြတော်မူသော သမ္မာတရားကို ကျွန်တော်တို့သိ၍၊ မြဲမြံခိုင်ခံ့သောမျှော်လင့်ခြင်းအမြစ်တွယ်ရာ အုတ်မြစ်တည်းဟူသော သမ္မာတရားကျွန်တော်တို့ လက်ထဲ၌ရှိသောကြောင့် ကျွန်တော်တို့အဖြေပေးဖို့လိုအပ်ခြင်းဖြစ်ပါသည်။ ထိုသမ္မာတရားနှင့် မျှော်လင့်ခြင်းကို သူတပါးထံဝေငှခြင်းငှါ ကျွန်တော်တို့အစဉ်အသင့်ရှိကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သမ္မာတရား၌တည်သော မျှော်လင့်ခြင်းအကျွန်ုပ်၌ရှိပါသလား။
**ဆုတောင်းချက်-** "အကျွန်ုပ်မူကား၊ အစဉ်မြော်လင့်၍ ကိုယ်တော်ကိုချီးမွမ်းပါမည်"။

# ဘုရားသခင်ကိုရှိသေခြင်းရှိသောစိတ်နှလုံး (၃)

<u>အဖြေပေးရန်လိုအပ်ရခြင်းအကြောင်း(အဆက်)</u>။ ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် သမ္မာတရားကိုပစ်ပယ်၍ မျှော်လင့်ခြင်းမရှိသော ဤလောကီလူသားတို့ထံသို့ ထိုသမ္မာတရားကို သက်သေခံခြင်းငှါ ခေါ်ခြင်းခံရသောသူဖြစ်ကြပါသည်။ ဤ"မျှော်လင့်ခြင်း"သည် ကယ်တင်ခြင်း သတင်းကောင်းနှင့်ဆိုင်သော မျှော်လင့်ခြင်းဖြစ်ပြီး၊ ထိုမျှော်လင့်ခြင်းက ဘဝ၏မေးခွန်းပေါင်းများစွာ အတွက် အဖြေပေးပါလိမ့်မည်။ ထို့ကြောင့်၊ သတင်းကောင်းတည်းဟူသော ကယ်တင်ခြင်းတရားသည် ပြောင်းလဲသောအသက်တာတခုလုံးနှင့်ဆိုင်ပါသည်။ ယေရှုခရစ်တော်ကြောင့် အပြစ်စီရင်ခြင်းမှ ကယ်နှုတ်ခြင်းခံရပြီး၊ ယခုအခါ ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်ခြင်းပြုပြီဖြစ်ပါသည်။

ထို့ကြောင့် ပေတရု၏တိုက်တွန်းနိုးဆော်ခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းကို သည်းခံရုံ တခုတည်းမဟုတ်ပါ။ ခရစ်ယာန်သည် ဘဝ၌ကြုံတွေ့ရသောအမှုအမျိုးမျိုး၌ ပိုင်ဆိုင်သောကယ်တင် ခြင်းမျှော်လင့်ခြင်းကို ထင်ရှားစေရမည်ဖြစ်ပါသည်။ ထို့ပြင် ဘဝ၌ကြုံတွေ့ရသော မေးခွန်းပေါင်းစုံ ကိုလည်း အဖြေပေးခြင်းငှါ အသင့်ရှိရပါမည်။ "သင်သည် အဘယ့်ကြောင့်ထောင်ထဲ၌ဆက်နေပါ သနည်း၊ ထောင်တံခါးများဖွင့်လျက်နှင့် အဘယ့်ကြောင့်ထွက်မပြေးသလဲ" ဟု ပေါလုနှင့်သိလအမေး ခံရသော မေးခွန်းကိုသင့်အား မေးချင်မှမေးကြမှာပါ။ ထိုမေးခွန်းမျိုးမဟုတ်ဘဲ အခြားမေးခွန်းလည်း ဖြစ်နိုင်ပါသည်။ "သင်၏မိသားစုဝင်သေဆုံးခြင်း၌ သင်မည်သို့ပျော်ရွှင်ခြင်းရှိနိုင်ပါသနည်း" ဟူသော မေးခွန်းလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ်၊ အခြားမေးခွန်းလည်းဖြစ်နိုင်၏။

သို့သော်လည်း၊ ဘဝ၌ကြုံတွေ့ရသော လေးနက်သည့်မေးခွန်း၊ အကျင့်တရားနှင့်ၿငိ၊ အတွေးအခေါ်နှင့်ၿငိ သက်ဆိုင်သောမေးခွန်းများ၏ အဖြေကို သမ္မာကျမ်းစာထဲ၌ရှိပါ၏။ ထိုဘုရား သခင်၏သမ္မာတရားကို မထိုက်တန်ဘဲသိခွင့်ရကြသော ခရစ်ယာန်တို့သည် ထိုသမ္မာတရားအတွက် ရပ်တည်၍သက်သေခံကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျော်ကြားသောသူမဖြစ်သော်လည်း ထိုစစ်မှန်သောတရားကို သိကြသဖြင့် ထိုတရားကို သူတပါးသိစေခြင်းငှါ ဟောပြောကြရမည်ဖြစ်ပါ သည်။ ကျွန်တော်တို့နှုတ်ဆိတ်မနေကြရပါ။ ပိုင်ဆိုင်သောမျှော်လင့်ခြင်းတရားကို လူမသိသူမသိ မိမိကိုယ်ကိုအတွက်သာ အမှောင်ထဲ၌ မကျင့်သုံးကြရပါ။

သို့သော်လည်း၊ ကျွန်တော်တို့သည် ငြင်းခုံခြင်းကိုပြုကြရမည်ဟု မဆိုလိုပါ။ အဖြေပေးရန် အတွက်လိုအပ်သော ပြင်ဆင်မှုပြုကြရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စိတ်နှလုံးထဲမှ ပြင်ဆင်၍ အသင့်ရှိနေကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ရှိသော မျှော်လင့်ခြင်းသည် သူတပါးထံထင်ရှားပါသလား။ မေးခဲ့ကြ ပါလျှင် ကျွန်တော်ရှင်းပြနိုင်ပါမည်လော။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှ ဉာဏ်ပညာကို ကျွန်တော်အား ပေးသနားတော်မူပါ။

စနေ၊ မေ (၁၅)
**၁ ပေ ၃း၁၃-၁၆**
ဟေရှာ ၈း၁၁-၁၅

*"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့"*

# ဘုရားသခင်ကို ရိုသေခြင်းရှိသောစိတ်နှလုံး (၄)

<u>အဖြေပေးရန် ပြင်ဆင်ခြင်း</u>။ ပေတရုက အချင်းချင်းဆက်နွယ်လျက်ရှိသောပြင်ဆင်ခြင်း အချက်နှစ်ချက်ဖော်ပြခဲ့ပါသည်။ ပထမအချက်မှာ ကျွန်ုပ်တို့စိတ်ထဲ၌ "ထာဝရဘုရားသခင်ကိုရိုသေခြင်း" ဖြစ်ပါသည် (၁ ပေ ၃း၁၅)။ "ရိုသေခြင်း" ဟူသောစကားသည် သီးခြားထားခြင်း၊ ဆက်ကပ်ခြင်း ဟူသောအဓိပ္ပာယ်ရှိ၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုအထူးနေရာပေးကြရမည်ဟူ၍ ဖြစ်ပါသည်။ တနည်းဆိုလျှင်၊ ဘုရားသခင်က ကျွန်ုပ်တို့စိတ်နှလုံးကို စိုးမိုးအုပ်စိုးရပါမည်။ ကျွန်ုပ်တို့ကို အဘယ်သူမျှမဟုတ်ဘဲ၊ ဘုရားသခင်ကသာ လမ်းပြအုပ်စိုးရပါမည်။ ကျွန်ုပ်တို့ကို အဘယ်သူမျှမဟုတ်ဘဲ၊ ဘုရားသခင်ကသာ လမ်းပြအုပ်စိုးရပါမည်။ ဤကျမ်းပိုဒ်၌ ကြောက်ရွံ့ခြင်း စိတ်သဘောကို ရည်ညွှန်းပါသည်။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ လူသည် ပုံမှန်အားဖြင့် ကြောက်ရွံ့ထိပ်လန့်ခြင်းရှိ၍ ထိုကြောက်ရွံ့ခြင်းအတိုင်း လုပ်ရှားတတ်ကြ၏။ သို့သော်လည်း ထိုသို့သောအချိန်တွင် လူကိုမဟုတ်ဘဲ၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းရှိကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် "သူတို့၏ခြိမ်းခြောက်ခြင်းကို မကြောက်ကြနှင့်။ မထိတ်လန့်ကြနှင့်" (အငယ် ၁၄) ဟုမိန့်တော်မူခဲ့၏။

ဤသို့သောစကားကို ဓမ္မဟောင်းထဲတွင် ပရောဖက်ဟေရှာယထံ မိန့်တော်မူခဲ့ပါသည် - "သူတို့ကြောက်တတ်သောအရာကို မကြောက်ကြနှင့်၊ မထိတ်လန့်ကြနှင့်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားကို ရိုသေခြင်းရှိကြလော့။ ထိုဘုရားကိုသာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းရှိကြလော့" (ဟေရှာ ၈း၁၂-၁၃)။ ထိုအချိန်၌ ယုဒလူတို့သည် ရှုရိဘုရင်နှင့်ဣသရေလဘုရင်တည်းဟူသော ညွန့်ပေါင်းရန်သူတို့၏ခြိမ်းခြောက်ခြင်းကို ခံခဲ့ရပါသည် (ဟေရှာ ၇း၁-၂)။ လူတို့သည် ထိတ်လန့်ခြင်းရှိခဲ့ကြ၏။ ဘုရားသခင်ကိုကြောက်ရွံ့လျက် ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစားမည့်အစား ဆိုးယုတ်သောရှင်ဘုရင် အာခပ်သည် အာရှုရိလူတို့ထံ အကူအညီတောင်းခဲ့ပါသည် (နှိုင်း ၄ ရာ ၁၆း၇)။

ချစ်သောစာဖတ်သူ ကျွန်တော်တို့ကြောက်ရွံ့သောအရာက ကျွန်တော်တို့အသက်တာ၌ များစွာသက်ရောက်မှုရှိစေပါသည်။ လူကိုကြောက်ရွံ့လျှင် မသေချာသောအနာဂတ်ကိုကြောက်လျှင် (သို့) အခြားကြောက်ရွံ့မှုတစ်ခုခုက ကျွန်တော်တို့စိတ်နှလုံးကို လွှမ်းမိုးခဲ့လျှင် ထိုကြောက်ရွံ့ခြင်းတရား၏စေခိုင်းချက်အတိုင်း ဘဝကိုကျွန်တော်တို့ရင်ဆိုင်လျှောက်လှမ်းတတ်ကြ၏။ ဘုရားသခင်ထက် အခြားသောအရာကို ကျွန်တော်တို့ကြောက်သောအခါ ဘုရားသခင်နှင့်ဘုရားသခင်၏နည်းလမ်းကို ကျွန်တော်တို့ငြင်းပယ်တတ်ကြ၏။ အာခပ်သည် ထိုသို့ပြုခဲ့ပါသည်။ တမန်တော်ပေတရုကိုယ်တိုင်ကလည်း ထိုသို့ဖြစ်ခဲ့ဖူးပါသည်။ ကြောက်ရွံ့ခြင်းကြောင့် သခင်ယေရှုကိုသုံးကြိမ်ငြင်းပယ်ခဲ့ခြင်း အကြောင်းကို အမှတ်ရခြင်းနှင့်တကွ ပေတရုပြောဆိုခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့သည်လည်း အားနည်းချက်ရှိသောလူများဖြစ်ကြပါသည်။ သမ္မာတရားဘက်၌ရပ်တည်နိုင်ခြင်းငှါ ဘုရားသခင်ကို ကျွန်တော်တို့ကြောက်ရွံ့ရိုသေခြင်းရှိကြရပါမည်။ ဘုရားသခင်၏ တရားတော်ကို ရဲရင့်စွာဟောပြောနိုင်မည်အကြောင်း သင်၏စိတ်နှလုံးထဲ၌ဘုရားသခင်ကို ရိုသေလျက် ကိုးစားခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - ကြောက်ရွံ့သောအရာက ကျွန်တော်တို့စိတ်နှလုံးထဲမှဘုရားသခင်၏နေရာကို လုယူတတ်ကြ၏။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကြောက်ရွံ့သင့်သည်အတိုင်း ကိုယ်တော်ကို ကျွန်တော်ကြောက်ရွံ့ခြင်းရှိမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မေ (၁၆)
**၁ ပေ ၃း၁၅**
တမန် ၁၇း၁၀-၁၂ *"...ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့"*

## ဘုရားသခင်ကိုရှိသေခြင်းရှိသောစိတ်နှလုံး (၅)

<u>အဖြေပေးရန်ပြင်ဆင်ခြင်း(အဆက်)</u>။ ပေတရုဖော်ပြသောပြင်ဆင်ခြင်း၏ ဒုတိယအချက်သည် "အစဉ်မပြတ်အသင့်ရှိနေခြင်း" (၁ ပေ ၃း၁၅) ဖြစ်ပါသည်။ အစဉ်အသင့်ရှိနေခြင်းသဘောသည် ဘုရားသခင်ကိုကြည်ညိုရိုသေသောသူ၏ စိတ်နှလုံးထဲ၌ ရှိရမည့်အရာဖြစ်ပါသည်။ ဆိုလိုသည်မှာ ယုံကြည်ခြင်းခိုင်မာမြဲမြံရပါမည်။ မိမိကိုယ်တိုင် လေ့လာဆင်ခြင်သုံးသပ်၍ အမှန်တကယ်ကျင့်သုံးမှသာ စိတ်ထဲ၌စွဲမြဲလျက် တည်မြဲမည်ဖြစ်ပါသည်။ ဤလောက၌ဖြစ်ပျက်သောအရာ ပြဿနာအပေါင်းတို့၏အဖြေသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ရှိကြောင်း ကျွန်တော်တို့သိသဖြင့် ထိုပြဿနာတို့ကို မသိသလို လျစ်လျူရှု၍မရပါ။ သူတပါးပြောသောစကားကို အသုံးပြု၍မဖြေရှင်းသင့်ပါ။ မိမိကိုယ်တိုင် သမ္မာတရားလေ့လာ၍ကျင့်သုံးကြရပါမည်။

သူတပါးထံမှမသင်ယူရဟု မဆိုလိုပါ။ သင်ယူသမျှကိုမိမိကိုယ်တိုင်ကျင့်သုံးရန် တိုက်တွန်းခြင်းသာဖြစ်ပါသည်။ ဗေရိုမြို့ခရစ်ယာန်တို့သည် ဤအမှု၌သာဓကဖြစ်ကြပါသည် (တမန် ၁၇း၁၁)။ လူတို့သည် ကြားနာသင်ယူခြင်း၌ အသင့်ရှိကြပြီး ပေါလုသွန်သင်သမျှကို အမှုမဲ့အမှတ်မဲ့လက်မခံခဲ့ကြပါ။ သမ္မာတရားအားဖြင့် မှန်မမှန်စစ်ကြော၍ သူတို့၏ယုံကြည်ခြင်းကို ဘုရားသခင်၏နှုတ်ကပတ်တရားအားဖြင့် မြဲမြံခိုင်ခံ့စေကြ၏။

ဤအမှုသည် အလွန်အရေးကြီးလှပါသည်။ အကြောင်းမှာ ဘုရားသခင်၏လူတို့သည် မသေချာသောတရားမဟုတ်ဘဲ စစ်မှန်သောသမ္မာတရားအတွက် သက်သေအဖြစ်ရွေးကောက်ခြင်းခံရသောသူများဖြစ်ကြ၏။ ကျွန်ုပ်တို့၏သက်သေခံချက်သည် နှုတ်အားဖြင့်သာမဖြစ်ရပါ။ "ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့"ဟူသော အဓိပ္ပာယ်၌ ယုံကြည်သောအရာကို လက်တွေ့ကျင့်သုံးခြင်းပါဝင်ပါ၏။ တမန် ၂၂ နှင့် ၂၆ ၌တွေ့ရသော ပေါလု၏သက်သေခံချက်ကို သာဓကယူကြပါစို့။ ဟောပြောသောတရားသည် မိမိယုံကြည်သောတရားဖြစ်၍ ထိုတရား၏ပြောင်းလဲစေခြင်းကို ခံရခဲ့သောသူဖြစ်ပါ၏။ ချစ်သောစာဖတ်သူ၊ သင်၏ယုံကြည်ခြင်းအစစ်အမှန်ကို သင်ဟောသောတရားကြားနာသောသူနှင့် သင့်အကျင့်ကိုမြင်သောသူတို့က သိမြင်နိုင်ပါသည်။ သင်ဟောသောတရားဘယ်လောက်ကောင်းကောင်း သင့်အကျင့်၌မြင်တွေ့ခြင်းမရှိလျှင် အရာမရောက်ပါ။

ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဘုရားသခင်ကြောက်ရွံ့ခြင်းရှိရပါမည်။ ဘုရားသခင်ချစ်ခြင်းနှင့်ပြည့်နေရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သိကျွမ်းခြင်းရှိ၍ သမ္မာတရားကိုယုံကြည်ခြင်းရှိရပါမည်။ လုံးဝပြောင်းလဲ၍ သမ္မာတရားသွန်သင်ခြင်းနှင့် ကိုက်ညီသောအသက်တာရှိကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ယုံကြည်ခြင်းသည် သမ္မာကျမ်းစာ၌အခြေခံသော စစ်မှန်သောယုံကြည်ခြင်းဖြစ်ပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ အဖြေပေးခြင်း၌ အစဉ်အသင့်ရှိသောသူဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မေ (၁၇)
**၁ ပေ ၃း၁၅-၁၆**
ကောလော ၄း၅-၆

*“နူးညံ့သောသဘော. . . ပြန်ပြောခြင်းငှါ. . . ”*

## ဘုရားသခင်ကိုရိုသေခြင်းရှိသောစိတ်နှလုံး (၆)

အဖြေပေးခြင်း၌ရှိရမည့်စိတ်သဘော။ ပေတရု၏ နောက်ဆုံးတိုက်တွန်းချက်သည် ဘုရားသခင်ကိုရိုသေခြင်းရှိသော စိတ်နှလုံးမှပေါ် ထွက်လာသင့်သည်။ သဘောထားပင်ဖြစ်ပါသည်။ ထိုစိတ်သဘောမူကားအဖြေပေးခြင်းနှင့်ပတ်သက်သောအမှု၌ ခရစ်ယာန်တွင်ရှိရမည့်အလွန်အရေးကြီးသောသက်သေဖြစ်သည့်“နူးညံ့သောသဘော” ပင်ဖြစ်ပါသည်။ “အဖြေပေးခြင်း” ၌“ငါသိတယ်၊ မင်းမသိဘူး” ဟူသောစိတ်သဘောမရှိရန် အရေးကြီးလှပါသည်။ ကျွန်တော်တို့၌ရှိသော မျှော်လင့်ခြင်းက ကျွန်ုပ်တို့ကိုသူတပါးထက်ကြီးမြတ်သောသူ မဖြစ်စေပါ။ ထိုမျှော်လင့်ခြင်းသည် သူတပါးထက်ကျွန်တော်ပို၍ကောင်းသောသူမဟုတ်ဟူသော အသိတရား၌ အခြေခံပါသည်။ ကျွန်တော်တို့သည် ပိုဆိုးသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် တမန်တော်ပေါလုက “သစ္စာနှင့်ယှဉ်သောစကား” ခရစ်ယာန်တိုင်းလက်ခံရမည့် စကားဆိုခဲ့ပါသည် (၁တိ ၁း၁၅)။

မိမိကိုယ်ကို “အပြစ်သားတို့တွင် အကြီးဆုံး” ဟုသိမြင်ခြင်းသည်အဖြေပေးခြင်း၌ အဓိကကျသော ခရစ်ယာန်စိတ်သဘောပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်သမ္မာတရားအတွက်ရပ်တည် အသက်ရှင်ကြ၏။ ဤလောကီလူသားတို့၏ ဘဝ၌ကြုံတွေ့ရသောပြဿနာအပေါင်းနှင့်ဆိုင်သော ထိုတရားကိုဟောပြောကြ၏။ သူတပါးထက်ပို၍သိသောကြောင့်မဟုတ်၊ ဝါကြွားလို၍ ထိုသို့ပြုခြင်းမဟုတ်ပါ။ သူတပါးထက်ပိုကောင်းသောကြောင့်မဟုတ်၊ သူတပါးကိုအထင်သေးသောကြောင့်မဟုတ်ပါ။ သူတို့သည် အပြစ်သားဖြစ်၍ ကျွန်တော်တို့သည် အပြစ်သားမဟုတ်ဟုမဆိုလိုပါ။ အပြစ်သားတို့တွင် အကြီးဆုံးဖြစ်သော၊ အဆိုးဆုံးဖြစ်သော၊ ဆိုးယုတ်သောသူသည် သခင်ယေရှုခရစ်တော်၌ ကယ်တင်ခြင်းခံရသောကြောင့် ထိုတရားကိုဟောပြောခြင်းဖြစ်ပါသည်။ အရင်ကပျောက်သောသူ၊ အမှောင်ထဲ၌ ယောင်လည်လည်လျှောက်သွားခဲ့သော်လည်း၊ သမ္မာတရားက ကျွန်ုပ်ကိုလွတ်ခြင်းအခွင့်ပေးခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ လမ်းခရီး၊ သမ္မာတရားနှင့်အသက်ရှင်ခြင်းတည်းဟူသော ယေရှုအကြောင်းကို သူတပါးအား ကြားသိစေလိုခြင်းဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ နူးညံ့သောသဘောမရှိခြင်း၊ ဝါကြွားခြင်းသဘောသည် ခရစ်တော်အတွက်သင်၏သက်သေခံချက်ကို အမှန်ဖျက်ဆီးပါလိမ့်မည်။ ခရစ်ယာန်ဖြစ်သောကျွန်တော်တို့၌ရှိသော“ထိုအဖြေ” သည်မိမိကိုယ်ကိုတီထွင်ကြံဆသောအရာမဟုတ်ပါ။ ဘုရားသခင်၏ဖွင့်ပြတော်မူခြင်းတည်းဟူသောသမ္မာတရားပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် လူတို့ကိုဘုရားသခင်၏သမ္မာတရားသို့ခေါ် ဆောင်ခြင်းဖြစ်သောကြောင့်၊ နူးညံ့သောစိတ်သဘော အလွန်အရေးကြီးလှပါသည်။

တမန်တော်ပေါလုက ဤသို့ဆိုခဲ့ပါသည် - “ပြင်ပလူတို့၏ မျက်နှာကိုထောက်လျက် ပညာနှင့်ကျင့်ဆောင်၍ ကာလအချိန်ကိုရွေးနှုတ်ကြလော့။ လူအသီးသီးတို့အား အဘယ်သို့ပြန်ပြောနိုင်ရမည်ကိုသိနိုင်မည်အကြောင်း သင်တို့စကားသည် ဆားအားဖြင့်ငန်သောအရသာနှင့်ပြည့်စုံလျက်အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ”(ကောလောသဲ ၄း၅-၆)။ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်ရိုသေခြင်းရှိမည်အကြောင်း ကျွန်ုပ်တို့သည်အမှန်နှိမ့်ချသော သဘောရှိကိုရှိရပါမည်။

**ဆင်ခြင်ရန်** - “ဝါကြွားစရာမရှိ၊ မာနထောင်လွှားစရာမရှိ။ ကျွန်တော်သည်အပြစ်သားရှိ၍ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းခံရသောသူဖြစ်ပါသည်” (Gray)။

**ဆုတောင်းချက်-** အဖဘုရား၊ မာနထောင်လွှားခြင်းမှ အကျွန်ုပ်ကိုကွယ်ကာစောင့်ရှောက်တော်မူပါ။

အင်္ဂါ၊ မေ (၁၈)
**၁ ပေ ၃း၁၅**
၂ ကော ၂း၁၂-၁၇

*"ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ . . ."*

# ဘုရားသခင်ကိုရိုသေခြင်းရှိသောစိတ်နှလုံး (၇)

အဖြေပေးခြင်း၌ရှိရမည့်စိတ်သဘော(အဆက်)။ နောက်ဆုံးတွင် ပေတရုက ဘုရားသခင်ရိုသေခြင်းရှိသောစိတ်နှလုံး၌ရှိရမည့်သဘောထားဖြစ်သော "ကြောက်ရွံ့သောသဘော"(၁ ပေ ၃း၁၅) ကိုပြန်၍ ဖော်ပြခဲ့ပါသည်။ ပေတရုသည် ကျွန်ုပ်တို့စိတ်နှလုံးကို စိုးမိုးရမည့်ဘုရားသခင်ကြောက်ရွံ့ရိုသေခြင်းကို ဖော်ပြခဲ့ပြီဖြစ်သောကြောင့် ယခုတွေ့ရသော "ကြောက်ရွံ့သောသဘော" သည် နူးညံ့သောသဘောနှင့် ဆက်နွယ်မှုရှိမည်ဟုထင်ရပါသည်။ အဖြေပေးခြင်းပြုစဉ် ကျွန်တော်တို့သည် ကြောက်ရွံ့သောသဘောရှိကြရပါမည်။ အကြောင်းမှာ ကျွန်တော်တို့ခံရသော ဤအခွင့်ထူးနှင့် တာဝန်ကြီးမားမှုကို သတိရမှတ်သားခြင်းသဘောပင်ဖြစ်ပါသည်။

ခဏဆင်ခြင်ကြည့်ကြပါစို့။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော၊ အနန္တတန်ခိုးရှင်ထာဝရဘုရားက မိမိ၏ဘုန်းတော်နှင့်ပြည့်စုံသော နိုင်ငံတော်၏သံတမန်အဖြစ် အလွန်တောက်ပလှပသော ကောင်းကင်တမန်များကို မခန့်ထားဘဲ ပညာရှိအစွမ်းသတ္တိရှိသောသူတို့ကို မခန့်ဘဲ မထိုက်တန်သော၊ အားနည်းသော၊ ကြောက်ရွံ့ထိတ်လန့်တတ်သော သင်နှင့် အကျွန်ုပ်ကို ခန့်ထားတော်မူခဲ့၏။ အဖြေပေးခြင်းငှါ ကျွန်တော်တို့ကို ဘုရားသခင်ရွေးကောက်တော်မူ၏။ ကျွန်တော်တို့အတွက်မဟုတ်ဘဲ ဘုရားသခင်ကိုယ်စား အဖြေပေးခြင်းငှါဖြစ်၏။ ဘုရားသခင်၏သမ္မာတရားကို ဤလောက၌ ဟောပြောခြင်းငှါ ရွေးကောက်ခံရသောသူသည် ကျွန်တော်တို့ဖြစ်ကြပါသည်။

ကျွန်တော်တို့သည် "ကြောက်ရွံ့သောသဘော" နှင့်ပြန်ပြောကြရပါမည်။ အကြောင်းမှာ ကျွန်တော်တို့ သည် ဘုရားသခင်အတွက်ပြောဆိုခြင်းဖြစ်၍ ဤတာဝန်၏ထူးမြတ်ခြင်းနှင့် ကြီးမားမှုကို သိမှတ်ကြသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ဟောပြောသောသမ္မာတရားသည် သေခြင်း၊ အသက်ရှင်နှင့်ဆိုင်သော တန်ခိုးကြီးမားသည့်ဘုရားဖြစ်ပါသည်။ အပြစ်၏ကျေးကျွန်ဘဝမှ လွတ်မြောက်ခြင်းကိုပေးနိုင်သော ဝိညာဉ်ရေးရာသမ္မာတရားပင်ဖြစ်ပါသည်။ တမန်တော်ပေါလုက ဤကြီးလေးသောတာဝန်ကို သိမှတ်ခဲ့ပါသည်။ "အဘယ်သို့နည်းဟူမူကား၊ ငါတို့သည် ကယ်တင်သောသူတို့၌၎င်း၊ ဆုံးရှုံးသောသူတို့၌၎င်း၊ ဘုရားသခင်အား ခရစ်တော်၏အမွှေးအကြိုင်ဖြစ်ကြ၏။ ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်အောင် သေခြင်း၏အမွှေးအကြိုင်ဖြစ်ကြ၏။ ကယ်တင်သောသူတို့၌ကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်ဖြစ်ကြ၏။ သို့ဖြစ်၍ ဤအမှုအရာတို့နှင့် အဘယ်သူထိုက်တန်သနည်း" (၂ ကော ၂း၁၅-၁၆)။ ဤပေတရုဖော်ပြသော ကြောက်ရွံ့ခြင်းသဘောဖြင့် ပေါလုကဤသို့ဆိုခြင်းဖြစ်ပါလိမ့်မည် - "ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မှောက်လှန်သောသူများတို့နှင့် ငါတို့သည်မတူဘဲ ကြည်ဖြူသောစိတ်ရှိ၍ ဘုရားသခင်၏အလိုတော်နှင့်အညီ၊ ဘုရားသခင့်ရှေ့တော်၌ ခရစ်တော်၏တရားကို ဟောပြောကြ၏" (၂ ကော ၂း၁၇)။

ခရစ်ယာန်စာဖတ်သူ၊ သတိမထားဘဲ ဘုရားသခင်၏သမ္မာတရားကို ကျွန်တော်တို့ဟောခဲ့လျှင်၊ သမ္မာတရားဘက်မှာ မရပ်တည်ဘဲနေခဲ့ပါလျှင်၊ လူတို့သည်ထိုသမ္မာတရားကိုယုံကြည်ကိုးစားခြင်းနှင့်မထိုက်ဟု ထင်လျက်၊ ဆုံးရှုံးခြင်းသို့ရောက်နိုင်ကြသောကြောင့်၊ကျွန်တော်တို့သည် အလွန်သတိထား၍ ကြောက်ရွံ့ခြင်းသဘောရှိကြရပါမည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မှောက်လှန်သောသူများ" ရှိကြသည်ဖြစ်၍၊ ကျွန်တော်ထိုသို့ပြုပါသလား။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားနှင့်ဆိုင်သော တာဝန်ကိုထမ်းရွက်ခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

**၁ ရာ ၁၃း၈-၁၄**
၁ ရာ ၁၅း၁၀-၃၁

*“ထာဝရဘုရားသည် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူကိုရှာတော်မူ၏”*

# ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သောစိတ်နှလုံး

“ထာဝရဘုရား (၏) စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ” (၁ ရာ ၁၃း၁၄)ဟု မမွေးမီကတည်းက ရှင်ဘုရင်ဒါဝိဒ်ကို ပရောဖက်ရှမွေလဖော်ပြခြင်းသည် အလွန်အံ့ဩစရာကောင်းလှပါသည်။ “ညီညွတ်သော” ဆိုသည်မှာ ဒါဝိဒ်၏စိတ်နှလုံးသည် ဘုရားသခင်၏စိတ်နှလုံးကဲ့သို့သော စိတ်နှလုံးဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်နှစ်သက်သောအရာကို နှစ်သက်သောသူ၊ မုန်းသောအရာကိုမုန်းသောသူဖြစ်ပါသည်။ ပို၍ရှင်းလင်းစွာ သိနားလည်ခြင်းငှါ၊ ဤအကြောင်းကို ဆန့်ကျင်ဘက်အရာနှင့်ယှဉ်၍ ဖော်ပြခဲ့ပါသည်။ ထိုဆန့်ကျင်ဘက်ပုဂ္ဂိုလ်သည် ဘုရားသခင်ငြင်းပယ်သောရှောလုပင်ဖြစ်၏။ သူသည် ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်ခြင်းမရှိသောကြောင့် ငြင်းပယ်ခံရပြီး၊ ဒါဝိဒ်သည် ရွေးကောက်ခြင်းခံရ၏။

ရှောလု၏စိတ်နှလုံးသည် နောက်အခန်း၌ဖော်ပြသောအကြောင်းအရာ၌ အလွန်ထင်ရှားခဲ့ပါသည် (၁ ရာ ၁၅း၁၀-၃၁)။ ဘုရားသခင်၏မိန့်တော်မူချက်ကို ရှောလုသည် အလေးမထားကြောင်း တွေ့ရပါသည်။ မိမိ၏သဘောနှင့် မိမိ၏စိတ်ကြိုက်အလိုအတိုင်း မိန့်တော်မူချက်ကို အနက်ဖွင့်တတ်၏ (အငယ် ၉-၁၀)။ ထို့ပြင် မနာခံခြင်းအမှု၌ ဆင်ခြေပေးရန်အသင့်ရှိခဲ့၏ (အငယ် ၂၀-၂၁)။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းကိုလည်း အလေးမထား၊ မသန့်ရှင်းသောစိတ်နှလုံးဖြင့် သန့်ရှင်းတော်မူသောသုံးပါးတဆူထာဝရဘုရားကို ချဉ်းကပ်၍ရသည်ဟု သူထင်မှတ်ခဲ့၏(အငယ် ၂၅)။ ထို့ပြင် လူရှေ့သူရှေ့၌ ဝတ်ပြုကိုးကွယ်မှုကို မိမိကိုယ်ကိုချီးမြှောက်ခြင်းအတွက် အခွင့်ကောင်းယူလိုခဲ့ပါသည် (အငယ် ၃၀)။ ယနေ့၌လည်း ထိုသို့သော ဆိုးယုတ်သည့်စိတ်သဘောဖြင့် ဘုရားသခင်၏ သန့်ရှင်းသော ဘုရားကျောင်းကို ညစ်ညူးစေသောသူများစွာရှိမည်မဟုတ်လော။

တဘက်တွင်၊ ဒါဝိဒ်၏စိတ်နှလုံးသည် လုံးဝဆန့်ကျင်ဘက်ဖြစ်ပါသည်။ သူသည် အပြစ်ကျူးလွန်သောအခါ၊ ဆင်ခြေမပေးဘဲ၊ အမှန်တကယ်နောင်တရခဲ့ပါသည် (၂ ရာ ၁၂း၁၃၊ ဆာလံ ၅၁)။ လူရှေ့သူရှေ့၌ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်း၌ မိမိကိုယ်ကိုနှိမ့်ချခဲ့ပါသည် (၂ ရာ ၆း၂၀-၂၂)။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်း၏ ကြည်ညိုစရာကောင်းမှုကို ဖော်ပြခဲ့ပါသည် (၅ ရာ ၂၈း၁၁-၂၉း၉)။

ချစ်သောစာဖတ်သူ၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်၏စိတ်နှလုံးနှင့်ညီညွတ်ခြင်း ရှိပါသလား။ ဘုရားသခင်နှစ်သက်သောအရာကို နှစ်သက်၍၊ မုန်းသောအရာကိုမုန်းပါသလား။ ဘုရားသခင်၏အမိန့်တော်၌ ကျွန်ုပ်တို့၏ စိတ်သဘောထားနှင့် ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းအပေါ် ကျွန်ုပ်တို့၏ချဉ်းကပ်ပုံစိတ်သဘောကို ပြန်လည်ဆန်းစစ်ကြပါစို့။ သို့မဟုတ်လျှင် ရှောလုကဲ့သို့ ကျွန်တော်တို့ငြင်းပယ်ခြင်းခံရပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် စိတ်နှစ်ခွရှိတော်မမူ။
**ဆုတောင်းချက်-** “အကျွန်ုပ်စိတ်နှလုံးကိုယူပြီး၊ ကိုယ်တော်အဖို့ ဖြစ်စေတော်မူပါ” (Gabriel)။

ကြာသပတေး၊ မေ (၂၀)

**တမန် ၂း၄၁-၄၇**

တမန် ၄း၃၂-၃၇

*"ယုံကြည်သူအပေါင်းတို့သည်*
*စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍ . . . "*

# တညီတညွတ်တည်းရှိသောစိတ်နှလုံး (၁)

ကနဦးအသင်းတော်သည် အလွန်ချစ်စရာကောင်းလှပါသည်။ အသင်းဝင်သုံးထောင်လောက် ရှိခဲ့ပြီး (တမန် ၂း၄၁)၊ နေ့စဉ် ဘုရားသခင်ကဆက်လက်တိုးပွားစေလျက် (အငယ် ၄၇)၊ သူတို့သည် သမ္မာတရားနှင့်ဝိညာဉ်တော်၏ တန်ခိုး၌စည်းလုံးခြင်းရှိခဲ့ကြ၏။ "ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏" (တမန် ၂း၄၂)။ သူတို့၏စည်းလုံးမှုကို အထူးဖော်ပြခဲ့ပါသည် - "ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကို ဆက်ဆံ၍သုံးဆောင်ကြ၏" (အငယ် ၄၄)။ ဤဝမ်းမြောက်ခြင်းနှင့်ရက်ရောမှုကို "ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်" (အငယ် ၄၆) ဟုဖော်ပြခဲ့ပါသည်။

ဤကနဦးအသင်းတော်သည် ညှဉ်းပန်းနှိပ်စက်ခြင်းခံရ၍၊ ယဇ်ပုရောဟိတ်နှင့်ယုဒခေါင်းဆောင်တို့က ပေတရုနှင့်ယောဟန်ကို ဖမ်းဆီးချုပ်နှောင်ခဲ့ကြသော်လည်း (တမန် ၄း၃)၊ အသင်းတော်၏ စည်းလုံးမှုသည် တုန်လှုပ်ခြင်းမရှိခဲ့ပါ။ ညှဉ်းပန်းနှိပ်စက်ခြင်းသတင်းကြားသိကြသောအခါ၊ ဘုရားသခင်ထံတလုံးတဝတည်းဆုတောင်းကြပြီး (အငယ် ၂၄)၊ ဘုရားသခင်နားညောင်းတော်မူ၏ (အငယ် ၃၁)။ ထို့ကြောင့် ခြိမ်းခြောက်ခြင်းနှင့် ဆန့်ကျင်ခြင်းကြုံရကြသော်လည်း - "ယုံကြည်သူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ" ၏ (အငယ် ၃၂)။ အချင်းချင်းအလေးထားမှုနှင့် စည်းလုံးမှုရှိခဲ့ပါသည်။

သို့သော်လည်း ဝမ်းနည်းစရာအကြောင်းတစ်ခု မကြာမီဖြစ်ပွားခဲ့ပါသည်။ "ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသော်၊ နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ၊ ဟေလေနစ်အမျိုးမုတ်ဆိုးမတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို အပြစ်တင်ကြ၏" (တမန် ၆း၁)။ အလွန်စည်းလုံးခြင်းရှိသည်ဟု ထင်ရသောထိုအဖွဲ့အစည်းတွင် စိတ်ဝမ်းကွဲစရာအကြောင်း ရှိလာခဲ့ပါသည်။ ရက်ရောသောစိတ်ဖြင့် လှူသောအရာ၌စိတ်ဝမ်းကွဲစရာငြင်းခုံမှုဖြစ်ပေါ်ခဲ့ပါသည်။ "နေ့ရက်စဉ်တိုင်း လုပ်ကျွေးခြင်း" အမှုသည် "လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေငှပေးကမ်းခြင်း" (တမန် ၄း၃၅) အမှုပင်ဖြစ်ပါလိမ့်မည်။ ငြင်းခုံခြင်းအကြောင်းရင်းသည် ဝေငှပေးကမ်းခြင်း၌ ညီတူညီမျှမရှိခြင်းဖြစ်ပါသည်။ ဟေဗြဲလူတို့သည် ဟေလေနစ်လူတို့ထက်ပို၍ ဦးစားပေးခြင်းခံရကြသည်ဟု ထင်ရပါသည်။

ဤသို့သောအမှုကို ကျွန်တော်တို့သတိထားကြရပါမည်။ ဤအကြောင်းကို တင်ပြလာသောဟေလေနစ်လူတို့သည် အမှားကျူးလွန်သည်ဟု မသတ်မှတ်ရပါ။ လူတို့၏မှားယွင်းမှုနှင့် ယုတ်ညံ့မှုသည် နေရာတကာတွေ့ရပါသည်။ အသင်းတော်၌လည်း ရှိနိုင်ပါ၏။ ဤသို့သော အန္တရာယ်ကိုသိမှတ်ခြင်းဖြင့်၊ ကျွန်တော်တို့သည် သတိကြီးစွာ အမှုတော်ဆောင်ရွက်ကြရပါမည်။

**ဆင်ခြင်ရန်** - တလုံးတဝတည်းရှိခြင်း၊ စည်းလုံးခြင်းသည် အသင်းတော်နှင့်မိသားစု၌ပင် လွယ်ကူသောအရာမဟုတ်ပါ။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏အသင်းတော်အား စည်းလုံးခြင်းစိတ်သဘောပေးသနားတော်မူပါ။

သောကြာ၊ မေ (၂၀)

**၁ ကော ၃း၁-၄**

ဖိလိ ၄း၁-၃

*"ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်းရှိသည်ဖြစ်၍ သင်တို့သည် ဇာတိပကတိလူဖြစ်ကြသည်မဟုတ်လော"*

# တညီတညွတ်တည်းရှိသောစိတ်နှလုံး (၂)

အတားအဆီးများ။ အသင်းတော်အတွင်း၌ ငြင်းခုံမှုနှင့်အယူအဆကွဲခြင်းတို့ကို တမန်တော်ဝတ္ထုအစပိုင်း၌သာတွေ့ရသည်မဟုတ်ပါ။ ဖိလိပ္ပိအသင်းတော်၌လည်း အချင်းချင်းတိုက်ခိုက်မှုရှိခဲ့ပါသည်။ ထိုပြဿနာကိုပေါလုက လူသိရှင်ကြားဖော်ထုတ်၍ ဤသို့ရေးသားခဲ့ပါသည် - "ဧဝေါဒိနှင့် သုန္တုတ်တို့သည် သခင်ဘုရား၌ သဘောတညီတညွတ်တည်းဖြစ်ရမည်အကြောင်းကို ငါတောင်းပန်သွေးဆောင်ပါ၏" (ဖိလိ ၄း၂)။

ဖြစ်ပွားနိုင်သောပြဿနာနှင့် ငြင်းခုံခြင်းနှင့်ပတ်သတ်၍ အရှင်းဆုံးသောသာဓကသည် ကောရိန္တုအသင်းတော်၌ တွေ့ရပါသည်။ ထို့ကြောင့် ပေါလုက မိမိ၏ဩဝါဒစာစောင် ပထမဆုံးတွင် ထိုအကြောင်းကိုဖော်ပြခဲ့ပါသည်-" သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိမည်ကို" ငါကြားသိရပြီး (၁ ကော ၁း၁၁)ဟုဆိုခဲ့ပါသည်။ အသင်းတော်၌ သင်းကွဲခြင်း၊ အဖွဲ့ကွဲခြင်းဖြစ်ပွား၍ "သင် တို့က ငါသည်ပေါလုတပည့်ဖြစ်၏။ ငါသည် အာပေါလုတပည့်ဖြစ်၏။ ငါသည် ကေဖတပည့်ဖြစ်၏။ ငါသည် ခရစ်တော်တပည့်ဖြစ်၏ဟု အသီးသီးပြောကြ၏" (အငယ် ၁၂)။ ထိုသို့ဖြစ်ခြင်းငှါ ခရစ်တော် နှင့် သတင်းကောင်းကို ကောင်းကောင်းနားမလည်ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုက "ခရစ်တော်သည်ကွဲပြားသလော။ ပေါလုသည် သင်တို့အတွက်လက်ဝါးကပ်တိုင်မှာ အသေခံပြီ လော" (အငယ် ၁၃)ဟု မေးခွန်းထုတ်ခဲ့ပါသည်။

ပြဿနာ၏အရင်းအမြစ်သည် အဘယ်နည်း။ ဇာတိသဘောပင်ဖြစ်ပါသည်။ "ယခုပင်လည်း ဇာတိပကတိလူဖြစ်ကြသေး၏။ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်းချင်းကွဲပြားခြင်းရှိသည်ဖြစ်၍ သင်တို့သည်ဇာတိပကတိလူဖြစ်ကြသည်မဟုတ်လော။ လောကီထုံးစံအတိုင်း ကျင့်ဆောင်ကြသည်မဟုတ်လော" (၁ ကော ၃း၃)။ ပေါလုက "ဇာတိပကတိကို" ဟု ဆိုသောအခါ သူတို့အားမယုံကြည်သူဟုမဆိုလိုပါ။ ခရစ်တော်၌ "သူငယ်ကလေး" ဟုဆိုလိုပါသည် (အငယ် ၁)။ ယုံကြည်ခြင်း၌မရင့်ကျက်သဖြင့် အဖွဲ့ကွဲခြင်းဖြစ်ရပါသည်။ သူတို့၏စိတ်သဘောသည် ဇာတိပကတိဆောင်လျက်ရှိသေး၏။

ချစ်သောစာဖတ်သူ၊ ဤသို့သော ငြင်းခုံခြင်းနှင့် အဖွဲ့ကွဲခြင်းကို ဤလောက၌ နိုင်ငံရေး၌၎င်း၊ မိသားစု၌ပင်တွေ့ရပါသည်။ ကျွန်တော်တို့သည် အပြစ်သားဖြစ်ကြ၍ "ငါတို့၌တည်နေသောဝိညာဉ်တော်သည် ငြူစူစေချင်သော သဘောရှိသည်" (ယာကုပ် ၄း၅)။ သို့သော်လည်း "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ ကော ၅း၁၇)။ ထို့ကြောင့် လူဟောင်း၏စိတ်သဘောကို ချွတ်ပယ်ကြပါစို့။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်တစ်ခု၌ စိတ်နှလုံးတစ်ခုသာလျှင် ရှိရပါမည် - အသင်းတော်သည် ခရစ်တော်၌တစ်ကိုယ်တည်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၌အစဉ် "ကလေးသူငယ်" မဖြစ်မည်အကြောင်း မစတော်မူပါ။

စနေ၊ မေ (၂၂)
**တမန် ၆း၁-၇**
ကောလော ၃း၁၂-၁၆

*"ငါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ထား၍စားပွဲ၌လုပ်ကျွေးမှုကို မဆောင်သင့်"*

# တညီတညွတ်တည်းရှိသောစိတ်နှလုံး (၃)

ကူညီမစမှုများ။ လူ့အဖွဲ့အစည်းတိုင်း၌ ပြဿနာနှင့်ငြင်းခုံမှုရှိတတ်ကြပါသည်။ ထိုသို့သောပြဿနာကို အသင်းတော်၌လည်း ရှိတတ်သည်ဖြစ်သောကြောင့် ထိုပြဿနာ၏အရင်းအမြစ်ကို ရှာဖွေဖြေရှင်းဖို့လိုပါသည်။ အကောင်းဆုံးသောနည်းလမ်းမှာ စိတ်နှလုံးတညီတညွတ်တည်းရှိခြင်း (တမန် ၂း၄၆) ဖြစ်၍၊ မည်သို့ထိုသို့သော စိတ်နှလုံးရှိနိုင်မည်နည်းဟူသော အချက်ကို ရှာဖွေဖို့လိုပါသည်။

ရှေးဦးစွာငြင်းခုံခြင်း၏ အရင်းအမြစ်ကိုရှာဖွေလျက် တမန်တော်တို့က မည်သို့ဖြေရှင်းခဲ့သနည်းဟူသော အချက်ကို ဆင်ခြင်လေ့လာဖို့လိုပါသည်။ သူတို့သည် ထိုပြဿနာကိုအလေးထားခဲ့ကြ၏။ လျစ်လျူမရှုခဲ့ကြပါ။ ဟေလေနစ်လူတို့က ရှေးကြီးခွင်ကျယ်လုပ်ကြသည်ဟု မပစ်ပယ်ခဲ့ကြပါ။ "ဤအမှုကိုဆောင်ရွက်စေခြင်းငှါ . . . ခန့်ထားရန်"၊ သူတို့သည် "ဝိညာဉ်တော်နှင့်ဋ္ဌင်း၊ ပညာနှင့်ဋ္ဌင်း ပြည့်စုံလျက် အသရေရှိသောလူခုနစ်ယောက်တို့ကို ရှာ"ခဲ့ကြပါသည် (တမန် ၆း၃)။ သူတို့သည် ထိုပုဂ္ဂိုလ်တို့အတွက် ဆုတောင်းပြီးလျှင် "ထိုသူတို့၏ခေါင်းပေါ်၌ လက်ကိုတင်ကြ၏" (အငယ် ၆)။ ငြင်းခုံမှုတိုင်းကို မကောင်းသောအရာဟုမသတ်မှတ်သင့်ပါ။ အချို့သည် တရားသောငြင်းခုံမှုဖြစ်နိုင်သောကြောင့် မဆင်ခြင်ဘဲ ချက်ချင်းမပစ်ပယ်သင့်ပါ။

ဒုတိယအနေဖြင့် တမန်တော်တို့သည် ထိုအမှုကို သူတို့အား "ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကိုဟောပြောခြင်းအမှု" (အငယ် ၄) ၌ အနှောင့်အယှက်မပေးစေလိုခဲ့ပါ။ ထို့ကြောင့် ဤသို့ဆိုခဲ့ကြ၏ - "တပည့်တော်အပေါင်းတို့ကို ခေါ်ပြီးလျှင် ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကိုထား၍ စားပွဲ၌လုပ်ကျွေးမှုကိုမဆောင်သင့်" (အငယ် ၂)။ သမ္မာတရားဟောပြောခြင်းအမှုဆောင်ရွက်ခြင်းသည် သူတို့၏အဓိကတာဝန်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ အသင်းတော်စည်းလုံးခြင်းရှိမည်အကြောင်း၊ ငြင်းခုံခြင်း၊ သဘောထားကွဲလွဲခြင်း၊ အပြစ်တင်ခြင်းစသည့်ပြဿနာတို့ကို အမြန်ဖြေရှင်းဖို့လိုပါသည်။ သို့သော်လည်း ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တရားတော်ဟောပြောခြင်းထက် ထိုအမှုကိုအလေးထားဆောင်ရွက်ခြင်းက အသင်းတော်စည်းလုံးမှုကိုမဖြစ်စေတတ်ပါ။ စိတ်နှလုံးတညီတညွတ်တည်းရှိခြင်းသည် ဖြစ်ပွားလာသောပြဿနာတိုင်းကို လူ့အစွမ်းဖြင့် ဖြေရှင်းခြင်းဖြင့် မဖြစ်ပွားတတ်ပါ။ သမ္မာကျမ်းစာ သစ္စာရှိစွာဟောပြောခြင်းနှင့် ကြိုးစားဆုတောင်းခြင်းတို့ကသာလျှင် လူတို့၏စိတ်နှလုံးကို ခွန်အားဖြစ်စေတတ်၏။

တမန်တော်တို့ထားခဲ့ သော သာဓကကိုကျွန်တော်တို့ လိုက်လျှောက်ကြရပါမည်။ လိုအပ်သောအချိန်၌ ထိုသို့သော ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းငှါ သစ္စာရှိသောသူ၊ ဉာဏ်ပညာရှိသောသူတို့ကို ခန့်ထားဖို့လိုပါ သည်။ သို့သော်လည်း ဆုတောင်းခြင်းနှင့် တရားဟောခြင်းကို လျစ်လျူမရှုဘဲ အစဉ်ဆောင်ရွက်ရပါမည်။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းနှင့် တရားဟောခြင်းသည် ကျေးဇူးတော်ခံစားရာ အရင်းအမြစ်ဖြစ်ကြ၏။ ပြဿနာဖြေရှင်းခြင်း၌ လောကီနည်းလမ်းများထက် ပို၍အကျိုးရှိကြ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းစေတော်မူပါ။

တနင်္ဂနွေ၊ မေ (၂၃)
**ဖိလိ ၂း၁-၁၁**
ဧဖက် ၄း၁-၆

*"ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့"*

# တညီတညွတ်တည်းရှိသောစိတ်နှလုံး (၄)

<u>ကူညီမစမှုများ(အဆက်)</u>။ စိတ်နှလုံးတညီတညွတ်တည်းရှိခြင်း၌ ကျွန်တော်တို့တစ်ဦးချင်းစီ၏ တာဝန်ကိုလည်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဖိလိပ္ပိအသင်းတော်၌ မညီညွတ်ခြင်းပြဿနာရှိကြောင်းသိလျက် (နှိုင်း - ဖိလိ ၄း၂)၊ ပေါလုက "သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိ" (ဖိလိ ၂း၂) ကြရန် တိုက်တွန်းခဲ့ပါသည်။

ဤတညီတညွတ်တည်းရှိခြင်းကို ဆီးတားသောအကြီးမားဆုံးအတားအဆီးသည် မာနထောင်လွှားခြင်းသာဖြစ်ပါသည်။ မာနထောင်လွှားခြင်းသည် သူတပါးကို ဂရုမစိုက်ဘဲမိမိကိုယ်ကျိုးကိုသာကြည့်တတ်၏။ မာနထောင်လွှားခြင်းသည် ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိတပ်မက်သောစိတ်" (အငယ် ၃) ကို ဖြစ်ပွားစေတတ်၏။ ထို့ကြောင့် ခရစ်ယာန်စိတ်နှလုံးတညီတညွတ်တည်းရှိခြင်း၏ အဓိကအချက်မှကား နှိမ့်ချခြင်းစိတ်သဘောသာလျှင် ဖြစ်ပါသည်။ "သူတပါးသည် ကိုယ့်ထက်သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့" (အငယ် ၃)။

ဤသည်ကား ခရစ်တော်ကျင့်သည့်အတိုင်း ကျင့်ခြင်း၌ တိုက်တွန်းခြင်းပင်ဖြစ်ပါသည်။ "ယေရှုခရစ်၌ရှိသော စိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့" (အငယ် ၅)။ ယေရှုခရစ်တော်သည် မိမိ၏အသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက် လူကဲ့သို့မွေးဖွားလာခဲ့ပါသည်" (အငယ် ၇)။ ခရစ်တော်သည် "အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ကိုယ့်ကိုကိုယ် နှိမ့်ချတော်မူ၏" (အငယ် ၈)။ ထိုသို့ဝေဒနာခံရခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့်သင့်မြတ်စေလျက်၊ ဘုရားသခင်၏မိသားစုဝင်အဖြစ် တလုံးတဝတည်းဖြစ်စေခြင်း၌မဟုတ်လော (ဧဖက် ၂း၁၆-၂၂)။ ထို့ကြောင့် ခရစ်တော်၏အသွေးတော်ဖြင့် ရွေးဝယ်တော်မူသောအသင်းတော်၌ သင်းကွဲခြင်း၌ ကျွန်တော်တို့ရန်တွေ့ခြင်းနှင့် အချည်းနှီးကျော်စောခြင်းကို ပြုလုပ်ရှာဖွေခြင်းသည် ခရစ်တော်၏စတေးခြင်းမေတ္တာနှင့် ပေးတော်မူသောဆုကျေးဇူးကို မထိမဲ့မြင်ပြုရာရောက်သည်မဟုတ်လော။

ချစ်သောစာဖတ်သူ၊ မိမိကိုယ်ကိုဆင်ခြင်ကြပါစို့။ သင်သည် အသင်းတော်၌ရှိရမည့်စည်းလုံးခြင်းကိုပြုစုသောသူလော၊ ဆီးတားသောသူလော။ မိမိ၏ကိုယ်ကျိုးကိုသာကြည့်၍ စည်းလုံးခြင်းကိုတားဆီးသော မာနထောင်လွှားသောသူဖြစ်ပါသလား။ ကျွန်တော်တို့သည် မျှော်လင့်ခြင်းတပါးတည်းသို့ ခေါ်သွင်းခြင်းခံရသောသူ၊ ကိုယ်တစ်ကိုယ် ဝိညာဉ်တစ်ဝိညာဉ်တည်းရှိပါလျှင် သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူလျှင် အဘယ်ကြောင့် ကွဲပြားခြင်းကို ခွင့်ပြုရပါမည်နည်း (ဧဖက် ၄း၄-၆)။ စိတ်နှလုံးတညီတညွတ်တည်းရှိကြမည်အကြောင်း ကျွန်ုပ်တို့၏မာနထောင်လွှားမှုကို ဖယ်ရှားကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သခင်အတွက် ဆင်းရဲဒုက္ခခံခြင်း၌ ကျွန်တော်အသင့်ရှိပါသလား။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ထာဝရအသက်နှင့်ဆိုင်သော ကတိတော်ကိုမျှော်ကြည့်လျက် ရှိပါ၏။

တနင်္လာ၊ မေ (၂၄)
**၁ ကော ၁၁း၁၇-၃၄**
မာကု ၁၄း၂၂-၂၅

*"သင်တို့သည် အကျိုးကိုပြုစုခြင်းငှါ စည်းဝေးကြသည် မဟုတ်၊ အကျိုးကိုနည်း စေခြင်းငှါ စည်းဝေးကြသည်ဖြစ်၍"*

# တညီတညွတ်တည်းရှိသောစိတ်နှလုံး (၅)

<u>ကူညီမစမှုများ(အဆက်)</u>။ အသင်းတော်၌ စိတ်တညီတညွတ်တည်းရှိခြင်းကို ပြုစုခြင်းငှါ ဘုရားသခင်ပေးသနားတော်မူသော မင်္ဂလာတစ်ပါးကိုလေ့လာကြပါစို့။ ထိုမင်္ဂလာသည်ကား ပွဲတော်မင်္ဂလာပင်ဖြစ်ပါသည်။ ဤပွဲတော်မင်္ဂလာ၏ ရည်ရွယ်ချက်တို့တွင် တစ်ခုမှာကယ်တင်ရှင်၌ ယုံကြည်သူများတစ်ကိုယ်တည်းဖြစ်ကြကြောင်း အောက်မေ့သတိရစေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကနဦးအသင်းတော်တွင် တပည့်တော်တို့သည် "မုန့်ကိုဖဲ့ခြင်းငှါ စည်းဝေး" (တမန် ၂၀း၇) ခဲ့ကြ၏။

ပွဲတော်မင်္ဂလာကို အလေးမထားသော ကောရိန္သုအသင်းတော်၌ ရန်တွေ့ခြင်း၊ သင်းကွဲခြင်း၊ ဖြစ်ပွားခြင်းငှါ အံ့ဩစရာမလိုပါ။ ပေါလုက "သင်တို့သည် အကျိုးကိုပြုစုခြင်းငှါ စည်းဝေးကြသည် မဟုတ်။ အကျိုးကိုနည်းစေခြင်းငှါ စည်းဝေးကြသည်" (၁ ကော ၁၁း၁၇)။ "အကြောင်းမူကား သင်တို့သည်စားကြသည်တွင် ကိုယ်စီကိုယ်စီမိမိအစာကို အရင်ယူ၍ တစ်ချို့ကား ဆာမွတ်ခြင်း တစ်ချို့ကား စားသောက်ကြူးလျက်ရှိကြ၏" (အငယ် ၂၁)။ မြတ်သောဤပွဲတော်မင်္ဂလာသည် ကိုယ်ကျိုးအတွက်စားသောက်သောပွဲဖြစ်လာခဲ့ပြီး၊ အချို့သည် ငတ်မွတ်စဉ် အချို့သည်လွန်လွန်ကျူးကျူး သောက်စားကြ၏။ ထိုသို့ဘုရားသခင်၏ပွဲတော်မင်္ဂလာကို အလေးမထားခြင်းဖြင့် အသင်းတော်၌ ရှိရမည့်စည်းလုံးမှုကို ဖျက်ဆီးခဲ့ကြပြီး၊ သင်းကွဲခြင်းမဖြစ်စေခြင်းငှါ ရည်ရွယ်လျက် ပေးထားသော ကျေးဇူးတော်ကိုပစ်ပယ်ရာ ရောက်၏။

ဤအမှားကို ကျွန်တော်တို့မကျူးလွန်ခြင်းငှါ သတိပြုကြပါစို့။ ပွဲတော်မင်္ဂလာကိုသုံးဆောင်သောအခါ ကျွန်တော်တို့သည် ခရစ်တော်၏ကိုယ်၌ အချင်းချင်းသောအင်္ဂါများဖြစ်ကြောင်း တလုံးတဝတည်းဖြစ်ကြောင်း အမှတ်ရကြပါစို့။ စိတ်ထဲ၌ရှိသောအမုန်းတရားများကို ဖယ်ရှားလျက်နောင်တရဖို့လိုပါသည်။ စိတ်ဝမ်းကွဲစေသောအရာများကို အချင်းချင်းခွင့်လွှတ်မည်အကြောင်း အချင်းချင်း အကြား၌ မိဿဟာယဖွဲ့ခြင်းတည်ရှိစေခြင်းငှါ လိုအပ်သောဝိညာဉ်ခွန်အားနှင့် ကျေးဇူးတော်ကို တောင်းလျှောက်ကြပါစို့။

ချစ်သောစာဖတ်သူ၊ သီချင်းရေးစပ်သူတစ်ဦး၏ သခင်ယေရှုခရစ်တော်၏အသင်းတော်အကြောင်း ဖော်ပြမှုကိုဆင်ခြင်ကြပါစို့ - "လောကီလူမျိုးတကာတို့မှ ကယ်တင်ရွေးကောက်ခြင်းခံရသောသူ၊ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ မွေးဖွားခြင်းတစ်ပါး ရှိသောသူ။ သန့်ရှင်းသော နာမတော်တစ်ခုတည်းကိုသာ ချီးမွမ်းသောသူ၊ သန့်ရှင်းသောအစာတစ်ခုတည်းကိုသာ သုံးဆောင်သော၊ ကျေးဇူးတော်ကြောင့် မျှော်လင့်ခြင်းရှိ၍ ရှေ့သို့ချီတပ်သောအသင်းတော်ဖြစ်" ကျွန်ုပ်တို့၏အသင်းတော်၌ ဤသမ္မာကျမ်းစာနှင့်ညီသော စိတ်သဘောတည်ပါစေသော်။

**ဆင်ခြင်ရန်** - ပွဲတော်မင်္ဂလာသည် ကျေးဇူးတော်ခံစားရာ အရင်းအမြစ်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့၏စိတ်နှလုံး တညီတညွတ်တည်းရှိစေခြင်းငှါ ကျေးဇူးတော်မင်္ဂလာကိုအသုံးပြုတော်မူပါ။

အင်္ဂါ၊ မေ (၂၅)
ဟေဗြဲ ၁၀း၁၉-၂၂
ဟေဗြဲ ၉း၁၅-၂၈

*"စိတ်နှလုံးကို သံဝေဂတရားနှင့်လွတ်အောင် ဖျန်းခြင်း. . . ရှိပြီးမှ"*

## သံဝေဂတရားနှင့်လွတ်အောင်ဖျန်းခြင်းခံသောစိတ်နှလုံး (၁)

အသိဉာဏ်သည် ကျွန်တော်တို့ ဖန်ဆင်းခံလူသားအပေါင်း၌ ပါရှိသော ဘုရားသခင်၏ သဏ္ဍာန်တော် တပါးဖြစ်ပါသည်။ ထိုအသိဉာဏ်ကြောင့် "သာသနာပလူတို့သည် ပညတ်တရားတော်ကို မသိဘဲ ၊ ကိုယ်အလိုအလျောက်တရားတော်ကိုကျင့်" (ရောမ ၂း၁၄) ခဲ့ကြ၏။ သို့သော်လည်း ထိုအသိဉာဏ်သည် အပြစ်တရားကြောင့် လုံးဝယိုယွင်းပျက်စီးပြီ ဖြစ်သောကြောင့်၊ လူကို ထိုအသိဉာဏ်က အပြစ်တင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ "သံဝေဂတရားနှင့် ပြည့်သောစိတ်နှလုံး" (ဟေဗြဲ ၁၀း၂၂) ဆိုသည်မှာ ထိုယိုယွင်းပျက်စီး၊ ဆုတ်ယုတ်သောစိတ်နှလုံးမဟုတ်ဘဲ၊ အပြစ်ကြောင့် ပင်ပန်းနွမ်းလျခြင်းရှိသော စိတ်နှလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသိဉာဏ်က ကျွန်တော်တို့သည် ဘုရားသခင်၏ စီရင်ခြင်းခံထိုက်သော အပြစ်သားဖြစ်ကြောင်း သက်သေခံလျက်ရှိပါသည်။

ဓမ္မဟောင်းထဲတွင်၊ သန့်ရှင်းစင်ကြယ်စေခြင်းကို ဖြန်းခြင်းဖြင့် ပြုလုပ်ခဲ့ကြ၏။ ဟေဗြဲကို ရေးသားသောသူက ဤသို့ရေးသားဖော်ပြခဲ့ပါသည်- "တရားတော်၌ ပါသမျှသော ပညတ်တို့ကို မောရှေသည် လူအပေါင်းတို့အား ဟောပြောပြီးမှ၊ ရေနှင့်ရောနှောသော နွား၊ ဆိတ်၏ အသွေးကို ယူ၍. . . ကျမ်းစာကိုငှင်း ဖြန်းလျက်" (ဟေဗြဲ ၉း၁၆)။ ဤသည်ကား ထုံးတမ်းစဉ်လာ ပြုသောအမှုဖြစ်၍ စိတ်နှလုံးကို မသန့်ရှင်းစေနိုင်ပါ (နှိုင်း-ဟေဗြဲ ၁၀း၄)။

သို့သော်လည်း ခရစ်တော်၏အသွေးတော်သည် အပြစ်တရား၏ စီရင်ခြင်းကို ထာဝရအတွက် တကြိမ်တည်းဖယ်ရှား၍ စိတ်နှလုံးကို ဖြန်းခြင်းပြု၍ သန့်ရှင်းစေတော်မူ၏။ "ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပကတိအတိုင်းမကျင့် ၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏" (ရောမ ၈း၁)။ သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်းခံရသော စိတ်နှလုံးသည် ဘုရားသခင်နှင့်သင့်မြတ်ခြင်းရှိသော စိတ်နှလုံးဖြစ်ပါသည်။ မိမိပြုသောကုသိုလ် ကြောင့်မဟုတ်ဘဲ၊ ခရစ်တော်ပြုတော်မူသောအမှုကြောင့် ဖြစ်၏။ ကြောက်ရွံ့တုန်လှုပ်ခြင်းရှိသော စိတ်နှလုံးမဟုတ်ဘဲ၊ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ လွတ်လပ်စေခြင်းခံရသော စိတ်နှလုံးဖြစ်၏။

ချစ်သောစာဖတ်သူ၊ ခရစ်တော် အသွေးတော်၏ဖြန်းခြင်းကို သင်ခံပြီးပြီလား။ ကယ်တင်ခြင်းအတွက် သခင်ယေရှုကို ယုံကြည်ကိုးစားခြင်းရှိပါသလား။ သင်၏အပြစ်နှင့် ဒုစရိုက် သည် သင့်ကို ပင်ပန်းနွမ်းလျခြင်း မပေးမည် အကြောင်းသတိပြုပါလော့။ ခရစ်ယာန်သည် အပြစ်ကို အထင်မသေးရပါ။ ထိုနည်းတူ ခရစ်တော်၏ အသွေးတော်သည် အပြစ်၏အစွန်းအထင်း မှန်သမျှကိုလည်း သန့်ရှင်းစေတော်မူနိုင်၏။ "ထိုမျှမကအပြစ်ကင်းသော ကိုယ်တော်ကို ထာဝရ ဝိညာဉ်တော်အားဖြင့်၊ဘုရားသခင်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏ အသွေးသည်၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေခြင်းငှါသာ၍ တတ်နိုင်တော်မူသည် မဟုတ်လော" (ဟေဗြဲ ၉း၁၄)။

**ဆင်ခြင်ရန်** - ခရစ်တော်၏အသွေးတော်ကသာလျှင် အကျွန်ုပ်စိတ်နှလုံးကို သန့်ရှင်းစေတော်မူနိုင်၏။

**ဆုတောင်းချက်-** "ယေရှုဘုရား၊ ကိုယ်တော်၏အသွေးတော်နှင့် ဖြောင့်မတ်ခြင်းသည် အကျွန်ုပ်၏ ဘုန်းကြီးလှပသော ဝတ်ရုံဖြစ်ပါ၏။ ဤခက်ခဲသော လောကကြီး၌ ထိုဝတ်ရုံကို ခြုံလျက် ဝမ်းမြောက်စွာ ဦးမော့နေထိုင်ပါမည်" (Zinzendorf)။

ဗုဒ္ဓဟူး၊ မေ (၂၆)
**ဟေဗြဲ ၁၀း၁၉-၂၂**
ဟေဗြဲ ၁၀း၂၆-၃၁

*“ငါတို့သည် သစ္စာနှင့်ပြည့်စုံသော သဘောရှိ၍ . . . အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့”*

---

## သံဝေဂတရားနှင့်လွတ်အောင်ဖျန်းခြင်းခံရသောစိတ်နှလုံး (၂)

ဟေဗြဲ ၁၀း၁၉-၂၂ ထဲတွင်၊ ထိုသို့သောစိတ်နှလုံး၏ အကျိုးကျေးဇူးကို ဖော်ပြခဲ့ပါသည်။ “ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ၊ ဝင်ရသောခွင့်ရှိသဖြင့် . . . ” (ဟေဗြဲ ၁၀း၂၀)။ ကျွန်ုပ်တော်တို့သည် ဒုစရိုက်အပြစ်သားဖြစ်၍ သန့်ရှင်းတော်မူသော သုံးပါးတဆူထာဝရဘုရားထံ မချဉ်းကပ်နိုင်သောသူဖြစ်ကြသော်လည်း၊ ယေရှု၏ အသွေးတော်ဖြင့် ဖြန်းခြင်းခံရပြီးနောက်တွင် ရဲရင့်စွာ ချဉ်းကပ်တိုးဝင်ရသောအခွင့်ရကြ၏။ ဤရဲရင့်ခြင်းသည် ကျွန်ုပ်တို့ပြုသောကုသိုလ်၌ မဟုတ်ဘဲ၊ ခရစ်တော်ပြုသောအမှု၌ တည်သော၊ “သစ္စာနှင့်ပြည့်စုံသောသဘော” (အငယ် ၂၂) ပင်ဖြစ်ပါသည်။ ပြုခဲ့သောဘယ်အရာကမျှ ဘုရားသခင်ထံတိုးဝင်ချဉ်းကပ် နိုင်ခြင်းငှါ ကျွန်တော်တို့ကို မကူညီနိုင်ပါ။ ထိုနည်းတူ၊ ခရစ်တော်၌ တည်သော ကျွန်တော်တို့ကို ပြုခဲ့သောအဘယ်အပြစ်ကမျှ ထိုအခွင့်ကို မဖျက်ဆီးနိုင်ကြောင်း ကျွန်တော်တို့ ယုံကြည်စိတ်ချမှုရှိ၏။ အရာခပ်သိမ်းသည် သခင်ယေရှု၌ အမှီပြုခြင်းဖြစ်ပါသည်။

ခရစ်တော်ကြောင့် ကျွန်တော်တို့သည် ကျေးဇူးတော် ပလ္လင်တော်သို့ လွတ်လပ်စွာဝင်ထွက်ခွင့်ရကြ၏။ ဤလွတ်လပ်ခွင့် သင်ပိုင်ဆိုင်သောအရာကို စာတန်၏လှည့်ဖြားခြင်းသံသယ ကြောင့် အဖျက်စီးမခံပါနှင့်။ထိုတိုက်ခိုက်မှုတို့ကိုဆန့်ကျင်ခြင်းငှါ ယုံကြည်ခြင်းဒိုင်းလွှားကို ကိုင်မြှောက်လော့။ ချီးမွမ်းသီချင်းစာသားများကို ကိုးကားကြပါစို့- “အကျွန်ုပ်ယုံကြည်ခြင်းသည် နားခိုရာနေရာကို ရှာတွေ့ပြီ။ အကျွန်ုပ် ဝိညာဉ်သည်လည်း အပြစ်မှ လွတ်မြောက်ပြီ။ အသက်ရှင်သောဘုရားကို ကျွန်တော်ယုံကြည်ကိုးစားခြင်းရှိ၍ သူခံရသောဒဏ်ရာသည် ကျွန်ုပ်၏ သက်သေဖြစ်ကြ၏။ အခြားဘယ်အရာမှ မလိုအပ်ပါ၊ ယေရှုသည်ကျွန်ုပ်အတွက် အသေခံတော်မူခဲ့ပြီဟူသောအချက်သည် လုံလောက်ပြည့်စုံခြင်းရှိ၏” (Hewitt)။

သို့သော်လည်း မာရ်နတ်သည် အလွန်ကောက်ကျစ်သည် ဖြစ်သောကြောင့် ကျွန်တော်တို့ကိုဟိုဘက်ဒီဘက်ကြိုးစားသွေးဆောင်နေပါလိမ့်မည်။ ညာဘက်၌ ကျွန်တော်တို့ကြံ့ကြံ့ခံစဉ်၊ ဘယ်ဘက်မှ သူသည်ဝင်လာပါလိမ့်မည်။ထို့ကြောင့် စာရေးသူက ခရစ်တော်ရွေးဝယ်တော်မူသော ကယ်တင်ခြင်းမင်္ဂလာအကြောင်းကို ဟောပြောပြီးမှ ၊ ထိုကျေးဇူးတော်ကို မထီမဲ့မြင်ပြုသောသူခံရမည့် အပြစ်ဒဏ်ကို ဖော်ပြသတိပေးခဲ့ပါသည်- “ထိုမျှမက ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက်၊ ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောသူသည်၊ အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ ထင်ကြသနည်း” (အငယ် ၂၉)။

ချစ်သောစာဖတ်သူ ကျွန်တော်တို့သည် ဘုရားသခင်ထံရဲရင့်စွာ ချဉ်းကပ်ခွင့်ရခြင်းကို အလေးမထားဘဲမနေသင့်ပါ။ “အသက်ရှင်တော်မူသောဘုရားသခင်၏လက်တော်သို့ ကျရောက်ခြင်းအမှုသည်ကြောက်မက်ဖွယ်သောအမှု ဖြစ်သတည်း” (အငယ် ၃၁)။ သံဝေဂတရားနှင့် လွတ်အောင်ဖျန်းခြင်းခံရသော စိတ်နှလုံးသည် ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားထံ ယုံကြည်စိတ်ချမှုအပြည့်ဖြင့် တိုးဝင်ချဉ်းကပ်သည် သာမက၊ ဘုရားသခင်မနှစ်သက်သောအရာကို ပြုမိမည့်အကြောင်း ကြောက်ရွံ့ထိတ်လန့်ခြင်းရှိ၍၊ဤ လောကီအရာတို့၏ သွေးဆောင်ခြင်းတို့ကို ကြံ့ကြံ့ခံလျက်၊ မရပ်မနားဘဲ၊ ဘုရားသခင်၏အမှုတော်ကို သည်းခံလျက် ကြိုးစားဆောင်ရွက်သော စိတ်နှလုံးလည်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျေးဇူးတော် ပလ္လင်သည် အသန့်ရှင်းဆုံးဌာန ဖြစ်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သန့်ရှင်းသည် နည်းတူ ကျွန်တော်တို့ရှင်းခြင်းရှိမည့် အကြောင်း မစတော်မူပါ။

ကြာသပတေး၊ မေ (၂၇)

**လုကာ ၈း၄-၁၈**

မဿဲ ၁၃း၁၈-၂၃

*"မာရ်နတ်သည် လာ၍ တရားစကားကို နှလုံးထဲမှနှုတ်ယူသောသူကို ဆိုလိုသတည်း"*

# ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး (၁)

မျိုးစေ့ကြဲသောသူ ပုံဥပမာသည် (မဿဲ ၁၃ နှင့် မာကု ၄ တွင်လည်းတွေ့ရ၏) ဘုရားသခင်၏ နှုတ်ကပတ်တော်အား အမျိုးမျိုးတုန့်ပြန်ခြင်းအကြောင်းဖြစ်ပါသည်။ ဤပုံဥပမာကို မြို့ရွာအရပ်ရပ်မှ မိမိထံ စုဝေးလာခဲ့သောလူများတို့ထံ (လုကာ ၈း၄) ယေရှုပြောကြားခြင်းဖြစ်၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာသောသူအပေါင်းတို့သည် တူညီသော တုံ့ပြန်မှု မပြုကြကြောင်း၊ တူညီသော အကျိုးရလဒ် ထွက်ပေါ်မလာကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် သတိထား၍ကြားနာရမည်အကြောင်း (အငယ်၁၈)၊ "ဖြောင့်မတ်စင်ကြယ်သောစိတ်နှင့်" (အငယ် ၁၅) ကြားနာရမည့်အကြောင်း မိမိကိုယ်ကို ဆန်းစစ်ကြရပါမည်။ ထိုသို့သောစိတ်နှလုံးသည် မည်သို့ ဖြစ်ပါသနည်း။ ပုံဥပမာကိုလိုက်၍ ထိုသို့သောစိတ်နှလုံး၌ မဖြစ်သောအရာကို အရင်ဆင်ခြင်ပြီးမှ ထိုစိတ်နှလုံး၌ ဖြစ်သောအရာကို ကြည့်ကြပါစို့။

ရှေးဦးစွာ၊ "ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးသည်" လမ်း၌ရှိသောသူကဲ့သို့ မဟုတ်ပါ (အငယ် ၁၂)။ ထိုအရပ်သော ကျသောမျိုးစေ့တို့သည် "ကျော်နင်းခြင်းကို ခံရ၍ မိုယ်းကောင်းကင်ငှက်တို့သည် ကောက်စားကြ၏" (အငယ် ၅)။ ယေရှုက "လမ်း၌ရှိသောသူကား တရားစကားကို ကြားသည်ရှိသော်၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသို့ မရောက်စေခြင်းငှါ မာရ်နတ်သည်လာ၍ တရားစကားကို နှလုံးထဲမှ နှုတ်ယူသောသူကို ဆိုလိုသတည်း"(အငယ်၁၂) ဟုရှင်းပြတော်မူ၏။ မယုံကြည်သောသူတို့ကို ဖော်ပြခြင်း ဖြစ်ပါသည်။ သူတို့သည် ကြားကြသော်လည်း၊ သူတို့အတွက် အသုံးမပြုခဲ့ကြပါ။မာကြောသောမြေပြင် ၌ ရှိသောမျိုးစေ့ကဲ့သို့ စိတ်နှလုံးမျက်နှာပြင်၌သာ တည်၍ လွယ်ကူစွာပျောက်ကွယ်ခဲ့ပါသည်။ မာရ်နတ်သည်မယုံကြည်၊ ကယ်တင်ခြင်းမရစေခြင်းငှါ ဆီးတားလျက်၊ နည်းအမျိုးမျိုးဖြင့် ထိုသို့ပြုခြင်းဖြစ်ပါသည်။

"မာရ်နတ်သည် လာ၍တရားစကားကို နှလုံးထဲမှနှုတ်ယူ" (အငယ် ၁၂)သည် မှန်လျှင်ကြားနာသောသူ၏ အပြစ်မဟုတ်ဟု မဆိုနိုင်သလော။ မဟုတ်ပါ၊ ထိုသို့နှုတ်ယူခွင့်ပြုသောသူသည် ထိုစိတ်နှလုံးကိုယ်တိုင်ဖြစ်ပါသည်။ ဤကြားနာသောသူသည် "နိုင်ငံတော်၏ တရားစကားကို ကြား၍ နှလုံးမသွင်း" (မဿဲ ၁၃း၁၉) ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်သဘောခြင်း မရှိ၊ကြည်ညိုလေးစားခြင်းမရှိ၊ လက်ခံခြင်းမရှိခဲ့ပါ။ "ဘုရားသခင်၏တရားစကား" အမှန်ဖြစ်၍ (လုကာ ၈း၁၁)၊ ထိုတရားစကား၌ လိုအပ်ချက်ရှိ၍ မဟုတ်ပါ။ စိတ်နှလုံးသည် ထိုတရားကို လက်ခံခြင်းငှါ အဆင်သင့်မဖြစ်၊ မာကြောခိုင်မာခြင်းရှိသောကြောင့် နှုတ်ယူခံရခြင်းဖြစ်ပါသည်။

ချစ်သောစာဖတ်သူ ၊ မယုံကြည်သောသူတို့၏ ဉာဏ်မျက်စိကို မာရ်နတ်က ကွယ်စေခြင်းဖြစ်ပါသည် (၂ကော ၄း၄)။ သို့သော်လည်း သူတို့သည် သိမြင်လိုခြင်းရှိပါလျှင်၊ "ခရစ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏အရောင်သည် အလင်းပေး" လျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို မယုံကြည်ခြင်းငှါ အကျွန်ုပ်စိတ်နှလုံးသည် မာကြောခြင်းရှိနေပါသလား။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကြားနာ၍ နှလုံးသွင်းသဘောပေါက်မည် အကြောင်း အကျွန်ုပ်စိတ်နှလုံးကို နူးညံ့စေတော်မူပါ။

သောကြာ၊ မေ (၂၈)

**လုကာ ၈း၄-၁၅**

၂ တိ ၃း၁၀-၁၆

*"စိတ်နှလုံး၌ အမြစ်မစွဲ၊ . . . စုံစမ်းနှောင့်ယှက် ခြင်းကို ခံရသောအခါ ဖောက်ပြန်သော သူကို ဆိုလိုသတည်း"*

# ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး (၂)

ဒုတိယအချက်ကား၊ ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံးသည် ကျောက်ခဲ ကဲ့သို့မဟုတ်ပါ။ "ကျောက်ပေါ်၌ရှိသောသူကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့် ခံယူသော်လည်း စိတ်နှလုံး၌ အမြစ်မစွဲ၊ ခဏသာယုံကြည်သဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအခါ ဖောက်ပြန်သောသူကို ဆိုလိုသတည်း" (လုကာ ၈း၁၃)။

ဤလူသည် တရားစကားကို ဝမ်းမြောက်စွာလက်ခံသယောင် အစ၌ ရှိသော်လည်း၊ အမှန်မှာ စိတ်နှလုံးထဲ၌ အမြစ်မစွဲသောသူဖြစ်၏။ ကြီးထွားသယောင်မြင်တွေ့ရသော်လည်း၊ အမှန်မြဲမြံမှုမရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူတို့၏စိတ်နှလုံးထဲ၌ အမှန်အမြစ်မစွဲခဲ့ပါ။ လက်ခံသယောင်သာရှိ၍၊ ယုံကြည်သူ၌ အမှုပြုတော်မူသော ဘုရားသခင်၏နှုတ်ကပတ်တရားကဲ့သို့ (၁သက် ၂း၁၃) လက်မခံခဲ့ကြပါ။ ဤတန်ခိုးတော်နှင့်ပြည့်စုံသော ပြုပြင်ခြင်းမပါလျှင်၊ သွေးဆောင်ခြင်းကို ဘယ်သူမျှ မဆီးတားနိုင်ပါ။ ဤစုံစမ်းနှောင့်ယှက်ခြင်းသည် နှုတ်ကပတ်တော်ကြောင့် ကြုံတွေ့ရသော ညှင်းပန်းနှိပ်စက်ခြင်းလည်း ဖြစ်ပါသည်။ ထိုအခါ အမြစ်မစွဲသော၊ ကြားနာသောသူသည် ဖောက်ပြန်ခြင်းရှိ၏ (မာကု ၄း၁၇)။

များစွာသောသူသည် ဤလူကဲ့သို့ဖြစ်ကြပါသည်။ သူတို့သည် အသင်းတော်ဖော်ပြခြင်းတို့၌ ပျော်ရွှင်စွာပါဝင်ကြပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာကြသော်လည်း၊ ထိုတရားကြောင့် ညှင်းပန်းနှိပ်စက်ခြင်း ကြုံတွေ့ကြသောအခါ၊ မြဲမြံခိုင်ခံ့ခြင်းမရှိ၊ နှုတ်ကပတ်တော်ကို မစွဲကိုင်ခဲ့ကြပါ။ ခက်ခဲဒုက္ခရောက်သောအခါ လိုအပ်သလို ခဏတာလွတ်မြောက်ခြင်းအတွက် သမ္မာတရားကို မစွဲကိုင်ဘဲ ၊ ဖောက်ပြန်တတ်ကြ၏။ သတင်းကောင်းသည် လောကီလူတို့အတွက် "မိုက်မဲခြင်း"ဖြစ်ကြောင်း သိကြသောအခါ၊ " ဘုရားသခင်၏ မိုက်မဲခြင်းအရာသည် လူ၏ပညာထက်သာ၍ ပညာရှိ၏" (၁ကော ၁း၂၃-၂၅) ဟု မဆိုရဲကြပါ။ " ပြက်ရယ်ပြုခြင်း၊ ညှင်းဆဲခြင်း၊ တံတွေးနှင့်ထွေးခြင်းကို ခံရသော " (လုကာ ၁၈း၃၂) ယေရှု၏ တပည့်တို့သည် ထိုနည်းတူ ဆင်းရဲဒုက္ခခံရမည်ဟုသိကြသောအခါ၊ ထိုသတင်းကောင်းနှင့် သခင်ယေရှုကို စွန့်လွှတ်တတ်ကြ၏။

ခရစ်ယာန်စာဖတ်သူ၊ သင်၏စိတ်နှလုံးထဲ၌ ဤအမှုကို သေချာဆုံးဖြတ်ပါလော့၊ " ယေရှုခရစ်၏ တရားတော်နှင့် အညီ၊ ဘုရားဝတ်၌မွေ့လျော်၍ နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်" (၂တိ ၃း၁၂)။ "သင်သည် အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုလည်းကောင်း၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးသောဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုလည်းကောင်း သိမှတ်သည်နှင့်၊ အထက်က သင်၍နှလုံးမသွင်းသော အယူဝါဒ၌တည်နေလော့" (၂ တိ ၃း၁၄-၁၅)။

**ဆင်ခြင်ရန်** - လူ၏စကားကဲ့သို့ မဟုတ်ဘဲ ဘုရားသခင်၏တရားစကားဖြစ်သည်ဟု အမှန်လက်ခံမှသာ ဘုရားသခင်၏နှုတ်ကပတ်တော်သည် စိတ်နှလုံးထဲ၌ အမြစ်စွဲပါလိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် သမ္မာတရား၌ အကျွန်ုပ်စိတ်နှလုံးကို ခိုင်ခံ့မြဲမြံစေတော်မူပါ။

*“ လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊
ကာမဂုဏ်ခံစားခြင်းတို့သည်
နှိပ်စက်၍အသီးမသီးသောသူ”*

## ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး (၃)

တတိယအချက်ကား၊ ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံးသည် ဆူးပင်ကဲ့သို့ မဟုတ်ပါ။ “ဆူးပင်တို့တွင် ရှိသောသူကား၊ တရားစကားကို ကြားသည့်ရှိသော်၊ လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံစားခြင်းတို့သည် နှိပ်စက်၍ အသီးမသီးသောသူကို ဆိုလိုသတည်း” (လုကာ ၈း၁၄)။

ဤကြားနာသောသူသည် ဒေမကဲ့သို့သော လူဖြစ်ပါသည်။ သူသည် ကောလောသဲ အသင်းတော် နှုတ်ဆက်ခြင်း၌ လုကာနှင့်အတူ ဖော်ပြခြင်းခံခဲ့ပါသည် (ကောလောသဲ ၄း၁၄)။ ပေါလုက “ငါ၏လုပ်ဖော်ဆောင်ဘက် ” (ဖိလေ ၂၄) ဟုလည်းဖော်ပြခဲ့ပါသည်။ သို့သော်လည်း နောက်ဆုံးတွင် ပေါလုက ဤသို့ ဝမ်းနည်းစွာ ဖော်ပြခဲ့ပါသည်- “ ဒေမသည် ယခုဘဝကိုနှစ်သက် သောစိတ်ရှိသည်နှင့် ငါ့ကိုစွန့်ပစ်၍၊ သက်သာလောနိတ်မြို့သို့သွားပြီ။ ကရက္ကေသည် ဂလာတိပြည် သို့၎င်း၊ တိတုသည် ဒါလမာတိပြည်သို့၎င်း သွားပြီ” (၂ တိ ၄း၁၀)။ လောကီဘဝကို နှစ်သက်ခြင်း၊ “ လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံစားခြင်းတို့သည် ”(လုကာ ၈း၁၄) သူ့ကို အသီးမသီးနိုင်အောင် နှောင့်ယှက်ဆီးတားခဲ့ပါသည်။ သူသည် ပေါလုနှင့်အမှုတော်ဆောင်ခြင်း ကိုစွန့် ပစ်ခဲ့ပါသည်။

ချစ်သောစာဖတ်သူ၊ “လောကီစည်းစိမ်ဥစ္စာ၏လှည့်စားခြင်း” (မဿဲ ၁၃း၂၂) ကို အဓိပါယ်မရှိဘဲ၊ အလကားသက်သက် သတိပြုရန် ကျွန်တော်တို့အား နိုးဆော်သတိပေးသည်ကို မဟုတ်ပါ။ လူကို အလွန်ဒုက္ခပေးတတ်သည် ဖြစ်သောကြောင့်၊ သခင်ယေရှုက ဤသို့ မိန့်တော်မူ၏- “ ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့အလွန်ဝင်ခဲလှ၏။ ကုလားအုတ်သည် အပ်နဖားကို လျှိုလွယ်၏၊ ငွေရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ခဲသည်”(လုကာ ၁၈း၂၄-၂၅)။ စိတ်နှလုံးထဲ၌ ငွေကြေးတပ်မက်ခြင်းရှိသောအခါ ဤလောက၌ ငွေကြေးဥစ္စာကို ဆည်းပူးလို၍၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဤလောက၌တည်၏ (နှိုင်း-မဿဲ ၆း၁၉-၂၅)။ ဤအမှုမဟုတ်လော၊ သမ္မာကျမ်းစာက သတိပေးခဲ့သော သွေးဆောင်ခြင်းကျော့ကွင်းဟူသော အရာ (၁တိ ၆း၉)။

ထို့ပြင် “ကာမဂုဏ်ခံစားခြင်း” ပင်လျှင် ၊ ဟုတ်ပါ၏ ယခုဘဝနှစ်သက်ခြင်းကို ကောင်း မွန်စွာ မကိုင်တွယ် မသိမြင်တတ်ပါလျှင်၊ အလွန်အန္တရာယ်ရှိလှပါသည်။ စည်းစိမ်ကြွယ်ဝ ခြင်း၏ သွေးဆောင်ခြင်းမခံရသောသူများစွာတို့သည် ဤလောကီကာမဂုဏ် အပျော်ကျူးခြင်း၏ သွေးဆောင်ခြင်းကို ခံရကြပါ၏။ ဘယ်နှစ်ယောက်သည် ဤဘဝအသက်တာ စိုးရိမ်ပူပန်ခြင်းကြောင့် နိုင်ငံတော်ကို မရှာဖွေဘဲနေကြပါသနည်း (နှိုင်း-မဿဲ ၆း၃၃)။ ကျွန်တော်တို့သည် အသီးမသီးဘဲ မနေမည်အကြောင်း၊ တမန်တော်ပေါလု၏ တိုက်တွန်းနိုးဆော်မှုကို သတိပြုကြပါစို့-“စစ်သူရဲ မည်သည်ကား၊ မိမိကိုစစ်သူရဲအရာ၌ ခန့်ထားသောသူကို နှစ်သက်စေခြင်းငှာ၊ လောကီမှုရေးနှင့် ပွမ်းနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏” (၂ တိ ၂း၄)။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးသည် “လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံစားခြင်း”နှင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပြည့်ဝရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံးအား ဤလောကီအရာတို့၏ ချုပ်နှောင်ခြင်းမှ ကင်းလွတ်စေတော်မူပါ။

တနင်္ဂနွေ၊ မေ (၃၀)
**လုကာ ၈း၄-၁၅**
ယာကုပ် ၁း၂၂-၂၅

*"တရားစကားကိုကြားလျှင်၊ စွဲလမ်းသောအားဖြင့် မြဲမြံစွာ အသီးသီးသောသူ"*

# ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး (၄)

"ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး"၏ မဟုတ်သောအချက်တို့ကို လေ့လာခဲ့ပြီဖြစ်သောကြောင့်၊ နောက်ဆုံးတွင် ဟုတ်သောအချက်ဖြစ်သော - ကောင်းသောမြေအကြောင်းကို လေ့လာကြပါစို့။ "ကောင်းသောမြေ၌ ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးနှင့် တရားစကားကိုကြားလျှင်၊ စွဲလမ်းသောအားဖြင့် မြဲမြံစွာအသီးသီးသောသူကို ဆိုလိုသတည်း" (လုကာ ၈း၁၅)။

တနည်းဆိုသော်၊ "ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံး"သည်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာ၍ လိုက်လျှောက်ခြင်းပင် ဖြစ်ပါသည်။ လေ့လာခဲ့ပြီးသော မြေအမျိုးအစားတို့နှင့် ဤကောင်းသောမြေသည် ကွဲပြားခြင်း ရှိပါ၏။ အခြားသောသူတို့သည် နှုတ်ကပတ်တရားကို ကြားသိကြသော်လည်း၊ အမှန်တကယ်မလိုက်လျှောက်ခဲ့ကြပါ။ယာကုပ်က ဤသို့ဆိုခဲ့ပါသည်- "ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကိုနာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ယာကုပ် ၁း၂၂) ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမှန်တကယ်လိုက်လျှောက်ခြင်းမရှိလျှင်၊ စစ်မှန်သော ကယ်တင်ခြင်းမရှိပါ၊ မိမိကိုယ်ကို လှည့်စားခြင်းသာဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အသက်ရှင်ခြင်းနှင့် ဆိုင်သော "လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား" (ယာကုပ် ၁း၂၅) ဖြစ်ပါသည်။ "ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ ထက်ထက် ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊အသက်နှင့်စိတ်ဝိညာဉ်ကို လည်းကောင်း၊ အရိုးဆစ်နှင့်ခြင်ဆီကို လည်းကောင်းပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏" (ဟေဗြဲ ၄း၁၂)။ နှုတ်ကပတ်တရားက ကျွန်ုပ်တို့ကို လမ်းနှစ်လမ်းဖြစ်သော ၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းလမ်းနှင့် ကျွန်ုပ်တို့၏လမ်းမှားမှုကို ဖော်ပြလျက် ရှိပါ၏။ ကြားသာကြားနာလျက် လိုက်လျှောက်ခြင်းမရှိသောသူကို "မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဍာန်ကို ချက်ချင်းမေ့လျော့တတ်၏" (ယာကုပ် ၁း၂၃-၂၄) ။

သို့သော်လည်း "ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး" ရှိသောသူသည် သမ္မာတရားဖြင့် မိမိကိုယ်ကို စစ်ကြောတတ်၏။ ထိုနှုတ်ကပတ်တော်အတိုင်း နေထိုင်ကျင့်ကြံခြင်းငှါ အစဉ်ကြိုးစားခြင်းပြု၏။ ထိုသို့သော ပုဂ္ဂိုလ်ကို ဤသို့ဖော်ပြခဲ့ပါသည်- "လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏" (ယာကုပ် ၁း၂၅)။ ထိုသူသည် "မြဲမြံစွာအသီးသီးသောသူ" ဖြစ်၏ (လုကာ ၈း၁၅)။ ချစ်သောစာဖတ်သူ၊ ထိုသို့သော စိတ်နှလုံးသင် ပိုင်ဆိုင်ပြီးပြီလား။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြား၍ လိုက်လျှောက်၊ ကြိုးစားကျင့်နေပါသလား။ ထိုသို့ သင်ပြုပါလျှင် သခင်ဘုရားက မိမိလူတို့အား၊ "သာဓု၊ သစ္စာရှိသော ငယ်သားကောင်း" (မဿဲ ၂၅း၂၁) ဟုမိန့်တော်မူမည့် မင်္ဂလာရှိသော နေ့ရက်ကို သင်အမှန်မျှော်လင့်၍ ရပြီဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကိုယ်တော်၏ နှုတ်ကပတ်တော်သည် အကျွန်ုပ်၏ခြေရှေ့၌ မီးခွက်ဖြစ်ပါ၏ . . . အပြစ်မှ ကျွန်ုပ်ကို ကယ်နှုတ်၍ကောင်းကင်လမ်းခရီးသို့ ပို့ဆောင်တော်မူ၏" (Sellers)။

**ဆုတောင်းချက်-** "ကိုယ်တော်၏နှုတ်ကပတ်တရားကို နှလုံးထဲမှာသိုထားပါပြီ"(ဆာလံ ၁၁၉း၁၁)။

တနင်္လာ၊ မေ (၃၁)

**တရား ၅း၂၂-၃၃**

ဆာလံ ၃၆

*"ငါတို့ကြောက်ရွံ့၍ ငါပညတ်သမျှတို့ကို အစဉ်စောင့်ရှောက်ခြင်းသောစိတ်နှင့် ပြည့်စုံကြပါစေသော"*

# ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိသောစိတ်နှလုံး

မောရှေက တရားဟောရာကျမ်း အခန်းကြီး ၅ထဲတွင် သိနတောင်၌ ဘုရားသခင်ကိုယ်တိုင်က မိမိလူတို့အားပေးတော်မူသော ပညတ်တော်ဆယ်ပါးကို ပြန်၍ဖော်ပြခဲ့ပါသည်။ မောရှေက "ထိုစကားတော်ကို ဘုရားသခင်သည် . . . ပရိသတ်အပေါင်းတို့အား မိန့်မြွက်တော်မူ၏။ ထပ်၍ မိန့်မြွက်တော်မမူ" (တရား ၅း၂၂) ဟု သတိပေးခဲ့၏။ ထိုအခါ "မှောင်မိုက်ထဲက စကားသံကိုကြား၍" မောရှေအား "အကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားသည် ဘုန်းတန်ခိုးအာနုဘော်တော်ကို အကျွန်ုပ်တို့အားပြတော်မူပြီ။ . . . အကျွန်ုပ်တို့ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသောအသံတော်ကို တဖန်ကြားရလျှင် သေရပါလိမ့်မည်" (အငယ်၂၃-၂၅)ဟု ဆိုကြ၏။ သူတို့က မောရှေအား သူတို့ကိုယ်စား ဘုရားသခင်ထံစကားပြော၍၊ ဘုရားသခင်၏စကားကို သူတို့ထံပြန်ပြောခြင်းငှါ တောင်းလျှောက်ခဲ့ကြပါသည်။

ထိုအမှု၌ ထာဝရဘုရားကျေနပ်တော်မူ၏။ "ထာဝရဘုရားကလည်း၊ဤလူမျိုးသည် သင့်အားလျှောက်သောစကားသံကို ငါကြားရပြီ။ လျှောက်လေသမျှသောစကားသည် လျောက်ပတ်ပေ၏" (အငယ် ၂၈)။ လူတို့သည် စစ်မှန်သောဘုရားသခင် ကြောက်ရွံ့ခြင်းသဘောကို ဖော်ပြခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်နှစ်သက် တော်မူ၏။ "ငါ့ကိုကြောက်ရွံ့၍ ငါပညတ်သမျှတို့ကို အစဉ်စောင့်ရှောက်ချင်သောစိတ်နှင့်ပြည့်စုံကြပါစေသော" (အငယ် ၂၉) ။ ဤစကားတော်ကို ချစ်သောစာဖတ်သူ၊ ကောင်းကောင်းမှတ်ထားပါလော့။ ကျွန်တော်တို့သည် ဤအမှု၌ဘုရားသခင်၏စိတ်သဘောကို မြင်တွေ့ရပါ၏။ မိမိလူတို့သည် မိမိအား ကြောက်ရွံ့ခြင်းရှိခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။

ယခုကျွန်တော်တို့ပြောနေသော ကြောက်ရွံ့ခြင်းသည် ရွံရှာစရာကောင်းသော၊ နတ်ဆိုးတို့၌ ရှိသော ကြောက်ရွံ့တုန်လှုပ်ခြင်းမျိုးကို မဆိုလိုပါ(နှိုင်း- ယာကုပ် ၂း၁၉)။ ရင်းနှီးကျွမ်းဝင်သော၊ ရိုသေကြည်ညိုခြင်းရှိသော၊ ဝတ်ပြုကိုးကွယ်ခြင်းကို ဖြစ်စေသော၊ ဘုရားသခင်ကြောက်ရွံ့ရိုသေခြင်းသဘောကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤကြောက်ရွံ့ခြင်းသည် ဘုရားသခင်၏ လူတို့အား ဘုရားသခင်၏ ပညတ်တရားကို လိုက်နာစောင့်ရှောက်စေခြင်းကို ဖြစ်ပွားစေပြီး၊ အကျိုးရလဒ်ဟူမူကား၊ "သူတို့နှင့်သားမြေးအစဉ်အဆက်တို့သည် ချမ်းသာရမည် အကြောင်း" ဖြစ်ပါသည် (အငယ် ၂၉)။

ကျွန်တော်တို့ သိထားကြသည့်အတိုင်း၊ ဣသရေလလူတို့သည် ထိုကြောက်ရွံ့ခြင်းသဘောကို မထိန်းသိမ်းခဲ့ကြပါ။ ထိုသို့ဝန်ခံခဲ့ကြပြီးနောက် ရက်အနည်းငယ်အကြာတွင်၊ ရုပ်တုဆင်းတုကိုးကွယ်ကြလျက် အရှက်မရှိ ကခုန်မြူးတူးနေခဲ့ကြ၏။ သူတို့၌ကောင်းသောအမှု မရောက်ခဲ့ပါ - "ထိုနေ့၌ လူသုံးထောင်လောက် သေကြ၏" (ထွက် ၃၂း၂၈)။ သင်နှင့်အကျွန်ုပ်၌ဘယ်အမှုဖြစ်လာလိမ့်မည်နည်း။

**ဆင်ခြင်ရန်** - "ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်းသည် မတရားသောသူ၏ မျက်စိ၌ မထင်ဟု၊ ထိုသူပြုတတ်သော ဒုစရိုက်ကို ငါထောက်၍သဘောကျ၏" (ဆာလံ ၃၆း၁)။

**ဆုတောင်းချက်** - "ထာဝရဘုရားကို မြေကြီးတပြင်လုံးကြောက်ရွံ့စေ။ လောကီနိုင်ငံသားအပေါင်းတို့သည် ရိုသေလေးမြတ်ကြစေ" (ဆာလံ ၃၃း၈)။

အင်္ဂါ၊ ဇွန် (၁)
**သုတ္တံ ၁၀း၈**
သုတ္တံ ၉း၈-၁၂

*“လိမ္မာသောသူသည်
ပညာတရားကိုခံယူတတ်၏”*

# ပညာရှိနှလုံး

သုတ္တံကျမ်းတွင် မကြာခဏအလေးပေး ဖော်ပြသော ပညာ၏ကဏ္ဍာတစ်ခုမှာ ပညာရှိတို့၏ ဆုံးမပဲ့ပြင်မှုကို လက်ခံခြင်းဖြစ်သည်။ “ ပညာရှိကို ဆုံးမလော့ ။ သူ သည် သင့်ကို ချစ်လိမ့်မည် (သုတ္တံ ၉း၈) ။ ထို့ကြောင့် ပညာရှိသောနှလုံးသည် “ ပညတ်တော်တို့ကို ခံယူလိမ့်မည် ” (သုတ္တံ ၁၀း၈) ။ ဤနေရာတွင် “ပညတ်တော်တို့” သည် အသက်ရှင်ရန် မှန်ကန်သောလမ်းအတိုင်း ညွှန်ကြားချက်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဤ “ပညတ်တော်များ” နှင့် ညွှန်ကြားချက်များသည် မှန်ကန်ပြီး ကျမ်းစာနှင့်ညီညွတ်သည်။ အမှန်တကယ် ပညာရှိသောသူ များသည် ထာဝရဘုရားရှေ့တော်၌ ဖြောင့်မတ်စွာ ကျင့်ကြံဖို့ကို အကူအညီပေးမည်ဆိုပါက ပြင်းထန်သော ပြစ်တင်ဆုံးမခြင်းကိုပင် နားထောင်ခံယူခြင်းအရာမှာ ပျော်ရွှင်နေလိမ့်မည်။ ဖြောင့်မတ်သောသူသည် အကျွန်ုပ်ကို ဒဏ်ခတ်ပါစေသော၊ ကျေးဇူးရှိပါလိမ့်မည်။ ဆုံးမပါစေသော၊ အကျွန်ုပ် ဦးခေါင်းကို လိမ်းသောဆီဖြစ်ပါလိမ့်မည် (ဆာလံ ၁၄၁း၅)။

ညွှန်ကြားချက်ကို လက်ခံရရှိရန် ဤနှိမ့်ချသော စိတ်ဆန္ဒ၏ အကျိုးရလဒ်သည် ပညာ၌ တိုးပွားခြင်းဖြစ်သည်။ “ ပညာရှိသောသူကို ဆုံးမလျှင်၊ သူသည်သာ၍ ပညာရှိလိမ့်မည်။ ဖြောင့်မတ်သောသူကို သွန်သင်လျှင်၊ သူသည် သိပ္ပံအတတ်တိုးပွားလိမ့်မည်” ( သုတ္တံ ၉း၉) ။ စိတ်နှလုံး၌ ပညာရှိသောသူသည် ထာဝရဘုရားနှင့်အတူ လျှောက်လှမ်းခြင်း၌ ကြီးထွား၍ ရင့် ကျက်နိုင်ကြသည်။ သူတို့သည် ညီအစ်ကိုများ၏ ဘုရားရေးရာနှင့် ပညာရှိဆုံးမစကားများမှ အကျိုးကျေးဇူး ရရှိနိုင်ကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် “မိုက်သောသူသည် လဲကျလိမ့်မည်” (သုတ္တံ ၁၀း၈)။ “မိုက်သော သူ”သည် မိမိ၏နှုတ်ကို မချုပ်တည်းသောသူဖြစ်သည်။ သူသည် မာနထောင်လွှား၍သူကို ဆုံးမပဲ့ပြင်သော သူတို့တဘက်၌ ပြင်းထန်စွာပုတ်ခတ်ပြောဆိုလျက်ရက်စက်စွာ စော်ကား၍ ကျယ်လောင်သောအသံနှင့် ရန်မူတုန့်ပြန်တတ်၏ ။ “ထိုသူကို ငါမုန်း၏ ။ ငါ၌မင်္ဂလာစကားကိုမဟော။ အမင်္ဂလာစကားကိုသာ ဟောတတ်သည်” ဟူ၍သစ္စာရှိသော၊ ပရောဖက်မိက္ခာကို ပြောခဲ့သော ဘုရင်ဆိုးအာဟပ်သည် ထိုသို့သော သူဖြစ်သည် ( ဓမ္မရာဇဝင်တတိယစောင် ၂၂း၈ )။ မကြာမီတွင် ဤဆိုးညစ်သောရှင်ဘုရင်မှာ စစ်ပွဲတွင် “ကျရှုံး” ခဲ့သည်မဟုတ်လော (၃ ရာ ၂၂း၃၄-၃၅)။

ချစ်သောစာဖတ်သူတို့ ၊ သမ္မာကျမ်းစာက “မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်းအရင်၌ နေရာကျတတ်၏” (သုတ္တံ ၁၆း၁၈ ) ဟူ၍ကျမ်းစာက ကျွန်ုပ်တို့ကို သတိပေးခြင်းမှာ အချည်းနှီးမဟုတ်ပေ။ ညွှန်ကြားချက်ကို ငြင်းပယ်ပြီး ဆုံးမခြင်းကို လျစ်လျူရှုသော မာနထောင်လွှားသော သူတို့ကဲ့သို့ ကျွန်ုပ်တို့သည် မဖြစ်ကြပါနှင့်။ ကျွန်ုပ်တို့သည် မိမိတို့ပတ်လည်တွင် ရှိကြသော သူတို့၏ ဆုံးမပဲ့ပြင်ခြင်းကို နားထောင်၍ နှိမ့်ချသော စိတ်နှလုံး ရှိကြပါစို့။ ကျွန်ုပ်တို့သည် မိမိတို့အား အကြံဉာဏ်ပေးသော သူတို့ကို ဒါဝိဒ်က “ယနေ့ငါနှင့် တွေ့စေခြင်းငှါ သင်ကို စေလွှတ်တော်မူသော ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ သင်ပေးသောအကြံလည်း မင်္ဂလာရှိစေသတည်း ”(၁ရာ ၂၅း၃၂-၃၃) ဟူ၍မိန့်သကဲ့သို့ကျွန်ုပ်တို့သည် မိန့်ဆိုကြပါစို့။

**ဆင်ခြင်ရန်** - ကာကွယ်ခြင်းသည် များသောအားဖြင့် ပညာ၏ အမှတ်အသားမဟုတ်ပေ။
**ဆုတောင်းချက်-** အဖ ၊ ကျွန်ုပ်သည် သင်ယူစရာများစွာရှိပါ၏။ ဆုံးမပဲ့ပြင်ခြင်းကို ကောင်းစွာ လက်ခံနိုင်ရန် ကူညီ ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၂)
**ဒံယေလ ၁း၁-၂၁**
၆ ရာ ၃၆း၁-၂၁

*" ဒံယေလမူကား . . . အကြံရှိ၍ . . . "*

# ရည်ရွယ်ချက်ရှိသောနှလုံးသား (၁)

ဒံယေလကျမ်းကို အပိုင်းနှစ်ပိုင်း အဖြစ်ခွဲခြားနိုင်၏။ ၎င်းတို့မှာ သမိုင်းနှင့် ဆိုင်သောအပိုင်း (အခန်းကြီး၁-၆) နှင့် ပရောဖက်ပြုချက် (အခန်းကြီး ၇-၁၂) ဟူ၍ ဖြစ်သည်။ ဤစာအုပ်ကို လေ့လာရာတွင် ပရောဖက်ပြုချက်အပိုင်းကို မကြာခဏ အာရုံစိုက်ကြသည်။ ဤအနာဂတ္တိကျမ်းများ၏ အနက် ဖွင့်ဆိုချက်နှင့်ကျမ်းစာပါ အခြားပရောဖက်ပြုချက်များနှင့် ဆက်စပ်မှုများအကြောင်း ဆွေးနွေးခြင်းအတွဲများကို ရေးသားထားခဲ့ပြီးဖြစ်သည်။ သို့သော် သမိုင်းနှင့်ဆိုင်သော အပိုင်းသည် တန်ဖိုးရှိသော ဥစ္စာခနေ၊ သူ၏ဖြောင့်မတ်ခြင်းကို ဘုရားသခင်ကိုယ်တိုင် ချီးကျူးခဲ့သည် (ယေဇ ၁၄း၁၄) ဓမ္မဟောင်းကျမ်းမှ အထင်ရှားဆုံး ပုဂ္ဂိုလ်တစ်ဦး၏ အသက်တာမှ ရရှိသော ဝိညာဉ်ရေးရာ သင်ခန်းစာများ၏ ရွှေတွင်းတစ်ခု ဖြစ်သည်။

ဒံယေလ၏ အစောပိုင်းနှစ်များကို အနည်းငယ်သာ သိရှိရ၏။ သူသည် ယုဒပြည်၏ နောက်ဆုံးမင်းဖြစ်ပြီး ကောင်းသောမင်းဖြစ်သည့် ယောရှိမင်း လက်ထက်တွင် ကြီးပြင်းခဲ့ဟန်ရှိပြီး ထိုခေတ်ကာလတို့၏ ဘာသာရေးပြန်လည်နိုးထမှုတို့ကို ထိတွေ့ခံစားခဲ့လိမ့်မည်။ ထို့ပြင် ဒံယေလ၏ ဟေဗြဲအမည် (ဘုရားသခင်သည် ကျွန်ုပ်၏ တရားသူကြီးဖြစ်သည် ဟု အဓိပ္ပာယ်ရသည် ) မှာ ဣသရေလအမျိုး၏ ဘုရားသခင်အား ရည်ညွှန်းပြီး ၊ သူ၏မိဘများသည် သစ္စာရှိသော ယုံကြည်သူများ ဖြစ်နိုင်သည်ဟု ထောက်ပြပါသည်။ မည်သို့ပင် ဖြစ်ပါစေ၊ ဒံယေလသည် ငယ်စဉ်ကတည်းက ဘုရားသခင်၏ နှုတ်ကပတ်တော်၌ စေ့စေ့စပ်စပ် အခြေခံထား ကြောင်းရှင်းနေပါသည်။ ဤသည် အရေးကြီးသောပြင်ဆင်မှုဖြစ်ခဲ့သည်။ ကျရောက်ခဲ့သည့် စမ်းသပ်မှု မီးတောက်တို့ကို ခံနိုင်ရည်ရှိဖို့ရန် သူ၏ယုံကြည်မှုများသည် ခိုင်မာသောအုတ်မြစ် လိုအပ်ခဲ့သည်။

ဝမ်းနည်းစရာမှာ ၊ ယောရှိမင်း အစပြုခဲ့သော နိုးထမှုသည် ကြာရှည်မခံခဲ့ပါ။ သူသေဆုံးပြီးနောက် နိုင်ငံတော်သည် ဆိုးသွမ်းသော ဘုရင်များလက်အောက်သို့ ရောက်သွားပြီး၊ ဗာဗုလုန်စစ်တပ်က ယေရုရှလင်ကို ဝန်းရံပိတ်ဆို့မှုများ ရှိပြီး မကြာမီတွင် ဂျူးလူမျိုးများ ပြည်နှင်ဒဏ်ခံများအဖြစ် အဆုံးသတ်ခဲ့သည်။ ဒံယေလအပါအဝင် လူအများကြီးကို သုံ့ပန်းအဖြစ်ခေါ် ဆောင်သွားသည်။ ဤအချိန်၌ ဒံယေလ၏အသက်ကို အတိအကျ မဆုံးဖြတ်နိုင်သော်လည်း ခန့်မှန်းချက်သည် ၁၂မှ၁၈ နှစ်အထိ ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်လူငယ်တစ်ဦးအနေဖြင့် မိသားစုနှင့် ဇာတိမြေမှ ခွဲခွာခြင်း၊တိုင်းတစ်ပါးသို့ တွန်းပို့ခဲ့ရပြီး နိုင်ငံခြားယဉ်ကျေးမှုထဲသို့ ဝင်ရောက်ရခြင်း အတွေ့အကြုံမှာ အလွန်စိတ်ပျက်ဖွယ်ကောင်းသောဖြစ်ရပ်ဖြစ်ပေမည်။

သို့သော် ဒံယေလ၌ဤထိတ်လန့်ဖွယ်အတွေ့အကြုံကပင် သူ့ထံမှ မဖယ်ရှားပေးနိုင်သော အရာတစ်ခုရှိသည်။လောက၌အကျိုးဆက်မည်သို့ပင် ဖြစ်စေကာမူ သူ၏နှလုံးသားထဲ၌ ဘုရားသခင်အား ဘုန်းတော်ထင်ရှားစေရန်နှင့် သူ့အားနာခံရန် ဆုံးဖြတ်ထားသည့် ရည်ရွယ်ချက်ထားရှိသည်။ ဒံယေလကို အစောပိုင်းက တည်ထောင်ခဲ့သော ဤရည်ရွယ်ချက်က သူ၏ဘဝ တစ်လျှောက်လုံးတွင် သယ်ဆောင်သွားလိမ့်မည်။

**ဆင်ခြင်ရန်** - " သူငယ်သွားရာ လမ်း၀၌ ဆုံးမသွန်သင်လော့။"(သုတ္တံ ၂၂း၆)။
**ဆုတောင်းချက်-** အိုအဖ၊ ကိုယ်တော်အား နာခံရန် နှလုံးသားကို ပေးတော်မူပါ။

ကြာသပတေး၊ ဇွန် (၃)
**ဒံယေလ ၁း၁-၈**
ဟေဗြဲ ၁၁း၂၄-၂၇ *"သူသည် မိမိကိုယ်ကိုညစ်ညူးစေတော်မမူပေ"*

# ရည်ရွယ်ချက်ရှိသောနှလုံးသား (၂)

ဒံယေလနှင့်အခြားသုံ့ပန်းများသည် သူတို့၏ဇာတိမြေမှ ရုတ်တရက်ဆွဲထုတ်လိုက်ပြီး ဗာဗုလုန်အင်ပါယာ၏ အကြီးဆုံးမြို့တော်ဖြစ်၍ ကြီးကျယ်ခမ်းနား၍ ဗိမ်ခံပစ္စည်းများနှင့်ပြည့်ဝသော ဗာဗုလုန်မြို့သို့ခေါ်ဆောင်ခြင်းခံရပြီး ထိုအရာတို့နှင့်ချက်ချင်းထိတွေ့ခဲ့ရသည်။ ထို့ပြင်၊ ဒံယေလသည် "ဘုရင့်နန်းတော်ထဲ၌ နေထိုင်ဖို့ရန်အရည်အသွေးရှိသောသူတို့" ထဲ၌ သတ်မှတ်ခြင်းခံရပြီး အထူးလေ့ကျင့်မှုအတွက် ရွေးချယ်ခံရသောသူများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည် (ဒံ ၁း၄)။ ၎င်းသည် "ကာလဒဲလူအမျိုးသားတို့" အတွက် ကြီးမားသောသွေးဆောင်မှုဖြစ်ပေလိမ့်မည် (အငယ် ၃)။ တဖက်တွင် သူတို့၏နေရပ်မှခေါ်ဆောင်လာပြီး သူတို့၏ဘုရားသခင်က စွန့်ပစ်ခဲ့သည်။ အခြားတဖက်တွင် ဂုဏ်အသရေနှင့်လည်း စည်းစိမ်ဥစ္စာတို့ကို ဂတိတော်ရှိပြီး စည်းစိမ်များနှင့်ပြည့်လျှံနေသောမြို့တော်သို့ ဆောင်ခြင်းခံရသည်။

အမှန်စင်စစ် ဤအမျက်သည် နေဗုခဒ်နေဇာရဲ့ဒီဇိုင်းနှင့် သူ၏တမင်မူဝါဒဖြစ်ဟန်ရှိသည်။ ဒံယေလနှင့်သူ၏အဖော်များကို "ရှင်ဘုရင်စားသောအသားနှင့် သောက်တော်မူသောစပျစ်ရည်ကို နေ့တိုင်းပေး၍" သုံးနှစ်ကျွေးမွေးစေပြီး၊ ခါလဒဲဘာသာအတတ်ကို သင်စေသည် (အငယ် ၄-၅)။ အကြောင်းမှာသူတို့သည် မိမိတို့၏အမွေအနှစ်ကို မေ့ပျောက်၍ မိမိတို့၏ဘုရားသခင်ကိုစွန့်ပြီး၊ မိမိတို့တွေးခေါ်ပုံနှင့်သစ္စာရှိမှုတို့တွင် ဗာဗုလုန်လူမျိုးဖြစ်လာစေရန် ဖြစ်သည်။

ချစ်သောစာဖတ်သူ၊ ဤအရာသည် ဤနေ့ရက်တွင်ရန်သူရဲ့နည်းဗျူဟာမဟုတ်လား။ ရန်သူသည် ဗာဗုလုန်မြို့၏ဘုန်းအသရေကို ဒံယေလထံသို့ဆောင်ခဲ့ပြီး၊ သခင်ယေရှုရှေ့တော်၌ပင် "လောကတိုင်းနိုင်ငံရှိသမျှတို့၏ ဘုန်းအသရေကိုယူဆောင်ခဲ့"လျှင် (မဿဲ ၄း၈) ငါတို့၌လည်း ထိုနည်းအတိုင်း မလုပ်ဘဲနေမည်လား။ ကျွန်ုပ်တို့သည် သခင်ဘုရားကိုစွန့်ခွာရန်နှင့် သခင်ဘုရားထံ သစ္စာခံမှုကို ဖျက်သိမ်းရန်သူသည်သွေးဆောင်နေသည်မဟုတ်လား။

ကျွန်ုပ်တို့သည် ဒံယေလကဲ့သို့ရည်ရွယ်ချက်ရှိဖို့ အလွန်လိုအပ်ပါသည်တကား။ ကျွန်ုပ်တို့သည် အကျင့်စာရိတ္တပျက်ပြားခြင်းအလယ်၌ဖြစ်စေ၊ ဘုရားသခင်ကို ချစ်မြတ်နိုးခြင်းနှင့် သူ့အမှုတော်ထမ်းရွက်ခြင်းအမှုမှသွေဖယ်မသွားရပါ။ ဆင်းရဲနွမ်းပါးမှုအလယ်၌ဖြစ်စေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဆန့်ကျင်လျက် စိတ်ပျက်အားလျော့ခြင်း (သို့) အမျက်ထွက်ခြင်းသို့သွေးဆောင်ခြင်းသို့ မလိုက်ရပါ။ စာတန်သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများတွင် ဘုရားသခင်အား နာကြည်းစိတ်ဖြစ်ဖို့ ဦးစွာလှုံ့ဆော်ဖို့ ကြိုးစားပြီးနောက်ကျွန်ုပ်တို့ကိုချီးမြှောက်ဖို့ကမ်းလှမ်းခြင်းဖြင့် ပုန်ကန်ခြင်းစိတ်ဖြစ်ပေါ်စေ၏။သို့သော် ဒံယေလသည် ခက်ခဲခြင်းနှစ်ရပ်ကို ခံရပ်နိုင်ခဲ့ပြီး (၂ တိ ၂း၃) မောရှေကဲ့သို့ပင် သူ့ပတ်လည်၌ရှိသော လောကီစည်းစိမ်အားလုံးထက် ခရစ်တော်အတွက်ကဲ့ရဲ့ခံရခြင်းကို သာ၍ချမ်းသာခြင်းအဖြစ် မှတ်ယူထားသည် (ဟေဗြဲ ၁၁း၂၆)။ ဒံယေလသည် (သူ့အိမ်မှနှင်ထုတ်ခံရသောအခါ၌၎င်း၊ အင်အားကြီးမားသောအင်ပါယာ၏အကောင်းဆုံးသော ခဲဖွယ်စားဖွယ်များကို ပေးသောအခါ၌၎င်း) မယိမ်းယိုင်သကဲ့သို့ ကျွန်ုပ်တို့လည်း ဘုရားသခင်ထံဆက်ကပ်အပ်နှံထားသောအသက်တာ၌ တည်မြဲနေရန် ကြိုးစားအားထုတ်ရမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် စုံစမ်းသွေးဆောင်ခြင်းများနှင့်ပြည့်နေသည်။
**ဆုတောင်းချက်-** "အကျွန်ုပ်ကိုဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်းကိုပေးတော်မမူပါနှင့်" (သုတ္တံ ၃၀း၈)။

သောကြာ၊ ဇွန် (၄)
**ဒံယေလ ၁း၈**
ရောမ ၁၂း၁-၂

*“ပွဲတော်မှကြွင်းသောအစာနှင့်သောက်တော်မူသော စပျစ်ရည်ကိုမသောက်မစားဘဲ. . ”*

# ရည်ရွယ်ချက်ရှိသောနှလုံးသား (၃)

တော်ဝင်လေ့ကျင့်မှုအတွက် ရွေးချယ်ခံရသူတစ်ဦးအနေနှင့် ဒံယေလအား ဗာဗုလုန်နတ်ဘုရားဗေလထံမှ ခေါ်ဝေါ်သော “ဗေလတရှာဇာ”အမည်သစ်ကို ရရှိခဲ့သည်။ အခြားသင်တန်းသားများနှင့်အတူ ဒံယေလသည်လည်း ခါလဒဲဘာသာအတတ်ကို သင်စေခြင်းခံရသည် (ဒံ ၁း၄)။ ပေါ်ထွက်လာသောမေးခွန်းတို့မှာ ဒံယေလ၏အစိတ်အပိုင်းအပေါ် ဤသိသာသောလိုက်လျောမှုများသည် မိမိကိုယ်ကိုမညစ်ညူးစေရန် သူ၏ရည်ရွယ်ချက်များနှင့် ပြန်လည်သင့်မြတ်အောင် မည်သို့ပြုလုပ်နိုင်သနည်း။ တနည်းအားဖြင့် သူသည်ဗာဗုလုန်နတ်ဘုရားအမည်ကိုခံယူပြီး၊ လူမျိုးခြား ဒဏ္ဍာရီများကိုလေ့လာရန်သဘောတူလိုက်သောအခါ သူသည်ဘုရင့်စားနပ်ရိက္ခာကို သုံးဆောင်ရာတွင် အဘယ်ကြောင့်စည်းမျဉ်းကိုဆွဲခဲ့သနည်း။

ပထမဦးဆုံးအနေဖြင့် ဒံယေလသည်အခြားသူများက သူ့အားအမည်ပေးခဲ့သည်ကို မထိန်းချုပ်ခဲ့ပေ။ ထိုအရာကိုကန့်ကွက်ခြင်းက ပညာရှိရာမကျသလို အကျိုးလည်းဖြစ်လိမ့်မည်မဟုတ်ပါ။ ဒံယေလသည် မိမိ၏ဟေဗြဲနာမကိုစွန့်လွှတ်ရန် ဆန္ဒရှိသည်ဟုယူဆရန်လည်းမလိုပေ။ ဆယ်စုနှစ်များစွာကြာပြီးနောက် ဒံယေလ၏ရန်သူတို့ကပင်လျှင် သူ၏ဟေဗြဲနာမည်ကို (နှိုင်း ဒံ ၆း၁၃)။ အသုံးပြုနေဆဲဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့နိုင်၏။ ဒုတိယအချက်မှာ ဒံယေလသည်မိမိကိုဖမ်းဆီးသောသူတို့၏မှားယွင်းသောဘာသာရေးနှင့် ဓလေ့ထုံးစံများကိုယုံကြည်သဘောတူခြင်း (သို့) လက်တွေ့လိုက်လုပ်ဆောင်ခြင်းမရှိဘဲ သင်ယူခြင်းသာဖြစ်လိမ့်မည်။

သို့သော် ရှင်ဘုရင်သုံးဆောင်သော အစားအစာသည်အခြားသောကိစ္စရပ်ဖြစ်သည်။ အမှန်မှာ ဗာဗုလုန်လူမျိုးသည် မောရှေခေတ်ကတည်းက ဣသရေလလူမျိုးလိုက်နာသော တင်းကြပ်သောအစားအသောက်ဥပဒေများကို မလိုက်နာခဲ့ကြပါ။ ထိုကဲ့သို့သော မသန့်ရှင်းသောအစာကိုစားခြင်းသည် ပညတ်တော်၏ရည်ရွယ်ချက်ကိုသွားဆန့်ကျင်ပြီး ကမ္ဘာမြေပေါ်ရှိ အခြားလူမျိုးအားလုံးအထက်တွင် ဘုရားသခင်သည်မိမိလူမျိုးအတွက် ရည်ရွယ်ထားသောသီးခြားမှုကို ချိုးဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် အစားအသောက်ဥပဒေများ၏ အချက်အလက်ကိုထုတ်ပြန်ပြီးနောက် ဘုရားသခင်က “ငါသည် သင်တို့ဘုရားသခင်ထာဝရဘုရားဖြစ်၏၊ ငါသည်သန့်ရှင်းသောကြောင့် သင်တို့သည်လည်း ကိုယ့်ကိုကိုယ်သန့်ရှင်းစေ၍ သန့်ရှင်းခြင်းရှိရကြမည်” (ဝတ် ၁၁း၄၄)ဟုမိန့်တော်မူ၏။

ချစ်သောစာဖတ်သူ၊ ဤအစားအသောက်ဥပဒေများသည် အသင်းတော်နှင့်မသက်ဆိုင်သော်လည်း (တမန် ၁၀း၉-၁၆) သန့်ရှင်းခြင်း၏နိယာမရှိနေကြဖြစ်သည်။ ကျွန်ုပ်တို့ခရစ်ယာန်များအနေဖြင့် ဣသရေလလူမျိုးကဲ့သို့ ဘုရားသခင်ထံလုံးလုံးအပ်နှံထားကြရပါမည်။ ဤသန့်ရှင်းခြင်းကို ကျွန်ုပ်တို့အသက်တာ၏ ကဏ္ဍာတိုင်း၌တိုးချဲ့ထားရပါမည်။ ကျွန်ုပ်တို့သည် ဒံယေလကဲ့သို့ပင် ဘုရားသခင်ဖန်တီးထားသော ယဉ်ကျေးသောပတ်ဝန်းကျင်တွင်မနေကြရပါ။ ဘုရားမဲ့နေသောပတ်ဝန်းကျင်၌ နေရကြ၏။ ကျွန်ုပ်တို့သည် “ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ ကျင့်ဆောင်” (ဧဖက် ၅း၁၅) ရပါမည်။ ထိုသို့ ကျွန်ုပ်တို့သည်မိမိကိုယ်ကို မညစ်ညူးစေဘဲ ငါတို့၏ဘုရားသခင်အဖို့ သန့်ရှင်းခြင်းရှိရန် ရည်ရွယ်ချက်ရှိသောနှလုံးသားတစ်ခုလိုအပ်သည်။

**ဆင်ခြင်ရန်** - သန့်ရှင်းခြင်းသည် သီအိုရီတစ်ခုမဟုတ်ဘဲ လက်တွေ့အကျင့်ဖြစ်သည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အသက်တာ၏ကဏ္ဍာတိုင်း၌ သန့်ရှင်းခြင်းရှိစေရန် ကူညီတော်မူပါ။

# ရည်ရွယ်ချက်ရှိသောနှလုံးသား (၄)

ဒံယေလစိတ်နှလုံး၏ ဤရည်ရွယ်ချက်သည် သူ့ဟာသူလက်တွေ့အသုံးအနှုန်းများ အတွက် အလုပ်လုပ်ခဲ့ပုံကို ကျွန်ုပ်တို့အတွက် စဉ်းစားဖို့ရန်မှတ်သားစရာဖြစ်၏။ နောက်ဆုံးတွင် ထိုကဲ့သို့ ခိုင်မာပြတ်သားသောခံယူချက်ကို စိတ်နှလုံးထဲတွင်မထားနိုင်ဘဲ ကျွန်ုပ်တို့၏လုပ်ရပ်များ ရွေးချယ်မှု များနှင့် ဆုံးဖြတ်ချက်များတွင်ဖော်ပြရမည်။

အစတွင် ဒံယေလသည် သူ၏ယုံကြည်ချက်ကိုထုတ်ဖော်ရန်မကြောက်ခဲ့ပေ။ သူသည် ဘုရင်၏အစားအစာကိုလျှို့ဝှက်စွာရှောင်ကြဉ်နိုင်၏။ သူသည်စားချင်ယောင်ဆောင်ပြီး အခြားနေရာ မှ အစာကိုခိုးထုတ်ဖို့ကြိုးစားရင်ဖြစ်နိုင်၏။ ထိုအစား သူသည် "မိန်းမစိုးအုပ်" (ဒံ ၁း၈)ထံသို့ ထင်ရှား စွာချဉ်းကပ်ခဲ့သည်။ သူသည်မရိုင်းစိုင်းသော (သို့) စက်ဆုပ်ဖွယ်ရာအပြုအမူမပြုခဲ့ဘဲ တည်ငြိမ်ခဲ့ သည်။ သူသည် ကြမ်းတမ်းစွာတောင်းဆိုခြင်းထက် ညင်သာစွာတောင်းဆိုခဲ့သည်။ ထို့ပြင် သူသည် မိန်းမစိုးအုပ်အား အကျိုးအကြောင်းကိုရှင်းပြခဲ့ပြီး အကြောင်းပြချက်ထွင်ဖို့မကြိုးစားခဲ့ပေ။ ဤနေရာ တွင် ဒံယေလသည်မိန်းမစိုးအုပ်အား ဘုရင်စားသောအသားကိုသူစားလျှင် မိမိကိုယ်ကိုညစ်ညူးစေ သည့်အရာဖြစ်ရခြင်းအကြောင်းကို (အငယ် ၈) ပေါ်လွင်ထင်ရှားစေခြင်းဖြစ်သည်။

ဒုတိယအချက်မှာ - ဒံယေလသည် သူ၏ခံယူချက်တို့ကိုလျှင်မြန်စွာမစွန့်လွှတ်ဘဲ ထိုခံယူ ချက်တို့၌ စွဲမြဲတည်ကြည်ခဲ့သည်။ မိန်းမစိုးအုပ်သည် အစပိုင်းတွင်ဒံယေလ၏တောင်းဆိုချက်ကို လက်ခံရန်တွန့်ဆုတ်ခဲ့သည်။ "ကျွန်ုပ်၏သခင်အရှင်မင်းကြီးကို . . . ငါကြောက်၏. . . သင်တို့ မျက်နှာသည် အရွယ်တူလူပျိုတို့၏မျက်နှာလောက် အဆင်းမလှသည်ကိုမြင်တော်မူလျှင် သင်တို့အ တွက် ငါသည်ရာဇဝတ်သင့်၍ အသက်မလွတ်ရဟု" မိန်းမစိုးအုပ်ပြောဆို၏ (ဒံ ၁း၁၀)။ သို့သော် ဒံယေလသည် အရှုံးမပေးသည်သာမက သူသည်ထိုကိစ္စအား အတင်းအကျပ်ဖိအားပေးရန်လည်း မကြိုးစားခဲ့ပါ။ ထိုအစား ဒံယေလသည်စားတော်ခဲ၏ကြောက်ရွံ့မှုအား လျော့ပါးသက်သာစေရန် အထူးဒီဇိုင်းပြုလုပ်ထားသည့် စမ်းသပ်မှုမျိုးကို အဆိုပြုခဲ့၏ (အငယ် ၁၁-၁၃)။ ဒံယေလ၏အဆိုပြု ချက်ကိုတိကျစွာပေးထားသော ဘုရားသခင့်ထံတော်မှဖွင့်ပြချက်ကို တုန့်ပြန်သောအနေဖြင့်ယုံကြည် ခြင်းအားဖြင့် ဤအရာကိုပြုလုပ်ခဲ့သည်။

ချစ်သောစာဖတ်သူ၊ မှန်ကန်သောခံယူချက်ရှိရုံဖြင့် ကျွန်ုပ်တို့အတွက်မလုံလောက်ပေ။ ရည်ရွယ်ချက်စိတ်သည် ကမ္ဘာကြီး၌၎င်း၏ခံယူချက်တို့ကို ထုတ်ဖော်ပြသမည့်နည်းကို သိထားရမည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်များနှင့်ပတ်သတ်၍ နှုတ်ဆိတ်မနေကြရန် သင်ယူရမည်။သို့ဖြစ်လျှင် ကျွန်ုပ် တို့သည် အဘယ်သို့သက်သေခံနိုင်မည်နည်း။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည်မလိုအပ်သော ခိုက်ရန်ဖြစ်ပွားမှုမဖြစ်စေရန် မည်သည့်အချိန်တွင်မည်သို့စကားပြောရမည်ကို သင်ယူရမည်။ "ပြင်ပ လူတို့၏မျက်နှာကိုထောက်လျက် ပညာနှင့်ကျင့်ဆောင်၍ ကာလအချိန်ကိုရွေးနှုတ်ကြလော့။ လူအသီး သီးတို့အား အဘယ်သို့ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း သင်တို့စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့်ပြည့်စုံလျက် အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ"(ကောလော ၄း၅-၆)။

**ဆင်ခြင်ရန်** - မှန်ကန်သောခံယူချက်များကို ပညာရှိသောလုပ်ရပ်များနှင့်တွဲဖက်ထားရမည်။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်ကို "ဉာဏ်ပညာ၌ လျှောက်လှမ်းစေတော်မူပါ"။

တနင်္ဂနွေ၊ ဇွန် (၆)
**ဒံယေလ ၁း၈**
ဆာ ၁၁၉း၄၁-၄၈

*"သက်သေခံတော်မူချက်တို့ကို မင်းများရှေ့၌ ဖွင့်ပြောမည်"*

# ရည်ရွယ်ချက်ရှိသောနှလုံးသား (၅)

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့သည် ဒံယေလ၏ပုံသက်သေကိုလိုက်လျှောက်ရန် ကျွန်ုပ်တို့အဘို့အားပေးမှုဖြစ်သကဲ့သို့ ဒံယေလ၏ရည်ရွယ်ထားသောနှလုံးသား၏အကျိုးဆက်များကို စဉ်းစားသင့်သည်။ ဒံယေလသည် သူ၏ရပ်တည်မှုကိုလုပ်ဆောင်ပြီးနောက် သူ့ကိုဆုချခဲ့သည်ဟု ကျမ်းစာကဆိုထား၏။ ဘုရားသခင်သည် ဒံယေလအား "အထူးထူးသောသိပ္ပံအတတ်ပညာတို့ကို သိစေခြင်းငှါ၊ ထိုးထွင်း၍ နားလည်နိုင်သောဉာဏ်သတ္တိ. . . ဗျာဒိတ်ရူပါရုံနှင့် အိပ်မက်ကိုနားလည်နိုင်သောဉာဏ်ပညာ" ကိုပေးတော်မူ၏ (ဒံ ၁း၁၇)။ ဤကျမ်းချက်သည် ဖြစ်ရပ်နှစ်ခုအကြား ရင်းနှီးသောဆက်ဆံရေးကို ပြသသည်။ ဒံယေလ၏ရပ်တည်ချက်ဇာတ်ကြောင်း ချက်ချင်းလိုက်လာ၏။

တနည်းပြောရလျှင်၊ ဒံယေလ၏ရည်ရွယ်ချက်နှလုံးသားနှင့် ၎င်းကိုပြီးမြောက်အောင်ဆောင်ရွက်ဖို့ သစ္စာစောင့်ခြင်းသည် ဘုရားသခင်၏အမှုတော်အတွက် ပိုမိုအသုံးဝင်ခဲ့သည်။ ဘုရားသခင်သည် မိမိ၏ကျွန်ကိုစမ်းသပ်ခြင်းဖြင့် ဒံယေလအတွက် ပြင်ဆင်ထားသောအမှုတော်အတွက်လိုအပ်သောလက်ဆောင်များ ပေးအပ်ခြင်းကိုကျေနပ်၏။ ဒံယေလသည် ဗျာဒိတ်ရူပါရုံနှင့် အိပ်မက်ကို လက်ခံရယူ၍၊ အနက်ဖွင့်နိုင်သောသူဖြစ်သောကြောင့် ပရောဖက်တစ်ဦးဖြစ်ခဲ့သည် (ခရစ်တော်က သူ့ကိုပရောဖက်ဟူ၍ ခေါ်ဆို၏၊ မဿဲ ၂၄း၁၅)။

ထို့ကြောင့် ဒံယေလသည် "အနည်းငယ်သောအရာ၌ သစ္စာရှိ" ကြောင်း သက်သေပြခဲ့ပြီးနောက် ယခုတွင်ဘုရားသခင်သည် သူ့အား "များစွာသောအမှု၌ သစ္စာရှိ" ရန် အခွင့်အရေးပေးခဲ့သည် (လုကာ ၁၆း၁၀)။ ကျွန်ုပ်တို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ စစ်မှန်သောအစေခံများဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ဒံယေလကဲ့သို့ရည်ရွယ်ချက်ရှိသောနှလုံးသားဖြင့် အစပြုရပါမည်။ အရာအားလုံး၏အထက်၌ ဘုရားသခင်ကိုဦးထိပ်ထား၍ ဘယ်တော့မှသံသယဖြင့် မရှုပ်ထွေးပါနှင့်။

ဒံယေလ၏အမှုတော်ကဏ္ဍတစ်ခုမှာ ဘုရားသခင်အဖို့ သက်သေဖြစ်ခြင်းဖြစ်သည်။ အစောပိုင်းတွင် ဒံယေလသည် မိမိ၏စိတ်နှလုံးထဲ၌ ရည်ရွယ်ထားသောအခါတွင် သူ၏သက်သေသည် သူ့သူငယ်ချင်းသုံးဦးအား သူ၏ရပ်တည်ချက်တွင်ပါဝင်ရန် အားပေးခဲ့သည်။ ဒံယေလ၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ဖတ်ပြီးနောက် မကြာမီတွင် မိန်းမစိုးအုပ်က "သင်တို့၏မျက်နှာများ" ဟူ၍ ပြောဆိုခဲ့သည် (ဒံ ၁း၁၀)။ ဒံယေလ၏မိတ်ဆွေများသည် ဒံယေလနှင့်အတူ တူညီသောတောင်းဆိုချက်ပြုလုပ်၍ မိမိတို့ကိုယ်ကိုမညစ်ညူးစေဖို့ရန် ပါဝင်ကြကြောင်းကိုရှင်းလင်းစွာတွေ့ရသည်။

သူ၏ဘုရားသခင်အမှုတော်ဆောင်ရွက်ခြင်းတိုးပွားလာသည်နှင့်အမျှ ဆာလံဆရာ၏စကားများကို ဒံယေလကသာကေပြသည်မှာ "သက်သေခံတော်မူချက်တို့ကို မင်းများထံမှပြန်ပြော၍ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်" (ဆာ ၁၁၉း၄၆)။ ထို့နောက် သုတ္တံကျမ်းတွင်လည်း "လူကျင့်သောအကျင့်တို့ကို ထာဝရဘုရားသည် နှစ်သက်သောအခါ၊ ထိုသူ၏ရန်သူကိုပင် သူနှင့်သင့်တင့်စေတော်မူ၏" (သုတ္တံ ၁၆း၁၇)။ နေပုဒ်ခနေဇာနှင့်ဒါရိ တို့ကဲ့သို့သော တန်ခိုးကြီးသောအုပ်စိုးရှင်များပင်လျှင် ဒံယေလ၏သက်သေထွက်ဆိုချက်၏အင်အားသည် ဩဇာလွှမ်းမိုးနိုင်သည် (ဒံ ၂း၄၇၊ ၆း၂၀)။ ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်း သက်သေခံလိုပါက ဒံယေလကဲ့သို့ ကျွန်ုပ်တို့သည် မညစ်ညူးသောအသက်တာဖြင့် အသက်ရှင်ရန်ရည်ရွယ်၍ ကြိုးစားရပါမည်။

**ဆင်ခြင်ရန်** - ရည်ရွယ်ချက်မြဲမြံစွာ ထားရှိရဲလော့။ ထိုအရာကိုသိအောင် လုပ်ရဲလော့ (Bliss)။
**ဆုတောင်းချက်-** အို အဖ၊ ကိုယ်တော်၏သက်သေခံအဖြစ် ကျွန်ုပ်ကိုအသုံးပြုဖို့ရန် အလိုရှိတော်မူပါ။

တနင်္လာ၊ ဇွန် (၇)
**၂ သက် ၃း၅**
၁ သက် ၄း၉-၁၂

*"ဘုရားသခင်ကိုချစ်စေခြင်းငှါငင်း၊ သခင်ဘုရားသည် သင်တို့စိတ်နှလုံးကို ပြင်ဆင်တော်မူပါစေသော"*

# ညွှန်ကြားခြင်းခံရသောနှလုံးသား (၁)

တမန်တော်ရှင်ပေါလုက သက်သာလောနိတ်မြို့သားများထံ သူ၏ဒုတိယသြဝါဒစာကို သခင်ဘုရားက သူတို့၏နှလုံးသားကို လမ်းညွှန်ဆုတောင်းပေးခြင်းဖြင့် အဆုံးသတ်ခဲ့သည် (၂ သက် ၃း၅)။ ဤနေရာတွင် "လမ်းညွှန်"ဟူသော စကားလုံးသည် လမ်းဖြောင့်အောင်ပြုလုပ်ခြင်းနှင့် အတားအဆီးအားလုံးကို ဖယ်ရှားခြင်းသဘောမျိုးရှိသည်။ သူ၏ဆုတောင်းချက်မှာ သူတို့၏နှလုံးသားသည် "ဘုရားသခင်၏မေတ္တာတော်" လမ်းစဉ်တွင် အမြဲလျှောက်လှမ်းနိုင်စေဖို့ရန်ဖြစ်သည်။ တနည်းပြောရလျှင် သူတို့သည် ဘုရားသခင်ကိုဆက်၍ ချစ်ဖို့ရန်ဖြစ်သည်။

သူတို့၏စိတ်နှလုံးကို အဘယ်ကြောင့်ညွှန်ကြားရန် လိုအပ်ခဲ့သနည်း။ သက်သာလောနိတ်မြို့ရှိခရစ်ယာန်များကို ရှင်ပေါလုက ကျေးဇူးတင်စကားဖြင့်ဤစာစောင်ကိုဖွင့်ခဲ့၏။ "ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းသည် အလွန်တိုးပွား၍၊ လူတိုင်းအသီးအသီးတို့သည် အချင်းချင်းချစ်ခြင်းမေတ္တာနှင့် ပြည့်စုံကြသည်ဖြစ်၍၊ ငါတို့သည်ပြုသင့်သည်အတိုင်း သင်တို့ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်မပြတ်ချီးမွမ်းကြ၏" (၂ သက် ၁း၃)။ သူတို့၏စိတ်နှလုံးမှာ ဘုရားသခင်ကို ချစ်မြတ်နိုးခြင်းနှင့်ပြည့်နှက်နေသည်။ ဤအချက်မှာ သူတို့၏တဦးနှင့်တဦးအပေါ် ချစ်ခြင်းမေတ္တာထားရှိခြင်းကိုထင်ရှားစေ၏။ ဘုရားသခင်ကိုချစ်ခြင်းနှင့် အိမ်နီးချင်းကိုချစ်ခြင်းတို့သည် အချင်းချင်းလက်ချင်းတွဲလျက်ရှိသည်။

သို့သော်၊ ထိုသို့သောချစ်ခြင်းမေတ္တာသည် ဆက်လက်တည်မြဲနေလိမ့်မည်ဟု ပေါ့ပေါ့တန်တန်သဘောမထားနိုင်ပေ။ အတားအဆီးများသည် လမ်း၌လွယ်ကူစွာရောက်လာနိုင်သည်။ သူတို့၏အာရုံစူးစိုက်မှုသည် ဖာရိရှဲများကဲ့သို့ ထုံးတမ်းစဉ်လာများနှင့် အခမ်းအနားများသို့ပြောင်းသွားနိုင်ပြီး၊ သူတို့သည် "တရားသဖြင့်စီရင်ခြင်းနှင့် ဘုရားသခင်ကိုချစ်ခြင်းအမှုကိုကား လှပ်၍ထားကြ" (လု ၁၁း၄၂)၍ လူတို့လုပ်ထုံးလုပ်နည်းများကို လိုက်နာကြ၏။ သူတို့သည် လောကကိုချစ်ရန်သွေးဆောင်ခံရနိုင်သည်။ တမန်တော်ယောဟန်က ကျွန်ုပ်တို့အား သတိပေးသည်မှာ "လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ" (၁ ယော ၂း၁၅) ဟူ၍ဖြစ်သည်။ သူတို့ထံသို့ ပေါလုရေးခဲ့သောပထမပေးစာတွင်ပင် "ညီအစ်ကိုချင်း၊ ချစ်ခြင်းအရာကို သင်တို့အားရေး၍ပေးလိုက်စရာအကြောင်းမရှိ၊ အဘယ်ကြောင့်နည်းဟူမူကား သင်တို့သည် အချင်းချင်းချစ်စေခြင်းငါ ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူဖြစ်ကြ၏။ ထိုမျှမက မာကေဒေါနိပြည်တွင် အရပ်ရပ်၌ရှိသော ညီအစ်ကိုအပေါင်းတို့ကို ထိုသို့ပြုကြ၏။ သို့သော်လည်း ညီအစ်ကိုတို့ သင်တို့သည်တိုးပွား၍ ကြွယ်ဝပြည့်စုံမည်အကြောင်းနှင့်" (၁ သက် ၄း၉-၁၀)။

ကျွန်ုပ်တို့သည်လည်း ထိုနည်းတူဖြစ်ကြ၏။ ချစ်သောစာဖတ်သူ၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာသို့ ပို့ဆောင်ပေးရန်ဆုတောင်းသင့်သည်မဟုတ်လော။ ထိုလမ်းကြောင်းအတိုင်း လျှောက်လှမ်းရန်တားဆီးနေသော အတားအဆီးအားလုံးကို ဖယ်ရှားပြီး၊ ကျွန်ုပ်တို့သည် ဤချစ်ခြင်းမေတ္တာကိုခံစားခြင်းနှင့် ကျင့်သုံးခြင်း၌ "တိုးပွားများပြား" ရန်ဆုတောင်းသင့်သည်မဟုတ်လော။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၌ ကြွယ်ဝပြည့်စုံရန်လိုအပ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်ကိုပို၍ပို၍ ချစ်မြတ်နိုးရန် မစတော်မူပါ။

အင်္ဂါ၊ ဇွန် (၈)
**၂ သက် ၃း၅**
ဗျာ ၂၁း၁-၅

*“သခင်ဘုရားသည် သင်တို့စိတ်နှလုံးကို ခရစ်တော်အား စောင့်ခြင်းအရာ၌ သည်းခံခြင်းရှိရန် ညွှန်ကြားတော်မူ၏”*

# ညွှန်ကြားခြင်းခံရသောနှလုံးသား (၂)

ထို့ပြင် သက်သာလောနိတ်မြို့သားများအတွက် ပေါလု၏ဆုတောင်းချက်မှာ သူတို့၏ စိတ်နှလုံးကို “ခရစ်တော်ကိုစောင့်ခြင်း၌ သည်းခံခြင်း” (၂ သက် ၃း၅) ကိုလည်း ဖြစ်စေပါမည် အကြောင်းဖြစ်၏။ ယခုတွင် သူတို့၏သည်းခံခြင်းမှာ (သူတို့၏ချစ်ခြင်းမေတ္တာကဲ့သို့) ပေါလုဖော်ပြခဲ့ ပြီးသောအချက်ဖြစ်သည်။ သူတို့ထံပေးပို့ခဲ့သော အရင်စာစောင်တွင် “ငါတို့သခင်ယေရှုခရစ်ကို မြော်လင့်သောစိတ်နှင့် သည်းခံခြင်းတို့ကို ငါတို့သည်အစဉ်မပြတ်အောက်မေ့လျက်”(၁ သက် ၁း၃) ဟူ၍ဖြင့် သူ၏ဒုတိယပေးစာတွင် “သင်တို့သည် ညှဉ်းဆဲခြင်း၊ ဒုက္ခဆင်းရဲကို ခံရသမျှတို့၌သည်းခံ၍” ဟူ၍ ပေးစာနှစ်စောင်စလုံး၌ ဖော်ပြထားသည်။ သို့သော် သူတို့၏ချစ်ခြင်းမေတ္တာကဲ့သို့ပင် သူတို့၏သည်းခံခြင်းသည်လည်း ဖွံ့ဖြိုးရန်လိုအပ်သည်။ သူတို့၏သည်းခံခြင်းသည် ဆက်လက်တောင့် ခံလိမ့်မည်ဟူ၍ ပေါ့ပေါ့တန်တန်သဘောမထားနိုင်ပါ။

ထိုသို့သော “ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ဆင်းရဲဒုက္ခများ” ကို ရင်ဆိုင်နေရသူများသည် သူတို့၏စိတ်နှလုံးများ ဆက်၍သည်းခံခြင်း၏လမ်းစဉ်တွင် ဆက်ရှိဖို့များစွာဆုတောင်းရန်လိုအပ်သည်။ “လယ်လုပ်သောသူသည် အရင်မိုး၊ နောက်မိုးကိုရသည်တိုင်အောင် အဖိုးထိုက်သောမြေအသီးကို သည်းခံလျက်စောင့်နေ၍ မျှော်လင့်တတ်” (ယာ ၅း၇) သကဲ့သို့ ကျွန်ုပ်တို့သည်လည်း သည်းခံလျက် စောင့်နေရမည်။

သို့သော် ထိုကဲ့သို့သောသည်းခံခြင်းကို ညွှန်ကြားထားသောဆီသို့ တိကျသောအရာဝတ္ထု မရှိဘဲ “စိတ်ရှည်ရှည်စောင့်ဆိုင်း” ရန်ခက်ခဲသည်။ မဖြစ်နိုင်တာမဟုတ်ပေ။ ဤနေရာတွင် ထိုအရာ ဝတ္ထုမှာ ရှင်းနေသည်။ ၎င်းသည် “ခရစ်တော်ကိုစိတ်ရှည်စွာစောင့်ဆိုင်း”ခြင်းဖြစ်သည်။ ထို့ကြောင့် ယာကုပ်သည် ကျွန်ုပ်တို့အား “သခင်ဘုရားကြွလာတော်မူသည် တိုင်အောင် သည်းခံလျက်စောင့်နေကြဖို့” (ယာ ၅း၇)ကို တိုက်တွန်းထားသည်။ ကျွန်ုပ်တို့သည် ခွန်အားရှိ၍ဆင်းရဲဒုက္ခများကို ခံနိုင်ရည် ရှိပါမည်အကြောင်း၊ “သခင်ဘုရားကြွလာတော်မူခြင်းနီးသည်” ကို အစဉ်သတိရကြသည်။ မတရားမှုကိုခံစားနေရသော သူတို့အတွက် မျှော်လင့်ချက်မှာ ဖြောင့်မတ်သောတရားသူကြီးသည် ပလ္လင်တော်ပေါ်မှာ ထိုင်၍ အကျိုးအပြစ်တို့ကို မျှတစွာတရားစီရင်ရမည့်အချိန် နီးကြောင်းဖြစ်သည်။ ဤအရာသည် နာကျင်မှုဝေဒနာနှင့် ဆင်းရဲဒုက္ခနေရသောသူ၏ မျှော်လင့်ချက်ဖြစ်၏။ ၎င်းမှာ ထာဝရ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီး၊“ နောက်တဖန်သေဘေးမရှိရ၊ စိတ်မသာညည်းတွားခြင်း၊ ငိုကြွေးခြင်း၊ နာကျင်ခြင်းဝေဒနာ ခံစားခြင်းဖြစ်စေမရှိတော့ပေ။ အကြောင်းမူကား ရှေးဖြစ်ဖူးသော အရာတို့သည် ရွေ့သွားကြပြီ”(ဗျာ ၂၁း၄)။

ထို့ကြောင့် ကျွန်ုပ်တို့၏မျက်စိသည်ယုံကြည်ခြင်းဖြင့် ဤနယ်ပယ်သို့စောင့်ထိန်း ကြည့်ရှုကြပါစို့။ သခင်ဘုရားသည် ကျွန်ုပ်၏စိတ်နှလုံးကို “ ခရစ်တော်ကို စောင့်ခြင်းအရာ၌ သည်းခံခြင်း” ဆီသို့ ညွှန်ကြားပါစေသော်။

**ဆင်ခြင်ရန်** - “ငါသည် အလျင်အမြန်လာမည်မှန်ပေ၏ဟု ဤအရာများကို သက်သေခံသော သူမိန့်တော်မူ၏” (ဗျာ ၂၂း၂၀)။

**ဆုတောင်းချက်-** “သခင်ယေရှုကြွလာတော်မူပါ” (ဗျာ ၂၂း၂၀)။

ဗုဒ္ဓဟူး၊ ဇွန် (၉)
**ဟေဗြဲ ၁၃း၉**
ဇေဖက် ၂း၈-၁၀

*"အစာများအားဖြင့် စိတ်ခိုင်ခံ့မြဲမြံခြင်းမရှိဘဲ၊
ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံလျှင် အကျိုးရှိ၏"*

---

# တည်ဆောက်ထားသောစိတ်နှလုံး (၁)

ကမ္ဘာပေါ်တွင် "အထူးထူးအပြားပြားသောအယူဝါဒ" (ဟေ ၁၃း၉) များစွာရှိကြသည်။ ဤနေရာတွင် ဟေဗြဲသြဝါဒစာ ၁၃း၉ကို ရည်ညွှန်းထား၍ထိုအယူဝါဒတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို လူ၏အလုပ်တို့ဖြင့် အစားထိုးပုံပေါ်သည်။ တိုက်တွန်းချက်မှာ "အစာများအားဖြင့် စိတ်ခိုင်ခံ့မြဲမြံခြင်းမရှိဘဲ၊ ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံလျှင် အကျိုးရှိ၏"။

ချစ်သောစာဖတ်သူ၊ကျမ်းစာနှင့်ဆိုင်သော သတင်းကောင်းသည် ကယ်တင်ခြင်းအား လုံးလုံးလျားလျား ဘုရားသခင်၏လုပ်ဆောင်မှုအဖြစ် ဖော်ပြထားသည်။ ပျောက်ဆုံး၍ သေနေသော အပြစ်သားတို့ အနေဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်၊ မိမိ၏ကယ်တင်ခြင်း စုံလင်စေဖို့ရန် အဘယ်အစိတ်အပိုင်း၌မျှ ပါဝင်လုပ်ဆောင်ခြင်း မရှိပေ။ ထိုအရာသည်ကျွန်ုပ်တို့ ရိုးရှင်းစွာ ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိသည့် ဆုလက်ဆောင်တစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့စိတ်နှလုံးထဲမှာ ဘုရားသခင်၏အသစ်ပြန်လည်ထူထောင်ရေးအလုပ်၏ ရလဒ်ဖြစ်ပါသည်။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ" (ဧဖက် ၂း၈-၁၀)။

သို့သော်၊ ကျွန်ုပ်တို့ "ဝါကြွား" နိုင်သည့်အရာတစ်ခုခုရှိခြင်းသည်အလွန်အစွမ်းထက်သော သွေးဆောင်မှုပင်ဖြစ်သည်။ မာန်မာနသည်အမြဲတစေ မေးမြန်းဖို့ရှာဖွေသည်မှာ "ထာဝရအသက်ကိုရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကိုပြုရပါမည်နည်း" (မ ၁၉း၁၆) ဟူ၍ငင်းဖြစ်သည်။ ကြောက်ရမည့်အရာမှာ လူများစွာတို့သည် "ကိုယ်ကုသိုလ်ကိုအမှီပြု၍ သူတပါးကိုမထီမဲ့မြင်ပြုတတ်သောသူ" ဖာရိရှဲများနှင့်တူသည် (လုကာ ၁၈း၉)။ များစွာသောလူတို့သည် မိမိ၏စိတ်ထဲတွင် ". . . သူတပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့် ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌မရှိသည်သာမက . . . အကျွန်ုပ်သည် ခုနစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့လှူပါ၏" ဟူ၍ လျှို့ဝှက်စွာပြောဆိုတတ်၏ (လု ၁၈း၁၁-၁၂)။

ထို့နောက် သံသယနှင့် မသေချာ၊ မရေရာမှုများကလည်း အစဉ်အမြဲမေ့တတ်သည်မှာ "ငါသည် စိတ်ချလက်ချအနားယူနိုင်ဖို့ရန် ဘာကောင်းမှုတွေလုပ်ဆောင်ခဲ့ပြီးသနည်း" ဟူ၍ဖြစ်သည်။ များစွာသောသူတို့သည် ကယ်တင်ခြင်းစိတ်ချမှုကို ရှာဖွေနေကြသည်။ သူတို့သည် ဘုရားသခင်၏ ဂတိတော်များ၌ ယုံကြည်ခြင်းအားဖြင့် အနားမယူသောအခါ သူတို့သည် တစ်ခါတစ်ရံတွင် မိမိကိုယ်ကို ဒုက္ခရောက်စေခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းလုပ်ခြင်းအားဖြင့် သူတို့၏ပန်းတိုင်ကို ရောက်နိုင်မည်ဟု ယူဆ၍ ပြင်းထန်စွာပြေးလွှားကြ၏။ သို့သော် "အစာများအားဖြင့် စိတ်ခိုင်ခံ့မြဲမြံခြင်းမရှိဘဲ ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံစေလျှင် အကျိုးရှိ၏" (ဟေဗြဲ ၁၃း၉)။ အခြားအရာမဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်စား ခရစ်တော်ပြီးမြောက်ဆောင်ရွက်ခြင်းကို ယုံကြည်ကိုးစားခြင်းအားဖြင့် ကျွန်ုပ်တို့၏ လုံခြုံမှုကိုရှာဖွေကြပါစို့။

**ဆင်ခြင်ရန်** - ယေရှု၏ အသွေးတော်မှအပ အကျွန်ုပ်ပြုသောအရာတို့သည် အလျှင်းမတတ်နိုင်ကြပါ။ (လော်ရီ)

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်ထဲ၌သာ လုံခြုံစွာအနားယူရန် ကူညီတော်မူပါ။

ကြာသပတေး၊ ဇွန် (၁၀)
**ဟေဗြဲ ၁၃း၉**
ဂလာတိ ၅း၁-၁၂

*"… အစာများကို အမှုထားသောသူတို့သည် အကျိုးကိုရကြပြီမဟုတ်"*

# တည်ဆောက်ထားသောစိတ်နှလုံး (၂)

စိတ်နှလုံးကို "ကျေးဇူးတော်ဖြင့်" ခိုင်ခံ့မြဲမြံစေခြင်းသည် "ကောင်းမြတ်သောအရာ" ဖြစ်သည်။ ၎င်းသည် နှုတ်ကပတ်တော်၌ဖော်ပြထားသော ဘုရားသခင်၏သမ္မာတရားနှင့်အညီ ဖြစ်ရုံသာမက အခြားနည်းလမ်းသည် လုံးဝအကျိုးမရှိသောအရာဖြစ်သည်။ ဤသည်ကို ဟေဗြဲကျမ်းရေးသူက သူ၏အမှုကိစ္စပိုမိုခိုင်မာစေရန်နှင့် စာဖတ်သူတို့အား ခွန်အားပေးဖို့ရန် ဖော်ပြပေးသည်မှာ "အစာများကိုအမှုထားသောသူတို့သည် အကျိုးကိုရကြပြီမဟုတ်" (ဟေဗြဲ ၁၃း၉)။

ဘုရားသခင်၏ကျေးဇူးတော်၌ လုံးလုံးလျားလျားမှီခိုခြင်းထက် မိမိတို့၏ကိုယ်ပိုင်လုပ်ဆောင်ချက်များတွင် တစ်စိတ်တစ်ပိုင်းပင်အနားယူရန် ကြိုးစားသူများ၏ ကြေကွဲဖွယ်ရာအဖြစ်အပျက်မှာ သူတို့၏ကိုယ်ပိုင်စွမ်းရည်အပေါ်တွင် တစ်စိတ်တစ်ပိုင်းပင် မှီခိုခြင်းသည် လုံးဝကျရှုံးကြလိမ့်မည်။ တမန်တော်ပေါလုသည် ဤကိစ္စကိုဂလာတိအသင်းသားများထံ ရေးသောစာတွင် အလွန်ပြင်းထန်စွာဖော်ပြထားသည် "ပညတ်တရား၏အကျင့်ကို အမှီပြုသောသူရှိသမျှတို့သည် အကျိန်နှင့်စပ်ဆိုင်ကြ၏။ အကြောင်းမူကား ပညတ္တိကျမ်းစာ၌ ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကိုခံစေသတည်းဟု ကျမ်းစာလာ၏" (ဂလာတိ ၃း၁၀)။ ဂလာတိလူများကို လှည့်စားရန်ကြိုးစားသူများသည် ကယ်တင်ခြင်းရရန်အတွက် အရေဖျားလှီးခြင်းလိုအပ်ကြောင်း တိုက်တွန်းခြင်းနှင့်ပတ်သတ်၍ ပေါလုက "အရေဖျားလှီးခြင်းကို ခံသောသူအပေါင်းတို့အား ငါတဖန်သက်သေခံသည်ကား ထိုသို့သောသူသည် ပညတ်တရားကိုအကြွင်းမဲ့ကျင့်အပ်သောငှါ ကြွေးတင်သောသူဖြစ်၏။ ပညတ်တရားအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သမျှသောသူတို့သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည် ရွေ့လျော့ကြပြီ" (ဂလာ ၅း၃-၄) ဟူ၍တုန့်ပြန်ထားသည်။

ချစ်သောစာဖတ်သူ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားအပေါ် အမှီပြု၍ သူ၏ပညတ်တော်ကိုစောင့်ထိန်းခြင်းအားဖြင့် ဘုရားသခင်ရှေ့မျက်နှာရဖို့ရန် (သို့) ကုသိုလ်ရရှိဖို့ရန် မဖြစ်နိုင်ပါ။ ကယ်တင်ခြင်းဘက်သို့ ခြေလှမ်းတစ်လှမ်းတည်းကိုပင် ကျွန်ုပ်တို့တိုးတက်အောင်မလုပ်နိုင်ပေ။ ကျေးဇူးတော်ကို အကျင့်တရားနှင့်ရောနှောရန်ကြိုးစားသောသူတို့သည် နောက်ဆုံး၌ကျေးဇူးတော်မှကျရှုံး၍ "ညစ်ညူးသောအဝတ်" (ဟေရှာ ၆၄း၆) ထက်မပိုသော အကျင့်များနှင့်ဝန်ပိနေကြသည်။

အကျင့်ကောင်းတို့သည် ဆက်စပ်မှုမရှိဟူ၍မဆိုလိုပေ။ သူတို့သည်ဘုရားသခင်ထံ ကျွန်ုပ်တို့ချဉ်းကပ်မှု၏အရင်းအမြစ်ထက် ကျွန်ုပ်တို့အထဲ၌ဘုရားသခင်လုပ်ဆောင်မှု၏အသီးဖြစ်သည်။ ဟုတ်ပါ၏၊ "ငါတို့သည် ညီအစ်ကိုချင်းတို့ကိုချစ်သောကြောင့် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်သည်ကို ကိုယ်သိရကြ၏" (၁ ယော ၃း၁၄)။ သို့သော် ဤချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်မဟုတ်ဘဲ ဘုရားသခင်၏လက်ရာတော်ဖြစ်သည် (နှိုင်း ဧဖက် ၂း၁၀)။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အတွက် ကောင်းမှုကုသိုလ်ရဖို့ရှာဖွေရန်မဟုတ်ဘဲ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့အတွက် လုပ်ဆောင်ဖို့ရန်မိမိအသက်တာကို အပ်နှံထားရမည် (ဟေဗြဲ ၁၃း၉)။ အစောပိုင်းတွင် မျှော်လင့်ချက်မဲ့ပြီးရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းတွင်အဆုံးမဲ့အကျိုးအမြတ်ရှိသည်။

**ဆင်ခြင်ရန်** - "သင်သည် သိုးသူငယ်၏အသွေးတော်၌ ဆေးကြောခြင်းခံရပြီလား" (Hoffman)
**ဆုတောင်းချက်-** "ကျွန်ုပ်၏ဝိညာဉ်ကို ကယ်တင်သောကြောင့် ကျေးဇူးတင်ပါ၏ သခင်ဘုရား" (Sykes)။

သောကြာ၊ ဇွန် (၁၁)
**တမန် ၅း၁-၁၁**
မာကု ၁၂း၄၁-၄၄

*“. . . သန့်ရှင်းသောဝိညာဉ်တော်ကို လှည့်စား. . . မည့်အကြောင်း၊ စာတန်သည် သင်၏စိတ်နှလုံးကို အဘယ်ကြောင့်ပြည့်စေရသနည်း”*

# စာတန်ပြည့်စေသော နှလုံးသားမဟုတ် (၁)

အသင်းတော်အစပိုင်းတွင် “ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကိုဆက်ဆံ၍ သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင်၊ လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အားဝေငှခြင်းကိုပြုကြ၏” (တမန် ၂း၄၄-၄၅)။ ထိုအလေ့အကျင့်တို့သည် ဆက်လက်ဖြစ်ပေါ်နေ၏။ “ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍၊ အဘယ်သူမျှ မိမိဥစ္စာတစုံတစ်ခုကို ငါ့ဥစ္စာဟူ၍မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏” (တမန် ၄း၃၂)။ ကိုယ်ကျိုးစွန့်ရက်ရောမှု၏ မှတ်သားဖွယ်ရာစံပြများရှိခဲ့ကြသည်မှာ “ထိုသူတို့တွင် ဆင်းရဲသောသူတစ်ယောက်မျှမရှိ၊ အကြောင်းမူကား အိမ်မြေကွက်ကိုပိုင်သောသူရှိသမျှတို့သည် ရောင်းပြီးလျှင်၊ ရသောအဖိုးကိုယူဆောင်ခဲ့၍၊ တမန်တော်တို့၏ခြေရင်း၌ ထားကြသဖြင့် လူများဆင်းရဲသည်အတိုင်း အသီးသီးတို့အား ဝေငှပေးကမ်းကြ၏” (တမန် ၄း၃၄-၃၅)။ ဤမြင့်မြတ်သောရုပ်ပုံသည် အသင်းတော်အတွင်း၌ပင်လျှင် မကြာမီပျက်စီးမည်ကို သတိပေး၏။ အပြစ်တရားသည် မိမိ၏ဦးခေါင်းထောင်လာနိုင်၏။ ရိုးသားမှုရှိသည့်နေရာတိုင်းတွင် ဟန်ဆောင်မှုရှိနိုင်၏။ အမှန်တရားရှိသည့်နေရာတိုင်းတွင် မုသား၏အဘသည် ထိုးဖောက်ဝင်ရောက်၍ လှည့်စားရန်ကြိုးစားလိမ့်မည်။

ထို့ကြောင့် အာနနိသည်အခြားသူများကဲ့သို့ ရက်ရောစွာဟန်ဆောင်ပေးကမ်းနေကြောင်း မြင်တွေ့ရသော်လည်း အမှန်မှာသူပေးကမ်းဖို့ရန် ပြသထားသောငွေ၏ “အချို့အစိတ်အပိုင်း” ကိုသာ ယူဆောင်လာခဲ့သည် (တမန် ၅း၂)။ သူလဲကျရသောအကြောင်းမှာ ငွေကိုတပ်မက်ခြင်းကြောင့် မဟုတ်ပါ။ အကြောင်းမူကား၊ သူသည် သူ့ငွေထဲကအချို့ကိုပေးကမ်းရန် စိတ်ဆန္ဒရှိသော်လည်း ကျော်ကြားမှုနှင့်လူကြိုက်များမှုသော်၎င်း၊ ချီးကျူးခြင်းနှင့်လက်ခုပ်သံများကိုသော်၎င်း တပ်မက်ခဲ့ခြင်းဖြစ်သည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်သည်ကျွန်ုပ်တို့၏နှလုံးသားနှင့် လုပ်ရပ်များကို သိရှိတော်မူပြီး တရားစီရင်မည့်အကြောင်းကို ဤဖြစ်ရပ်မှာ ကျွန်ုပ်တို့အတွက် သက်သေမှတ်တမ်းဖြစ်သင့်ပါသည်။ အာနနိသည် စာတန်ဖြည့်သောနှလုံးသားဖြင့် မိမိ၏ကြွယ်ဝခြင်းထဲမှထက်ဝက်ကို ပေးခြင်းထက် စိတ်နှလုံးဖြူစင်စွာဖြင့် ဒင်္ဂါးနှစ်ပြားလောက်ပေးခဲ့ခြင်းသည် သာ၍ကောင်းမည် (နှိုင်း မာ ၁၂း၄၃)။ ကျွန်ုပ်တို့သည် ဘုရားသခင့်မျက်မှောက်တော်ရှေ့၌ ကျွန်ုပ်တို့အာရုံစူးစိုက်မှုအပြည့် ပေးသကဲ့သို့ ဟန်ဆောင်ပြီး အမှန်တွင်ကျွန်ုပ်တို့၏ အာရုံသည် အခြားတစ်နေရာရာ၌ စူးစိုက်နေသောအခါတွင် ကျွန်ုပ်တို့အပြစ်ကင်းသလား။ သို့မဟုတ်၊ ဘုရားသခင်ကိုကျွန်ုပ်တို့၏စိတ်နှလုံးအကြွင်းမဲ့ ချစ်ဟန်ဆောင်စဉ်တွင် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအချို့ကို လောကသို့ပေးအပ်လိုက်သောအခါ ကျွန်ုပ်တို့၏အပြစ်လျော့မည်လား။ သခင်ဘုရားသည် ကျွန်ုပ်တို့စိတ်နှလုံးကို ဖြူစင်သောကြောက်ရွံ့ခြင်းဖြင့် ပြည့်ဝပါစေသော်။ ကျွန်ုပ်တို့သည် “လူကိုသာ မုသာပြောပြီမဟုတ်၊ ဘုရားသခင်ကို မုသာပြော” ဆိုခဲ့သည်ကို သတိပြုကြလော့ (တမန် ၅း၄)။

**ဆင်ခြင်ရန်** - “သူတပါးကို ငါကျွေးမွေး၍ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက. . . မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ” (၁ ကော ၁၃း၃)။

**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်ကိုစစ်ကြော၍ ကျွန်ုပ်၏ဟန်ဆောင်လျှို့ဝှက်ခြင်းကို ဖယ်ရှားပေးတော်မူပါ။

စနေ၊ ဇွန် (၁၂)
**တမန် ၅း၁-၁၁**
၁ ပေ ၅း၈

*"သမ္မာသတိရှိလျှက်
မအိပ်ဘဲစောင့်နေကြလော့"*

# စာတန်ပြည့်စေသောနှလုံးသားမဟုတ် [၂]

စာတန်သည် မိမိ၏တန်ဆာပလာများ အလုပ်ဆောင်ရွက်ခြင်းအားလုံး၌ သူ၏အထွေထွေလက္ခဏာနှင့်ရည်ရွယ်ချက်မှာ တသမတ်တည်းဆက်လက်ရှိနေဆဲဖြစ်သည်။ သူသည် မာနထောင်လွှားခြင်းသို့ရောက်၍ ဘုရားသခင်တပါးတည်းကိုသာ ဝတ်ပြုကိုးကွယ်ခြင်းအရာကို လုယူလိုသောဆန္ဒဖြင့် ဆက်လက်လှုံ့ဆော်နေဆဲဖြစ်သည်။ ထို့ကြောင့် သူသည် လူသားများကိုသူ၏အုပ်ချုပ်မှုအောက်သို့ပို့ဆောင်ရန် ကြိုးပမ်းခဲ့ပြီး ဤခေတ်၏ဘုရားအဖြစ် အုပ်ချုပ်သည်။ အမှန်တရားမှထွက်ခွာပြီး၊ လူသားများကို မှောင်မိုက်ထဲ၌ထားဖို့ရန် ကြိုးစားသည်။ ဘုရားသခင်၏သမ္မာတရားထဲမှလူတို့ကိုဆွဲထုတ်ပြီး သူ၏မုသာဝါဒကိုမိတ်ဆက်ပေးသည်၊ မိမိကိုယ်ကိုဘုရားသခင်အား မုန်းတီးခြင်းနှင့် ရန်ငြိုးထားခြင်း၌အခြေချ၍ သူသည်လူသားတို့ကိုဆန့်ကျင်လျှက် အန္တရာယ်ကြီးသောတိုက်ပွဲ၌ဆက်လက်ရှိနေသည်။ ဥယျာဉ်တော်၌ သူသည်သေခြင်း၏တန်ခိုးအောက်သို့ လူကိုယူဆောင်ပြီးထိုအနေအထားတွင်လူကိုထားဖို့ ရည်ရွယ်ခဲ့သည်။ ထို့ကြောင့် စာတန်သည် "ရှေးဦးစွာမှစ၍လူအသက်ကို သတ်သောသူဖြစ်၏" (ယော ၈း၄၄)။

လူသားတို့ကို ဆန့်ကျင်သောစာတန်၏အကြံအစည်များကို ဤသို့အကျဉ်းချုပ်ဖော်ပြနိုင်သည်။ နောက်ဆုံးတွင် သူသည်လူအားဘုရားသခင်နှင့် ခွဲခွာစေခြင်းအားဖြင့် ဖျက်ဆီးဖို့ရန် ကြိုးစားသည်။ လူသားအပေါ် သူလွှမ်းမိုးမှု၏ အဓိကနယ်ပယ်မှာ စိတ်နှလုံးဖြစ်ပုံရသည်။ ထို့ကြောင့် အသင်းတော်ပြင်ပရှိသူများကို စာတန်သည်သူတို့၏ဉာဏ်မျက်စိကို ကွယ်စေခြင်းအားဖြင့်သော်၎င်း (နိုင်း ၂ ကော ၄း၄)၊ (သို့) နှုတ်ကပတ်တော်ကို သူတို့၏နှလုံးထဲမှထုတ်ယူပြီးအားဖြင့်သော်၎င်း (နိုင်း လု ၈း၁၂) ဤခွဲထားခြင်းကို အောင်မြင်နေ၏။ အသင်းတော်၌ရှိသူများပင် သူသည်အပြစ်သို့သွေးဆောင်ခြင်းအားဖြင့် ဘုရားသခင်ထံတော်မှ ခွဲထုတ်ခြင်းကိုအောင်မြင်ဖို့ရန် ကြိုးပမ်းသည် ထိုသို့ကြိုးပမ်းရာတွင် သူသည်လူတို့၏စိတ်ကိုပစ်မှတ်ထားခြင်း (နိုင်း ၂ ကော ၁၁း၃) (သို့) စိတ်နှလုံးကိုဖြည့်ဆည်းပေးခြင်း (နိုင်း တမန် ၅း၃) တို့ဖြစ်သည်။

ဤအချက်မှာ ယုံကြည်သူအား ဤအားကြီးသောဝိညာဉ်ရေးရာရန်သူကြီးကို ဆန့်ကျင်တိုက်ခိုက်ဖို့ရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ ထိုသို့တိုက်ခိုက်ရာတွင် သူသည်မိမိ၏ခွန်အားဖြင့်မဟုတ်၊ သခင်ဘုရား၏ကြီးမားသောတန်ခိုးတော်အားဖြင့် ဖြစ်ရမည်။ ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ထားပြီး၊ အောင်နိုင်သူခရစ်တော်နှင့်ဆက်နွယ်မှုအားဖြင့်သာ အောင်ပွဲခံနိုင်သည်။

ချစ်သောစာဖတ်သူ၊ ကျွန်ုပ်တို့၏နှလုံးသားများနှင့်ပတ်သတ်၍ ယခုအချိန်ထိ ကျွန်ုပ်တို့ပြောခဲ့သမျှသောအရာအားလုံးတွင် ကျွန်ုပ်တို့၏နှလုံးသားထဲ၌ အလုပ်လုပ်ရန်နှင့်လွှမ်းမိုးဖို့ရန် ကြိုးစားနေသည့်ရန်သူရှိသေးသည်ကို ကျွန်ုပ်တို့သတိပြုရမည်။ ဤအသိအမှတ်ပြုခြင်းသည် ကျွန်ုပ်တို့ကိုသမ္မာသတိရှိဖို့ရန်နှစ်ဆကြိုးစားအားထုတ်ဖို့ဖြစ်စေ၏ (နိုင်း ၁ ပေ ၅း၈)။ ကျွန်တော်တို့၏စိတ်နှလုံးသည် စစ်မြေပြင်ဖြစ်၍ ကျေနပ်ရောင့်ရဲမှုမရှိဝံ့ပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်၏သမ္မာတရားနှင့်ကျွန်ုပ်နှလုံးသားကို ဖြည့်ဆည်းဖို့ရန် တက်ကြွစွာမကြိုးစားလျှင် မာရ်နတ်သည်သူ၏မုသာစကားကို လာဖြည့်ဆည်းပေးလိမ့်မည်။

**ဆုတောင်းချက်-** အို မိုးပွင့်ထက်သာ၍ စိတ်နှလုံးဖြူစင်ဖို့ရန်အတွက်၊ ကယ်တင်ရှင်ဘုရားထံမှအပ အဘယ်သူထံကျွန်ုပ်သွားရသနည်း။ ကျွန်ုပ်ကို အလွန်ချစ်၍ အမှန်သေခဲ့သောသူ၊ မိုးပွင့်ထက်သာ၍ဖြူသောစိတ်နှလုံးကို အကျွန်ုပ်အားပေးပါ။ (Hewitt)

တနင်္ဂနွေ၊ ဇွန် (၁၃)
**သုတ္တံ ၁၆း၅**
ယေဇ ၂၈း၁၁-၁၉

*"မာနကြီးသောသူအပေါင်းတို့ကို ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏"*

---

# မာနမကြီးသောစိတ်နှလုံး (၁)

သုတ္တံကျမ်းက မာနထောင်လွှားခြင်းသည် "ပျက်စီးခြင်းအရင်နေရာကျတတ်၏" (သုတ္တံ ၁၆း၁၈)ဟူ၍ သတိပေးသည်။ ဤအချက်မှာ ဘုရားသခင်ဖန်ဆင်းခြင်း၌ တွေ့ရသည့်အဦးဆုံးသော အပြစ်တရားဖြစ်သည်။ အကြောင်းမူကား သူ၏ "ဂုဏ်အသရေလှပခြင်း" ကြောင့် သူ၏ "စိတ်နှလုံးသည် မာနထောင်လွှားခဲ့သည်" ဟု မာရ်နတ်အကြောင်းကို ကျွန်ုပ်တို့အား ပြောထား၏ (ယေဇ ၂၈း၁၇)။

ချစ်သောစာဖတ်သူ၊ ဤစကားလုံးတို့၏ အံ့သြဖွယ်ကောင်းသောထူးခြားချက်ကို စဉ်းစားကြည့်ပါ။ ဤနေရာတွင် ကျွန်ုပ်တို့၌ "ဘိသိက်ခံသောခေရုဗိမ်"၊ "ဉာဏ်ပညာနှင့်ပြည့်စုံ၍ အဆင်းလည်း ပြည့်ဝသောသူ"၊ "ကျောက်မြတ်အမျိုးမျိုးတို့" ဖြင့် ဆောင်ခြင်းခံရသောသူနှင့် "ဘုရားသခင်၏ သန့်ရှင်းသောတောင်ပေါ်မှာနေရာကျ" သောသူရှိတော်မူ၏ (ယေဇ ၂၈း၁၂-၁၄)။ ဤတွင် ကျွန်ုပ်တို့၌ မြင့်မြတ်သောရာထူးကို ချီးမြှင့်ခံရသူ၊ အပြစ်ကင်းသောသူနှင့် အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ "ပြုလေရာရာ၌စုံလင်လျက်" သူရှိ၏ (ယေဇ ၂၈း၁၅)။ ဟေရှာယကျမ်းတွင်တွေ့ရသည့်အလားတူကျမ်းပိုဒ်၍ သူ့မာန၏သဘောသဘာဝကို ဖော်ပြရာတွင် "ဘိသိက်ခံရသောခေရုဗိမ်"က သူ၏စိတ်နှလုံးထဲတွင် "အို နံနက်သား၊ မိုယ်းသောက်ကြယ်၊ သင်သည် ကောင်းကင်ကကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင်ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုယ်းတိမ်ထိပ်ပေါ်သို့ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟုစိတ်အကြံရှိလေပြီ" (ဟေရှာ ၁၄း၁၂-၁၄)ဟူ၍ ပြောခဲ့သည်။

အပြစ်တရားမရှိသော ဤစကြာဝဠာတွင် ဤအဆင်းလှသောသတ္တဝါ၏နှလုံးသား၌ ပုန်ကန်မှုကို မွေးဖွားခဲ့သည် သူ၏အလွန်အဆင်းလှခြင်းသည် သူ၏စိတ်နှလုံးကို ထောင်လွှားခြင်းသို့ဖြစ်စေ၍၊ သူ၏အလွန်တောက်ပခြင်းသည် သူ၏ဉာဏ်ပညာကိုပျက်စီးစေ၏။ ထို့ကြောင့် လွှမ်းမိုးသောခေရုဗိမ်သည် "ဘုရားသခင်၏တောင်တော်ပေါ်မှနှင်ထုတ်" ပြီး "မြေတိုင်အောင် နှင်ထုတ်"၍ မြေပေါ်သို့ပြာအဖြစ် ယူဆောင်မည်။

ဤနေရာတွင် မာနထောင်လွှားခြင်း၏ကြောက်မက်ဖွယ်သဘာဝကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ၎င်းသည် ပြင်ပကသွေးဆောင်မှုမရှိလျှင်ပင် အတွင်းထဲကပေါ်ပေါက်လာ၏။ ၎င်းသည် ကိုယ်ကိုကိုယ် လှည့်စားသည်။ ထို့ပြင် မာနထောင်လွှားလိုသည့်သဘောထားသည် အခွင့်ထူးဖြင့် တိုးပွားလာ၏။ ပင်ကိုအရည်အသွေးဆုကျေးဇူးရရှိလေလေ ပို၍မာနကြီးလေလေဖြစ်သည်။ ဤယို ယွင်းသောအမူ၏သဘောသဘာဝက ကျွန်ုပ်တို့အင်အားအရှိဆုံးဟု ထင်မှတ်သောနေရာကို အတိအကျထိမှန်ပြီး ထိုအားကိုအင်အားအရှိဆုံးအားနည်းချက်အဖြစ် ပြောင်းလဲပစ်သည်။ ဘုရားသခင်စစ်သည်တော်တို့၌ အကြီးမြတ်ဆုံးချန်ပီယံကို သူ့အမှုကိုအကြီးဆုံးသောသစ္စာဖောက်သူသို့ လှည့်စေနိုင်သည်။ မာရ်နတ်နှင့်လည်း ထိုနည်းတူဖြစ်သည်။ ကျွန်ုပ်တို့သည် အမြဲတမ်းသတိမစောင့်လျှင် ၎င်းသည် ကျွန်ုပ်တို့နှင့်ဖြစ်ပျက်နိုင်သည်။ အကယ်စင်စစ်၊ ကျမ်းစာလာသည်ကား "ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏"(၁ ကော ၁၀း၁၂)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် မာနထောင်လွှားဖို့ရန် ကြီးမြတ်ဖို့မလိုအပ်ပေ။ ငါသည် ဖြစ်သင့်သည်ထက် ကိုယ့်ကိုကိုယ်ပို၍မြင့်မားစွာ တွေးဖို့သာလိုအပ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏သမ္မာတရားအတိုင်း အကျွန်ုပ်ကိုနှိမ့်ချစေတော်မူပါ။

တနင်္လာ၊ ဇွန် (၁၄)
**၁ တိ ၃း၁-၆**
၂ ကော ၁၂း၆-၁၀

*“မာနနှင့်ယဇ်မူးလျက်၊ မာရ်နတ်၏
အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၏”*

## မာနမကြီးသောစိတ်နှလုံး (၂)

မာနထောင်လွှားခြင်းသည် မာရ်နတ်အတွက် ထူးခြားသောအပြစ်မဟုတ်ပါ။ တမန်တော်ပေါလုက “အသစ်သောယုံကြည်သူ” ကို “မာနနှင့်ယဇ်မူးလျက်၊ မာရ်နတ်၏အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၍” သင်းအုပ်ဆရာ၌မခန့်မည့်အကြောင်း သတိပေးခဲ့သည် (၁ တိ ၃း၆)။ တနည်းအားဖြင့်၊ ယုံကြည်သူအသစ်သည် အသင်းတော်၌ကြီးလေးသော တာဝန်ထမ်းဆောင်ရသောအနေအထားသို့ ပညာမဲ့စွာထားရှိလျှင် မာရ်နတ်အားအပြစ်စီရင်ခြင်းခံရသည့်အပြစ်နှင့် တူညီသောအပြစ်ထဲသို့ ကျရောက်သွားနိုင်၏။

တမန်တော်၏ နှိုင်းယှဉ်မှုကအလွန်ကြီးမားသောမာနကြီးခြင်းကို အိမ်သို့အမှန်တွန်းပို့၍ ကျွန်ုပ်တို့သည် ထိုအရာထဲသို့အလွယ်တကူကျရောက်နိုင်သည်။ ကျွန်ုပ်တို့သည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသာ ပေးအပ်ခြင်းခံရသောအခါတွင် ထိုအရာအတွက် အဆင်သင့်မဖြစ်သေးပါက ကျွန်ုပ်တို့အား ကြီးမားသောအန္တရာယ်ရှိစေနိုင်သည်။ ကျွန်ုပ်တို့သည် “ထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူခြင်း” ကို မခံရဖို့ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်ရှောက်ရန်အလွန်လိုအပ်သည် (သုတ္တံ ၁၆း၅)။

သို့ဖြစ်လျှင် မာနထောင်လွှားခြင်းမှ မိမိကိုယ်ကိုအဘယ်သို့ကာကွယ်ရမည်နည်း။ ကျွန်ုပ်တို့သည် ဗာရုတ်ထံသို့သတိပေးခဲ့သောအချက်ကို နှလုံးသွင်းရမည်မှာ “သင်သည် ကြီးစွာသောအရာတို့ကို ကိုယ်အဘို့ရှာသလော၊ မရှာနှင့်” (ယေ ၄၅း၅)။ ဤအချက်က မိမိကိုယ်ကို စစ်ဆေးခြင်းငှါ ဆက်ကပ်အပ်နှံခြင်းနှင့် နီးနီးကြားကြားနှစ်မြှုပ်ထားပြီး ကျွန်ုပ်တို့၏ဆန္ဒများ၊ ကိလေသာနှင့်ရည်မှန်းချက်များနှင့်ပတ်သတ်၍ ကာမဂုဏ်ချုပ်တည်ခြင်းကို တောင်းဆိုထားသည်။ ကျွန်ုပ်တို့၏အတွေးအခေါ်များကို သတိပြုရန်နှင့်ကျွန်ုပ်တို့၏စဉ်းစားဆင်ခြင်မှုတို့ကို ထိန်းချုပ်၍ “ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေ” (၂ ကော ၁၀း၅)ယူဆောင်လာဖို့အလို့ငှါ သင်ယူရပါမည်။ ပထမဆုံးပုန်ကန်မှုသည် စိတ်ရှည်ခြင်းဖြင့်သော်၎င်း၊ ဘုရားသခင်၏အလိုတော်ကိုတမင်တကာ ဝန်ခံခြင်းဖြင့်သော်၎င်း အမြန်ဆုံးချေမှုန်းရပါမည်။

နောက်ဆုံးအနေဖြင့် မာနထောင်လွှားမှုကို တိုက်လှန်သော ဤကြီးမားသောရှုန်းကန်မှုတွင် ကျွန်ုပ်တို့မျှော်လင့်ထားသောနည်းလမ်းအတိုင်းမဟုတ်ဘဲ သခင်ဘုရားကိုယ်တော်တိုင် ကျွန်ုပ်တို့အတွက် မကြာခဏတိုက်လှန်ပေးကြောင်းကို သတိရကြပါစို့။ ဘုရားသခင်ကိုယ်တိုင်သည် တမန်တော်ပေါလုအား မာနထောင်လွှားခြင်းမှ ကာကွယ်သောသူဖြစ်သည်။ ပေါလုသည် “ထောင်လွှားသောစိတ်မရှိစေခြင်းငှါ”၊ “စာတန်၏တမန်တည်းဟူသောကိုယ်၌စူးသော ဆူးကို” ခံစားဖို့ရန် ဘုရားသခင်ခွင့်ပြုတော်မူ၏ (၂ ကော ၁၂း၇)။ ဘုရားသခင်သည် ပေါလုအား ဒုက္ခဝေဒနာခံစားစေခြင်းဖြင့် ကာကွယ်တော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲကိုစက်ဆုပ်ရွံရှာဖို့ရန်မဟုတ်ဘဲ သူ၏ “တန်ခိုးတော်သည် အားနည်းခြင်းအဖြစ်၌” ထင်ရှားတတ်၏ (အငယ် ၉)။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးမားစွာအသုံးပြုလျှင် သူ၏ကြီးမားစွာနှိမ့်ချစေမှုကို မျှော်လင့်သည်။ ကျွန်ုပ်တို့သည် ညည်းတွားခြင်းကိုမပြုဘဲ ကျေးဇူးချီးမွမ်းခြင်းနှင့်ပြည့်ဝသင့်သည်။ အကြောင်းမူကား ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင်အဖသည် ကျွန်ုပ်တို့အား “မာရ်နတ်၏ပြစ်တင်ရှုတ်ချ”ခြင်းထဲသို့ ကျရောက်ခြင်းမှ ပြန်၍ဆွဲထားတော်မူ၏။

**ဆင်ခြင်ရန်** - မာနထောင်လွှားခြင်းသည် ဖန်ဆင်းထားသောအရာတို့၌နေရာမရှိပေ။

**ဆုတောင်းချက်-** “အိုး ကောင်းကင်၏ကျေးဇူးတော် - နှိမ့်ချခြင်း” သင်၏မြတ်နိုးသောကျက်သရေကို ကျွန်ုပ်ဝတ်ဆင်လိမ့်မည်။ ကျွန်ုပ်သည် ကိုယ်တော်ကဲ့သို့ နှိမ့်ချရပါမည်။ ကိုယ်တော်၏သန့်ရှင်းသောပုံသဏ္ဍာန်တော်ကို ယူဆောင်ပါမည်။

အင်္ဂါ၊ ဇွန် (၁၅)
**ဆာလံ ၆၆း၁၃-၂၀**
ယာကုပ် ၄း၈-၁၀

*"ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည်နားထောင်တော်မမူ"*

# ဒုစရိုက်ကိုမငဲ့ကွက်သောစိတ်နှလုံး

ဆာလံ ၆၆း၁၈ တွင် "ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ" ဟူ၍ဒါဝိဒ်သည် ကြီးမားသောအမှန်တရားကို ဖော်ပြခဲ့သည်။ သခင်ယေရှုခွင့်ပြုတော်မူသော ဖြောင့်မတ်သူများ၏ ဆင်းရဲဒုက္ခများကို သူယခုပင်ဖော်ပြသည်မှာ "ကျော့ကွင်းထဲမှာ ကျော့မိစေ၍၊ ကျောက်ကုန်းပေါ်မှာ လေးသောဝန်ကိုတင်တော်မူပြီ။ အကျွန်ုပ်တို့ခေါင်းပေါ်မှာ သူတပါးကိုစီးစေတော်မူပြီ။ မီး၌၎င်း၊ ရေ၌၎င်း သွားရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ရောက်ကြပါ၏" (ဆာလံ ၆၆း၁၁-၁၂)။ သို့သော် ဘုရားသခင်သည် ဤဆင်းရဲဒုက္ခများမှ ကယ်လွှတ်ခြင်းနှင့်ကောင်းကြီးမင်္ဂလာကို ပေးတော်မူခဲ့သည်မှာ "ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ရောက်ပါ၏" (အငယ် ၁၂)ဟူ၍ ဖော်ပြထားသည်။ အကြောင်းကတော့ ဒါဝိဒ်ပြောသည်မှာ "ဘုရားသခင်သည်ငါ့စကားကိုကြားတော်မူပြီ။ ငါဆုတောင်းပဌနာစကားသံကို မှတ်တော်မူပြီ" (အငယ် ၁၉)။

ဘဝ၌ဆင်းရဲဒုက္ခများကို ခံရပ်နိုင်ရန် သခင်ဘုရားကိုကျွန်ုပ်တို့အလွန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဒုက္ခရောက်ချိန်တွင် ကိုယ်တော်ထံသို့ချဉ်းကပ်နိုင်ပြီး ကျွန်ုပ်တို့စကားကို သူကြားမည်ဟု စိတ်ချနိုင်သည့်အချက်မှာ ကျွန်ုပ်တို့၏အကြီးမားဆုံးသောနှစ်သိမ့်စရာမဟုတ်သလား။ ချစ်သောစာဖတ်သူတို့၊ ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ဘုရားသခင်နားမထောင်စေအောင်ဖြစ်စေသောမည်သည့်အရာကိုမဆို ကျွန်ုပ်တို့အလွန်အလေးထားရပါမည်။

သို့သော် ကျွန်ုပ်တို့သည် စိတ်နှလုံးထဲတွင်"ဒုစရိုက်ကို ငဲ့ကွက်"လျှင် ကျွန်ုပ်တို့၏ဆုတောင်းချက်တို့ကို ကိုယ်တော်နားညောင်းတော်မူမည်မဟုတ်ကြောင်း သေချာ၏။ "ငဲ့ကွက်"ဟူသော စကားလုံးသည် တစုံတခုကိုသဘောကျစွာဖြင့် ကြည့်ရှုသည့်သဘောမျိုးရှိသည်။ တနည်းပြောရလျှင် သခင်ဘုရားတားမြစ်ထားသည့်အရာတစ်ခုအား ကျွန်ုပ်တို့၏နှလုံးသားထဲတွင် သိမ်းဆည်းထားပါက သူ၏မျက်မှောက်တော်၌ မိမိကိုယ်ကိုအရည်အချင်းမပြည့်မီစေပါ။

ကျွန်ုပ်တို့၏ဘုရားသခင်သည် သန့်ရှင်းတော်မူ၍ အမှားမလုပ်ပေ။ သူ့လူတို့ထံသို့ သူပြောသည်မှာ "သင်တို့သည် လက်ဝါးတို့ကိုဖြန့်ကြသောအခါ၊ ငါသည် မျက်စိကိုလွှဲမည်။ များစွာသော ပဌနာကိုပြုကြသောအခါ၊ ငါသည်နားမထောင်။ သင်တို့လက်တို့သည် အသွေးနှင့်ပြည့်ကြ၏" (ဟေရှာ ၁း၁၅)။ ရုပ်တုကိုးကွယ်ခြင်းနှင့်ပြည့်နှက်သည့် အသင်းတော်တို့၌ ဘုရားသခင်ထံ ကျယ်လောင်စွာနှင့်အကြိမ်ကြိမ်ဆုတောင်းခြင်းသည် အဘယ်အကျိုးရှိသနည်း။ အချို့သောခေတ်သစ် "ဧဝံဂေလိတရား" ဟောပြောပွဲများသို့တက်ရောက်သည့် သွေးရူးသွေးတန်းအော်နေသောဆုတောင်းခြင်းနှင့်ဆူညံအော်ဟစ်နေသော လူထုတို့သည် အဘယ်အကျိုးရှိသနည်း။ ဤနောက်ဆုံးသောနေ့ရက်တို့တွင် ပရောဖက်တို့သည်ဗာလဘုရား၏နာမကို ခေါ်၍ သူ၏ယဇ်ပလ္လင်ပေါ်သို့ ကခုန်နိုင်ကြ၏ (၁ ရာ ၁၈း၂၆)။ သူတို့၏နှလုံးသားများသည် အပြစ်နှင့်ပြည့်နှက်နေစဉ်တွင် သုံးပါးတစ်ဆူဘုရားသခင်ကိုအမှီပြု၍ ပရိသတ်ကိုရရှိဖို့ရန် စဉ်းစားနိုင်ကြသည်။ ကျွန်ုပ်တို့သည် "ဘုရားသခင်ထံချဉ်းကပ်"ဖို့ အမှန်ကြိုးစားလျှင် ပုံးတွင်ပါပညတ်တော်တို့ကို လိုက်နာပါမည်။ ထိုပညတ်တော်မှာ "အပြစ်ရှိသောသူတို့၊ သင်တို့လက်ကိုစင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့" (ယာကုပ် ၄း၈)။

**ဆင်ခြင်ရန်** - "ထာဝရဘုရားကို ချစ်သောသူတို့၊ မကောင်းသောအမှုကိုရွံရှာကြလော့" (ဆာ ၉၇း၁၀)။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏နှလုံးသား၌ ကိုယ်တော်၏တရားတော်ကိုမှတ်ထားရန် မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၁၆)
**လုကာ ၂၄း၁၃-၂၇**
လုကာ ၁၆း၁၉-၃၁

*"ပရောဖက်ဟောပြောသောစကားများကို ယုံနိုင်သောဉာဏ်မရှိ၊ စိတ်ခိုင်မာသော သူတို့"*

## မခိုင်မာသောစိတ်နှလုံး

သခင်ယေရှုသည် သူမသေဆုံးမီတတိယမြောက်နေ့တွင် သေခြင်းမှထမြောက်လိမ့်မည်ဟု တပည့်တော်များအား အကြိမ်ကြိမ်သွန်သင်ခဲ့သည်။ "ထိုမှတပါး ကိုယ်တော်သည်ယေရုရှလင်မြို့သို့ သွားရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်၌ များစွာခံရမည်။ အသေသတ်ခြင်းကိုလည်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသောအကြောင်းများကို ထိုအခါမှစ၍ တပည့်တော်တို့အားပြတော်မူ၏" (မဿဲ ၁၆း၂၁၊ နှိုင်း မဿဲ ၁၇း၂၃၊ ၂၀း၁၉)။

သို့သော်လည်း၊ ထိုတပည့်တော်များသည် သခင်ယေရှုရှင်ပြန်ထမြောက်ခြင်း၏ သတင်းကို ထပ်ခါတလဲလဲမယုံသောကြောင့် ဝမ်းနည်းဖွယ်ကောင်းသောအချက်ဖြစ်သည်။ မာဂဒလမာရိ၏ သက်သေခံချက်ကိုသူတို့ကြားခဲ့ကြသော်လည်း "ကိုယ်တော်သည် အသက်ရှင်တော်မူသည်ကိုငင်း၊ မာရိသည် ကိုယ်တော်ကိုမြင်ရသည်ကိုငင်း၊ သူတို့သည်ကြားလျှင်မယုံကြ" (မာကု ၁၆း၁၁)။ သူတို့သည် သူတို့"ပြည်"သို့ သွားကြသောလူနှစ်ဦး၏ထွက်ဆိုချက်ကို သူတို့ကြားခဲ့ကြသော်လည်း တဖန် သူတို့သည် "မယုံဘဲ" နေကြသည် (မာကု ၁၆း၁၂-၁၃)။ အမှန်မှာ "ထိုအကြောင်းအရာကို တမန်တော်တို့အား ပြောသောသူကား၊ မာဂဒလမာရိ၊ သောဟန္န၊ ယာကုပ်၏အမိဖြစ်သောမာရိမှစ၍ အခြားသောမိန်းမများဖြစ်သတည်း။ သူတို့၏စကားကို ဒဏ္ဍာရီစကားကဲ့သို့ ထင်မှတ်၍ တမန်တော်တို့သည်မယုံကြ" (လုကာ ၂၄း၁၀-၁၁)။

သူတို့မယုံကြည်ရသည့်အကြောင်းအရင်းကား အဘယ်နည်း။ သခင်ယေရှုက ဧမောက်ရွာသို့ လျှောက်သွားသော လူနှစ်ယောက်တို့အား သူ၏စကားများတွင် ဖော်ပြခဲ့သည်မှာ သူတို့သည် "ပရောဖက်ဟောပြောသောစကားများကို ယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူ" (လုကာ ၂၄း၂၅)ဖြစ်ကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏နှုတ်ကပတ်တော်အားလုံးကို ယုံကြည်ဖို့ရန်မျှော်လင့်ကြောင်းကို ကောင်းစွာမှတ်သားထားပါ။ အိုး သမ္မာကျမ်းစာပါဗျာဒိတ်တော်များကို ငြင်းပယ်ခြင်းသည် ယနေ့ခေတ်တွင်ခေတ်မှီနေ၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ကျွန်ုပ်တို့၏ ခေတ်သစ်အတွေးအမြင်အတွက်ထူးဆန်းနေ၏။ အမည်ခံခရစ်ယာန်တို့ပင် ကျမ်းစာ၌မှတ်တမ်းတင်ထားသော အံ့ဖွယ်အမှုများကိုပြန်ရရန် ကြိုးပမ်းကြပြီး စိတ်အနှောင့်အယှက်ပေးသော ကျမ်းပိုဒ်များကို အမြင်မှဖယ်ရှားဖို့ အမျိုးမျိုးသောအနက်ဖွင့်ရာ ကျွမ်းကျင်မှုကို အသုံးပြုခြင်းဖြင့် လှည့်စားခဲ့ကြသည်။

"ဉာဏ်အလင်းရသော" စိတ်သည် "သက်သေအများ" ကိုတောင်းဆိုသော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မယုံကြည်လျှင်၊ ရိုးရှင်းသောအမှန်တရားမှာ "ပင်ကိုယ်မူလသက်သေများ" ၏ မည်သည့်ပမာဏကမျှ ယုံကြည်ခြင်းကို အစားထိုးနိုင်မည်မဟုတ်ပါ။ သူဌေးကြီးပုံဥပမာတွင် သူ၏ဆင်းရဲခံရခြင်းထဲက သူ့ညီအစ်ကိုတို့နှင့်ပတ်သတ်၍ "မောရှေနှင့်ပရောဖက်တို့၏စကားကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြ" (လုကာ ၁၆း၃၁) ဟူ၍တုန့်ပြန်ခံရသည်မဟုတ်လော။

**ဆင်ခြင်ရန်** - "သင်တို့သည် နိမိတ်လက္ခဏာနှင့်အံ့ဖွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံခြင်းမရှိကြ" (ယော ၄း၄၈)။ ဤဖော်ပြချက်သည် ကျွန်ုပ်ကိုပြောခြင်းလော။
**ဆုတောင်းချက်-** အိုအဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်ဖို့ရန်ကူညီပါ။

ကြာသပတေး၊ ဇွန် (၁၇)

**ရောမ ၁း၁၈-၂၃**

ဆာလံ ၁၄

*"သတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏"*

# မိုက်မဲသောစိတ်နှလုံးမဟုတ် (၁)

တမန်တော်ပေါလုသည် ရောမမြို့သားတို့ထံရေးသောစာကို ဧဝံဂေလိတရားတော်ကို စနစ်တကျတင်ဆက်မှုနှင့်အတူ အစပြုသည်။ ဧဝံဂေလိတရားသည် "သတင်းကောင်း"အမှန်ဖြစ်သော်လည်း တမန်တော်သည် လူ၏ယုတ်ညံ့ခြင်းဟူသော "သတင်းဆိုး"နှင့်အတူ အစပြုခဲ့ပြီး ဘုရားသခင့်အမျက်ဒေါသ၏ကြောက်မက်ဖွယ်ကောင်းသောအဖြစ်မှန်ကို "သမ္မာတရားကိုအဓမ္မဖြင့်ဆီးတားနိုင်စက်သောသူတို့ပြုတတ်သောဘုရားမဲ့နေခြင်းအမှု၊ တရားကိုကျူးလွန်ခြင်းအမှုအမျိုးမျိုးတို့ တဘက်၌ . . . ကောင်းကင်မှထင်ရှားလျက်ရှိ၏" (ရောမ ၁း၁၈) ဟူ၍ဖော်ပြထားသည်။

လူသည် ဘုရားသခင်နှင့်ပတ်သတ်သောအမှန်တရားကို သိသည်ဟု ပေါလုဆိုထား၏။ "အဘယ်ကြောင့်နည်းဟူမူကား သိအပ်သောဘုရားသခင်၏အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အားပြတော်မူပြီ" (ရောမ ၁း၁၉)။ ဘုရားသခင်သည် လူသားတို့အား မိမိကိုယ်ကိုကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းအရာဖြင့် ထင်ရှားစွာပြသခဲ့သည်။ ဆာလံဆရာက "မိုယ်းကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုယ်းမျက်နှာကျက်သည် လက်တော်နှင့်လုပ်သောအရာများကိုပြသ၏။ တနေ့ကိုတနေ့မြွက်ဆို၍၊ တညဉ့်ကိုတညဉ့်သွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ၊ သူတို့နှုတ်ထွက်သံကိုမကြားရသော်လည်း၊ သူတို့၏အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍၊ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေ၏" (ဆာလံ ၁၉း၁-၄) ဟူ၍ဖော်ပြထားသည်။ ဤအချက်က လူကို "အကြောင်းပြချက်မရှိ" ဖြစ်စေသည် (ရောမ ၁း၂၀)။ အကြောင်းမူကား "ထိုသူတို့သည် ဘုရားသခင်ကိုသိလျက်ပင်၊ ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း" ကြပေ (အငယ် ၂၁)။

ကျွန်ုပ်တို့သည် အသိပညာ၌ အောင်မြင်ခြင်းနှင့်တိုးတက်မှုများအပေါ်တွင် ဂုဏ်ယူသည့်ခေတ်၌နေထိုင်ကြသည်။ "ဘုရားသခင်" ဟူသောအယူအဆကို လူအများက "မလိုအပ်သောယူဆချက်" ဟုယူဆကြသည်။ သို့သော် ကမ္ဘာမြေကြီး၏သဘောသဘာဝကို ပို၍လေ့လာဆည်းပူးစမ်းစစ်လေလေ၊ ပို၍ခက်ခဲရှုပ်ထွေးမှုများလေလေဖြစ်ပြီး၊ ကျွန်ုပ်တို့ရှာဖွေတွေ့ရှိမှု အံ့သြဖွယ်ရာဖြစ်လေလေဖြစ်သည်။ ကျွန်ုပ်တို့ရှင်းပြလေလေ၊ ရှင်းပြဖို့ရန်အချက်များလေလေဖြစ်သည်။ ဘုရားသခင်ကိုယုံကြည်ခြင်းသည် "ဆင်ခြင်တုံတရားကင်းမဲ့ခြင်း" ဖြစ်သည်ဟု မကြာခဏဖော်ပြကြသော်လည်း ဘုရားသခင်ဖော်ပြသည့်အမှန်တရားမှာ စိတ်ထဲတွင် ပြဿနာသိပ်ပြီးမရှိပေ (ဆိုလိုသည်မှာ ယုတ္တိနှင့်ဆင်ခြင်တုံတရားဆိုင်ရာ လူ၏စွမ်းရည်ဖြင့်)။ သို့သော် သူ၏ဆန္ဒတွင်သော်ငြင်း၊ စိတ်နှလုံးသားထဲတွင်သော်ငြင်း၊ "ဘုရားသခင်မရှိဟုမိုက်သောသူသည် ထင်တတ်၏" (ဆာလံ ၁၄း၁)ဟုဆိုသည်အတိုင်းဖြစ်ကြ၏။

ယခုတွင် အဘယ်သူမျှမိုက်သောသူဟူ၍ ခေါ်ဆိုခြင်းကိုမကြိုက်ကြပေ။ သို့သော် ဤအချက်မှာ ကလေးဆန်သောပြုမူစော်ကားမှုမဟုတ်ဘဲ သင့်တင့်လျောက်ပတ်သောအမှန်တရားထုတ်ပြန်ချက်ဖြစ်သည်။ လူသည် ဖန်ဆင်းခြင်းခံရသောသတ္တဝါဖြစ်၍ မိမိကိုဖန်ဆင်းရှင်အားသိရှိဝန်ခံခြင်းနှင့်ကိုးကွယ်ခြင်းကိုပြုရပါမည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်သမ္မာတရားအားမြင်တွေ့နိုင်ဖို့ရန် ကျွန်ုပ်တို့၏မိုက်သောစိတ်နှလုံးသားကို နှိမ့်ချစေ၍ကျွန်ုပ်တို့မျက်စိကို ဖွင့်စေခြင်းအခွင့်ပေး၏။

**ဆင်ခြင်ရန်** - "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၁)။

**ဆုတောင်းချက်-** အဖ၊ ဤသမ္မာတရားကိုမြင်တွေ့ဖို့ရန် ကျွန်ုပ်၏စိတ်နှလုံးကို နှိမ့်ချစေတော်မူပါ။

သောကြာ၊ ဇွန် (၁၈)

**ရောမ ၁း၁၈-၂၃**

ရောမက ၃း၂၁-၂၆

*"ပညာရှိယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌ တည်ကြ၏"*

## မိုက်မဲသောစိတ်နှလုံးမဟုတ် (၂)

တမန်တော်ပေါလုက ထိုသို့သောမိုက်မဲသောနှလုံးသားနှင့် လိုက်ဖက်သောအပြုအမူကို ဆက်လက်ဖော်ပြခဲ့သည်။ ပထမအချက်အနေဖြင့်လူသားသည်ကျေးဇူးမသိတတ်ခြင်းအပြစ်ကို ပြုကြသည်။ ဘုရားသခင်ကိုအသိအမှတ်မပြုခြင်းကြောင့် သူ၏ကောင်းကြီးမင်္ဂလာများအားလုံးအတွက် ကျေးဇူးချီးမွမ်းရန်ပျက်ကွက်ခဲ့ကြသည် ("ကျေးဇူးတော်ကိုလည်း မသိမမှတ်" ရောမ ၁း၂၁)။ ဘုရားသခင်သည် "မကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ" ပြီး "ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးယိုးကိုရွာစေတော်မူသည်" (မဿဲ ၅း၄၅)။ ထို့ပြင် "သင်တို့အား ကျေးဇူးပြုလျက်၊ အစာအာဟာရနှင့်ဝပြော၍ ဝမ်းမြှောက်စေခြင်းငှါ၊ မိုးယိုးကောင်းကင်မှမိုးယိုးရွာစေတော်မူ၍၊ အသီးအနှံတို့ကို သီးစေတတ်သောဥတုကို" ပေးတော်မူ၏ (တမန် ၁၄း၁၇)။ လူသားသည် ဤကောင်းကြီးများကို ခံစားပျော်မွေ့သော်လည်း သူ၏ကျေးဇူးရှင်အား ကျေးဇူးတင်စကားတစ်ခွန်းမျှ ပြန်မပြောပါ။

ဒုတိယအချက်အနေဖြင့် လူသားသည် ရုပ်တုကိုးကွယ်ခြင်းအပြစ်ပြု၏။ ဖန်ဆင်းရှင်အား သူ၏မှန်ကန်သောရာထူးမှဖယ်ရှားလိုက်ပြီးနောက် ကျွန်ုပ်တို့သည်သူ၏နေရာတွင် ဖန်ဆင်းခံသတ္တဝါကို ချီးမြှောက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် "မဖောက်ပြန်မပျက်စီးနိုင်သော ဘုရားသခင်၏ဂုဏ်တော်ကိုပယ်လျက်၊ ဖောက်ပြန်ပျက်စီးသောလူ၏ရုပ်တု၊ သားငှက်အစရှိသောတွားတတ်သော တိရစ္ဆာန်၏ရုပ်တုတို့ကိုဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏" (ရောမ ၁း၂၃)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လမ်းကိုစွန့်လွှတ်ပြီး၊ "များပြားသောအကြံအစည်တို့ကို ရှာဖွေကြစည်ကြပြီ" (ဒေ ၇း၂၉)။ ဤအရာအလုံးစုံအတွက် တခုတည်းသောအဖြေမှာ မယုံကြည်ခြင်းအတွက် နောင်တရ၍သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြစ်သည် (ရောမ ၃း၂၁-၂၆)။

သို့သော် ခရစ်ယာန်စာဖတ်သူ၊ ကျွန်ုပ်တို့သည် ဤဆိုးညစ်သောယိမ်းယိုင်မှုတို့မှ ကင်းလွတ်သည်ဟုမထင်ကြပါစေနှင့်။ ခရစ်တော်၏နာမကို အမှီပြုသောကျွန်ုပ်တို့သည် မိမိကိုယ်ကို စစ်ကြောရမည့်အချက်မှာ "ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျေးဇူးသိသင့်သည့်အတိုင်း အမှန်ကျေးဇူးသိတတ်သလား။ သူ၏ကျေးဇူးတော်နှင့်ကြီးမားသော ကယ်တင်ခြင်းအတွက်ကိုယ်တော်ကို ချီးမွမ်းကြပါသလား"။ ကျွန်ုပ်တို့သည် "ဘုရားသခင်၏ကျေးဇူးတော်ကိုဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို" (ဟေဗြဲ ၁၃း၁၅) ဘုရားသခင်ထံသို့ ပူဇော်ကြသလား။ ကျွန်ုပ်တို့ နေ့စဉ်ရရှိသော ကောင်းကြီးများကို ပေါ့ပေါ့တန်တန်သဘောထားပါသလား။ သူသည် "ဖြောင့်မတ်သောသူနှင့် မဖြောင့်မတ်သောသူတို့အပေါ် မိုးယိုးကိုရွာစေ" လျှင် မဖြောင့်မတ်သောသူပင် ကျေးဇူးမချီးမွမ်းလျှင် ဖြောင့်မတ်သောသူသည် ကျေးဇူးချီးမွမ်းသင့်သလား။

ထို့ပြင် ကျွန်ုပ်တို့သည် ရုပ်တုကိုးကွယ်ခြင်းအပြစ်ရှိသလား။ ဘုရားသခင်မှလွဲ၍ အခြားသော အရာတစ်ခုခုသည် ကျွန်ုပ်တို့၏နှလုံးသား၌ ဘုရားသခင်၏နေရာကို ယူထားပါသလား။ သူ၏နှုတ်ကပတ်တော်မှလွဲ၍ အခြားအတွေးအခေါ် အချို့သည် ကျွန်ုပ်တို့ကိုဦးဆောင်လမ်းပြနေသလား။ ဘုရားဘုန်းတော်ထင်ရှားဖို့ထက် အချို့သောရည်မှန်းချက်နောက်ကို ကျွန်ုပ်တို့လိုက်နေသလား။ "အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကိုကြောက်ရွံ့၍၊ ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သောအမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း။ အကြောင်းမူကား ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရားသဖြင့်စီရင်တော်မူလတံ့သတည်း" (ဒေ ၁၂း၁၃-၁၄)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် မိုက်မဲသောနှလုံးသားမဟုတ်ဘဲ၊ကြောက်ရွံ့တတ်သောနှလုံးသားကို လိုအပ်ပါ၏။

**ဆုတောင်းချက်-** အဖ ကျွန်ုပ်ကို ကျေးဇူးကန်းသောအပြစ်နှင့်ရုပ်တုကိုးကွယ်ခြင်းအပြစ်မှ ကာကွယ်တော်မူပါ။

စနေ၊ ဇွန် (၁၉)
**မဿဲ ၁၅း၁-၉**
လုကာ ၁၈း၉-၁၄

*“သို့သော်လည်း သူတို့၏စိတ်နှလုံးက ငါနှင့်ဝေး၏”*

# ဘုရားသခင်နှင့်မဝေးသော စိတ်နှလုံး (၁)

သခင်ယေရှုသည် ဖာရိရှဲတို့နှင့်များစွာ ရင်ဆိုင်တွေ့ဆုံခဲ့သည်။ တစ်ကြိမ်တွင် တပည့်တော်များ၏လုပ်ရပ်များနှင့်ပတ်သတ်၍ ဖာရိရှဲတို့သည် သခင်ယေရှုကိုစိန်ခေါ်ခဲ့ကြသည်။ “ရှေးလူဟောင်းတို့မှဆက်ခံသောနည်းဥပဒေသကို ကိုယ်တော်၏တပည့်တို့သည် အဘယ်ကြောင့်လွန်ကျူးကြပါသနည်း။ သူတို့သည်လက်မဆေးဘဲ အစာစားကြပါသည်တကားဟု လျှောက်ကြလျှင်” (မဿဲ ၁၅း၂)။ ဖာရိရှဲတို့နှင့်သူတို့နောက်လိုက်သော ယုဒလူအများတို့သည် မိမိတို့ထုံးတမ်းဓလေ့ကို ကြီးမားသောနေရာ၌ ထားကြ၏။ ထိုအရာတို့ကြောင့် သူတို့သည်မိမိကိုယ်ကို သန့်ရှင်းသောသူနှင့် ဖြောင့်မတ်သောသူဖြစ်သည်ဟု ထင်မှတ်ကြသည်။ ထို့ပြင် သူတို့၏ထုံးတမ်းဓလေ့ကို မကိုင်စွဲသောသူတို့ထက် သူတို့သည် ဘုရားသခင်နှင့်ပို၍နီးကပ်သည်ဟု ထင်မှတ်ကြသည်။ သူတို့သည် “ကိုယ့်ကုသိုလ်ကိုအမှီပြု၍ သူတပါးကိုမထီမဲ့မြင်ပြုတတ်” ကြသည် (လုကာ ၁၈း၉)။

သို့သော်သခင်ယေရှုက သူတို့ကို “လျှို့ဝှက်သောသူများ” ဟုခေါ်ဆို၍ ပြင်းထန်စွာဆုံးမခဲ့သည်(မဿဲ ၁၅း၇)။ သူတို့သည်ဘုရားသခင်အား ကြည်ညိုယောင်ဆောင်၍ “သူတို၏နှုတ်ဖြင့်” ဘုရားသခင်ထံချဉ်းကပ်ကြ၏။ တနည်းပြောရလျှင်သူတို့သည် ဘုရားသခင်နှင့်အလွန်ရင်းနှီးပုံစံဖော်ပြကြသည်။ ပုံဥပမာထဲမှ “ဖာရိရှဲသည်တယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတပါးတို့သည်အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူမယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ အကျွန်ုပ်သည် ခုနှစ်ရက်တွင်နှစ်ရက် အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကိုဆယ်ဘို့တဘို့ လှူပါ၏ဟူ၍ ဆုတောင်းပဌနာပြု၏။” (လုကာ၁၈း၁၁-၁၂) ဟုပြောဆိုသည်။

သူတို့နှုတ်အားဖြင့်ပြောဆိုကြသော်လည်း၊ သူတို့၏စိတ်နှလုံးမှာ ဘုရားသခင်နှင့်ဝေးနေသည်။ “အဝေးကရပ်၍ ကောင်းကင်သို့မမျှော်မကြည့်ဝံ့” (လုကာ ၁၈း၁၃) သည့် နှိမ့်ချသောအခွန်ခံသည် ဖာရိရှဲထက်စိတ်နှလုံးသား၏ နောင်တတွင်ဘုရားသခင်နှင့်သာ၍ နီးကပ်ခဲ့သည်။

ချစ်သောစာဖတ်သူ၊ ခရစ်ယာန်ယုံကြည်ခြင်းသည် အပြင်ပန်း၌ဝတ်ဆင်ရသည့်ဝတ်ရုံမျှသာမဟုတ်ပါ။ ခရစ်ယာန်ကိုးကွယ်မှုသည် သတိမဲ့စွာထပ်ခါတလဲလဲပြောဆိုရမည့် ရွတ်ဆိုချက်များမပါဝင်ပေ။ ခရစ်တော်ကိုဝန်ခံရုံမျှ ကယ်တင်ခြင်းပေးသည်မဟုတ်ဘဲ သူ့ကိုပိုင်ဆိုင်ရရှိခြင်းက ကယ်တင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏နှုတ်တို့သည် ဘုရားသခင်နှင့်နီးကပ်ဖို့ရန်မဟုတ်ဘဲ ကျွန်ုပ်တို့၏စိတ်နှလုံးသားသည် ဘုရားသခင်နှင့် နီးစပ်ရပါမည်။ ဤအရာသည် ကျွန်ုပ်တို့အတွက်ဖိအားပေးနေသောမေးခွန်းဖြစ်သည်။ ကျွန်ုပ်တို့၏ခြေများသည် သစ္စာရှိသောအသင်းတော်၌ရှိကောင်းရှိနိုင်၏။ ကျွန်ုပ်တို့၏နှုတ်ခမ်းများသည် အံ့ဖွယ်ဓမ္မသီချင်းများကို သီဆိုကောင်းသီဆိုနိုင်၏။ ကျွန်ုပ်တို့၏လက်များသည် ဆယ်ဘို့တဘို့နှင့်အလှူတော်ငွေများကို ထည့်ဝင်ခြင်း ပြုကောင်းပြုနိုင်၏။ သို့သော် ကျွန်ုပ်တို့၏စိတ်နှလုံးသားတို့မှာ အဘယ်ရောက်နေသနည်း။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏နှလုံးသားသည် ဘုရားသခင်နှင့်နီးစပ်သလား (သို့) ဝေးသလား။
**ဆုတောင်းချက်-** “ကျေးဇူးပြုတတ်သောသဘောနှင့်ပြည့်စုံသော သခင်ဘုရား၊ အထက်မျှလျှင်မြန်စွာ ကြွလာတော်မူ၍၊ ချစ်ခြင်းမေတ္တာနှင့်ဆိုင်သောအကောင်းဆုံးသော နာမသစ်ကိုပေး၍ ကျွန်ုပ်၏စိတ်နှလုံးသားထဲတွင် နာမတော်သစ်ကို ရေးပေးတော်မူပါ” (Wesley)။

# ဘုရားသခင်နှင့်မဝေးသော စိတ်နှလုံး (၂)

ဘုရားသခင်နှင့်ဝေးသောစိတ်နှလုံး၏ နောက်ဆက်တွဲဆိုးကျိုးသည် အန္တရာယ်ကြီးလှပါသည်။ သူတို့၏ဝတ်ပြု"ကိုးကွယ်ခြင်း"သည် စစ်မှန်သောကိုးကွယ်ခြင်းမဟုတ်၊ ဘုရားသခင်လက်ခံတော်မမူပေ။ ဘုရားသခင်နှင့်ဝေးသောစိတ်နှလုံးတွင် သမ္မာကျမ်းစာသွန်သင်ချက်တို့သည် လျင်မြန်စွာကွယ်ပျောက်ပျက်စီးတတ်၏။ လူတို့တီထွင်ကြံဆသော အတွေးအခေါ် ကနေရာယူတတ်၏။ "လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏" (မဿဲ ၁၅း၉)။

သို့ဆိုလျှင်စိတ်နှလုံးကိုဘုရားသခင်နှင့်နီးစေသောအရာကား အဘယ်နည်း။ ထင်ရှားသည်မှာ"ရှေးလူဟောင်းတို့မှ ဆက်ခံသောနည်းဥပဒေသ" (အငယ် ၂)မဟုတ်ပါ။ ဖာရိရှဲတို့သည် ထိုသို့ပြုလျှင်အကျိုးမရှိခဲ့ပါ။ ထို့ကြောင့်မှတ်သားသင့်သည်ကား လူတီထွင်သောနည်းဥပဒေသနှင့် ထုံးတမ်းစဉ်လာတို့ကဘုရားသခင်နှင့်ကျွန်တော်တို့ကိုမနီးစေနိုင်ပါ။ ဘုရားသခင်နှင့်ဆိုင်သောအရာမဖြစ်ကြသောကြောင့်၊ ယုံကြည်သောသူသည်ထိုအရာတို့ကိုမစွဲကိုင်တတ်ပါ။ ထိုနည်းတူ ယနေ့အသင်းတော်၌တွေ့ရသောအပြင်ပိုင်းအဆောက်အဦးနှင့် ပစ္စည်းဥစ္စာတို့သည်အဓိကမကျပါ။ လှပသောဘုရားကျောင်းမျက်နှာကျက်က ဘုရားသခင်ထံစိတ်နှလုံးကိုဆွဲဆောင်ပါသလား။ ယနေ့ခေတ်သစ်" ဝတ်ပြုကိုးကွယ်ခြင်း" ၌တွေ့ရသောခေတ်ပေါ် တေးဂီတက လူတို့၏စိတ်နှလုံးကိုအလွန်လှုပ်ရှားစေတတ်ပါ၏။ သို့သော်လည်း ထိုအရာကစိတ်နှလုံးကိုဘုရားသခင်ထံချဉ်းကပ်စေပါသလား။ စိတ်နှလုံးကိုဘုရားသခင်ထံချဉ်းကပ်နီးစေတော်မူသောအရာသည် နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်သာလျှင် ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသစ္စာရှိစွာ ဟောပြောခြင်းမရှိသောအရပ်၊ ဝိညာဉ်တော်အားဖြင့်ကြိုးစားဆုတောင်းခြင်းမရှိသော အရပ်၌စိတ်နှလုံးသည်အမှန်ကောင်းချီးမင်္ဂလာမခံစားရပါ။ ဘုရားသခင်နှင့်မဝေးသော စိတ်နှလုံးပိုင်ဆိုင်လိုပါလျှင် ကျွန်တော်တို့သည် ဘုရားသခင်ကိုယ်တိုင်ပေးသနားတော်မူသော ကျေးဇူးတော်ဆုကျေးဇူးနှင့် နည်းလမ်းတို့ကိုသတိပြုအလေးထားကြရပါမည်။ Wesleyက ဤသို့ဆိုခဲ့ပါသည်- "သန့်ရှင်းသောဝိညာဉ်တော်၊ ကြွလာတော်မူပြီး ကျွန်ုပ်တို့စိတ်နှလုံးကို နိုးကြားစေတော်မူပါ။ ဝိညာဉ်တော်၏လမ်းပြမှုအားဖြင့် ပရောဖက်တို့ရေးသားသောသမ္မာကို၊ ဝိညာဉ်တော်ကိုယ်တိုင်ဖွင့်ပြသိစေမည်အကြောင်းသိစေတော်မူပါ"။

**ဆင်ခြင်ရန်** - "အကယ်စင်စစ် ကိုယ်တော်နှင့်ဝေးဝေးနေသောသူတို့သည် ပျက်စီးခြင်းသို့ရောက်ရကြပါ၏။ ကိုယ်တော်နှင့်ကွာ၍မှားယွင်းသော သူအပေါင်းတို့ကိုပယ်ရှင်းတော်မူ၏။ အကျွန်ုပ်မူကားဘုရားသခင့်ထံတော်သို့ချဉ်းကပ်၍ အကျိုးရှိပါ၏" (ဆာလံ ၇၃း၂၇-၂၈)။

**ဆုတောင်းချက်-** "ဘုရားသခင်ကိုယ်တိုင်ကျွန်ုပ်တို့အထဲ၌ အသိဉာဏ်ပေးတော်မူလျှင်သာ၊ ထိုဘုရားသခင်၏အကြောင်း၊ နက်နဲသောချစ်ခြင်းမေတ္တာကိုကျွန်တော်တို့သိရကြလိမ့်မည်"( Wesley)။

တနင်္လာ၊ ဇွန် (၂၁)
**တမန် ၇း၁-၅၃**
ဆာလံ ၁၁၉း၃-၄၀

*"အိုထာဝရဘုရား၊ အထုံးအဖွဲ့တော်လမ်းကို အကျွန်ုပ်အားသွန်သင်တော်မူပါ"*

# အဲဂုတ္တုပြည်သို့ပြန်မလှည့်သောစိတ်နှလုံး (၁)

သတေဖန်သည် "သန့်ရှင်းသောအရပ်ဌာနတော်(ဗိမာန်တော်)နှင့် ပညတ်တရားတော်ကို လွန်ကျူး၍ အစဉ်မပြတ်ပြောဆို" (တမန် ၆း၁၃) သောသူဟု စွပ်စွဲခြင်းခံရပါသည်။ "နာဇရက်မြို့သားယေရှု" သည် ဗိမာန်တော်ကိုဖျက်ဆီး၍၊ "မောရှေအပ်ပေးသောထုံးနည်းဥပဒေသကို ပြောင်းလဲစေမည်"(အငယ် ၁၄) ဟုစွဲချက်တင်ကြ၏။ ထိုအခါ သတေဖန်သည် မိမိကိုယ်ကိုကွယ်ကာရင်းတရားဟောခဲ့ပါသည်။

သတေဖန်၏ တရားဟောချက်ပထမပိုင်းတွင်၊ အာဗြဟံအချိန်မှစ၍ မောရှေအချိန်ထွက်မြောက်လွတ်မြောက်ခြင်းအထိ၊ ဣသရေလသမိုင်းကို ပြန်၍ဖော်ပြခဲ့ပါသည်။ သတေဖန်၏ဆိုလိုရင်းသည် ဣသရေလသမိုင်းအစ၊ အာဗြဟံရွေးနှုတ်ချိန်မှစ၍ ယာကုပ်၊ ယောသပ်နှင့်မောရှေအချိန်ထိ ဘုရားသခင်အမှုပြုတော်မူလျက်ရှိသည်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤပုဂ္ဂိုလ်အပေါင်းတို့သည် ဘုရားသခင်၏ဂတိတော်ကိုယုံကြည်ခဲ့ကြပြီး၊ ထိုဂတိတော်ပြည့်စုံခြင်းမမြင်တွေ့ခဲ့ကြသော်လည်း၊ အာဗြဟံ၊ ယာကုပ်နှင့်ယောသပ်တို့သည် လူဦးရေတိုးပွားမှုကို မမြင်ခဲ့ကြသော်လည်း၊ အဲဂုတ္တုပြည်၌မဟုတ်ဘဲ ခါနန်ပြည်၌ယုံကြည်ခြင်းဖြင့် သင်္ဂြိုလ်ခြင်းခံခဲ့ကြ၏ (တမန် ၇း၁၆-၁၇)။ သို့သော်လည်း၊ လူတို့သည် ဘုရားသခင်၏ဂတိတော်ကိုမယုံကြည်ခဲ့ကြဘဲ၊ ဘုရားသခင်စေလွှတ်တော်မူသောသူတို့၏ ခေါင်းဆောင်မောရှေကိုပင် လက်မခံဘဲငြင်းပယ်လျက် (အငယ် ၂၅-၂၈)၊ မောင်းထုတ်ခဲ့ကြ၏။ "အငြင်းအပယ်ခံရသော ထိုမောရှေကိုအကဲအမှူးကယ်လွှတ်သောသူဖြစ်စေခြင်းငှါ၊ ဘုရားသခင်သည် . . . စေခန့်တော်မူ၏" (အငယ် ၃၅)။

ဤဣသရေလသမိုင်းအားဖြင့် သတေဖန်က ယခုပရိသတ်အပေါင်းအား ခိုင်မာသောစိတ်နှလုံးရှိသောသူဟု ဖော်ပြခြင်းဖြစ်ပါသည်။ မောရှေကခရစ်တော်ကြွလာတော်မူမည့်အကြောင်းကို ပရောဖက်ပြုခဲ့သော်လည်း (အငယ် ၃၇) မောရှေနှင့်ဘုရားသခင်ကို ဣသရေလလူတို့သည် ငြင်းပယ်၍ အခြားဘုရားများနောက်သို့ လိုက်ခဲ့ကြ၏ (အငယ် ၃၉-၄၂)။ ဆိုလိုသည်မှာ သတေဖန်ကိုယခုဆန့်ကျင်နေကြသောလက်ရှိမျိုးဆက်တို့သည် ဘုရားသခင်စေလွှတ်သောမောရှေနှင့် ပရောဖက်အပေါင်းကို ငြင်းပယ်ခဲ့သော၊ သူတို့၏အဘိုးအဘွားတို့ထက် မကောင်းကြောင်း ဖော်ပြလျက် ဤယခုမျိုးဆက်တို့က ယေရှုခရစ်တော်တည်းဟူသော ကြီးမြတ်သောပရောဖက်အား အသေသတ်ခဲ့ကြောင်း ဖော်ပြခြင်းပေတည်း (အငယ် ၅၂)။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သစ္စာရှိစွာ ဟောပြောခြင်းကို ကျွန်တော်တို့မည်သို့တုန့်ပြန်သနည်းဟူသောအချက်က ကျွန်ုပ်တို့စိတ်သဘောကို ဖော်ပြလျက်ရှိပါသည်။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ထံစကားပြောသောသန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်တော်တို့ဆန့်ကျင်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ နှုတ်ကပတ်နှင့်တရားဟောဆရာများကို ငြင်းပယ်ခြင်းသည် ဘုရားသခင်ကိုယ်တိုင်အား ငြင်းပယ်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဟောပြောသောကိုယ်တော်၏နှုတ်ကပတ်တော်တရားကို အလေးထားသတိပြုမည်အကြောင်း မစတော်မူပါ။

# အဲဂုတ္တုပြည်သို့ပြန်မလှည့်သောစိတ်နှလုံး (၂)

သတေဖန်သည် သိနတောင်၌ ဣသရေလလူတို့က ဘုရားသခင့်ပရောဖက်၏ စကားကို နားမထောင်ဘဲ ပယ်၍၊ " ငါတို့ရှေ့မှာသွားရသော ဘုရားတို့ကို ငါတို့အဘို့လုပ်ပါ။ ငါတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သော ထိုမောရှေ၌ အဘယ်သို့ဖြစ်သည်ကို ငါတို့မသိဟု အဲဂုတ္တုပြည်သို့ ပြန်ချင်သောစိတ်နှင့် အာရုန်ကို ပြောဆိုကြ၏။"(တမန် ၇း၄၀) ဟူသောအချက်ကို ဖော်ပြခဲ့ပါသည်။ ဤအကြောင်းကို ထွက်မြောက်ရာကျမ်းထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်-" မောရှေသည် တောင်ပေါ်မှာကြာမြင့်စွာ ရှိနေကြောင်းကို" (ထွက် ၃၂း၁) ဣသရေလလူတို့သည် သိမြင်သောအခါ၊ သူတို့ကို ဦးဆောင်မည့်" ဘုရား" ပြုလုပ်ပေးရန် အာရုန်အား တောင်းလျှောက် ခဲ့ကြပြီး၊ သူကလည်း မိုက်မဲစွာ " လက်ခံ၍ နွားသငယ် ရုပ်ပုံသဏ္ဍာန်ကို ကညစ်ဖြင့်ရေးသားပြီးလျှင် သွန်းလေ၏။ လူများတို့ကလည်း အိုဣသရေလ အမျိုး၊ ဤဘုရားသည် သင့်ကိုအဲဂုတ္တုပြည်မှ နှုတ်ဆောင်သော သင်၏ ဘုရားဖြစ်တော်မူသည်ဟု ဆိုကြ၏" (အငယ် ၄)။

အဲဂုတ္တုပြည်၌မြင်တွေ့ခဲ့ကြသော ရုပ်တုဆင်းတုနောက်သို့ သူတို့၏ စိတ်နှလုံးပြန်လှည့်သည်ကို တွေ့မြင်ရသောကြောင့်၊ သတေဖန်က သူတို့၏ စိတ်နှလုံးကို အဲဂုတ္တုပြည်သို့ ပြန်လှည့်သော စိတ်နှလုံးဟု ဖော်ပြခြင်းဖြစ်ပါသည်။ တောင်ပေါ်မှ ဆင်းလာမည့်မောရှေကို မစောင့်နိုင်ကြသောကြောင့်သူတို့မြင်နိုင်ထိတွေ့နိုင်သောကိုးကွယ်စရာ" ဘုရား" ကို ဣသရေလလူတို့ သည်လိုချင်ကြ၏။ ထိုအခါ သူတို့သည်" စားသောက်လျက် ထိုင်နေကြ၏။ နောက်တဖန် ကခုန်မြူးတူးခြင်းငှါ ထကြ၏" (ထွက် ၃၂း၆)။ ထိုသို့ဖြင့် မိမိတို့၏ အလိုဆန္ဒအတိုင်း အပျော်ကျူးခဲ့ကြ၏။

ပို၍ဆိုးရွားသော ခံယူချက်မှုကား၊ အဲဂုတ္တုမှ ကယ်လွတ်တော်မူသော ဘုရားသခင်ကို စိတ်နှလုံးထဲမှ ငြင်းပယ်လျက်၊ ဦးဆောင်မည့် "ဘုရား" ပြုလုပ်နိုင်ကြခြင်းဖြစ်ပါသည်။ ဤအမှုက သူတို့အား ကျွန်ခံရာသို့ အမှန်ပြန်၍ ပို့ခဲ့ပါသည်။ ဤတရားဟောချက်၏ အဓိကအချက်တစ်ချက်သည် အဲဂုတ္တုပြည်မှ ကယ်နှုတ်တော်မူသောသူဟူ၍ ဖြစ်ပါသည်(နှိုင်း- ထွက် ၃၂း၁၊ ၄၊ ၇-၈၊ ၁၁)။ ဣသရေလလူတို့သည် " ပျက်စီးခြင်းသို့ရောက်အံ့သောငှါ ရှေ့လျှော့သောသူ" (ဟေဗြဲ ၁၀း၃၉) ကဲ့သို့ကျင့်နေခဲ့ကြ၏။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့သည် " သည်းခံခြင်းစိတ်" (ဟေဗြဲ ၁၀း၃၆) ကို အမှန်လိုအပ်ကြပါသည်။ တချိန်က ကျွန်ုပ်တို့ကို ချုပ်နှောင်ခဲ့သောအရာတို့ထံသို့ လျင်မြန်စွာ ပြန်လှည့်တတ်သော စိတ်နှလုံးမရှိကြဖို့ လိုအပ်ပါသည်။ ထိုအရာတို့သည် အလွန်ခွန်အားကြီး၍ ဆွဲအားပြင်းကြပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်နှင့်ကျွန်တော်တို့မဝေးဘဲ၊ နီးကပ်စွာနေဖို့ အရေးကြီးလှပါသည်။ သို့မဟုတ်လျှင် ထိုအရာနောက်သို့ လွယ်ကူစွာ လိုက်မိကြပါလိမ့်မည်။ ထိုအရင်က လွန်ကျူးခဲ့သော ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည် အမှန်မှာ မှားယွင်းသော ပျော်ရွှင်မှုသာဖြစ်ကြောင်း သတိပြုဖို့လိုပါသည်။ အဲဂုတ္တုပြည်သို့ ပြန်လှည့်မည့်အစား၊ ကျွန်တော်တို့သည် ဘုရားသခင်ကို ကြိုးစားအားထုတ်၍ ရှာဖွေဆည်းပူးကြပါစို့။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် နောက်မဆုတ်ဘဲ၊ ရှေ့သို့မျှော်ကြည့်၍ ကြိုးစားရှေ့ဆက်တတ်၏။

**ဆုတောင်းချက်-** အိုအဖဘုရား၊ "ပျက်စီးခြင်းသို့ ရောက်အံ့သောငှါ ရှေ့လျှော့သောသူ" ဘယ်တော့မှ မဖြစ်ပါစေနှင့်။

*“ မယုံကြည်တတ်၊ ဆိုးညစ်သော
စိတ်နှလုံးမရှိစေခြင်းငှါ”*

# မယုံကြည်ခြင်းတည်းဟူသောဆိုးညစ်သောစိတ်နှလုံးမရှိစေနှင့်

ဟေဗြဲဩဝါဒစာ ရေးသားသောသူက “ မယုံကြည်ခြင်းဆိုးညစ်သာစိတ်နှလုံး” (ဟေဗြဲ ၃း၁၂) နှင့်ဆိုင်သော ပုံဥပမာကို တောထဲ၌ ဣသရေလလူတို့ကများစွာ ဖော်ပြခဲ့ကြပါသည်။ တောထဲ၌ဣသရေလလူတို့သည် ဘုရားသခင်ကို အကြိမ်ကြိမ်စုံစမ်း၍ ဆန့်ကျင်ခဲ့ကြ၏။ “အနှစ်လေးဆယ်ပတ်လုံး” (အငယ် ၉) ပြုတော်မူသောအမှုကို မြင်ခဲ့ကြသော်လည်း၊ ညီးတွား မြည်တမ်းလျက် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်သည် အမျက်ထွက်၍“ သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြ” (အငယ်၁၁) ဟု ကျိန်တော်မူ၏။ မောရှေထံ ဘုရားသခင် မိန့်တော်မူသော စကားကို အမှတ်ရကြပါစို့-“ ငါ့ဘုန်းတော်ကိုရင်း၊ အဲဂုတ္တုပြည်မှစ၍ ဤတော၌ ထူးဆန်းသော တန်ခိုးတော်ကိုရင်း၊ မြင်ရသောလူအပေါင်းတို့သည်၊ ငါ့စကားကို နားမထောင်၊ ဆယ်ကြိမ်တိုင်အောင် ငါ့ကိုစုံစမ်းသောကြောင့်၊ သူသည်ဘိုးဘေးတို့အား ငါကျိန်ဆို သောပြည်ကို အကယ်စင်စစ် သူတို့သည်မမြင်ရကြ။ငါ့ကိုမရိုမသေ ပြုသောသူ တစုံတယောက်မျှ မမြင်ရ”(တော ၁၄း၂၂-၂၃)။

ဟေဗြဲဩဝါဒစာထဲတွင် စာရေးဆရာသည် ပညတ္တိကျမ်းထဲမှ မကိုးကားဘဲ ဆာလံကို ကိုးကားခဲ့ပါသည်(ဆာလံ ၉၅း၇-၁၁)။ ဆာလံဆရာကလည်း မိမိခေတ်ကာလရှိ လူတို့အား “ပြပ်ဝပ်၍ ကိုးကွယ်ကြကုန်အံ့။ . . . ထာဝရဘုရား၏ရှေ့တော်၌ဒူးထောက်ကြကုန်အံ့” (အငယ်၆) ဟုတိုက်တွန်းသောအခါ ဣသရေလလူတို့၏ သမိုင်းကို ကိုးကားအသုံးပြုခဲ့ပါသည်။ ထိုသို့သော မယုံကြည်ခြင်း ဆိုးညစ်သောစိတ်နှလုံးကို အသင်းတော်၌ မရှိစေရန် “သတိပြုကြလော့” (ဟေဗြဲ ၃း၁၂) ဟု သတိပေးခြင်း၌ ထိုသမိုင်းကို အသုံးပြုခဲ့ပါသည်။

ချစ်သောစာဖတ်သူ၊ အသင်းတော်၌ အသင်းဝင်ဖြစ်ရုံဖြင့် ကယ်တင်ခြင်းမရနိုင်ပါ။ အဲဂုတ္တုပြည်မှ ထွက်လာခဲ့သော ထိုလူကြီး၌ အလွန်ထင်ရှားလှပါ၏(နှိုင်း-ယုဒ ၅)။“ မယုံကြည်ခြင်းဆိုးညစ်သောစိတ်နှလုံး” ကို ၊ ဘုရားသခင်ထံမှ လမ်းလွဲသောသူတို့၌ တွေ့မြင်နိုင်ပါသည် (ဟေဗြဲ ၃း၁၂)။

ထို့ကြောင့် သမ္မာတရား၏ တိုက်တွန်းအားပေးမှုကို နာခံလျက်၊ သတိပြု၍ အချင်းချင်း နေ့စဉ် အားပေးတိုက်တွန်းကြပါစို့(အငယ်၁၂-၁၃)။ ကျေးဇူးတော်ကာလ၊ ကယ်တင်ခြင်းနေ့ရက်ကာလ၌ နောင်တရခြင်းငှါ မျှော်လင့်ခြင်းရှိသေး၏။ ထိုသို့သော မယုံကြည်ခြင်းဆိုးညစ်သော စိတ်နှလုံးကို ဘုရားသခင်၏တန်ခိုးဖြင့် ပြောင်းလဲစေလျက်၊ သန့်ရှင်းသော၊ ယုံကြည်သောစိတ်နှလုံး ဖြစ်စေရန် မျှော်လင့်ခြင်းရှိသေး၏။

**ဆင်ခြင်ရန်** - “ စုံစမ်းရာကာလ၌”(ဟေဗြဲ ၃း၈) လူတို့၏စိတ်နှလုံး အမှန်မြင်တွေ့ရတတ်၏။ စုံစမ်းသွေးဆောင်ခြင်းခံရသောအချိန်၌ အကျွန်ုပ်စိတ်နှလုံးသည် မည်သို့သော သဘောကို ပြသပါလိမ့်မည်နည်း။

**ဆုတောင်းချက်-** “အကျွန်ုပ်စိတ်နှလုံးထဲမှ မယုံကြည်ခြင်းနှင့် ခိုင်မာမှုကိုဖယ်ရှားပေးတော်မူပြီး၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်း ပေးသနားတော်မူပါ” (Wesley)။

ကြာသပတေး၊ ဇွန် (၂၄)
**ဆာလံ ၁၁၉း၆၅-၇၂**
သုတ္တံ ၂၇း၇

*“သူတို့နှလုံးသည် ဆီဥကဲ့သို့ ခဲလျက်ရှိ၏”*

# ဆီဥကဲ့သို့ခဲလျက်ရှိသောစိတ်နှလုံးမရှိစေနှင့်

ဆာလံဆရာသည် မိမိနှင့် မိမိအား ဆန့်ကျင်၍မုသာစကားကြံစည်သော မာနကြီးသောသူ၏ ရန်သူ(ဆာလံ ၁၁၉း၆၉) ၏ ခြားနားမှုကို ဖော်ပြခဲ့ပါသည်။ သူတို့၏စိတ်နှလုံးကို “ဆီဥကဲ့သို့ခဲလျက်” ရှိသောဟု ဖော်ပြခဲ့ပါသည်(အငယ် ၇၀)။ ဆိုလိုသည်မှာ ဘယ်အရာမှ မတိုးဝင်နိုင်အောင် ထူးထဲမာကြောမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ လူဆိုးတို့၏စိတ်နှလုံးသည် ဘုရားသခင်၏ ပညတ်တရားနှင့်ပတ်သတ်လာလျှင် ထိုထိုင်းလျက်ရှိကြောင်း ထင်ရှားစေခြင်းဖြစ်ပါသည်။ သို့သော်လည်း ဆာလံဆရာသည် မိမိကိုယ်ကို ဤသို့ဖော်ပြခဲ့ပါသည်-“ကိုယ်တော်၏ဥပဒေသများကို စိတ်နှလုံးအကြွင်းမဲ့ကျင့်ပါ၏။ . . . ကိုယ်တော်၏တရား၌မွေ့လျော်ပါ၏” (ဆာလံ ၁၁၉း၆၉-၇၀) ဟု ဆိုပါသည်။

ဘုရားသခင်၏ ပညတ်တရားသည် ကျွန်ုပ်တို့အသိဉာဏ်အတွက်သာ မဟုတ်ဘဲ၊ ကျွန်တော်တို့နာခံလိုက်လျှောက်ရန် ဖြစ်ပါသည်။ သို့သော်လည်း လူအချို့သည် ဘုရားသခင်၏ ပညတ်တရားကို ဘဝအတွက်နည်းဥပဒေသ အဖြစ် လက်မခံကြဘဲ၊ အတိအလင်းဆန့်ကျင်ခဲ့ကြ၏။ ဤသည်ကား အပြစ်သား၏ဇာတိသဘောပင် ဖြစ်ပါသည်။

သို့ဆိုလျှင် ဆာလံဆရာသည် ဘုရားသခင်၏ ပညတ်တရားကို မည်သို့ထူးခြားစွာ လက်ခံပါသနည်း။ ဘယ်အရာက သူ့စိတ်နှလုံးကို နူးညံ့စေပါသနည်း။ ထိုသို့ပြောင်းလဲခြင်း၏ အချက်တစ်ခုအဖြစ် သူ၏ဆင်းရဲဒုက္ခခံခြင်းကို ဖော်ပြခဲ့ပါသည်။ “ အကျွန်ုပ်သည် ဆင်းရဲမခံမီ လမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ်တော်အတိုင်း ကျင့်စောင့်ပါ၏” (အငယ်၆၇)။ထိုဆင်းရဲဒုက္ခကို ကောင်းသောအရာကဲ့သို့ သတ်မှတ်ခဲ့ပါသည်“ အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ အကျွန်ုပ်ဆင်းရဲခံရသော ကျေးဇူးသည် ကြီးပါ၏”(အငယ်၇၁)။ ဘုရားသခင်၏ ခွင့်ပြုခြင်းကြောင့် ထိုဆင်းရဲဒုက္ခခံပြီးနောက် ဤသို့ဆိုနိုင်ခဲ့၏-“နှုတ်တော်ထွက်တရားတော်သည် ရွှေ၊ ငွေ အထောင်အသောင်း ထက်မက ၊ အကျွန်ုပ်၌သာ၍ ကောင်းပါ၏”(အငယ်၇၂)။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို နူးညံ့စေရန်နှင့် နှုတ်ကပတ်တရားကို လက်ခံစေခြင်းငှါ ဆင်းရဲဒုက္ခကို တခါတရံ အသုံးပြုတော်မူတတ်၏။ “စား၍ဝသောသူသည် ပျားလပို့ကိုပင် ငြင်းပယ်လိမ့်မည်” (သုတ္တံ ၂၇း၇)။ ထိုနည်းတူ၊ ဤလောကီအပျော်ကျူးခြင်းနှင့် ပြည့်လျက်နေသောသူတို့ အဖို့ သမ္မာကျမ်းစာတရားသည် အရသာမရှိပါ။ “ မွတ်သိပ်သောသူမူကား၊ ခါးသောအရာကို ချိုသည်ဟု ထင်တတ်၏။” ထိုနည်းတူ၊ဤလောကီအပျော်ကျူးခြင်းမရှိသောသူသည် သမ္မာတရား၏သွန်သင်မှုနှင့် ဆုံးမမှုကိုပင် အလေးထားတတ်ကြ၏။“ နှုတ်တော်ထွက်တရားတော်သည် ရွှေငွေအထောင်အသောင်းထက်မက . . . သာ၍ကောင်းပါ၏” ဟု ကျွန်တော်တို့ လက်ခံစွဲကိုင်နိုင်ခြင်းငှါ ဘုရားသခင်က ကျွန်ုပ်တို့အား ဆင်းရဲဒုက္ခခံစေသောအချိန်၌ကျွန်တော်တို့ မြည်တမ်းခြင်းမပြုရန် သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ဤလောကီဘဝ အပျော်ကျူးခြင်းက အကျွန်ုပ်စိတ်နှလုံးကို “ဆီဥကဲ့သို့” ခဲစေပါသလား။

**ဆုတောင်းချက်-** “အဖဘုရား၏ဆုံးမခြင်းသည် ကျွန်ုပ်အတွက်ကောင်းသောအရာဖြစ်ပါ၏။ ဆင်းရဲဒုက္ခကကိုယ်တော်၏ ပညတ်တရားကို အကျွန်ုပ်အား သင်ပေး၍၊ ကိုယ်တော်အလိုတော်အတိုင်း အသက်ရှင်စေတတ်၏။

သောကြာ၊ ဇွန် (၂၅)

**သုတ္တံ ၂၈း၁၄**

ရောမ ၂း၁-၁၁

*" အစဉ်မပြတ် ကြောက်ရွံ့သောသူသည် မင်္ဂလာရှိ၏ "*

# ခိုင်မာသောစိတ်နှလုံးမရှိစေနှင့် (၁)

ခိုင်မာသောစိတ်နှလုံးသည် ဘုရားသခင်ကိုအလေးမထားခြင်းပင်ဖြစ်ပါသည်။သုတ္တံ ၂၈း၁၄ တွင် ဘုရားသခင်၏ တရားစီရင်ခြင်းကို အလေးမထားခြင်း သဘောဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဖာရောဘုရင်ကို သတိရကြပါလိမ့်မည်။ဘုရားသခင်အမျက်တော်တန်ခိုးကို မြင်တွေ့၍ ကြောက်ရွံ့တုန်လှုပ်ခဲ့သော်လည်း၊ ဘေးဒဏ်ကင်းသောအခါ မိမိစိတ်ကို ခိုင်မာစေလျက်ရှိ၏။ သူ၏မိုက်မဲမှုကို လူတို့အကြား၌ ဆိုရိုးသဖွယ်ဖြစ်လာခဲ့ပြီး ဖိလ္လိတ္တိလူတို့က အချင်းချင်း ဤသို့ဆိုခဲ့ ကြ၏-" သို့ဖြစ်၍ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့သည် ခိုင်မာသောစိတ်နှလုံးရှိသကဲ့သို့ အဘယ်ကြောင့် ခိုင်မာသော စိတ်နှလုံး ရှိကြသနည်း" (၁ရာ၆း၆)။

ဘုရားသခင်သည် လူတို့၏အပေါ်၌ စိတ်ရှည်သည်းခံခြင်း ရှိတော်မူ၏။ ပေါလုက ခိုင်မာသောစိတ်နှလုံး၏ မိုက်မဲမှုကို ဤသို့ထင်ရှားစွာ ဖော်ပြခဲ့ပါသည်-" ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲကြွယ်ဝစွာ ကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော" (ရောမ ၂း၄)။ နောင်တမရဘဲ ၊ ဘုရားသခင်၏စိတ်ရှည်သည်းခံခြင်းကို အပြစ်ပြု ခြင်းဖြင့် ကျွန်တော်တို့ တုန့်ပြန်၍ " ဒေါသနေ့တည်းဟူသော ဘုရားသခင်၏တရားတော် ထင်ရှားသောနေ့၌ ကိုယ်ခံစရာဘို့ အမျက်ဒေါသကိုဆည်းပူး" တတ်ကြ၏(ရောမ ၂း၅)။

" အစဉ်မပြတ် ကြောက်ရွံ့သောသူသည် မင်္ဂလာရှိ၏" (သုတ္တံ ၂၈း၁၄)။ ကျွန်တော်တို့သည်ကြောက်ရွံ့ခြင်းကို မလုပ်ရဲခြင်းဟု ထင်မှတ်တတ်ပြီး၊ သတ္တိနှင့်ရဲရင့်ခြင်းကို ကြောက်ရွံ့ခြင်းကင်းမဲ့ခြင်းဟု ထင်မှတ်တတ်ကြပါသည်။ မမှန်ပါ။ ရဲရင့်ခြင်းသည် အမှန်မှာ ကြောက်ရွံ့ရမည် အရာကို သိခြင်းဖြစ်ပါသည်။ "တနည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သောသူကို သာ၍ကြောက်ကြလော့" (မဿဲ ၁၀း၂၈)။ ဤသို့သော ကြောက်ရွံ့ခြင်းသည် ဘဝ၌ပျော်ရွှင်ခြင်း မင်္ဂလာကို ဖြစ်စေ၏။ " တနေ့လုံး ထာဝရဘုရားကို ကြောက်ရွံ့သောသူ"(သုတ္တံ ၂၃း၁၇) သည် ဘုရားသခင်၏ အမျက်တော်ကို ဖြစ်စေသောအတွေး၊အမှုနှင့်အပြောအဆိုမှ ကွယ်ကာခြင်းခံရလိမ့်မည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏အမျက်တော်မြင်တွေ့ရသောအခါ ကြောက်ရွံ့ခြင်းရှိ၍ နောင်တရခြင်းသည် ကောင်းသောအမှု ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်နှင့်ဘုရားသခင်၏ စီရင်ခြင်းကို သိမြင်လျက်၊ နောက်မကျမှီ နောင်တရကြပါစို့။ ခိုင်မာသောစိတ်နှလုံးရှိ၍ ဖျက်ဆီးခြင်းမကြုံရမည်အကြောင်း၊ ကောင်းကြီးမင်္ဂလာခံရခြင်းငှါ ခိုင်မာသောစိတ်နှလုံးကို ဖယ်ရှားကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသဘောသည် အသက်ရှင်ခြင်းကို ဖြစ်စေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျောက်နှလုံးမဟုတ်ဘဲ အသားနှလုံးကို အကျွန်ုပ်အားပေးတော်မူပါ။

စနေ၊ ဇွန် (၂၆)
**သုတ္တံ ၂၈း၁၄**
မာကု ၆း၄၅-၅၂

*"မိမိစိတ်နှလုံးကိုခိုင်မာစေသောသူမူကား၊ ဘေးဥပဒ်နှင့်တွေ့လိမ့်မည်"*

## ခိုင်မာသောစိတ်နှလုံးမရှိစေနှင့် (၂)

ခိုင်မာသောစိတ်နှလုံးရှိခြင်းကို ဘုရားသခင်၏အမျက်တော်ထက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆိုင်၍ ပိုပြီးအသုံးပြုကြောင်းတွေ့ရပါသည်။ ဥပမာအားဖြင့်၊ ပရောဖက်ဇာခရိသည် ဘုရားသခင်၏လူတို့ကို ဤသို့ဆုံးမခြင်းငှါ စေလွှတ်ခြင်းခံရ၏ "သူတို့သည်နားမထောင်ဘဲ လွှတ်အောင်ရုန်းကြ၏။ မကြားစေခြင်းငှါ နားကိုပိတ်ထားကြ၏။ တရားစကားကိုငှင်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှေးပရောဖက်တို့ဖြင့် ထားတော်မူသောစကားကိုငှင်း၊ သူတို့သည်မကြားစေခြင်းငှါ မိမိတို့နှလုံးကို စိန်ကျောက်ကဲ့သို့ မာစေကြ၏။ ထို့ကြောင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် အလွန်အမျက်ထွက်တော်မူ၏" (ဇာခရိ ၇း၁၁-၁၂)။

ဤသို့သော ခိုင်မာသည့်စိတ်နှလုံးကို မယုံကြည်သူ၌သာတွေ့ရသည်မဟုတ်ပါ။ စစ်မှန်သော ယုံကြည်သူတို့ပင်လျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားသိဖန်များသဖြင့် အလေးမထား၊ တန်ဖိုးမထားဘဲရှိတတ်ပါသည်။ သခင်ယေရှု၏ တပည့်တော်တို့သည် ရွက်လွှင့်နေကြစဉ်၊ ယေရှုသည်ရေပေါ်၌ လမ်းလျှောက်သည်ကို မြင်ကြသောအခါ အံ့သြခြင်းရှိကြ၏။ လှေပေါ်သို့ ယေရှုရောက်လာသောအခါ လေသည်ငြိမ်ခဲ့ပြီး၊ သူတို့သည် "အတိုင်းထက်အလွန် မိန်းမောတွေဝေအံ့သြခဲ့ကြ၏ - အကြောင်းမှာ "သူတို့စိတ်နှလုံးမိုက်သည်ဖြစ်၍ မုန့်၌ပြသောတန်ခိုးတော်ကို ပမာဏမပြုကြ" (မာကု ၆း၅၁-၅၂)။

ထို့နောက်၊ "ဖာရိရှဲတို့၏တဆေးကိုငှင်း၊ ဟေရုဒ်၏တဆေးကိုငှင်း"၊ သတိပြုရန်ယေရှုမိန့်တော်မူသောအခါ၊ သူတို့က "ငါတို့သည် မုန့်မပါသောကြောင့် ဤစကားကိုမိန့်တော်မူသည်ဟု အချင်းချင်းဆွေးနွေးပြောဆိုကြ၏"။ ထိုအခါ သခင်ယေရှုက ဤသို့ဆုံးမတော်မူခဲ့၏ - "သင်တို့၌ မုန့်မပါသည်ကို ထောက်၍အဘယ်ကြောင့် အချင်းချင်းပြောဆိုဆွေးနွေးကြသနည်း။ ယခုတိုင်အောင် နှလုံးမသွင်း၊ နားမလည်ကြသလော။ သင်တို့စိတ်နှလုံးမိုက်သေးသလော။ မျက်စိရှိလျက်ပင်မမြင်၊ နားရှိလျက်ပင်မကြား၊ စိတ်မအောက်မေ့ဘဲနေတတ်သလော" (မာကု ၈း၁၅-၁၈)။ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီးနောက် - "တကျိပ်တပါးသောသူတို့သည် စားပွဲ၌လျောင်းကြစဉ်တွင် ကိုယ်တော်ကိုပြတော်မူ၍၊ ထမြောက်လျက်ရှိသောကိုယ်တော်ကိုမြင်သောသူတို့၏စကားကို မယုံသောကြောင့်သူတို့မယုံတတ်သောစိတ်၊ ခိုင်မာသောစိတ်ကိုဆုံးမ၍အပြစ်တင်တော်မူ" (မာကု ၁၆း၁၄)၏။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုသောအခါနှင့် ကြားနာသောအခါ ထိုကဲ့သို့သောခိုင်မာသောစိတ်နှလုံးမရှိကြခြင်းငှါ သတိပြုကြပါစို့။ ကလေးငယ်၏ ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားလျက်၊ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ခြင်းရှိကြပါစို့။ "သင်တို့စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သော၊ အထဲ၌စိုက်ပျိုးသောနှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့်ခံယူကြလော့" (ယာကုပ် ၁း၂၁-၂၂)။

**ဆင်ခြင်ရန်** - "ယုံမှားခြင်းမရှိနှင့်။ ယုံလော့" (ယောဟန် ၂၀း၂၇)။
**ဆုတောင်းချက်-** အိုး အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဖြင့်တုန့်ပြန်မည် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၂၇)
၂ ပေ ၂း၁-၁၆
၁ တိ ၄း၇-၈



# လောဘလွန်ကျူးခြင်း၌ မကျင်လည်သောစိတ်နှလုံး

တမန်တော်ပေတရုသည် "ဖျက်ဆီးတတ်သောမိစ္ဆာဒိဋ္ဌိအယူများကို ပရိယာယ်အားဖြင့်သွင်း၍၊ မိမိတို့ကိုဝယ်တော်မူသောအရှင်ကို ငြင်းပယ်လျက်" အသင်းတော်ထဲသို့ "မိစ္ဆာပရောဖက်" နှင့် "မိစ္ဆာဆရာ"များဝင်လာမည့်အကြောင်းကို ရေးသားခဲ့ပါသည် (၂ ပေ ၂း၁)။ ထိုသူတို့သည် "မိမိတို့အပေါ်သို့လျင်စွာသောဖျက်ဆီးခြင်းကို ရောက်စေ"လိမ့်မည်။ ပို၍ အန္တရာယ်ရှိသည်မှာ "သူတို့ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသောသူတို့သည် လိုက်သောအားဖြင့် သမ္မာတရားလမ်းအသရေသည် ပျက်လိမ့်မည်" (အငယ် ၂)။

ထိုသူတို့၏ အကျင့်ဓလေ့စိတ်သဘောတစ်ခုမှာ လောဘလွန်ကျူးခြင်းပင်ဖြစ်ပါသည်။ "သူတို့ သည် လောကလွန်ကျူးလျက် ချော့မော့သောစကားနှင့် သင်တို့ကိုကုန်သွယ်ကြလိမ့်မည်" (အငယ် ၃)။ ဤမှားယွင်းသော ဆရာတို့သည် လောဘလွန်ကျူးခြင်း၏ မောင်းနှင်ခြင်းကိုခံရ၍၊ ငွေကိုတပ်မက်ကြ ၏။ ထို့ကြောင့် လူတို့ကိုလှည့်ဖြား၍ ငွေကြေးရခြင်းငှါ အသုံးပြုကြ၏။ ဤသို့သောအမှုကို ယနေ့၌ လည်း တွေ့နေရပါသည်။ ကြွယ်ဝချမ်းသာခြင်းတရားကို ဟောသောသူတို့သည် ပရိသတ်တို့ထံမှ ငွေကြေးရယူလိုသောကြောင့်၊ မိမိတို့အား အလှူငွေပေးလျှင် အဆပေါင်းများစွာ ကောင်းကြီးခံစားရ မည်ဟု ဂတိပေးတတ်ကြ၏။ များစွာသောလူတို့သည် မိမိတို့၏လောဘကြောင့် ထိုကျော့ကွင်းထဲသို့ ကျော့မိကြ၏။

ထို့ပြင် တမန်တော်ကဤမှားယွင်းသောဆရာတို့အား "လောဘလွန်ကျူးခြင်း၌ကျင်လည်" သောသူဟု ဖော်ပြခဲ့ပါသည် (အငယ် ၁၄)။ သူတို့၏စိတ်နှလုံးသည် လောဘလွန်ကျူးခြင်းသဘောရှိသည်အတိုင်း၊ ထိုစိတ်သဘောနောက်သို့လိုက်၍ လောဘလွန်ကျူးခြင်း၌ ကျင်လည်လှုပ်ရှားကြ၏။ သို့သော်လည်း သူတို့ရရှိမည့်အရာကား ဖျက်ဆီးခြင်းသာလျှင်ဖြစ်ပါသည်။ "အကြောင်းမူကား ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သနည်း။ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ့်ကိုကိုယ် ထုတ်ချင်းခက်အောင်ထိုးကြပြီ" (၁ တိ ၆း၁၀)။

ကျွန်ုပ်တို့၌ လောဘလွန်ကျူးခြင်းစိတ်သဘောရှိပါလျှင် လှည့်ဖြားခြင်းသို့အလွယ်တကူ ကျရောက်ပါလိမ့်မည်။ မာရ်နတ်နှင့်သူ၏နောက်လိုက်တို့သည် ထိုစိတ်သဘောကို အသုံးပြု၍ လမ်းမှားသို့ခေါ်ဆောင်ပါလိမ့်မည်။ ချစ်သောစာဖတ်သူ၊ မိမိကိုယ်ကိုစမ်းစစ်ကြပါစို့။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို လောဘလွန်ကျူးခြင်း၌မဟုတ်ဘဲ၊ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောရှိရန် သွန်သင်၍ ထိုအမှု၌ကျင်လည်စေကြရပါမည်။ "ဘုရားဝတ်၌မွေ့လျော်ခြင်းမူကား၊ ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သောဂတိတော်ကို ရသည်ဖြစ်၍၊ အရာရာ၌ အကျိုးကိုပေးတတ်သည်" (၁ တိ ၄း၈)။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးကို မည်သို့ကျွန်တော်လေ့ကျင့်ပေးနေပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အသက်တာ၌ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၂၈)
**ဇာခရိ ၇း၈-၁၀**
သုတ္တံ ၆း၁၆-၁၉

*“တယောက်ကိုတယောက်*
*မကောင်းသောအကြံကိုမကြံနှင့်”*

# မကောင်းသောအကြံကို မကြံသောစိတ်နှလုံး (၁)

ဇာခရိအားဖြင့် ရောက်ရှိလာသောဘုရားသခင်၏နှုတ်ကပတ်တော်က လူတို့အား မိမိနှင့် စပ်ဆိုင်သောသူတို့အားချစ်ကြရမည်အကြောင်း သတိပေးခဲ့ပါသည်။ ဤတရားသည် နိယာမသာ မဟုတ်၊ လက်တွေ့ကျင့်သုံးရန်ဖြစ်ပါသည်။ ဣသရေလလူတို့သည် သန့်ရှင်းသောသက်သေခံများ ဖြစ်ကြရမည်ဖြစ်သော်လည်း၊ နှိပ်စက်ခြင်း၊ မတရားမှုနှင့် အကြင်နာတရားကင်းမဲ့မှုဖြင့် ပြည့်နှက်နေကြ၏။

ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ရမည်ဟူသောပညတ်တရားသည် အပြင်ပန်းအမှုပြုခြင်းသာမဟုတ်ပါ။ စိတ်နှလုံးထဲမှတပ်မက်ခြင်းသည် သူ့မယားပြစ်မှားခြင်းမြောက်သကဲ့သို့ငှင်း၊ စိတ်ထဲမှ မုန်းတီးခြင်းသည် လူ့အသက်သတ်ခြင်းမြောက်သကဲ့သို့ငှင်း (နှိုင်း မဿဲ ၅း၂၁-၂၂၊ ၂၇-၂၈)၊ သူတပါးအပေါ် မကောင်းကြံစည်ခြင်းသည်လည်း ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ရမည်ဟူသော ပညတ်တရားကျူးလွန်ရာ ရောက်ပါ၏။ ဤအမှုသည် ဘုရားသခင်မုန်းတီးသောအရာတွင် တစ်ခုအပါ အဝင်ဖြစ်၍ (နှိုင်း သုတ္တံ ၆း၁၆-၁၉)၊ ထိုသို့သော အကြံအစည်ရှိသောသူကို ဘုရားသခင်သည် အမှန်စီရင်တော်မူမည်။

ချစ်သောစာဖတ်သူ၊ ကျွန်ုပ်တို့စိတ်ထဲ၌ မုန်းတီးခြင်းနှင့်မကောင်းကြံခြင်း အလွယ်တကူ နေရာယူတတ်ကြသည်မဟုတ်လော။ ကျွန်တော်တို့လှည့်စားခံရသောအခါ၊ မိမိညီအစ်ကိုကိုပင် မုန်း၍ သတ်ခြင်းငှါကြံစည်သော ဧသောကဲ့သို့ ကျွန်တော်တို့ပြုမူတတ်သည်မဟုတ်လော (ကမ္ဘာ ၂၇း၄၁)။ ကျွန်တော်တို့ထက် သူတပါးသည် ကောင်းကြီးမင်္ဂလာပိုခံစားရသည်ကို မြင်သောအခါ၊ မိမိညီကိုမုန်း၍ သတ်သောကာဣနကဲ့သို့ငှင်း (ကမ္ဘာ ၄း၆)၊ ယောသပ်ကိုမုန်း၍ ရောင်းစားခဲ့သောသူ၏အစ်ကိုများကဲ့သို့ငှင်း (ကမ္ဘာ ၃၇း၄)၊ ကျွန်တော်တို့ပြုမူတတ်ကြသည်မဟုတ်လော။ ထို့ပြင် ကျွန်တော်တို့ချစ်ရသောသူတို့အား လူတို့က ဒုက္ခပေးသောအခါ၊ ထိုသို့ပြုသောသူတို့အား ကလဲ့စားချေလိုစိတ်ရှိကြသည်မဟုတ်လော။ အဗရှလုံသည် အစ်ကိုအာမနုန်ကို နှစ်နှစ်ပတ်လုံးမုန်းတီး၍၊ မကောင်းသောအကြံကြံစည်သကဲ့သို့ (၂ ရာ ၁၃း၂၂)၊ ရှိမောင်နှင့်လေဝိက သူတို့၏နှမအတွက် ကလဲ့စားချေကြသကဲ့သို့ (ကမ္ဘာ ၃၄း၂၅-၃၁)၊ ပြုလိုကြသည်မဟုတ်လော။

ကျွန်ုပ်တို့၏စိတ်နှလုံး၌ မုန်းတီးခြင်းမရှိခြင်းငှါ အစဉ်သတိပြုကြရပါမည်။ “ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုငှင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုငှင်း သင်တို့မှပယ်ရှားကြလော့” (ဧဖက် ၄း၃၁)။ ထိုသို့မပြုလျှင်၊ ကျွန်တော်တို့သည် “ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ် တော်ကိုစိတ်” နာစေကြပါလိမ့်မည် (အငယ် ၃၀)။ ထို့ပြင် “အမျိုးမျိုးသောမနာလိုခြင်း၊ လှည့်ဖြား ခြင်း၊ လျို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို” (၁ ပေ ၂း၁-၃) မဖယ်ရှားပါလျှင်၊ ကျွန်တော် တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူလေ့လာနိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်မုန်းသောအရာကို ကျွန်တော်ကျင့်ကြံပြုမူပါမည်လော။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်စိတ်နှလုံးကို စစ်ကြော၍၊ မုန်းတီးခြင်းနှင့်မကောင်းသော အကြံရှိသမျှကို ဖယ်ရှားပေးတော်မူလျက်၊ ချစ်ခြင်းမေတ္တာနှင့်ငှင်း၊ ခွင့်လွှတ်ခြင်းသဘောနှင့်ငှင်း ပြည့်စေတော်မူပါ။

# မကောင်းသောအကြံကို မကြံသောစိတ်နှလုံး (၂)

မကောင်းသောအကြံကို ကြံသောစိတ်နှလုံးအစား၊ ကျွန်တော်တို့လိုအပ်သော စိတ်နှလုံးသည် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော စိတ်နှလုံးဖြစ်ပါသည်။ အကြောင်းမှာ "မေတ္တာသည် . . . အပြစ်ရှိသည်ဟုမထင်တတ်"(၁ ကော ၁၃း၅)။ မကောင်းသောအတွေးတို့သည် ဝါကြွားခြင်းနှင့်သူတပါး အပေါ်စီရင်လိုသောစိတ်မှ ပေါ်ထွက်လာတတ်၏။ မိမိအထင်အမြင်အရ သူတပါးကို စီရင်လျက်၊ စွပ်စွဲအပြစ်တင်ခြင်းပြုတတ်၏။ ဘုရားသခင်၏သားသမီးတို့သည် စိတ်နှလုံးထဲ၌ မုန်းတီးခြင်းကို နေရာမပေးသင့်ပါ။ အကြောင်းမှာ မုန်းတီးခြင်းသည် လူ့အသက်သတ်ခြင်းအပြစ်ဖြစ်၍ (၁ ယော ၃း၁၅)၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောဘုရားသခင် မုန်းတီးရွံ့ရှာသောအမှုဖြစ်ပါသည်။

မုန်းတီးခြင်းသည် သေးငယ်သောအမှုမှစတင်ခဲ့ခြင်းဖြစ်ပါသည်။ စိတ်ကူးအတွေးနှင့်ထင်မြင်မှုမှစတင်တတ်ပါ၏။ သူတပါးအား၊ သူသည် မကောင်းဘူး၊ သူထိုသို့မပြုသင့်ဘူးစသည့် ထင်မြင်မှုမှစတင်တတ်ပါသည်။ ထိုအရာကိုမဖော်ထုတ်ဘဲ၊ မပြောဘဲနေပြီး စိတ်ထဲ၌သိုလှောင်ခြင်းဖြင့် အမုန်းတရားပေါ် ပေါက်လာတတ်၏။ ထို့နောက် သင်စိတ်ကူးပုံဖော်ထားသော ထိုသူ၏ပုံရိပ်အတိုင်း သူကျင့်ကြံလာသောအခါ၊ သင်၏စိတ်ကူးကိုအမှန်ဟု သင်သတ်မှတ်လာ၏။

ထိုအခါ ထိုသူသည် လူကောင်းမဟုတ်ဟုသင်စတင်၍ အတင်းပြောလာခဲ့ပါသည်။ ထိုသူကို သင်မုန်းတီးလာခဲ့ပြီး၊ သူပြုသမျှအကောင်းဟု မမြင်ဘဲ၊ အဆိုးအပြစ်သာမြင်လာခဲ့ပါသည်။ နောက်ဆုံးတွင် ထိုသူကိုဖျက်ဆီးခြင်းငှါ သင်ကြံစည်စားလာပြီး၊ သင့်လုပ်ရပ်ကိုမှန်ကန်သည်ဟု သင်ထင်မြင်ခဲ့ပါသည်။

ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသောလူ၊ ခရစ်တော်၏အသွေးတော်ဖြင့် ရွေးဝယ်ခြင်းခံရသောခရစ်ယာန်ကိုပင် မုန်းတီးခြင်းငှါ မာရ်နတ်သည် ကျွန်ုပ်တို့စိတ်နှလုံးကို ပရိယာယ်ဖြင့်သွေးဆောင်တတ်၏။ ထိုအခါ အကြောင်းမရှိဘဲ သူတပါးကိုကျွန်တော်တို့မုန်းတီးတတ်ကြ၏။ ထိုမုန်းတီးခြင်းသည် အလွန်သေးငယ်သောအမှုနှင့် မှားယွင်းသောအတွေးလေးတစ်ခု၌ အခြေခံတတ်ပါ၏။ ချက်ချင်းမဖယ်ရှားခဲ့သောအတွေး၊ နေရာပေးမိသောအတွေးလေးတစ်ခုဖြင့် မုန်းတီးခြင်းစတင်တတ်ပါသည်။ မဖယ်ရှားဘဲ နေရာပေးမိသောစိတ်နှလုံးထဲမှ မုန်းတီးခြင်းမျိုးစေ့၏ ကလေးသည် တဖြည်းဖြည်းရေလောင်းခြင်းခံရ၍ ကြီးထွားလာပြီး၊ အပင်ကြီးဖြစ်လာ၍ မကောင်းသောအသီးကိုသီးလာတတ်ပါသည်။

**ဆင်ခြင်ရန်** - စိတ်ကူးအတွေးပင်လျှင် အလွန်အရေးကြီးလှပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ မကောင်းသောအကြံမကြံခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၃၀)
**၁ ကော ၁၃း၅**
ဖိလ္လိ ၄း၈

*“သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျှောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်”*

## မကောင်းသောအကြံကိုမကြံသောစိတ်နှလုံး (၃)

ဤမကောင်းသောအတွေးမတွေးဘဲ၊ သူတပါးအပေါ် မကောင်းသောအကြံကို မကြံခြင်းငှါ မည်သို့ရှောင်ရှားရပါမည်နည်း။ အချက်သုံးချက်ကိုကျွန်တော်တို့ လေ့လာကြပါစို့။

မိမိကိုယ်ကိုစီရင်စစ်ကြောပါ။ သင်မသိသောအရာ၊ သူတပါး၏စိတ်နှလုံးကို သင်မစီရင်ပါနှင့်။ ထိုသို့ပြုမည့်အစား၊ သင်သိသောသင်၏စိတ်နှလုံးကို သင်စစ်ကြောစီရင်ပါ။ သူတပါးမကောင်းကြောင်း မစဉ်းစားမှီ၊ မိမိ၏မကောင်းကြောင်းကို အရင်စဉ်းစားဆင်ခြင်ပါ။ ခရစ်တော်၌ ညီအစ်ကိုဖြစ်သောယုံကြည်သူတို့ကို ပြစ်တင်ဝေဖန်ခြင်းမပြုပါနှင့်။ သင်၏စိတ်ခံစားချက်နောက်သို့ မလိုက်ပါနှင့်။ နားလည်မှုလွဲခြင်းသာဖြစ်နိုင်သောကြောင့် သင်၏စိတ်ခံစားချက်အတိုင်း သူတပါးအပေါ်သို့ မကောင်းသောအမှုမပြုပါနှင့်။

ခွင့်လွှတ်ခြင်းစိတ်သဘောရှိပါ။ သူတပါးအပေါ် မကျေနပ်ချက်များကို မစုဆောင်းပါနှင့်။ သင့်စိတ်နှလုံးထဲ၌ စွပ်စွဲလိုခြင်းသဘောမရှိပါစေနှင့်။ တခါတလေ၊ အတိတ်အကြောင်းကို ပြန်လည်အမှတ်ရဖို့လိုသော်လည်း၊ ပုံမှန်အားဖြင့် အတိတ်အကြောင်းကို မေ့ပစ်ဖယ်ရှား၍ စိတ်နှလုံးထဲ၌ မသိုထားပါနှင့်။ ထိုသို့မဖယ်ရှားဘဲ သိမ်းထားခဲ့လျှင်၊ သေးငယ်သောအမှုတစုံတခုပေါ်ပေါက်လာသောအခါ အလွန်အကျွံပြန်လည်တုန့်ပြန်ခြင်းဖြစ်စေတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့စိတ်ထဲ၌ သမ္မာတရား၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ သန့်ရှင်းခြင်း၊ ချစ်ခြင်းမေတ္တာတို့သာလျှင် သိုထားကြရပါမည် (နှိုင်း - ဖိလ္လိ ၄း၈)။ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ အဘယ့်ကြောင့် သူတပါး၏ကောင်းမြတ်ခြင်းနှင့် ကောင်းမြတ်သောအကျင့်တို့ကို ကျွန်တော်တို့မသိမ်းထားကြပါသနည်း။ မကောင်းသောမှတ်တမ်းနှင့် မသေချာသောသူတပါးအကြောင်းတို့ကို သိမ်းထားမည့်အစား၊ ကောင်းသောအရာတို့ကို သိမ်းထားကြပါစို့။

မပြောဘဲမနေပါနှင့်။ စစ်မှန်သောဆုံးမခြင်းမပြုသည်သာမက၊ မှားယွင်းသောသူ၏အကြောင်းကို အခြားသူများထံမပြောပါနှင့်။ ဆိုလိုသည်မှာ ညီအစ်ကိုအမှားကျူးလွန်မိသောအခါ ချစ်ခြင်းမေတ္တာဖြင့် သူ့အပြစ်ကိုဖော်ပြ၍ မစခြင်းပြုရမည့်အစား၊ ကျွန်တော်တို့သည် ဘာမှမပြောဘဲ နေတတ်ကြ၏။ ပိုဆိုးသည်မှာ ထိုအကြောင်းကိုအခြားသူငယ်ချင်းများထံ အတင်းပြောခြင်းဖြစ်ပါသည်။ ထိုအခါ အမှားကျူးလွန်သောသူသည် အကူအညီမရဘဲနေခဲ့၏။ ထိုသို့မဖြစ်ရပါ။ ကျွန်တော်တို့သည် အချင်းချင်းနူးညံ့သောသဘောဖြင့် မစကူညီလျက် ဆုံးမခြင်းပြုကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးသည် မကောင်းသောအကြံကိုကြံလိုသည်ဖြစ်သောကြောင့်၊ ကောင်းသောအရာကို ကြိုးစားကြံစည်တွေးတောရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ ထိုအရာများကို (ဖိလ္လိ ၄း၈) နှလုံးသွင်းခြင်းငှါ အကျွန်ုပ်အား မစတော်မူပါ။